# ဖိအားပေါင်းစုံရင်ဆိုင်နေရသည့် ဘိန်းစိုက်တောင်သူများ

## မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုးမှုကျဆင်းလာစေခဲ့သည့် အကြောင်းရင်းများနှင့် နောက်ဆက်တွဲအကျိုးဆက်များ



transnationalinstitute

**ရေးသားပြုစုကြသူများ –**
Transnational Institute
**မြန်မာဘာသာပြန်ဆိုသူ –**
သျှဒန်မုန်ဒန်ဇော်

**မူကြမ်းတည်းဖြတ်သူ –**
ဒေဘောရအိဒ်
www.deboraheade.net

**စာအုပ်ဒီဇိုင်း –**
ဂွိဒိုရဲလ်စမာ
**မြန်မာဘာသာပြန် စာအုပ်ဒီဇိုင်း –**
သျှဒန်ဆိုင်းရော်

**မျက်နှာဖုံးဓာတ်ပုံ –**
ရှမ်းပြည်နယ်တောင်ပိုင်းမှ ဘိန်းစိုက်တောင်သူတစ်ဦး

**ISBN:**
**9789070563875**

**ကျေးဇူးတင်လွှာ –**
ဤပုံနှိပ်မှတ်တမ်းကို ဆွီဒင်နိုင်ငံ၏ ငွေကြေးအထောက်အပံ့ဖြင့် ထုတ်ဝေခြင်းဖြစ်သည်။ စာအုပ်ပါ အကြောင်းအရာများနှင့် ပတ်သက်၍ TNI ၌သာ လုံးလုံးလျားလျားတာဝန်ရှိပြီး အလှူရှင်ဆွီဒင်နိုင်ငံ၏ ရပ်တည်ချက်ကို ထင်ဟပ်လျက်ရှိသည်ဟု မှတ်ယူမှု မပြုစေလိုပါ။

**စာအုပ်ပါအချက်အလက်များ –**
အစီရင်ခံစာပါ အကြောင်းအရာများကို ငွေကြေးအကျိုးအမြတ် ရည်မျှော်ခြင်းမရှိသည့် လုပ်ငန်းများအတွက် ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ကိုးကားအသုံးပြုခြင်း ပြုလုပ်လိုပါက သတင်းရင်းမြစ်ကို ဖော်ပြ၍ သင့်လျော်သလို အသုံးပြုနိုင်ပါသည်။

**TRANSNATIONAL INSTITUTE**
**PO Box 14563, 1001 LD Amsterdam**
**The Netherlands**
**Tel: + 31 20 662 6608**
**Email: tni@tni.org**
**https://www.tni.org/en/myanmar-in-focus**
**https://www.tni.org/en/drugs-and-democracy**

# မာတိကာ


အဖွင့်မိတ်ဆက် ၅

အတိုကောက်စာလုံးများ ၈

မြေပုံ (၁) မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ ၉

၁။ ခေတ်အဆက်ဆက်အရွေ့များကို ခြုံငုံသုံးသပ်ခြင်း ၁၀

မြန်မာနိုင်ငံသို့ ဘိန်းစတင်ရောက်ရှိလာခြင်း ၁၀

မြန်မာနိုင်ငံနှင့် ရွှေတြိဂံဒေသဖြစ်ပေါ်လာပုံ ၁၁

ဆယ်စုနှစ်တစ်ခုစာမျှ ဘိန်းစိုက်ပျိုးမှု ကျဆင်းသွားခြင်း (၁၉၉၇–၂၀၀၆) ၁၈

ဘိန်းစိုက်ပျိုးမှု တစ်ကျော့ပြန်မြင့်တက်လာခြင်း (၂၀၀၆–၂၀၁၄) ၂၁

ဘိန်း၊ ပဋိပက္ခနှင့် “လက်ညှိုးထိုးခေါင်းပုံချမှု” ၂၄

စာကွက်(၁) ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုပမာဏကို တိုင်းတာခြင်း ၂၅

၂။ ဘိန်းစိုက်ဒေသများ၏ လူမှုစီးပွားရေးအခြေအနေ ၂၉

လူတွေဘာကြောင့် ဘိန်းစိုက်ကြသလဲ။ ၂၉

မြေပုံ (၂) မြန်မာနိုင်ငံ မြောက်ပိုင်းဒေသ ၃၁

ဘိန်းစိုက်ပျိုးမှု၏ မောင်းနှင်အားများ ၃၂

ပထဝီရေမြေအနေအထားနှင့် ရာသီဥတုအခြေအနေ ၃၂

လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံရေးမတည်ငြိမ်မှု ၃၄

ဆင်းရဲနွမ်းပါး၍ တည်ငြိမ်သည့် ရွေးချယ်စရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မရှိခြင်း ၃၆

မြေယာလက်လှမ်းမီအသုံးပြုနိုင်မှု ၃၇

ကြိုတင်ချေးငွေလက်လှမ်းမီနိုင်မှု ၃၈

ရိုးရာအစဉ်အလာနှင့် ဆေးဝါးရည်ရွယ်ချက်များအတွက် ဘိန်းအသုံးပြုမှု ၄၀

အမျိုးသမီးများနှင့် ဘိန်းစိုက်ပျိုးမှု ၄၄

၃။ ဘိန်းစိုက်ပျိုးရေးနှင့် ဘိန်းပေါက်ဈေးများ ပြောင်းလဲလာပုံအဆင့်ဆင့် (၂၀၁၅–၂၀၂၁) ၄၈

လက်ရှိဘိန်းစိုက်ပျိုးမှု ကျဆင်းလာစေသည့် အကြောင်းတရားများနှင့် အကျိုးဆက်များ – ပအိုဝ်းဒေသအခြေအနေကို လေ့လာသုံးသပ်ခြင်း ၄၉

စာကွက်(၂) မြန်မာနိုင်ငံ ဘိန်းစိုက်တောင်သူများညီလာခံ၏ ဘိန်းဈေးကွက်လေ့လာဆန်းစစ်ချက် ၄၉

ပုံ (၁) ဆီဆိုင်မြို့နယ် ဘိန်းစိမ်းပေါက်ဈေး အကဲဖြတ်ချက် ၅၂

အိန္ဒိယနိုင်ငံ၏ တရားမဝင်ဘိန်းစိုက်ပျိုးရေး ၅၃

ပုံ (၂) တာချီလိတ်မြို့နယ် ဘိန်းစိမ်းပေါက်ဈေး အကဲဖြတ်ချက် ၅၃

အမ်ဖီတမင်းအမျိုးအစား စိတ်ကြွဆေးများဖောင်းပွလာခြင်း ၅၈

## ၄။ မူဝါဒအခင်းအကျင်းများ ၆၃
ဥပဒေမူဘောင်နှင့် မူဝါဒရေးရာ အရေးယူဆောင်ရွက်ချက်များ ၆၃
စာကွက်(၃) အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံမူများနှင့် သင်ခန်းစာများ ၆၆
မြန်မာနိုင်ငံ၏ အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ၇၀
အတင်းအကျပ် ဘိန်းတိုက်ဖျက်ရေး၏ အကျိုးဆက်များ ၇၅
ထိုင်းနိုင်ငံ၏ ဘိန်းတိုက်ဖျက်ရေးလုပ်ငန်း ၇၉
လက်နက်ကိုင်အဖွဲ့အစည်းများ၏ မူးယစ်ဆေးဝါးရေးရာ မူဝါဒများ ၈၀
ဝတပ်ဖွဲ့၏ ၂၀၀၅ ခုနှစ် ဘိန်းတိုက်ဖျက်ရေး ၈၅
အခြားရွေးချယ်စရာ ဖွံ့ဖြိုးရေးလုပ်ငန်းပုံစံသစ် လိုအပ်ချက် ၈၈
လူ့အခွင့်အရေး၊ တားမြစ်သီးနှံစိုက်ပျိုးရေးနှင့် အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေး ၉၁
အိန္ဒိယနိုင်ငံ၏ တရားဝင်လိုင်စင်ဖြင့် ဘိန်းစိုက်ပျိုးရေးနှင့် တရားမဝင်ဘိန်းစိုက်ပျိုးရေး ၉၃
စာကွက်(၄) မြန်မာနိုင်ငံ ဘိန်းစိုက်တောင်သူများညီလာခံ ၉၄

## ၅။ ဘယ်လိုရှေ့ဆက်ကြမလဲ။ ၉၈
ကိုဗစ် ၁၉ နှင့် ဆက်စပ်ကန့်သတ်ချက်များကြောင့် ပေါ်ပေါက်လာသည့် အကျိုးဆက်နှင့် အကျိုးသက်ရောက်မှုများ ၉၈
စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့် ဘိန်းစိုက်ပျိုးရေးအပေါ် အကျိုးသက်ရောက်မှုများ ၉၉

## ၆။ နိဂုံးချုပ်သုံးသပ်ချက်နှင့် ထောက်ခံအကြံပြုချက်များ ၁၀၅

## အဆုံးသတ်မှတ်စုများ ၁၁၁

## ရည်ညွှန်းကိုးကားချက်များ ၁၁၈



ဖယ်ခုံမြို့နယ်မှ အမျိုးတစ်မီး ဘိန်းစိုက်တောင်သူတစ်ဦး

## အဖွင့်မိတ်ဆက်

ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံ အတွင်းရှိ မူးယစ်ဆေးဝါးဈေးကွက်သည် ဘိန်းအခြေခံမူး ယစ်ဆေးဝါးများမှသည် အမ်ဖီတမင်းအမျိုးအစား စိတ်ကြွ ဆေးပြား (ATS) များ အကြီးအကျယ် တွင်ကျယ်ပျံ့နှံ့လာ ခဲ့သည့် အခင်းအကျင်းဆီသို့ သိသိသာသာပြောင်းလဲသွား ခဲ့သည်။ ၁၉၇၀ ခုနှစ်နှင့် ၁၉၈၀ ခုနှစ်နှောင်းပိုင်း ကာလ များ၌ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့အပါအဝင် ၎င်းတို့ သုံးနိုင်ငံတွေ့ဆုံသည့် “ရွှေတြိဂံဒေသ” ဟု သိလာကြသည့် နယ်စပ်ဒေသများ၌ ဘိန်းစိုက်ခင်းများ မှိုလိုပေါက်လာခဲ့ သည်။ ၁၉၈၀ နှောင်းပိုင်းကာလအရောက်တွင် (ယခင်က နိုင်ငံတကာ၌ ဘားမားဟုသိကြသည့်) မြန်မာနိုင်ငံသည် ကမ္ဘာ့ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံ ဖြစ်လာခဲ့ သည်။ သို့သော်လည်း ၁၉၉၀ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ မြန်မာ နိုင်ငံသည် အရှေ့တောင် အာရှဒေသတစ်လွှား စိုက်ပျိုး ထုတ်လုပ်မှု အများဆုံးနိုင်ငံအဖြစ် ဆက်ရှိနေသေးသော် လည်း နိုင်ငံအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ ကျဆင်းသွားခဲ့သည်။ ထိုင်းနိုင်ငံ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိသွားသည့်အချိန် လာအိုနိုင်ငံ ၌လည်း သိသိသာသာကျဆင်းလာခဲ့သည်။ ၂၀၀၇ ခုနှစ် နောက်ပိုင်း မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုးမှု တစ်ဖန်ပြန် လည်ဦးမော့လာခဲ့သော်လည်း မည်သည့်အခါကမှ ယခင် စိုက်ပျိုးခဲ့ကြသည့် အတိုင်းအတာသို့ ပြန်လည်မရောက်ရှိ ကြတော့ပေ။ မြန်မာနှင့် နယ်နိမိတ်ချင်းထိစပ်လျက် ရှိ သည့်ဒေသများအပါအဝင် အိန္ဒိယနိုင်ငံ၌လည်း တရားမဝင် ဘိန်းစိုက်ပျိုးမှု အတန်အသင့်ရှိနေခဲ့ကြသော်လည်း တရား ဝင်ကိုးကားနိုင်သည့် ကိန်းဂဏန်းအချက်အလက်များ ပေါ် ထွက်လာခြင်း မရှိခဲ့ပေ။[၁]

တစ်ချိန်တည်းမှာပင်အာရှတိုက်တစ်လွှားစိတ်ကြွ ဆေး (ATS) သုံးစွဲမှုများ အလျင်အမြန် ပျံ့နှံ့ရောက်ရှိလာ တော့သည်။ ယခုတစ်ကြိမ်တွင်လည်း မြန်မာနိုင်ငံသည် စိတ်ကြွဆေး (ATS) ကို အများဆုံးထုတ်လုပ်ဖြန့်ဖြူးလျက် ရှိသည့်နိုင်ငံတစ်ခု ဖြစ်လာခဲ့ပြန်သည်။ နိုင်ငံအဝှမ်း နေရာ တကာ၌ ဈေးပေါပေါဖြင့် အလွယ်တကူဝယ် ယူရရှိနိုင်သည့် ရေပန်းအစားဆုံး ဆေးပြားများသည် မက်အမ်ဖီတမင်း အမျိုးအစား စိတ်ကြွဆေးဖြစ်လာခဲ့သည်။ ထို့အပြင် အများ က “ရေခဲသား” ဟု သိထားကြပြီး သလင်းကျောက်ကဲ့သို့ ကြည်လင်နေသည့် မက်အမ်ဖီတမင်း ထုတ်လုပ်အသုံးပြုမှု ပါ တွင်ကျယ်လာခဲ့သော်လည်း ထုတ်လုပ်မှုအများစုကို

ဒေသတွင်းရှိ အခြားနိုင်ငံများသို့ အဓိကဦးတည်၍ တင်ပို့ရောင်းချနေခြင်းဖြစ်သည်။ ATS ထုတ်လုပ်ရာ၌ လိုအပ်သည့်ဓာတုအခြေခံ ကုန်ကြမ်းအများစုကို မြန်မာနိုင်ငံအတွင်းထုတ်လုပ်ခြင်းမရှိဘဲ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းနေကြခြင်းဖြစ်သည်။

ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းသွားစေသည့် ဇစ်မြစ်အကြောင်းတရားများနှင့် နောက်ဆက်တွဲ ရိုက်ခတ်မှုများကိုသာ အဓိကထား၍ လေ့လာဆန်းစစ်ရန် ရည်ရွယ်ခြင်းဖြစ်ပြီး အရှေ့မြောက်အိန္ဒိယဒေသကို အနည်းအကျဉ်းမျှသာ ကိုးကားဖော်ပြထားသည်။ ဘိန်းစိုက်တောင်သူ အသိုက်အဝန်းများ၏လူမှုစီးပွားရေး အခြေအနေများအပြင် မတူကွဲပြားသည့် မူဝါဒရေးရာ အရေးယူဆောင်ရွက်ချက်များနှင့် ၎င်းတို့၏ စိုက်ပျိုးမှု အတိုင်းအတာနှင့် တောင်သူအသိုက်အဝန်းများအပေါ် အကျိုးသက်ရောက်မှုများကိုပါ ဆန်းစစ်သုံးသပ်ခဲ့ခြင်းဖြစ်သည်။ ဤသုံးသပ်ချက်က ဘိန်းစိုက်ပျိုးသည့် အထူးသဖြင့် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ကြရသည့် အရေးကိစ္စများနှင့် ၎င်းတို့၏ လိုအပ်ချက်များကိုပါ မီးမောင်းထိုးပြလျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် နိုင်ငံတကာ မူးယစ်ဆေးဝါးဈေးကွက်အကြား ချိတ်ဆက်မှုနှင့် မြန်မာနိုင်ငံအတွင်း ATS ထုတ်လုပ်သုံးစွဲမှု မြင့်တက်လာစေသည့် အကြောင်းရင်းတို့ကိုပါ သုံးသပ်တင်ပြထားပါသည်။ နောက်ဆုံးအနေဖြင့်သုံးသပ်ချက်အတွင်း မူဝါဒရေးရာ ထောက်ခံအကြံပြုချက်အချို့ကို သုံးသပ်တင်ပြထားပါသည်။

မြန်မာနိုင်ငံသည် မကြာသေးမီကပင် တည်ငြိမ်အေးချမ်းမှုပျက်ပြား၍ အလွန်ပင်မရေမရာရှိလှသည့် အနေအထားတစ်ခုသို့ ရောက်ရှိသွားခဲ့သည်။ ကိုဗစ်-၁၉ နှင့် နယ်စပ်တိုင်းရင်းသားဒေသများ၌ ဆက်လက်ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပေါ်ပေါက်လာသည့်စိန်ခေါ်မှုများအပြင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၌ တပ်မတော် (အစိုးရစစ်တပ်) မှ အာဏာသိမ်းရန် ကြိုးပမ်းလာခဲ့ပြီးနောက်ပိုင်း နိုင်ငံတစ်ခုလုံးကို ပို၍ဆိုးရွားပြင်းထန်သည့် အရေးအခင်းများနှင့် အကြမ်းဖက်မှုများ ဝါးမြိုသွားတော့သည်။ အစီရင်ခံစာအတွင်း ဤအရွေ့များက ဘိန်းစိုက်တောင်သူများနှင့် ဘိန်းအရောင်းအဝယ်အပေါ် မည်ကဲ့သို့ ရိုက်ခတ်မှုရှိလာကြောင်းကို ဆန်းစစ်လေ့လာထားခြင်းဖြစ်သည်။



ရှမ်းပြည်နယ်ရှိ ဘိန်းခင်းများ

ယခုသုံးသပ်ချက်သည် ၂၀၂၀ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၂၁ ခုနှစ်၏ ပထမနှစ်ဝက်ကာလများအတွင်း မြန်မာနိုင်ငံ၏ အဓိကဘိန်းစိုက်ဒေသများ၌ TNI နှင့် အဖွဲ့အစည်းပေါင်းများစွာအပြင် သုတေသီများ (တောင်သူများအပါအဝင်) ၏ကွင်းဆင်းသုတေသနပြု လေ့လာဆန်းစစ်ချက်များပေါ် အခြေခံထားခြင်းဖြစ်သည်။ ကွင်းဆင်းသုတေသနပြုမှုကို ကချင်ပြည်နယ်၏ ဆဒုံး၊ တနိုင်းနှင့် ပူတာအိုမြို့နယ်များ၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းဒေသရှိ ဖယ်ခုံ၊ ဆီဆိုင်၊ ဟိုပုံးနှင့် လွိုင်လင်မြို့နယ်များနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသရှိ တာချီလိတ်၊ မိုင်းပန်နှင့် မိုင်းဆတ်မြို့နယ်များ၌ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ တစ်ချိန်တည်းလိုလို၌ အရှေ့မြောက်အိန္ဒိယဒေသရှိ မဏိပူရ်နှင့် အရူနာချာပရာဒက်ရှ်ဒေသများကိုပါ အနည်းငယ်နှိုင်းယှဉ်မှု ပြုနိုင်ရန် သုတေသနအနည်းအကျဉ်းပြုလုပ်ခဲ့သည်။[၂]

ဤအစီရင်ခံစာကို ရှေ့ပိုင်းကာလများ၌ TNI က ပုံနှိပ်ထုတ်ဝေခဲ့သည့် စာတမ်းများ အထူးသဖြင့် ရွှေတြိဂံဒေသတွင်း ရင်းကန်သည့် လက္ခဏာရပ်များ – ကသောင်းကနင်းဖြစ်လာသည့် မူးယစ်ဆေးဝါးဈေးကွက်တစ်ခု (၂၀၁၉) နှင့် တစ်ကျော့ပြန် – ရွှေတြိဂံဒေသတွင်း ဘိန်းစိုက်ပျိုးမှု ပြန်လည်မြင့်တက်လာခြင်း (၂၀၁၄) ဟူသည့် စာတမ်းများ အပေါ် အခြေခံတည်ဆောက်ထားပါသည်။ အာရှတိုက်တစ်ခုလုံးကို လွှမ်းခြုံမှုရှိသည့် ဤလေ့လာဆန်းစစ်ချက် နှစ်ခုသည် မြန်မာနိုင်ငံနှင့် အခြားဒေသတွင်းနိုင်ငံများရှိ မူးယစ်ဆေးဝါးဈေးကွက် ထွန်းကားလာမှုများ၊ မူဝါဒရေးရာ အရေးယူဆောင်ရွက်ချက်များနှင့် ရိုက်ခတ်ခံရမည့် လူထုလူတန်းစားများအပေါ် အကျိုးသက်ရောက်မှုတို့ကို သုံးသပ်တင်ပြထားခြင်းဖြစ်သည်။ အဆိုပါ အစီရင်ခံစာများသည် မူးယစ်ဆေးဝါးတစ်မျိုးတည်း သို့မဟုတ် နိုင်ငံတစ်ခုတည်းထက်ကျော်လွန်၍ ဒေသကြီးတစ်ခုလုံးကို လွှမ်းခြုံကြည့်ရှုကာ ဒေသတွင်း ပျံ့နှံ့လျက်ရှိသည့် မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ထုတ်လုပ်မှုနှင့် ကုန်ကူးမှုဆိုင်ရာ ကိစ္စရပ်များကို လေ့လာဆန်းစစ်ချက်တစ်ခုတည်းအောက်၌ ချိတ်ဆက်ပုံဖော်မှုမျိုး မရှိသေးသဖြင့် ယင်းကွက်လပ်ကိုဖြည့်ဆည်းရန်ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။


ထို့အပြင် ဤအစီရင်ခံစာများသည် အောက်ခြေမြေပြင်အထောက်အထားများပေါ် အခြေပြု၍ နယ်ခံလူထုများနှင့် ၎င်းတို့ကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများ၏ အမြင်သဘောထားများနှင့် အနာဂတ်ရည်မှန်းချက်များကို ထင်ဟပ်မှုရှိစေသည့် အခြားရွေးချယ်စရာ မူးယစ်ဆေးဝါးရေးရာ မူဝါဒအရွေ့များကိုပါ သုံးသပ်အကြံပြုထားသည်။ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊လူထုကျန်းမာရေး၊အားလုံးလွှမ်းခြုံပါဝင်ရေး၊ အမျိုးသမီး–အမျိုးသား တန်းတူညီမျှရေးနှင့် ငြိမ်းချမ်းရေးကဲ့သို့သော အဓိကကျသည့် နယ်ပယ်ကဏ္ဍများ၌ အပြုသဘောဆောင်သည့် ရလဒ်ကောင်းများပေါ် ထွက်လာစေရန် အထောက်အကူပြု၍ လက်တွေ့ကျကျ အောင်မြင်နိုင်ခြေရှိသည့် အရေးယူဆောင်ရွက်ချက်များကို အလေးပေးအာရုံစိုက်သည့် လူ့အခွင့်အရေးအခြေပြု မူဝါဒရေးရာအကြံပြုချက်များ ဖြစ်ကြသည်။ TNI အနေဖြင့် ရိုက်ခတ်ခံလာရမည့် လူထုလူတန်းစားများနှင့် သက်ဆိုင်ရာ နယ်ခံအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲဖော်ထုတ်ထားသည့် ဤကဲ့သို့သော အဓိကစံတန်ဖိုးများပေါ် အခြေခံသည့် မူးယစ်ဆေးဝါးရေးရာ မူဝါဒများသည်သာ လျှင် လူ့အဖွဲ့အစည်း၏အလွှာပေါင်းစုံအတွက် ပိုမိုကောင်းမွန်သည့်အကျိုးရလဒ်များကိုဆောင်ကျဉ်းပေးနိုင်လိမ့်မည် ဟု အခိုင်အမာ လက်ခံယုံကြည်ထားပါသည်။

## အတိုကောက်ဝေါဟာရများ

| | |
|---|---|
| AD | အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် |
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| ATS | အမ်ဖီတမင်းအမျိုးအစားစိတ်ကြွဆေး |
| BGF | နယ်ခြားစောင့်တပ်ဖွဲ့ |
| CBN | ဗဟိုမူးယစ်ဆေးဝါးရေးရာဗျူရို |
| CCDAC | ဗဟိုမူးယစ်ဆေးဝါးအလွဲသုံးစားမှု တိုက်ဖျက်ရေး ကော်မတီ |
| CDM | လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှု |
| CND | မူးယစ်ဆေးဝါးရေးရာကော်မရှင် |
| CPB | ဗမာပြည်ကွန်မြူနစ်ပါတီ |
| CSO | အရပ်ဖက်လူမှုအဖွဲ့အစည်း |
| EAO | တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ |
| EU | ဥရောပသမဂ္ဂ |
| FPIC | ကြိုတင်အသိပေးကာ ညှိနှိုင်းရယူသည့် လွတ်လပ်သော သဘောတူခွင့်ပြုချက် |
| ha | ဟက်တာ |
| ICAD | အခြားရွေးချယ်စရာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဆိုင်ရာ နိုင်ငံတကာညီလာခံ |
| ICESCR | စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာနိုင်ငံတကာ သဘောတူညီချက် |
| IDP | ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်သူများ |
| INCB | နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေး ဘုတ်အဖွဲ့ |
| JICA | ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ |
| kg | ကီလိုဂရမ် |
| KIO/A | ကချင်လွတ်လပ်ရေးအဖွဲ့အစည်း/ တပ်မတော် |
| KKY | ကာကွယ်ရေး |
| KNLP/A | ကယန်းအမျိုးသားလွတ်မြောက်ရေးပါတီ/ တပ်မတော် |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KOWI | ကိုးကန့်နှင့် ဝရှေ့ဆောင် |
| MFLF | မယ့်ဖာလုံဖောင်ဒေးရှင်း |
| MI | မြန်မာစစ်ထောက်လှမ်းရေး |
| MMK | မြန်မာကျပ်ငွေ |
| MNDAA | မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ် တပ်မတော် |
| MOFF | မြန်မာနိုင်ငံဘိန်းစိုက်တောင်သူများညီလာခံ |
| MTA | သျှမ်းပြည်တပ်မတော် |
| NDAA | အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် |
| NGO | အစိုးရမဟုတ်သည့်အရပ်ဖက်အဖွဲ့အစည်း |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NPS | စိတ်ကိုပြောင်းလဲစေတတ်သော မူးယစ်ဆေးဝါးအသစ်များ |
| PMF | ပြည်သူ့စစ်တပ်ဖွဲ့ |
| PNLO/A | ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့အစည်း /တပ်မတော် |
| PNO/A | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်/တပ်မတော် |
| RCSS | သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ |
| Rs | ရူပီး |
| SAC | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| SDGs | ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ |
| SUA | စည်းလုံးညီညွတ်သော သျှမ်းပြည်တပ်မတော် |
| TNLA | တအာန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် |
| UNDCP | ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ် |
| UNGASS | ကုလသမဂ္ဂအထွေထွေညီလာခံ မူးယစ်ဆေးဝါးရေးရာ အထူးအစီအစဉ် |
| UNODC | ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး |
| UNODCCP | ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေး နှင့် ရာဇဝတ်မှုကာကွယ်တားဆီးရေးရုံး |
| USAID | အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ |
| USD | အမေရိကန်ဒေါ်လာ |
| UWSA/P | ဝပြည်သွေးစည်းညီညွတ်ရေးပါတီ/ တပ်မတော် |
| WFP | ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် |

## မြေပုံ (၁) မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံများ





MTA ဌာနချုပ်၌ သတင်းထောက်များကို ခွန်ဆာစကားပြောနေစဉ်

## ၁။ ခေတ်အဆက်ဆက်အရွေ့များကို ခြုံငုံသုံးသပ်ခြင်း

### မြန်မာနိုင်ငံသို့ ဘိန်းစတင်ရောက်ရှိလာခြင်း

ယနေ့ခေတ်မြန်မာနိုင်ငံဟူ၍ဖြစ်လာမည့်နယ်မြေအတွင်း ဘိန်းအသုံးပြုမှုကို ပထမဦးဆုံးသမိုင်းအထောက်အထားအဖြစ် ၁၅၁၉ ခုနှစ်အတွင်း မုတ္တမပင်လယ်ကွေ့သို့ ရောက်ရှိလာသည့် အာရပ်ကုန်သည်များနှင့်အတူ ပါလာခဲ့ခြင်းဖြစ်သည်ဟု ကိုးကားဖော်ပြထားသည်။[၃] ထို့ထက်စော၍လည်း ရောက်ရှိနေနိုင်သော်လည်း ထိုအချိန်က အညာဒေသမင်းနေပြည်တော်များနှင့် ယနေ့ခေတ်မြန်မာနိုင်ငံ၏ မြစ်ဝှမ်းဒေသများတစ်လျှောက် ဘိန်းအသုံးပြုမှုရှိမရှိ သုတေသနပြု လေ့လာဆန်းစစ်ထားသည့် အထောက်အထားများ မရှိသလောက်နည်းပါးခဲ့သည်။ ၁၈၀၀ ပြည့်နှစ် အစောပိုင်းကာလများအထိ တရားဝင်မှတ်တမ်းတင် ထားသည့် အထောက်အထားများ၌လည်း ဘိန်းသုံးစွဲမှုရှိကြောင်း ဖော်ပြထားသည့် အချက်အလက်များ မရှိသလောက်ဖြစ်နေခဲ့သည်။[၄] သို့သော်လည်း ဘိန်းသုံးစွဲမှုရှိခဲ့ကြောင်း ကျိန်းသေသိရှိနိုင်သည့် အထောက်အထားတစ်ခုအဖြစ် ၁၆ ရာစုအတွင်းမြန်မာ့“သုံးဆယ့်ခုနှစ်မင်းနတ်များ”အနက်တစ်ပါးသည် ဘိန်းအသုံးလွန်၍ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ပြောစမှတ်ပြုခဲ့ကြကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။[၆]

၁၇၀၀ ပြည့်နှစ် နှစ်လယ်ပိုင်းမှစ၍ ယနေ့ခေတ် ရှမ်းပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် နယ်မြေဒေသတစ်လွှား “တွင်တွင်ကျယ်ကျယ်” ဘိန်းစိုက်ပျိုးမှုရှိခဲ့ကြောင်း မှတ်တမ်းမှတ်ရာများ၌ ဖော်ပြထားသည်။ တရုတ်ပြည်၏ ယူနန်ပြည်နယ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဘိန်းစိုက်ပျိုးမှု စတင်ပျံ့နှံ့လာခဲ့ခြင်းဖြစ်သည်။ ဘိန်းစိုက်ပျိုးမှုကို ရှမ်းပြည်နယ်အတွင်း ဘိန်းစိုက်ပျိုးရန် အကောင်းဆုံးရေခံမြေခံရှိသည့် ‘ဝ’ နှင့် ကိုးကန့်ဒေသများ၌အများဆုံးတွေ့ရှိရပြီး ယင်းဒေသခံများ၌ ဝင်ငွေရသီးနှံတစ်မျိုးအဖြစ် ကျယ်ကျယ်ပြန့်ပြန့် စတင်စိုက်ပျိုးလာခဲ့ခြင်းဖြစ်သည်။ ဤနယ်မြေဒေသများသည် နှစ်နိုင်ငံကုန်သွယ်ရေးအတွက် အချက်အခြာကျသည့် လမ်းကြောင်းပေါ်၌တည်ရှိနေခဲ့ပြီး လက်ဖက်အရောင်းအဝယ် ပြုလုပ်ခဲ့ကြစဉ်ကအသုံးပြုခဲ့သည့် ရှိရင်းစွဲလမ်းကြောင်းများနှင့် ကွန်ရက်များ (အထူးသဖြင့် ကိုးကန့်ဒေသမှတစ်ဆင့်) ကိုအခြေပြု၍ ဘိန်းအရောင်းအဝယ်စျေးကွက်ကို တည်ဆောက်ခဲ့ကြ

ခြင်းဖြစ်သည်။ မက်မောဖွယ်ရာ ကောင်းလောက်အောင် အကျိုးအမြတ်များပြားသည့် ကုန်စည်တစ်ခု ဖြစ်လာခဲ့သည့်အပြင် ဘိန်းသည် ကုန်ပစ္စည်းချင်း လဲလှယ်ရာတွင် လည်းအရေးပါသည့် ကြားခံတစ်ခုဖြစ်လာခဲ့သည်။ ၁၈၉၀ ခုနှစ်အရောက်တွင် ဘိန်းသည် ‘ဝ’ နှင့် ‘ကိုးကန့်’ ဒေသများ၌ အများဆုံးစိုက်ပျိုးကြသည့် သီးနှံတစ်ခုဖြစ်လာခဲ့သည်။[၇] ထို့နောက် ၁၈၃၇ ခုနှစ်အတွင်း အနောက်တိုင်းသာသ နာပြုများ မိုးကောင်းနှင့် ဟူးကောင်းတောင်ကြားဒေသ၌ စတင်တွေ့ရှိခဲ့ပြီးနောက်ပိုင်း ကချင်ပြည်နယ်အထိ ဘိန်းစိုက်ပျိုးမှုပျံ့နှံ့ရောက်ရှိလာခဲ့သည်။[၈] နောက်ပိုင်း၌ ရှမ်းပြည်နယ်တွင်းဒေသများအထိ ဘိန်းစိုက်ပျိုးမှု တဖြည်းဖြည်းရောက်ရှိလာခဲ့သည်။ ဤနယ်မြေဒေသများ၌ ဘိန်းကို တိုင်းရင်းဆေးတစ်လက်အဖြစ်လည်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့ကြသည်ဟု လေ့လာသိရှိခဲ့ရသည်။ လေ့လာဆန်းစစ်မှုတစ်ခုအတွင်း “မြန်မာနိုင်ငံမြောက်ပိုင်းဒေသမှာ ဘိန်းစိုက်ကြတဲ့ ကချင်နဲ့ ရှမ်းလူမျိုးတွေအကြားမှာ ဘိန်းရဲ့ဆေးဝါးအာနိသင်ကို ကောင်းကောင်းအသိအမှတ်ပြု တန်ဖိုးထားခဲ့ကြပါတယ်” ဟု ဖော်ပြထားသည်။[၉]

ရှမ်းနှင့် ကချင်ပြည်နယ်များရှိ ဘိန်းစိုက်ပျိုးကြသည့် ကုန်းမြင့်တောင်တန်းဒေသများသည် မြန်မာနိုင်ငံအလယ်ပိုင်း မြေနိမ့်လွင်ပြင်ဒေသနှင့် တောင်ကြားမြစ်ဝှမ်းဒေသများ၌ ဗဟိုပြုသည့် မင်းနေပြည်တော်များ အနည်းအကျဉ်း သို့မဟုတ် လုံးဝလက်လှမ်းမီ ထိန်းချုပ်နိုင်စွမ်းမရှိသလောက်နည်းပါးသည့် နယ်မြေဒေသများ ဖြစ်ကြပြီး အများအားဖြင့် ဒေသန္တရအာဏာပိုင်များကသာ အုပ်ချုပ်ထားသည့်နယ်မြေများဖြစ်သည်။ ဗြိတိသျှ ကိုလိုနီအစိုးရလက်ထက်၌ ဘုရင်များနှင့် ၎င်းတို့၏ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များကို ရာထူးနေရာများမှဖယ်ရှား၍ နိုင်ငံ၏အလယ်ပိုင်း ပြည်မဒေသတစ်ခုလုံးကို ၎င်းတို့၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်၌ထားရှိခဲ့ကြသော်လည်း ပတ်ပတ်လည်ရှိကုန်းမြင့်တောင်တန်းဒေသများကိုမူ ၎င်းတို့၏ ရိုးရာအာဏာပိုင်များကိုသာ တစ်ဆင့်ခံအုပ်ချုပ်စေခဲ့သည်။ ဤနည်းအားဖြင့် အဆိုပါဒေသများသည် ဘိန်းခွန်ကောက်ခံပိုင်ခွင့်နှင့် ထိုင်းနှင့် တရုတ်နိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် ငွေပင်ငွေရင်းအခိုင်အမာ ရရှိခဲ့သည့် ဘိန်းစိုက်ပျိုးထုတ်လုပ်ခွင့် အပါအဝင် အခြားအခွင့်ထူးခံ အခွင့်အရေးများရရှိခဲ့ကြသည်။ ဗြိတိသျှကိုလိုနီ အာဏာပိုင်များက ၁၉၂၃ ခုနှစ် ရှမ်းပြည်နယ်များ ဘိန်းထိန်းချုပ်ရေးကြေညာချက် အမိန့်အောက်၌ ဘိန်းစိုက်ပျိုးမှုကို အတိုင်းအတာတစ်ခုအထိ ကျဆင်းသွားစေခဲ့သည့် ကန့်သတ်မှုအချို့ကို စည်းကြပ်ပြဋ္ဌာန်းလာခဲ့သည်။[၁၀] သို့သော်လည်း ဘိန်းစိုက်ပျိုးမှု အများဆုံးဖြစ်နေသည့် ရှမ်းပြည်နယ် (သံလွင်မြစ်အရှေ့ဖက်ကမ်းဒေသများ) နှင့် ကချင်ပြည်နယ် (ဟူးကောင်းတောင်ကြားဒေသ) တွင်းဒေသများကို ကင်းလွတ်ခွင့်ပြုခဲ့သဖြင့် အဆိုပါဒေသများ၌ ဘိန်းကိုတရားဝင်ဆက်လက်စိုက်ပျိုးခွင့် ရရှိခဲ့ကြသည်။[၁၁]

## မြန်မာနိုင်ငံနှင့် ရွှေတြိဂံဒေသဖြစ်ပေါ်လာပုံ

ဒုတိယကမ္ဘာစစ်အပြီးနောက်ပိုင်း မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံဟူ၍ ဖြစ်လာမည့် နိုင်ငံသုံးခု၏ နယ်စပ်တောင်တန်းဒေသများရှိ ဘိန်းစိုက်ပျိုးမှုသည် အခြေမပျက်ဆက်လက်စခန်းသွားနေခဲ့ရာ ခန့်မှန်းခြေအားဖြင့် တစ်နှစ်လျှင် ဘိန်းမက်ထရစ်တန်ချိန်ပေါင်း ၈၀ ခန့် ထွက်ရှိနေခဲ့သည်။[၁၂] မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တိုးပွားမြင့်တက်လာစေရန် တွန်းပို့ခဲ့သည့် ပြည်တွင်းပြည်ပမောင်းနှင်အား အများအပြားရှိနေခဲ့သည်။ ပထမအချက်အနေဖြင့် အိမ်နီးချင်းတရုတ်နိုင်ငံတွင်း နိုင်ငံရေးအလှည့်အပြောင်းများက အဓိကကျသည့် သော့ချက်တစ်ခု ဖြစ်လာခဲ့သည်။ ၁၉၄၉ ခုနှစ်၌ အမျိုးသားရေးဝါဒီ ကူမင်တန် (KMT) တို့ကို အပြီးတိုင်အောင်နိုင်ခဲ့ပြီးနောက်ပိုင်း မော်စီတုံး၏ ကွန်မြူနစ်ပါတီသည် ဘိန်းသုံးစွဲသူများသာမက စိုက်ပျိုးထုတ်လုပ်သူများကိုပါ ဦးတည်ပစ်မှတ်ထားသည့် ဘိန်းစစ်ဆင်ရေးတစ်ခုကို စတင်ဖော်ဆောင်ခဲ့သည်။ ဤဘိန်းစစ်ဆင်ရေးသည် တရုတ်နိုင်ငံအတွင်း ဘိန်းအများဆုံးစိုက်ပျိုးလျက်ရှိသည့် ယူနန်ပြည်နယ်မှ ဘိန်းခင်းများကို တစ်ဖက်နယ်စပ်ရှိ ရှမ်းပြည်နယ်အတွင်းသို့ အလုံးအရင်းရွှေ့ပြောင်းဝင်ရောက်သွားစေခဲ့သည်။ ထို့အပြင် တရုတ်ပြည်တွင်း၌ အရေးနိမ့်လာခဲ့ကြသည့် ကူမင်တန်များသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများထိ တပ်ဆုတ်လာခဲ့ပြီး အစောပိုင်း၌ မော်၏ ကွန်မြူနစ်တပ်ဖွဲ့ဝင်များကို ပြန်လည်တိုက်ခိုက်မည့် ၎င်းတို့၏ စစ်တပ်အတွက် ငွေကြေးအထောက်အပံ့ရရှိစေမည့် ရည်ရွယ်ချက်ဖြင့် ဘိန်းကုန်ကူးသည့် လုပ်ငန်းများ၌ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်လာခဲ့ကြခြင်းဖြစ်သည်။ ကူမင်တန်ဗိုလ်ချုပ်တွမ်ရှိဝန်၏ နာမည်ကျော်အဆိုအမိန့်၌ –

> “လိုအပ်လာတဲ့အခါ ဥပဒေဆိုတာလည်း မသိတော့ပါဘူး။ ဒါကြောင့်ဘဲ ကျနော်တို့ ဘိန်းနဲ့ စတင်ပတ်သက်ဖို့ဖြစ်လာခဲ့တာပါ။ ဆိုးညစ်တဲ့ ကွန်မြူနစ်ဝါဒကို ဆက်တိုက်နိုင်ဖို့အတွက် တိုက်ခိုက်ရေးစစ်တပ်တစ်ခု လိုအပ်

တယ်။ စစ်တပ်ဆိုတာ လက်နက်ရှိရတယ်။ လက်နက်ဝယ်ဖို့ဆိုရင်ခင်ဗျားဆီမှာငွေရှိမှရမယ်။ဒီတောင်တန်းတွေကြားမှာ ငွေဖြစ်နိုင်တဲ့ တစ်ခုတည်းသောအရာက ဘိန်းပဲရှိတယ်” ဟု ပြောဆိုသွားခဲ့သည်။[၃၃]

ထို့အပြင် ပြည်တွင်းမောင်းနှင်အား အများအပြားကလည်း နိုင်ငံတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တိုးပွားမြင့်တက်လာစေသည့် အဓိကဒေါက်တိုင်များ ဖြစ်လာခဲ့ကြသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်ကို ဖွဲ့စည်းတည်ထောင်လိုက်ပြီးများမကြာမီမှာပင် တစ်နိုင်ငံလုံးကို ပြည်တွင်းစစ်က ဝါးမြိုသွားခဲ့ပြန်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ (CPB) သည် လက်နက်ကိုင်တော်လှန်ရေးအတွက် ပထမဦးဆုံးတောခိုသွားသည့်အင်အားစုဖြစ်လာခဲ့သည်။ များမကြာမီမှာပင် နိုင်ငံအဝှမ်း၌ မိမိတို့၏ လူထုလူတန်းစားများအပေါ် အစိုးရစစ်တပ်၏ ပစ်မှတ်ထားတိုက်ခိုက်မှုများကို ခုခံကာကွယ်ရန်နှင့်မိမိတို့ရသင့်ရထိုက်သည့်တိုင်းရင်းသားအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိစေရန် ဗဟိုအစိုးရကို တော်လှန်ပုန်ကန်သည့် တိုင်းရင်းသားအခြေပြု တော်လှန်ရေးအင်အားစုများ အလျှိုလျှိုပေါ်ထွက်လာခဲ့တော့သည်။

ဗိုလ်ချုပ်နေဝင်းဦးဆောင်သည့် ၁၉၆၂ ခုနှစ် တပ်မတော်သည် အာဏာသိမ်းယူခဲ့ပြီးချိန်မှစ၍ အမျိုးသားနိုင်ငံရေးဇာတ်ခုံကို စိတ်ကြိုက်ကြိုးကိုင်ချယ်လှယ်လာခဲ့တော့သည်။ စစ်အာဏာသိမ်းခဲ့ပြီးနောက်ပိုင်း နိုင်ငံတွင်း ပဋိပက္ခများ ပိုမိုကျယ်ပြန့်လာခဲ့ပြီး ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့၌ လက်နက်ကိုင်တော်လှန်ပုန်ကန်မှုများပေါ်ပေါက်လာစေခဲ့သည်။ ၁၉၆၈ ခုနှစ်အတွင်း ‘ဗကပ’ သည် တရုတ်နိုင်ငံ၏ကျောထောက်နောက်ခံအပြည့်အစုံဖြင့် ယူနန်ပြည်နယ်မှ နယ်စပ်ကိုဖြတ်ကျော်၍ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများသို့ စတင်ကျူးကျော်တိုက်ခိုက်လာခဲ့ပြီး မြန်မာ့တပ်မတော်၏ရှေ့တန်းတပ်စခန်းများကို အလျှင်အမြန်ပင်တိုက်ခိုက်သိမ်းယူသွားခဲ့သည်။ နှစ်အနည်းငယ်အတွင်း ဘိန်းအဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် မိုင်းလား၊ ကိုးကန့်နှင့် ‘ဝ’ ဒေသများအပါအဝင် ကျယ်ပြောလှသည့် တရုတ်နယ်စပ်တစ်လျှောက်ရှိ နယ်မြေဒေသများကို သိမ်းပိုက်နိုင်ခဲ့ကြသည်။

၁၉၆၀ ခုနှစ်နှောင်းပိုင်း၌ နိုင်ငံအတွင်းရှိ နယ်စပ်ဒေသအများအပြားသည် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအမျိုးမျိုး (EAOs)၏ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားခဲ့သည်။ စစ်အေးတိုက်ပွဲကာလအမြင့်ဆုံးအချိန်၌ ဤအင်အားစုများအကြား မကြာခဏဆိုသလိုပင် တရုတ်နှင့် မဟာမိတ် ‘ဗကပ’ တို့ကို လက်တွဲ၍ တရုတ်အကူအညီ ရယူသွားမည့်အုပ်စုနှင့် အမေရိကန်နှင့် ထိုင်ဝမ်တို့ကျောထောက်နောက်ခံပြုထားသည့် ကူမင်တန်များနှင့် လက်တွဲသွားမည့်အုပ်စုဟူ၍ နှစ်ခြမ်းကွဲသွားလေ့ရှိသည်။ ၎င်းတို့၏ နိုင်ငံရပ်ခြား ကျောထောက်နောက်ခံများက လုံခြုံရေးကိုသာ ပထမနေရာ၌ ဦးစားပေး၍ မူးယစ်ဆေးဝါးလုပ်ငန်းကို မမြင်ချင်ယောင်ဆောင်ပေးခဲ့ကြသည့်အတွက်နောက်ဆုံး၌ ‘ဗကပ’ နှင့် ကူမင်တန်တို့နှစ်ဖက်စလုံးသည် ဘိန်းစီးပွားရေးလုပ်ငန်း၌ ထဲထဲဝင်ဝင်ပတ်သက်မိသွားကြတော့သည်။[၃၄]

ဘိန်းစိုက်ပျိုးလျက်ရှိသည့် ရှမ်းပြည်နယ်တွင်း နယ်မြေဒေသအများအပြားရှိ လက်နက်ကိုင်အဖွဲ့အစည်းများသည် ဘိန်းစိုက်တောင်သူများထံမှ အခွန်ကောက်ခံခြင်း (အများအားဖြင့် ဘိန်းဝေစု)၊ ဘိန်းသယ်ဆောင်လာကြသည့် ဝန်တင်လားအုပ်စုများကို လက်နက်ကိုင်လုံခြုံရေးယူပေးခြင်း၊ ဘိန်းဖြူချက်စက်ရုံများ လည်ပတ်ရန် နေရာပေးခြင်း သို့မဟုတ် အရေးပါသည့် ထိုင်းကုန်သွယ်ရေး



ကချင်ပြည်နယ် တြိဂံဒေသတွင်း ဘိန်းအစေးခြစ်နေသည့် ခရူးမိန်းမပျိုလေးတစ်ဦး



ရှမ်းပြည်နယ်တစ်နေရာ၌ လားများဖြင့်သယ်ဆောင်လာသည့် ဘိန်းကုန်တန်းအုပ်စု

လမ်းကြောင်းများ၌ အကောက်ခွန်စခန်းများ ဖွင့်လှစ်ခြင်းတို့မှရရှိသည့် ဝင်ငွေများပေါ် မှီခိုရပ်တည်ခဲ့ကြသည်။ နှစ်များကြာလာသည်နှင့်အမျှ အချို့သော လက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့၏ နဂိုနိုင်ငံရေး ရည်မှန်းချက်များမှသွေဖယ်၍ ဘိန်းစီးပွားရေးလုပ်ငန်း၌ ခြေစုံပစ်ဝင်ရောက်သွားကြသည်။ ဗိုလ်ချုပ်နေဝင်း၏ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းပြီးမကြာမီ စတင်ခဲ့သည့် ပြည်သူ့စစ်စီမံချက်သည် ရှမ်းပြည်နယ်၌ စစ်ဘောင်သွင်းထားသည့် ကသောင်းကနင်းဖြစ်မှုများကို ပိုမိုကျယ်ပြန့်လာစေခဲ့သည်။ ကာကွယ်ရေးတပ်ဖွဲ့များဟု သိလာကြသည့် အဆိုပါစီမံချက်သည် ရှမ်းပြည်နယ်အတွင်း တဖြည်းဖြည်း များပြားလာလျက်ရှိသည့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကို တန်ပြန်တိုက်ခိုက်ရသည့် အစိုးရပြည်သူ့စစ်တပ်ဖွဲ့များအဖြစ် အသွင်ပြောင်းခံယူနိုင်စေရန် သူပုန်များနှင့် သူခိုးဓားပြအဖွဲ့အစည်းများကို လမ်းဖွင့်ပေးခဲ့သည်။ ‘ဗကပ’ ကျူးကျော်ဝင်ရောက်လာသည့်အခါ ၎င်းတို့၏ အခန်းကဏ္ဍသည် ပို၍ပင် အရေးပါလာခဲ့ပြန်သည်။ သို့သော်လည်း ၎င်းတို့၏ ပြိုင်ဖက်များကိုတိုက်ခိုက်ခြင်းဖြင့် တပ်မတော်ကို ထောက်ပံ့ကူညီရန် အလေးပေးအာရုံစိုက်မည့်အစား ကာကွယ်ရေးတပ်ဖွဲ့များသည် ၎င်းတို့၏ စီးပွားရေးအကျိုးစီးပွားကိုသာ ရှေ့တန်းတင်ပြီး ဘိန်းကုန်ကူးသည့်လုပ်ငန်းများကိုသာ ပို၍တိုးချဲ့ဖော်ဆောင်လာခဲ့ကြတော့သည်။

လော်စစ်ဟန်ဦးဆောင်သည့် ကိုးကန့်တပ်ဖွဲ့နှင့် ခွန်ဆာဦးဆောင်သည့် လွိုင်မော်တပ်ဖွဲ့တို့သည် နာမည်အကျော်ကြားဆုံး ကာကွယ်ရေးတပ်ဖွဲ့များ ဖြစ်လာခဲ့ကြသည်။ ဤတပ်ဖွဲ့များသည် ဘိန်းကုန်သည်များနှင့် ဘိန်းဖြူထုတ်လုပ်မည့်သူများထံ ရောင်းချပေးမည့် ဘိန်းအကြီးအကျယ်စိုက်ပျိုးသည့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများမှဘိန်းများကို ထိုင်းနိုင်ငံအထိ လားများဖြင့် သယ်ယူပို့ဆောင်သည့်ဘိန်းကုန်တင်အုပ်စုများကိုဦးစီးဖော်ဆောင်ခဲ့ကြသည်။ ဤနည်းအားဖြင့်ရရှိလာသည့် ဝင်ငွေများဖြင့် မြန်မာနိုင်ငံအတွင်း ပြန်လည်ရောင်းချသွားမည့် ထိုင်းနိုင်ငံထုတ်ကုန်စည်များအပါအဝင် လက်နက်များနှင့် ခဲယမ်းမီးကျောက်များကိုပါ ဝယ်ယူ၍ အပြန်ခရီး၌ ပြန်လည်တင်သွင်းလာခဲ့ကြသည်။ ဤလုပ်ငန်းသည် အလွန်မက်မောဖွယ်ရာကောင်းလောက်အောင်ကို အကျိုးအမြတ်များပြားလှသဖြင့် ၎င်းတို့၏ တပ်အင်အားများကိုပါ တစ်နေ့တစ်ခြားအင်အားကြီးမားလာအောင် တိုးချဲ့ဖွဲ့စည်းနိုင်စေခဲ့သည်။[၁၅]

ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အနှံ့ တစ်နေ့တစ်ခြား ပြင်းထန်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခ၏ နောက်ဆက်တွဲ ရိုက်ခတ်မှုဒဏ်ကို နယ်ခံလူထုလူတန်းစားများ အလူးအလိမ့်ခံစားခဲ့ကြရသည်။ ပဋိပက္ခဒဏ်သင့်နယ်မြေဒေသများ၌ စိုက်ပျိုးနိုင်သည့် လက်တစ်ဆုပ်စာ

သီးနှံများ၌ ဘိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အခြားသီးနှံများနှင့် သီးထွက်နှုန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ဘိန်းသည် ပမာဏအားဖြင့် ကျစ်လစ်သေးငယ်ပြီး မိမိတို့၏ ရပ်ရွာဒေသများသို့ တိုက်ပွဲများရုတ်တရက် ရောက်ရှိလာခဲ့လျှင် သယ်ဆောင်ထွက်ပြေးရ ပိုမိုလွယ်ကူစေသည်။ အခြားသီးနှံများနှင့်မတူဘဲ သိုလှောင်သိမ်းဆည်းရ အလွန်လွယ်ကူသလို ပုပ်သိုးတတ်ခြင်းမရှိသဖြင့် တန်ဖိုးလျော့သွားခြင်းလည်းမရှိပေ။ ထို့အပြင် အခြားသီးနှံများကဲ့သို့ ပဋိပက္ခနယ်မြေကိုဖြတ်၍ ဈေးကွက်ရှိရာသို့ သယ်ယူပို့ဆောင်စရာမလိုဘဲ ဘိန်းကုန်သည်များသည် ရွာအရောက်လာရောက်ဝယ်ယူ လေ့ရှိသည်။

ရှမ်းနှင့် ကချင်တောင်တန်းဒေသများအထိ လက်နက်ကိုင်တိုက်ပွဲများ ပျံ့နှံ့ရောက်ရှိလာခဲ့ပြီးနောက်ပိုင်း လူထုလူတန်းစားများအနေဖြင့် ဘိန်းစိုက်ပျိုးမှုကို ယခင်ကထက် ပို၍ မှီခိုအားထားလာရတော့သည်။ ၁၉၆၀ ခုနှစ် နှောင်းပိုင်းမှစ၍ ၁၉၇၀ ခုနှစ်နှောင်းပိုင်းကာလများအထိ ရှမ်းပြည်နယ်တစ်လွှား ဘိန်းစိုက်ပျိုးရာ နယ်မြေဒေသများသို့ ကူးချည်သန်းချည် ပြုလုပ်ခဲ့သည့် ဗြိတိသျှရုပ်ရှင်ဖန်တီးသူ အက်ဒရီယန်ကိုဝဲလ်က ၎င်း၏လေ့လာတွေ့ရှိမှုကို ဤသို့ ပြောဆိုသွားခဲ့သည်။

"ဘိန်းဆိုတာ တောင်သူတွေအတွက် အလွယ်တကူ ဖွက်ထားပြီး သယ်ယူပို့ဆောင်လို့ရလောက်အောင် ကျစ်လစ်သေးငယ်တဲ့ တစ်ခုတည်းသောသီးနှံဖြစ်နေတယ်။ ဆိုလိုတာက ခဲယဉ်းကျပ်တည်းတဲ့ကာလမှာ အားထားရတဲ့ ပြိုင်ဖက်ကင်းသီးနှံဖြစ်နေတယ်။ ခြုံပြီးပြောရမယ်ဆိုရင် မင်းမဲ့စရိုက်ရဲ့ လွှမ်းမိုးမှုက သံလွင်အရှေ့ဖက်ခြမ်းက ဘိန်းခင်းတွေကို အရင်ကဘိန်းစိုက်ပျိုးတဲ့ ရာဇဝင်မရှိခဲ့ဖူးတဲ့ သံလွင်မြစ် အနောက်ဖက်ခြမ်း (ရှမ်းပြည်နယ်တောင်ပိုင်း) အထိ ပျံ့နှံ့ရောက်ရှိသွားစေခဲ့တော့တာပါပဲ။"[၁၆]

ရုတ်တရက်အလုံးအရင်းဖြင့်မြင့်တက်လာခဲ့သည့် မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် မဖုံးနိုင်မဖိနိုင်ဖြစ်လာခဲ့ပြီး နိုင်ငံတကာ၏ ပြစ်တင်ဝေဖန်သံများကျယ်လောင်လာခဲ့သည်။ ဝေဖန်မှုကို တုန့်ပြန်သည့်အနေဖြင့် ၁၉၇၃ ခုနှစ်တွင် ကာကွယ်ရေးတပ်ဖွဲ့များကို ဖျက်သိမ်းပစ်လိုက်ရန် ဗိုလ်ချုပ်နေဝင်း အမိန့်ထုတ်ခဲ့ရသည်။ ၎င်းတို့အနေဖြင့် မူးယစ်ဆေးဝါးကုန်ကူးမှုအတွင်း တရားဝင်ပါဝင်ပတ်သက်နေသကဲ့သို့ နိုင်ငံတကာမျက်နှာစာ၌ အရှက်ရစရာဖြစ်ခဲ့ရသည်။ မည်သို့ဆိုစေ လက်နက်များကိုအပ်နှံ၍ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို အဆုံးသတ်ရမည့်အစား ကာကွယ်ရေးတပ်ဖွဲ့ အများအပြားသည် လက်နက်ကိုင်တော်လှန်နေကြသည့် အတိုက်အခံများနှင့် ပူးပေါင်းရန်တောခိုသွားခဲ့ကြပြီး ၎င်းတို့၏ မူးယစ်ဆေးဝါးကုန်ကူးမှုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့ကြသည်။ လော်စစ်ဟန်သည်လည်း ရှမ်းပြည်နယ်တစ်လွှားရှိ လက်နက်ကိုင်အဖွဲ့အစည်းပေါင်းများစွာနှင့် ချိတ်ဆက်ပူးပေါင်းမှုပြုခဲ့သော်လည်း ၁၉၇၃ ခုနှစ်အရောက်တွင် ထိုင်းနယ်စပ်တစ်နေရာ၌ ထိုင်းအာဏာပိုင်များ၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး နှစ်ပေါင်းများစွာ ထောင်နန်းစံရန် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခံခဲ့ရသည်။ စည်းလုံးညီညွတ်သောရှမ်းပြည်တပ်မတော် (SUA) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည့် ခွန်ဆာသည်လည်း မြန်မာ့အကျဉ်းထောင်၏ သံတိုင်များနောက်သို့ခဏတာမျှရောက်ရှိသွားခဲ့သည်။ သို့သော်လည်း SUAပြန်ပေးဆွဲခဲ့သည့် ရုရှားဆရာဝန်နှစ်ယောက်နှင့် အကျဉ်းသားချင်းလဲလှယ်သည့် အစီအစဉ်ဖြင့် ၁၉၇၄ ခုနှစ်တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ယင်းနောက်ပိုင်း ၎င်းသည် ထိုင်းနယ်စပ်တစ်ကြောနှင့် ဘိန်းသယ်ယူပို့ဆောင်ရာ၌ မဟာဗျူဟာကျသည့် ရှမ်းပြည်နယ်တွင်း နယ်မြေဒေသများကို SUA ၏ အမာခံနယ်မြေများအဖြစ် ဖွဲ့စည်းထူထောင်လာခဲ့သည်။[၁၇]

ထိုအချိန်သည် ရှမ်းပြည်နယ်၏ သံလွင်အရှေ့ခြမ်းဒေသများ၌ ဘိန်းစိုက်ပျိုးမှုနှင့် မှတ်ပုံတင်သုံးစွဲမှုကို ၁၉၇၀ ပြည့်လွန်နှစ်နှောင်းပိုင်းကာလအထိ တရားဝင်ခွင့်ပြုထားဆဲကာလဖြစ်သည်။ ကုလသမဂ္ဂ၏ ၁၉၆၁ ခုနှစ် ပင် မူးယစ်ဆေးဝါးကွန်ဗင်းရှင်းကို မြန်မာနိုင်ငံ လက်မှတ်ရေးထိုးခဲ့သည့်အချိန်၌ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို နှစ်ပေါင်း (၂၀)ဆက်လက်ခွင့်ပြုသွားရန် ပဋိညဉ်မှုပါ ခြွင်းချက်ကိုအသုံးပြုခဲ့သည်။ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံသည် နိုင်ငံတကာဆေးဝါးဈေးကွက်သို့ မြန်မာပြည်ထွက်ဘိန်းများကို တရားဝင်တင်ပို့ရောင်းချနိုင်ရန်အတွက် အဆိုပါနယ်မြေဒေသများ၌ တရားဝင်ဘိန်းဆက်လက်စိုက်ပျိုးခွင့်ပြုရန် ကုလသမဂ္ဂသို့ တောင်းဆိုမှုပြုခဲ့သည်။ အဆိုပါတောင်းဆိုမှု ငြင်းပယ်ခံခဲ့ရသည်။[၁၈]

နိုင်ငံတကာ၏ ဝေဖန်ကဲ့ရဲ့မှုများကလည်း တစ်စိတ်တစ်ဒေသပါဝင်ခဲ့သဖြင့် နေဝင်းအစိုးရသည် နောက်ဆုံး၌ စိုက်ပျိုးမှု၊ ရောင်းဝယ်ဖောက်ကားမှု၊ လက်ဝယ်ထားရှိမှု

နှင့် တရားမဝင်မူးယစ်ဆေးဝါးသုံးစွဲမှုတို့ကို တားမြစ်ပိတ်ပင်ထားသည့် ၁၉၇၄ ခုနှစ် မူးယစ်ဆေးဝါးနှင့် အန္တရာယ်ရှိသောဆေးဝါးများဥပဒေသစ်ဖြင့် တစ်နိုင်ငံလုံး ဘိန်းစိုက်ပျိုးမှုမပြုရန် တားမြစ်လိုက်သည်။ ဥပဒေသစ်သည် ဘိန်းစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းမှု ပြုလျက်ရှိသည့် တောင်သူများကို အခြားရွေးချယ်စရာ ဝင်ငွေရင်းမြစ်တစ်ခုခု မရရှိခင်အချိန်ထိ ၅ နှစ်ဆက်လက် စိုက်ပျိုးကြရန်ခွင့်ပြုပေးခဲ့သည်။[၁၉] သို့သော်လည်း လက်တွေ့အားဖြင့် နိုင်ငံအတွင်း တစ်ပါတီစနစ်ကျင့်သုံးသွားရန် စိုင်းပြင်းလာခဲ့သည့်တပ်မတော်၏ ကြိုးပမ်းအားထုတ်မှုသည် ကျရှုံးနေခဲ့ပြီးဖြစ်သလို နေဝင်းသွတ်သွင်းရန်ကြိုးပမ်းခဲ့သည့် "မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်" ဝါဒသည် နိုင်ငံ၏ စီးပွားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံးကို ဒုက္ခန္တွင်းသို့ ဆွဲသွင်းသွားတော့သည်။

ကမ္ဘာ့မူးယစ်ဆေးဝါး ဈေးကွက်ပေါ်ရှိ အခြားမောင်းနှင်အားများကလည်း မြန်မာနိုင်ငံအတွင်းသို့ ဘိန်းခင်းများ တိုးပွားရောက်ရှိလာစေရန် တွန်းအားပေးခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်နှောင်းပိုင်းမှစ၍ ၁၉၈၀ ပြည့်လွန်နှစ်အစောပိုင်းကာလ၌ ဘိန်းအဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် နိုင်ငံများဖြစ်ကြသည့် အီရန်၊ ပါကစ္စတန်နှင့် တူရကီနိုင်ငံများက ဘိန်းစိုက်ပျိုးမှုကို တားမြစ်ပိတ်ပင်လိုက်ကြသည်။[၂၀] ၁၉၇၀ ပြည့်လွန်နှစ် အစောပိုင်းကာလများ၌ တူရကီထွက်ဘိန်းဖြူများသည် အမေရိကန်ဈေးကွက်ကို အများဆုံးစိုးမိုးထားခဲ့သဖြင့် အမေရိကန်၏ ပြင်းထန်သည့် ဖိအားသက်ရောက်လာခဲ့ပြီးနောက် ၁၉၇၁ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုကို ပိတ်ပင်တားမြစ်ခဲ့ရ ခြင်းဖြစ်သည်။[၂၁]

ဤပိတ်ပင်မှုသည်ဝင်ငွေရသီးနှံအဖြစ်ဘိန်းတစ်ခုတည်းကိုသာမှီခိုအားထားနေကြရသည့်တောင်သူမိသားစုများအတွက် ဆိုးရွားပြင်းထန်လှသည့် နောက်ဆက်တွဲ အသက်မွေးဝမ်းကျောင်းမှု ပြဿနာများကို ဆောင်ကျဉ်းလာခဲ့သည်။ TNI ၏ အစီရင်ခံစာ၌ သုံးသပ်ဖော်ပြထားသကဲ့သို့ပင် "ဘိန်းတားမြစ်မိန့်သည် တောင်သူအများအပြားအတွက် ဆိုးရွားပြင်းထန်သည့် နောက်ဆက်တွဲ ရိုက်ခတ်မှုများကို ဆောင်ကျဉ်းလာခဲ့ပြီး" တူရကီအာဏာပိုင်များ၏ ပြောဆိုချက်အရ "ဘိန်းတိုက်ဖျက်ရေးကြောင့် လူထုလူတန်းစားများအကြား အန္တရာယ်ကြီးသည့် လူမှုရေးမကျေနပ်ချက်များ" ကြီးထွားလာနိုင်သည့် အလားအလာရှိနေကြောင်း သိရှိခဲ့ရသည်။[၂၂] သို့ ဖြစ်ပါ၍ ဤပြဿနာများကိုလျှော့ချနိုင်ရန်အတွက် တူရကီအစိုးရသည် ၁၉၇၄ ခုနှစ်တွင်တားမြစ်မိန့်ကို တစ်စိတ်တစ်ပိုင်း ဖြေလျှော့ပေးခဲ့ပြီး ဆေးဝါးရည်ရွယ်ချက်အတွက် တရားဝင်ဘိန်းစိုက်ပျိုးမှုပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ရသည်။ တရားမဝင်ဘိန်းအခြေခံ မူးယစ်ဆေးဝါးဈေးကွက်များသို့ လမ်းကြောင်းပြောင်းရောက်ရှိ မသွားစေရန် ကာကွယ်သည့်အနေဖြင့် တောင်သူများ၏ ရိုးရာနည်းအရ ဘိန်းအစေးခြစ်ယူသည့် ရိတ်သိမ်းမှု ပုံစံကို တားမြစ်ခဲ့ပြီး ဘိန်းရိုးတံများကို အစိုးရတစ်ဦးတည်းကိုသာ ရောင်းချမှုပြုရန် အမိန့်ထုတ်ပြန်ခဲ့သည်။[၂၃]

၁၉၇၀ ပြည့်လွန်နှစ် အဆုံးပိုင်းရောက်သောအခါ ကမ္ဘာ့ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံတစ်ခုဖြစ်သည့် ပါကစ္စတန်နိုင်ငံ၌လည်း အလားတူအခြေအနေမျိုး ပေါ်ပေါက်လာခဲ့သည်။ မကြာမီပင် ဥရောပနှင့် အမေရိကန် မူးယစ်ဆေးဝါးဈေးကွက်များသို့ ပါကစ္စတန်ထွက် ဘိန်းဖြူများစိုးမိုးသွားတော့သည်။ သို့ဖြစ်၍ ပါကစ္စတန်အစိုးရသည် ၁၉၇၉ ခုနှစ်အရောက်တွင် "မူးယစ်စေတတ်သော ဆေးဝါးများထုတ်လုပ်မှု၊ လက်ဝယ်ထားရှိမှု၊ ချက်လုပ်မှု၊ ထုတ်လုပ်ဖြန့်ဖြူးမှု၊ ရောင်းချမှုနှင့် အသုံးပြုမှု" တို့ကို တားဆီးပိတ်ပင်ခဲ့သည်။[၂၄] နောက်ဆက်တွဲရိုက်ခတ်မှုအဖြစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာခဲ့ရာ၌ ဈေးကွက်တန်ဖိုးကျဆင်းသွားခြင်းသည်လည်း တစ်စိတ်တစ်ပိုင်းပါဝင်ခဲ့သည်။ သို့သော်လည်း သုတေသနပြုချက်တစ်ခုအတွင်း အောက်ပါအတိုင်း သတိပေးဖော်ပြထားခဲ့သည်။

> "တားဆီးနှိမ်နင်းရေး လုပ်ငန်းတစ်ခုတည်းဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပြဿနာကို ရေရှည်ဖြေရှင်းနိုင်မည်မဟုတ်ပါ။ ဘိန်းစိုက်ပျိုးမှုသည် ပါကစ္စတန်၏ စီးပွားရေးအရ ခဲယဉ်းကျပ်တည်းလှသည့် နယ်မြေဒေသများ၌ ပျံ့နှံ့တည်ရှိနေကြသည်။ အဆိုပါနယ်မြေဒေသများရှိဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို ထိထိရောက်ရောက် အဆုံးသတ်လိုပါက ဘိန်းစိုက်ပျိုးစရာမလိုအောင် အားကိုးအားထားပြုနိုင်သည့် အခြားရွေးချယ်စရာ စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးရန် လိုအပ်ပါလိမ့်မည်။ ဤအခြေအနေ၌ ဘိန်းစိုက်ပျိုးသည့် နယ်မြေဒေသတစ်လွှား ငွေလုံးငွေရင်းအသုံးပြုရသည့် ဖွံ့ဖြိုးရေးအစီအစဉ်များ ဖော်ဆောင်ပေးရန် လိုအပ်လာသည်။ ပါကစ္စတန် ကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု၌ ဤကဲ့သို့သော အစီအစဉ်များကို အကောင်အထည်ဖော်နိုင်သည့် အရင်းအမြစ်များ ရှိလိမ့်မည်မဟုတ်ပေ။"[၂၅]

ဗီယက်နမ်ရောက် အမေရိကန်စစ်သားများအကြား ဘိန်းဖြူသုံးစွဲမှု မြင့်တက်လာခဲ့ခြင်းကြောင့် ပေါ်ပေါက်လာခဲ့သည့် ဈေးကွက်သစ်ကလည်း မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှုရုတ်တရက် မြင့်တက်လာစေရန် စေ့ဆော်ပေးခဲ့သည့် အကြောင်းရင်းများ၌ တစ်ခုအပါအဝင်ဖြစ်သည်။ ၁၉၇၃ ခုနှစ် အမေရိကန်အစိုးရ၏ ကိန်းဂဏန်း အချက်အလက်များအရ ဗီယက်နမ်၌ တပ်ချထားသည့် အမေရိကန်တပ်ဖွဲ့စုစုပေါင်း၏ ၃၄% ခန့်သည် ဘိန်းဖြူကို "စွဲစွဲမြဲမြဲသုံးစွဲလျက်ရှိကြောင်း" သိရှိခဲ့ရသည်။[၂၆] အဆိုပါစစ်သားများ နေရပ်ပြန်ကြသည့်အခါ ၎င်းတို့၏ ဆေးစွဲမှုကိုပါ သယ်ဆောင်လာခဲ့ကြသဖြင့် အမေရိကန်နိုင်ငံအတွင်း မြန်မာနိုင်ငံထွက် ဘိန်းဖြူဝယ်လိုအား သိသိသာသာ မြင့်တက်လာခဲ့သည်။

ရှမ်းပြည်နယ်အတွင်း ဤကဲ့သို့ တည်ငြိမ်မှုဆက်လက်ပျက်ပြားရာမှ အဓိကအကျိုးစီးပွား ဖြစ်ထွန်းသွားခဲ့သည့်လက်နက်ကိုင်တပ်ဖွဲ့သည် ၁၉၈၅ ခုနှစ်၌ ရှမ်းပြည်တပ်မတော် (MTA) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည့် ခွန်ဆာ၏ ကာကွယ်ရေးတပ်ဖွဲ့ဟောင်း (နောက်ပိုင်း SUA) ဖြစ်လာခဲ့သည်။[၂၇] ၁၉၈၀ ပြည့်လွန်နှစ် အဆုံးပိုင်း ရောက်လာသည့်အခါ MTA သည် KMT ၏ ဘိန်းကုန်ကူးမှုလုပ်ငန်းကို အဓိကကြိုးကိုင်ချယ်လှယ်သူ ဖြစ်လာခဲ့ပြီး ထိုင်းနယ်စပ်တစ်လျှောက် မဟာဗျူဟာကျသည့် နယ်မြေဒေသကြီးတစ်ခုလုံးကိုထိန်းချုပ်၍ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှ ဖြတ်ကျော်ဝင်ရောက်လာသည့် ဘိန်းကုန်တန်းများကို အခွန်ကောက်ခဲ့သည်။ ထို့အပြင် MTA သည် ၎င်းတို့၏ ထိန်းချုပ်နယ်မြေအတွင်း လာရောက်တည်ဆောက်ထားသည့် ဘိန်းဖြူချက်စခန်းများကိုပါ အခွန်ကောက်ခံခဲ့ပြီး ထိုင်းနိုင်ငံနှင့် ဟောင်ကောင်အခြေစိုက် နိုင်ငံတကာမူးယစ်ဆေးဝါးကွန်ရက်များနှင့် ချိတ်ဆက်လုပ်ကိုင်လာခဲ့သည်။

MTA သည် မိမိတို့၏ တပ်အင်အားများကို တဖြည်းဖြည်းတိုးချဲ့တည်ဆောက်လာနိုင်ခဲ့ပြီးပြိုင်ဘက် 'ဗကပ'၏ ပြည်သူ့တပ်မတော်နှင့် အင်အားချင်းယှဉ်လာခဲ့သည့်အခါ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုပြုလုပ်၍ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်သွားရန် အစီအစဉ်ရှိနေသည့် နိုင်ငံ၏မြောက်ပိုင်းဒေသတစ်ကြော အခြေစိုက် လှုပ်ရှားလျက်ရှိသည့် အခြားတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ကျွဲနှစ်ကောင်ကြားက မြေစာပင်ကဲ့သို့ ဘေးကျပ်နံကျပ်ဖြစ်လာခဲ့သည်။ ၎င်းတို့အားလုံးသည် မိမိတို့အသီးသီး၏ တော်လှန်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေအထောက်အပံ့ လိုအပ်နေကြသူများဖြစ်သည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) ကဲ့သို့သော လက်နက်ကိုင်အဖွဲ့အစည်းများသည် အဖျက်အမှောင့် ကြီးမားလွန်းလှသည့် နေဝင်း၏ "မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်" အသက်ဝင်လာခဲ့ပြီးနောက်ပိုင်း ထိုင်းနယ်စပ်တစ်လျှောက် အကောက်ခွန်စခန်းများဖွင့်လှစ်၍ မြန်မာနိုင်ငံအတွင်းသို့ အလုံးအရင်းဖြင့် မှောင်ခိုတင်သွင်းလာသည့် ကုန်စည်များအပေါ် အကောက်ခွန်စည်းကြပ်ခဲ့သည်။ ဤကဲ့သို့သော အကောက်ခွန်စည်းကြပ်မှုအားဖြင့် ဝင်ငွေအလုံးအရင်းရရှိနေခဲ့သည့် KNU သည် အလွန်တင်းကျပ်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမူဝါဒကို လက်ကိုင်ထားခဲ့သည်။

သို့သော်လည်း ကချင်နှင့် ရှမ်းပြည်နယ်တစ်လွှား ဘိန်းစိုက်ပျိုးသည့် နယ်မြေဒေသများ၌ အခြေစိုက်လှုပ်ရှားနေကြသော လက်နက်ကိုင်အဖွဲ့အစည်းများအတွက် အလားတူမူဝါဒမျိုး ချမှတ်နိုင်ရန် အလှမ်းဝေးလွန်းလှသည်ဟုဆိုရမည်ဖြစ်သည်။ ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသများ၌ မှီတင်းနေထိုင်လျက်ရှိကြသည့် တောင်သူအများအပြားသည် ဘိန်းတစ်ခုတည်းကိုသာ ဝင်ငွေရသီးနှံအဖြစ် မှီခိုအားထားနေကြရသလို လက်နက်ကိုင်အဖွဲ့အစည်းများ၌ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်နိုင်သည်အထိ တောင်သူများကို ထောက်ပံ့ပေးနိုင်သည့် အရင်းအမြစ်များ အလုံအလောက်မရှိကြသဖြင့် ဘိန်းကိုတားမြစ် ပိတ်ပင်လိုက်ပါက ၎င်းတို့အပေါ် လူထုထောက်ခံမှု ကျဆင်းသွားနိုင်သည့် အရဲစွန့်ရမှုအန္တရာယ်ကိုလည်း ရင်ဆိုင်ခဲ့ကြရသည်။ ထို့အပြင် ပြတ်သားသည့် ဘိန်းတိုက်ဖျက်ရေးမူဝါဒ ချမှတ်လိုက်ခြင်းအားဖြင့် စစ်အစိုးရကို တော်လှန်တိုက်ခိုက်ရာ၌ မဟာမိတ်ဖြစ်လာနိုင်သည့် အင်အားစုများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြားပွတ်တိုက်မှုများပင်ပေါ်ပေါက်လာနိုင်ပါသည်။အချုပ်ဆိုရသော်ထိုကဲ့သို့သောနယ်မြေဒေသများအတွင်းလှုပ်ရှားနေကြရသည့် လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းအများအပြားသည် ဘိန်းစိုက်တောင်သူများထံမှ ဘိန်းခွန်ကောက်ခံခြင်း (အခြားသီးနှံများကဲ့သို့ပင် သီးထွက်ခွဲတမ်းပေးရသည့်ပုံစံဖြင့်) အားဖြင့်သော်လည်းကောင်း ဘိန်းကုန်တင်လားတန်းများကို လုံခြုံရေးယူပေးခြင်းအားဖြင့်သော်လည်းကောင်း မိမိတို့၏ ထိန်းချုပ်နယ်မြေအတွင်း ဘိန်းဖြူချက်စခန်းများ အခြေချထုတ်လုပ်ခွင့်ပြုခြင်း သို့မဟုတ် ထိုင်းနယ်စပ်တစ်ကြောရှိ အရေးပါသည့် ကုန်သွယ်ရေးလမ်းကြောင်းများ၌ အကောက်ခွန်စခန်းများဖွင့်လှစ်ခြင်းအားဖြင့်သော်လည်းကောင်း တစ်နည်းမဟုတ်တစ်နည်း ဘိန်းကုန်သွယ်ရေးလုပ်ငန်းမှ ရရှိသည့်ဝင်ငွေများအပေါ်



ထိုင်းနိုင်ငံ ဒွိုင်မေဆလုံရှိ ကူမင်တန်ခေါင်းဆောင် ဗိုလ်ချုပ်တွမ်ရှီဝမ်(ဗိုလ်ချုပ်ဒွမ်)၏ ဂူသင်္ချိုင်း

အနည်းနှင့်အများဆိုသလို မှီခိုအားထားနေကြရသူများဖြစ်ကြသည်။ မူးယစ်ဆေးဝါးကုန်သွယ်ရေးနှင့် လက်နက်ကိုင်တော်လှန်သည့် နိုင်ငံရေးတို့အကြား အပြန်အလှန်ဆက်နွယ်ပတ်သက်မှု တိုး၍သာလာခဲ့သဖြင့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံရေးယုံကြည်ချက်ပြင်းထန်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေအနေသည် ပို၍ပင်ရှုပ်ထွေးလာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။[၂၈]

အထက်တွင်ဆိုခဲ့သည့် ဖြစ်ပေါ်ပြောင်းလဲမှုအရွေ့များက မြန်မာနိုင်ငံထွက် ဘိန်းနှင့် ဘိန်းဖြူဝယ်လိုအားအလုံးအရင်းဖြစ်လာစေရန် တွန်းပို့ပေးခဲ့ကြသည်။ ပြည်တွင်းစစ်နှင့် ဆင်းရဲနွမ်းပါးမှု အကြောင်းတရားများရှိနေသည့်အထဲ ဘိန်းအများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့်နိုင်ငံများ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာခြင်းကြောင့် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း မြန်မာနိုင်ငံသည် ကမ္ဘာ့ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံတစ်ခုဖြစ်လာခဲ့တော့သည်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် (UNDCP) ၏ ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၁၉၈၀ ခုနှစ်တွင် မက်ထရစ်တန်ချိန်ပေါင်း ၁၆၀ တန်ရှိခဲ့ရာမှ တစ်နှစ်အကြာ၌မက်ထရစ်တန်ချိန် ၅၅၀ တန်အထိ မြင့်တက်သွားခဲ့ကြောင်းသိရှိခဲ့ရသည်။ ၁၉၈၈ ခုနှစ်၌ မက်ထရစ်တန်ချိန် ၁၁၂၅ တန်ထိရှိလာခဲ့ပြီး တစ်နှစ်ကြာပြီးနောက် မက်ထရစ်တန်ချိန်ပေါင်း ၁၅၄၄ တန်အထိ မြင့်တက်သွားခဲ့သည်။

အမြင့်ဆုံးစံချိန်တင် ထုတ်လုပ်ခဲ့သည့်နှစ်များ ဖြစ်သည့် ၁၉၉၁ ခုနှစ်၊ ၁၉၉၃ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်များ၌ မက်ထရစ်တန်ချိန်ပေါင်း ၁၇၀၀ တန်ကျော်သွားခဲ့သည်။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို စောင့်ကြည့်တိုင်းတာသည့် အမေရိကန်၏ အချက်အလက်များကလည်း ၁၉၇၉ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ များစွာကွာခြားမှုမရှိခဲ့ဘဲ နောက်ပိုင်းနှစ်များကျမှ သိသိသာသာမြင့်တက်လာခဲ့ကြောင်း ပြဆိုလျက်ရှိသည်။ အမေရိကန်အချက်အလက်များအရ မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၁၉၈၈ ခုနှစ်တွင် မက်ထရစ်တန်ချိန်ပေါင်း ၁၂၈၀ တန်ရှိခဲ့ ရာမှ ၁၉၈၉ ခုနှစ်အရောက်တွင် မက်ထရစ်တန်ချိန်ပေါင်း ၂၄၃၀ တန်အထိ နှစ်ဆမျှ မြင့်တက်သွားခဲ့ကြောင်း တွေ့ရှိရသည်။ ထိုအချိန်မှစ၍ ၁၉၉၇ ခုနှစ်အထိ ဆယ်စုနှစ်တစ်ခုစာမျှ စိုက်ပျိုးထုတ်လုပ်မှုပမာဏသည် ခန့်မှန်းခြေအားဖြင့် မက်ထရစ်တန်ချိန်ပေါင်း ၂၀၀၀ ခန့်၌ တည်ငြိမ်နေခဲ့သည်။[၂၉]

## ဆယ်စုနှစ်တစ်ခုစာမျှ ဘိန်းစိုက်ပျိုးမှုကျဆင်းလာခြင်း (၁၉၉၇-၂၀၀၆)

၁၉၉၇ ခုနှစ်မှစ၍ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ရွှေတြိဂံဒေသတစ်ကြော အထူးသဖြင့် ၁၉၈၉ ခုနှစ်တွင် စစ်အစိုးရက "မြန်မာ" ဟုပြောင်းလဲမှည့်ခေါ်ခဲ့သည့် ဗမာနိုင်ငံဖက်ခြမ်း၌ တဖြည်းဖြည်း သိသိသာသာကျဆင်းလာခဲ့သည်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ၏ ထုတ်ပြန်ချက်အရ ဘိန်းစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် မြန်မာနိုင်ငံတွင်း နယ်မြေဒေသများ၌ ၁၉၉၇ ခုနှစ်တွင် ဘိန်းခင်းဟက်တာပေါင်း ၁၅၀,၀၀၀ ကျော်ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်အရောက်တွင် ဟက်တာပေါင်း ၂၁,၀၀၀ မျှသာ ကျန်ရှိတော့ကြောင်း လေ့လာသိရှိခဲ့ရသည်။ ၂၀၀၇ ခုနှစ်တွင်ရွှေတြိဂံဒေသမှထွက်ရှိလာခဲ့သည့်ဘိန်းစုစုပေါင်း ပမာဏသည် ၄၇၀ တန်သာရှိခဲ့ပြီး တစ်ကမ္ဘာလုံးစိုက်ပျိုးထုတ်လုပ်မှုပမာဏ၏၅%ခန့်သာရှိတော့သည်ဟု UNODC ကခန့်မှန်းဖော်ပြခဲ့သည်။ ဤအခြေအနေက UNODC ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ အန်တိုနီယို မာရီယာကော့စ်တာအား "တစ်ချိန်က နာမည်ဆိုးနဲ့ကျော်ကြားခဲ့တဲ့ရွှေတြိဂံဒေသဟာ ဘိန်းစိုက်ပျိုးထုတ်လုပ်တဲ့ နယ်မြေတွေထဲမှာ အကြီးဆုံးနေရာကနေ အနားယူသွားခဲ့ပြီဖြစ်တဲ့အတွက် ဒီဒေသကို ဘိန်းစိုက်တယ်ဆိုတဲ့ အကြောင်းပြချက်တစ်ခုတည်းနဲ့တော့ရွှေတြိဂံဒေသလို့ဆက်မခေါ်နိုင်တော့ပါဘူး" ဟု ရေးသားဖြစ်စေခဲ့သည်။[၁၀]

လာအိုနိုင်ငံ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို အဓိကအားဖြင့် ပြည်တွင်းသုံးစွဲရန်နှင့် ဝင်ငွေရသီးနှံတစ်ခုအဖြစ် တောင်သူများစိုက်ပျိုးကြသည့် နိုင်ငံ၏ မြောက်ပိုင်းဒေသများ၌ အများဆုံးတွေ့ရှိရသည်။[၁၁] လာအိုအစိုးရအရာရှိများကလည်း ပြည်တွင်းဘိန်းသုံးစွဲမှုသည် နိုင်ငံအတွင်း ဘိန်းဆက်လက်စိုက်ပျိုးထုတ်လုပ်စေခဲ့သည့် အဓိကမောင်းနှင်အားတစ်ခုဖြစ်နေပြီး အများအပြားသည် အဆိုပါအကြောင်းရင်းကြောင့်သာ ဆက်၍ စိုက်ပျိုးနေကြခြင်းဖြစ်သည်ဟု ထုတ်ပြန်ခဲ့ကြသည်။ သို့ဖြစ်ပါ၍ အမျိုးသားအဆင့် ဘိန်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေး မဟာဗျူဟာအစီအစဉ်၏ ပထမအဆင့်၌ (၂၀၀၀-၂၀၀၆) ဘိန်းသုံးစွဲသူများနှင့်သက်ကြီးရွယ်အိုများအား မိမိတို့၏တစ်ကိုယ်ရေသုံးစွဲမှုအတွက် ပမာဏအနည်းအကျဉ်း ဆက်လက်စိုက်ပျိုးထုတ်လုပ်ရန် ယာယီအားဖြင့်ခွင့်ပြုပေးခဲ့သော်လည်းနောက်ပိုင်း၌ အဆိုပါပြဋ္ဌာန်းချက်ကို ပြန်လည်ရုပ်သိမ်းသွားခဲ့ သည်။[၁၂]

၁၉၉၀ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း လာအိုနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပမာဏသည် တန်ချိန်ပေါင်း ၁၀၀ မှ ၂၀၀ တန်ချိန်အထိရှိခဲ့သော်လည်း ၂၀၀၇ ခုနှစ်အရောက်တွင်တန်ချိန်ပေါင်း ၁၀ တန်ခန့်သာရှိတော့သည် ဟုခန့်မှန်းခဲ့ကြသည်။ ထို့အပြင် ဘိန်းစိုက်ပျိုးထုတ်လုပ်သည့်ဧရိယာသည်လည်း ခန့်မှန်းခြေအားဖြင့် ၁၉၉၈ ခုနှစ်တွင် ဟက်တာပေါင်း ၂၇၀၀၀ ခန့်ရှိခဲ့သော်လည်း ၂၀၀၇ ခုနှစ်အရောက်တွင် ဟက်တာပေါင်း ၁၅၀၀ ခန့် သာကျန်ရှိတော့သည်။ လာအိုပီဒီအာရ်အစိုးရသည် ၂၀၀၅ ခုနှစ်အရောက်တွင် မိမိတို့၏နိုင်ငံသည် သဘောတရားအားဖြင့် "ဘိန်းကင်းစင်သွားပြီ" ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၅ ခုနှစ်အဆုံးပိုင်း၌ နောက်ဆုံးပြုလုပ်ခဲ့သည့် UNODC ၏ လာအိုနိုင်ငံဘိန်းစစ်တမ်းက လာအိုနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၀၇ ခုနှစ်နောက်ပိုင်းမှစ၍ ၂၀၁၂ ခုနှစ်အထိ ဟက်တာပေါင်း ၇၀၀၀ အထိ ပြန်လည်မြင့်တက်လာခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် ဟက်တာပေါင်း ၅၇၀၀ အထိ ပြန်လည်ကျဆင်းလာခဲ့ပြီး ခန့်မှန်းခြေအားဖြင့် ၈၄ တန်မှ ၁၇၆ တန်အထိ ထုတ်လုပ်မှုရှိခဲ့သည်ဟု ဖော်ပြထားသည်။[၁၃]

ထိုင်းနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၁၉၉၈ ခုနှစ်တွင် ဟက်တာပေါင်း ၁၅၀၀ ခန့်ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်အရောက်တွင် ဟက်တာပေါင်း ၃၀၀ ခန့်သာကျန်ရှိတော့သည့်နောက်ပိုင်း နိုင်ငံအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် အနိမ့်ဆုံးအခြေအနေ၌သာ ရပ်တန့်နေခဲ့တော့သည်။ ဆက်လက်ကျန်ရှိနေဆဲဖြစ်သည့် ဘိန်းခင်းအနည်းအကျဉ်းကို ဝေးလံခေါင်ဖျား၍ သီးခြားတည်ရှိနေသည့် ကုန်းမြင့်တောင်တန်းဒေသများ၌ လူနည်းစုတိုင်းရင်းသားများက ဆက်လက်စိုက်ပျိုးနေခဲ့ခြင်း ဖြစ်သည်။ အများစုသည် မိမိတို့၏ တစ်ကိုယ်ရေသုံးစွဲမှုအတွက်သာ စိုက်ပျိုးကြခြင်းဖြစ်သည်။ ထိုင်းနိုင်ငံတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် မည်သည့်အခါကမျှ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့စိုက်ပျိုးသလောက် များပြားခဲ့ဖူးခြင်းမရှိပေ။ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့၌ ရိုးရာနှင့် ဆေးဝါးအနေဖြင့် ဘိန်းအသုံးပြုသည့် အလေ့အထမျိုးရှိကြသဖြင့် ယခုအချိန်၌ နှစ်နိုင်ငံစလုံးသည် ဘိန်းအဓိကတင်သွင်းရသည့် နိုင်ငံများဖြစ်နေလောက်ပြီဟု သုံးသပ်ယူဆရသည်။

၁၉၉၀ ပြည့်လွန်နှစ် အဆုံးပိုင်းမှစ၍ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုကျဆင်းလာစေရန်

တွန်းအားပေးခဲ့သည့် တိုးတက်ပြောင်းလဲမှုအရွေ့ များစွာ ရှိနေခဲ့သည်။ အမေရိကန်ရင်းမြစ်များအရ ဘိန်းစိုက်ပျိုးမှု စတင်ကျဆင်းလာစေခဲ့သည့် ပထမနှစ်သည် ရာသီဥတု ဖောက်ပြန်မှုကြောင့်သာဖြစ်ကြောင်း လေ့လာသိ ရှိခဲ့ရ သည်။ "၁၉၉၈ ခုနှစ်အလွန် ၁၉၉၉ ခုနှစ်အကူး၌ ထုတ်လုပ်မှုအလားအလာ ကျဆင်းသွားစေခဲ့သည့် အဓိကအကြောင်းရင်းသည် မိုးခေါင်ရေရှားမှုကြောင့်ဖြစ်ပြီး မြန်မာနိုင်ငံအစိုးရ၏ ဘိန်းတိုက်ဖျက်ရေးလုပ်ငန်းများဖြင့် အဆိုပါနယ်မြေ ဒေသများ၌ ဘိန်းကင်းစင်လာစေရန် ဆောင်ရွက်ခဲ့သည့် ကြိုးပမ်းအားထုတ်မှုသည်လည်း အနည်းအကျဉ်း သက်ရောက်မှုရှိစေခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။"[၃၄]

အခြားတစ်ဖက်၌ ဗမာပြည်ကွန်မြူနစ်ပါတီ ပြိုကွဲသွားခြင်းသည်လည်း ဘိန်းစိုက်ပျိုးမှု ကျဆင်းလာခြင်း၏ အရေးပါသည့် နောက်ထပ်အကြောင်းရင်းတစ်ခု ဖြစ်နေခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် သက်ကြီးရွယ်အို ဗကပခေါင်းဆောင် ဗမာတိုင်းရင်းသားများအပေါ် စိတ်ပျက်စိတ်ကုန်လာခဲ့သည့် ကိုးကန့်နှင့် 'ဝ' တပ်ဖွဲ့များသည် တပ်တွင်း အာဏာသိမ်းကာ ခေါင်းဆောင်များကို တရုတ်ပြည်သို့ နှင်ထုတ်လိုက်ကြသည်။ ထို့နောက် ၎င်းတို့သည် တိုင်းရင်းသားမျိုးနွယ်စုအလိုက်စုဖွဲ့၍ မုန်းလားဒေသအခြေစိုက် အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (NDAA)၊ ကိုးကန့်ဒေသအခြေစိုက် မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)၊ 'ဝ' ဒေသအခြေစိုက် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ဟူသည့် တပ်ဖွဲ့သစ်များကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ထိုအချိန်က အာဏာရစစ်အစိုးရသည် နိုင်ငံအတွင်း ဘိန်းအများဆုံး စိုက်ပျိုးထုတ် လုပ်လျက်ရှိသည့် နယ်မြေဒေသအများစုကို ထိန်းချုပ်ထားခဲ့ပြီး အစောပိုင်း၌ ဘိန်းမှရရှိလာသည့်ဝင်ငွေဖြင့် စစ်ဒဏ်ကြောင့် မွဲစာကြဲနေသည့် မိမိတို့၏ နယ်မြေဒေသများကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းလာခဲ့သည့် ဤအဖွဲ့များနှင့် အလျင်အမြန်ပင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များရယူခဲ့ကြသည်။[၃၅]

၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းထိုကာလများ အတွင်းတရုတ်နိုင်ငံ၌အထူးသဖြင့် ယူနန်ပြည်နယ်မှစတင် ကာအခြားပြည်နယ်များအထိ ဘိန်းဖြူသုံးစွဲသူဦးရေ တစ်ရှိန်ထိုးမြင့်တက်လာခဲ့ရာ၌ အများစုသည် ဘိန်းဖြူအကြောဆေးထိုးသွင်းအသုံးပြုကြသူများ ဖြစ်လာခဲ့သည်။ ရလဒ်အဖြစ် တရုတ်နိုင်ငံ၏ HIV/AIDS ကူးစက်ပျံ့နှံ့မှု အစောဆုံးအဆင့်သည် ယူနန်ပြည်နယ်မှပင် စတင်လာခဲ့ရာ၌ အဓိကအားဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများ၏ ဆေးထိုးအပ်မျှဝေသုံးစွဲမှုကဲ့သို့သော ဘေးအန္တရာယ်ကြီးမားသည့် သုံးစွဲမှုအလေ့အထများကြောင့် စတင်လာခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏မူးယစ်ဆေးဝါးသုံးစွဲသူများအကြား ပထမဦးဆုံး HIV/AIDS ကူးစက်မှုဖြစ်စဉ်ကို ၁၉၈၉ ခုနှစ်အတွင်း မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ရွှေလီမြို့၌ စတင်မှတ်တမ်းတင်နိုင်ခဲ့သည်။[၃၆] ရလဒ်အနေဖြင့် တရုတ်၏ဖိအားများပုံကျလာခဲ့ပြီးနောက် ၁၉၉၇ ခုနှစ်တွင် NDAA၊ ၂၀၀၃ ခုနှစ်တွင် MNDAA နှင့် ၁၉၉၈ ခုနှစ်မှစ၍ တဖြည်းဖြည်း စိုက်ပျိုးမှုကျဆင်းလာခဲ့သည့် UWSA ထိန်းချုပ်နယ်မြေ၌ ၂၀၀၅ ခုနှစ်တို့တွင် ဘိန်းစိုက်ပျိုးမှုကို အသီးသီးတားမြစ်ပိတ်ပင်ခဲ့ကြသည်။ ဘိန်းတားမြစ်ချက်သည် ၎င်းတို့၏ပြည်တွင်း၌ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ပတ်သက်၍ တစ်နေ့တစ်ခြားကြီးထွားလာနေသည့် ပြဿနာများအပေါ် တရုတ်၏စိုးရိမ်ပူပန်မှုကြောင့် စည်းကြပ်ဖော်ဆောင်ခဲ့ရခြင်းဖြစ်သော်လည်း တင်းတင်းကျပ်ကျပ်ပင်အကောင်အထည်ဖော်ခဲ့ကြသည်။

ထို့အပြင် ၁၉၉၆ ခုနှစ်တွင် ဘိန်းနှင့် ဘိန်းဖြူကုန်ကူးရာ ထိုင်းနယ်စပ်တစ်လျှောက် မဟာဇာတ်ဟုကျော်ကြားသည့်



ထိုင်းနိုင်ငံ မြောက်ပိုင်း ဘိန်းခင်းတစ်ခု၌ ပေါင်းလိုက်နေသော လားဟူအမျိုးသမီးတစ်ဦး

နယ်မြေဒေသများကို ထိန်းချုပ်ထားခဲ့သည့် MTA အပစ်အခတ်ရပ်စဲကာ လက်နက်ချအလင်းဝင်သွားခြင်းကလည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာစေခဲ့သည့် အကြောင်းရင်းတစ်ခုဖြစ်ခဲ့သည်။ ၎င်းတို့လက်နက်ချခဲ့ပြီး နောက်ပိုင်း အနည်းဆုံးအားဖြင့် ယာယီမျှ ဘိန်းဖြူကုန်သွယ်ရေးတစ်စစီဖြစ်သွားခဲ့သလို ကုန်ကူးသည့် လမ်းကြောင်းများလည်း ပြတ်တောက်သွားခဲ့သည်။ ဤအခြေအနေကြောင့် မြန်မာနိုင်ငံထွက် ဘိန်းဝယ်လိုအားများ လျော့နည်းကျဆင်းသွားခဲ့သည်။ နောက်ပိုင်း၌ တရုတ်ကိုဖြတ်၍ ဘိန်းဖြူကုန်ကူးသည့်လမ်းကြောင်းသစ်များ ထပ်မံပေါ်ပေါက်လာခဲ့သည်။[၂၇] တစ်ချိန်တည်းလိုလို၌ MTA ထွက်ခွာသွားခဲ့ပြီးနောက်ပိုင်း ထိန်းချုပ်သူမဲ့နေသည့် အခြေအနေကို UWSA ကဝင်ရောက်ထိန်းသိမ်းကာ ထိုင်းနယ်စပ်တစ်ကြော အထိုင်ချခဲ့ပြီးယခင်က MTA ၏ ထိန်းချုပ်မှုအောက်ရှိနေခဲ့ကြသည့် နယ်မြေဒေသကြီးတစ်ခုလုံးကို ထိန်းချုပ်လိုက်တော့သည်။ ၁၉၉၀ ပြည့်လွန်နှစ်နှောင်းပိုင်းအရောက်တွင် UWSA သည် ဘိန်းစိုက်ပျိုးမှုကို တစ်ဆင့်ချင်းစီ လျှော့ချသွားရန် အစီအစဉ်ရေးဆွဲခဲ့ပြီး တစ်ပြိုင်တည်းလိုလိုမှာပင် ၎င်းတို့၏ စီးပွားရေးအကျိုးစီးပွားအတွက် မက်အမ်ဖီတမင်း စိတ်ကြွဆေးထုတ်လုပ်မှုဆီသို့ ခြေလှမ်းရွှေ့ရန်ပြင်ဆင်နေခဲ့သည်။

၁၉၉၀ ပြည့်လွန်နှစ်များအတွင်း အာရှဒေသတစ်လွှားမက်အမ်ဖီတမင်းစိတ်ကြွဆေး အသုံးပြုမှု တစ်ရှိန်ထိုးတွင်ကျယ်လာခဲ့ခြင်းကလည်း ရွှေတြိဂံဒေသ ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုကို ကျဆင်းသွားစေခဲ့သည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်ခဲ့သည်။ မက်အမ်ဖီတမင်းစီးပွားရေး အရှိန်ရလာသည်နှင့်အမျှမြန်မာနိုင်ငံသည် ATS ထုတ်လုပ်မှုအများဆုံးနိုင်ငံတစ်ခု ဖြစ်လာခဲ့ပြီး ယခင်ကဘိန်းဖြူ ထုတ်လုပ်ဖြန့်ဖြူးခဲ့ကြသည့် အင်အားစု အများအပြားသည် အိမ်နီးချင်းနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများကို စည်းရုံးဆွဲခေါ်ခဲ့သဖြင့် စီးပွားရေးနယ်ပယ်သစ်ဆီသို့ တဖွဲဖွဲရောက်ရှိလာကြတော့သည်။ ခွန်ဆာ၏ MTA သည် ၁၉၉၀ ပြည့်လွန်နှစ်များ၌ မြန်မာနိုင်ငံအတွင်း ATS ထုတ်လုပ်မှုကို ပထမဦးဆုံးစတင်ခဲ့ခြင်းဖြစ်သည်။ ဤအရွေ့ကို အဓိကကြိုးကိုင်ခြယ်လှယ်ခဲ့သူသည် နောက်ပိုင်း၌ ခွန်ဆာနှင့် လက်တွဲဖြုတ်၍ USWA နှင့် ပူးပေါင်းသွားခဲ့သည့် တရုတ်လူမျိုး စီးပွားရေးသမားတစ်ဦးဖြစ်သူ ဝေရှောက်ကန်းပင်ဖြစ်သည်။ ၎င်းသည် နောက်ပိုင်း၌ ထိုင်းနိုင်ငံနယ်စပ်ရှိ USWA ၏ တောင်ပိုင်းစစ်ဌာနချုပ်ကို ကွပ်ကဲရသူတစ်ဦးဖြစ်လာခဲ့ပြီး အကြီးစား ATS ထုတ်လုပ်ရေးစခန်းများကို စတင်တည်ဆောက်ခဲ့သည်။ ရှမ်းပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်း အများအပြားသည်လည်း ၎င်း၏ခြေရာကိုနင်း၍ မက်မောဖွယ်ကောင်းလောက်အောင် အကျိုးအမြတ်များပြားသည့် စီးပွားရေးနယ်ပယ်သစ်ဆီသို့ တဖွဲဖွဲရောက်ရှိလာခဲ့ကြသည်။ ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် ATS စီးပွားရေးသည် ပမာဏအားဖြင့်သော်လည်းကောင်း အကျိုးအမြတ်အားဖြင့်သော်လည်းကောင်း ဘိန်းဖြူဈေးကွက်ကို နောက်ကောက်ချနိုင်ခဲ့သည်။[၂၈]

မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှု ကျဆင်းလာခဲ့သည့် နောက်ထပ်အဓိကအကြောင်းရင်းတစ်ခုသည် ကမ္ဘာ့ဘိန်းဖြူဈေးကွက်တွင်း အပြောင်းအလဲများနှင့် ဆက်စပ်နေခဲ့သည်။ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ဥရောပနှင့် အမေရိကန် မူးယစ်ဆေးဝါးဈေးကွက်များကို မြန်မာပြည်ထွက်ဘိန်းဖြူများကသာ အများဆုံးစိုးမိုးထားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ၁၉၉၀ ပြည့်လွန်နှစ်များ၌ ဤအခင်းအကျင်းကို ပြောင်းလဲသွားစေမည့် အရွေ့များ ပေါ်ပေါက်လာခဲ့သည်။ ပထမအချက်အနေဖြင့် ကမ္ဘာ့နေရာဒေသအချို့ရှိ နယ်မြေများ၌ ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုများ မြင့်တက်လာခဲ့ပြီး မြန်မာပြည်ထွက် ဘိန်းဖြူများနှင့် အပြိုင်အဆိုင်ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က ကိုလံဘီယာထွက် အဖြူရောင်ဘိန်းဖြူမှုန့်နှင့် မက္ကဆီကိုထွက် အမည်းရောင်ဘိန်းစေးနှင့် အညိုရောင်ဘိန်းဖြူမှုန့်များအပါအဝင် အမေရိကန်၏ ဘိန်းဖြူဝယ်လိုအားအတွက် လက်တင်အမေရိကဒေသသည် ပင်မရင်းမြစ်တစ်ခုဖြစ်လာခဲ့သည်။[၂၉]

တစ်ချိန်တည်းလိုလို၌ ကမ္ဘာ့နိုင်ငံအချို့တွင်လည်း ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုများ တိုးပွားလာခဲ့သည်။ ဘိန်းအဓိကအများဆုံးထွက်သည့် ဇစ်မြစ်သစ်သည် ဘိန်းစိုက်ပျိုးမှု တစ်ရှိန်ထိုးမြင့်တက်လာခဲ့သည့် အာဖဂန်နစ္စတန်ဖြစ်လာခဲ့သည်။ UNODC ၏ ထုတ်ပြန်ချက်အရ ရာသီဥတုနှင့် ရေမြေအနေအထားကိုက်ညီမှုကြောင့် သီးထွက် အလွန်ကောင်းမွန်လာခဲ့ပြီးနောက် ၁၉၉၄ ခုနှစ်အရောက်တွင် အာဖဂန်နစ္စတန်သည် ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံ၏ ဘိန်းအထွက်ကို ကျော်လွန်သွားခဲ့ကြောင်းလေ့လာသိရှိခဲ့ရသည်။[၃၀] မြန်မာနိုင်ငံ၏ကမ္ဘာ့ဘိန်းအများဆုံး စိုက်ပျိုးထုတ်လုပ်သူနေရာကို အာဖဂန်နစ္စတန်ကရယူသွားခဲ့ပြီး မကြာမီမှာပင် ဥရောပမူးယစ်ဆေးဝါးဈေးကွက်တစ်ခုလုံးကို အာဖဂန်နစ္စတန်ထွက် ဘိန်းဖြူများစိုးမိုးသွားတော့သည်။[၃၁]

နောက်ဆုံးအနေဖြင့် ၁၉၈၀ ပြည့်လွန်နှစ်အဆုံး ပိုင်း၌ အစီရင်ခံတင်ပြခဲ့ကြသည့် မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍မြင့်မားလွန်းနေခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအပေါ် သံသယပွားစရာများဖြစ်လာခဲ့ပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အမှန်တကယ် လျော့နည်း ကျဆင်းသွားခြင်းရှိမရှိ စတင်မေးခွန်းထုတ်လာခဲ့ကြသည်။ ဘိန်းစိုက်ပျိုးမှု မြင့်တက်လာသည်ဟု ယုံကြည်ရလောက်သည့် အထောက်အထားအချို့ ပေါ်ထွက်လာသည့် အခင်းအကျင်းများ ပေါ်ပေါက်လာခဲ့သည်။ သို့သော်လည်းအချို့သောဒေသတွင်း လေ့လာစောင့်ကြည့်သူများကဘိန်းစိုက်ပျိုးထုတ်လုပ်မှု အလွန်မြင့်မားနေကြောင်းပြဆိုထားသည့် ကိန်းဂဏန်းအချက်အလက်များ အထူးသဖြင့် အမေရိကန်တို့၏ ထုတ်ပြန်ချက်များသည် အခြားနိုင်ငံရေးအကျိုးစီးပွားများအတွက် တမင်ချဲ့ကားပြောဆိုထားခြင်းသာဖြစ်လိမ့်မည်ဟု ဝေဖန်ပြောဆိုသွားခဲ့ကြသည်။[၅၂]

အချို့ကလည်း အချက်အလက်ကောက်ယူရန်နှင့် ဆန်းစစ်သုံးသပ်ရန် ခက်ခဲသည်ဟူသည့် အမြင်ရှုထောင့်မှနေ၍ အမှန်တကယ်မည်မျှကျဆင်းလာခဲ့ကြောင်း အတိအကျပြောဆိုနိုင်ရန် ခဲယဉ်းသည်ဟု ထောက်ပြခဲ့ကြသည်။[၅၃] နှစ်အလိုက် ဘိန်းစိုက်ပျိုးမှုအတိုင်းအတာကို ဒိုင်ခံစစ်တမ်းကောက်ယူလျက်ရှိသည့် အဓိကအဖွဲ့အစည်းတစ်ခုဖြစ်သည့် UNODC၏စစ်တမ်းကောက်ယူမှုနည်းစနစ်နှင့်တိကျသေချာမှုသည်လည်း အမြဲတမ်းလိုလို ဆွေးနွေးငြင်းခုံစရာဖြစ်နေခဲ့သည် (“ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုကိုလေ့လာတိုင်းတာခြင်း” ဟူသည့် စာကွက် (၁) ကို ကြည့်ရှုပါ)။[၅၄]

## ဘိန်းစိုက်ပျိုးမှု တစ်ကျော့ပြန်မြင့်တက်လာခဲ့ခြင်း (၂၀၀၆–၂၀၁၄)

အထက်တွင်ဖော်ပြခဲ့သည့်ဘိန်းစိုက်ပျိုးမှုတစ်ရှိန်ထိုးကျဆင်းလာခြင်းနှင့်အတူ အလွန်အရေးပါသည့် ကိစ္စရပ်များလည်း ပေါ်ပေါက်လာခဲ့သည်။ ပထမအချက်အနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲသည့် အခင်းအကျင်းများအပေါ် များစွာရိုက်ခတ်သွားခဲ့ကြောင်း TNI ၏ သုတေသနပြုချက်အရလေ့လာတွေ့ရှိခဲ့သည်။ မူးယစ်ဆေးဝါး ဈေးကွက်အတွင်း ဘိန်းမည်းဝင်ရောက်မှု နည်းပါးလာခဲ့ပြီး ဈေးနှုန်းကြီးမြင့်လာခဲ့သလို ဘိန်းဖြူလက်လှမ်းမီ နိုင်မှုကျဆင်းလာခြင်းနှင့်



ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်အတွင်းရှိ ဘိန်းစိုက်ခင်းတစ်ခု

အတူဘိန်းဖြူဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး အရည်အသွေး ပိုင်းအရလည်း များစွာကျဆင်းသွားခဲ့သည်။ ရလဒ်အနေဖြင့်ဘိန်းမည်းရှူရာမှ ပို၍ငွေကုန်ကြေးကျနည်း၍ ထိရောက်သော်လည်း ပို၍အန္တရာယ်ကြီးသည့် ဘိန်းဖြူရှူရှိုက်ခြင်းနှင့်အကြောထဲထိုးသွင်းသည့် သုံးစွဲမှုပုံစံသို့ ပြောင်းလဲသွားတော့သည်။ မြန်မာနိုင်ငံ၌ ဘိန်းဖြူအကြောထဲ ထိုးသွင်းအသုံးပြုသူဦးရေ အလွန်မြင့်မား၍ ၎င်းတို့အများအပြားသည် အန္တရာယ်ကြီးသည့် သုံးစွဲမှုပုံစံနှင့် ဆေးထိုးအပ်မျှဝေသုံးစွဲသည့် အလေ့အထကြောင့် အသည်းရောင်အသားဝါ စီပိုးနှင့် HIV/AIDSပိုးကူးစက်ခံခဲ့ကြရသည်။ယင်းတို့အနက် အချို့သောသူများက မက်အမ်ဖီတမင်းကို ပြောင်းလဲအသုံးပြုခဲ့ကြပြီး အချို့သည် တရားဝင်ဆေးဝါး ထုတ်ကုန်များ (အဓိကအားဖြင့် ဘိန်းအခြေခံဆေးဝါးများနှင့် ဘန်ဇိုဒိုင်ယာဇီပင်) ကို စမ်းသပ်ရောစပ်၍ စတင်အသုံးပြုလာကြသည်။

TNI ၏ ၂၀၀၉ ခုနှစ် လေ့လာဆန်းစစ်ချက်အရ ဒေသတွင်း၌ "ဖိနှိပ်မှုပြင်းထန်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများနှင့် မူးယစ်ဆေးဝါး သုံးစွဲသူများအပေါ် ပြစ်မှုကြောင်းအရ ပြစ်ဒဏ်ပေးအရေးယူမှုတို့၏ ရလဒ်အဖြစ် ပိုမိုအာနိသင်ပြင်းထန်သည့် မူးယစ်ဆေးဝါးများသုံးစွဲမှုနှင့် ပိုမိုအန္တရာယ်ကြီးသည့် သုံးစွဲမှုအလေ့အထများ ပျံ့နှံ့လာသည့်အခင်းအကျင်းများပေါ်ထွက်လာခဲ့ကြောင်း" လေ့လာတွေ့ရှိခဲ့သည်။[၄၅] ထို့အပြင် မိမိတို့၏ ဝမ်းစာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် ဘိန်းစိုက်ပျိုးမှုကို မှီခိုအားထားနေကြရသည့် နယ်ခံလူထုလူတန်းစားများအပေါ် ရိုက်ခတ်လာမည့် အကျိုးသက်ရောက်မှုများက များစွာစိုးရိမ်ဖွယ်ရာကောင်းလာခဲ့သည်။ ၎င်းတို့အနေဖြင့် အခြားရွေးချယ်စရာ မရှိခဲ့ကြသလို မည်သည့်အထောက်အပံ့ကိုမျှလည်းလောက်လောက်လားလား မရရှိခဲ့ကြပေ။ သို့ဖြစ်၍ ရေရှည်၌ ဘိန်းစိုက်ပျိုးမှု စဉ်ဆက်မပြတ် ကျဆင်းလာအောင် စွမ်းဆောင်နိုင်ပါမည်လောဟု မေးခွန်းမေးစရာရှိလာခဲ့သည်။[၄၆]

ရလဒ်အနေဖြင့် ၂၀၀၆ ခုနှစ်မှစ၍ ဘိန်းစိုက်ပျိုးမှု စတင်မြင့်တက်လာခဲ့ပြန်သည်။ မုန်းလား၊ 'ဝ' နှင့် ကိုးကန့် ဒေသများ၌ ဘိန်းစိုက်ပျိုးမှုကို တင်းတင်းကျပ်ကျပ် ပိတ်ပင်တားမြစ်ထားသဖြင့် ဘိန်းစိုက်ပျိုးမှုသည် နိုင်ငံတွင်းရှိ အခြားဒေသများ အထူးသဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း ဒေသများသို့အလုံးအရင်းဖြင့်ရွှေ့ပြောင်းသွားခဲ့ကြပြီးဘိန်းကုန်သွယ်ရေး၏ ဗဟိုချက်မဖြစ်လာခဲ့သည်။ ဘိန်းစိုက်ပျိုးမှု ပြန်လည်မြင့်တက်လာစေရန် တွန်းပို့ပေးခဲ့သည့်အကြောင်းရင်းများစွာ ရှိနေခဲ့သည်။

ပထမအချက်အနေဖြင့် ဘိန်းစိုက်ပျိုးမှု ကျဆင်းသွားခြင်းနှင့်အတူ မြန်မာနိုင်ငံအတွင်း ဘိန်းဈေးများ မြောက်တက်လာခဲ့ခြင်းက ပြန်လည်စိုက်ပျိုးကြရန် လှုံ့ဆော်ပေးသလိုဖြစ်သွားခဲ့သည်။ မြန်မာနိုင်ငံအတွင်းရှိ တောင်သူအများအပြားသည် နဂိုကတည်းက ဆင်းရဲနေရသည့်အထဲ လက်နက်ကိုင်ပဋိပက္ခဒဏ်ကိုပါ ခါးစည်းခံနေကြရသဖြင့် ဘိန်းသည်သာလျှင် ၎င်းတို့၏ရှင်သန်မှုအတွက် အဓိကအားကိုးရာဖြစ်လာခဲ့သည်။ စိုက်ပျိုးမှုပြန်လည် မြင့်တက်လာစေသည့် အကြောင်းရင်းများ၌ အခြားဝင်ငွေရသီးနှံဈေးနှုန်းများ ကျဆင်းလာခြင်းအပါအဝင် အခြေခံစားကုန်သောက်ကုန်ဈေးနှုန်းများ ကြီးမြင့်လာခြင်းနှင့် ကျပ်ငွေကြေးတန်ဖိုးကျဆင်းလာခြင်းတို့သည်လည်း ပါဝင်နေခဲ့သည်။ အဆိုပါ ဖြစ်ပေါ်ပြောင်းလဲမှုပေါင်းများစွာသည် ၂၀၀၇–၂၀၀၈ ခုနှစ် ကမ္ဘာ့ငွေကြေးကပ်ဆိုက်မှုကြောင့် ပိုမိုဆိုးရွားလာခဲ့သည်။

> "ကမ္ဘာ့ငွေကြေးကပ်ဆိုက်မှု၏ ရလဒ်တစ်ခုအဖြစ် ဘိန်းစိုက်တောင်သူဟောင်းများ တောတွင်းမှထုတ်ယူသည့် သို့မဟုတ် ကောက်ယူသည့် တောထွက်ပစ္စည်းများ၏ ကုန်စည်ဝယ်လိုအားနှင့် ဈေးကွက်ပေါက်ဈေး သိသိသာသာကျဆင်းသွားခဲ့သည်။ တစ်ချိန်တည်းလိုလို၌ အခြေခံအိမ်သုံးပစ္စည်းများ၏ ဈေးနှုန်းတန်ဖိုးများကြီးမြင့်လာခဲ့ပြန်သည်။ စိုက်ပျိုးထုတ်လုပ်မှု နည်းပါးလာခြင်းကြောင့် ဈေးကွက်တွင်း ဘိန်းမည်းပေါက်ဈေး ရုတ်တရက် ခုန်တက်သွားတော့သည်။ ဤမောင်းနှင်အားတစ်ခုချင်းစီသည် ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ထုတ်လုပ်မှုကျဆင်းလာစေရန် အားထုတ်ခဲ့ကြသည့် ကြိုးပမ်းမှုများကို သဲထဲရေသွန်ဖြစ်သွားစေခဲ့ပြီး ဘိန်းစတင်စိုက်ပျိုးရန် သို့မဟုတ် ပြန်လည်စိုက်ပျိုးဖြစ်စေရန် တောင်သူများအတွက် မက်လုံးသစ်များဖြစ်လာခဲ့သည်။"[၄၇]

ထို့အပြင် ဒေသအလိုက် ရေခံမြေခံအခင်းအကျင်းများကလည်း အနည်းနှင့်အများဆိုသလို ပါဝင်မီးထိုးပေးခဲ့ကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းဒေသ၌ သနပ်ဖက်ဈေးနှုန်းများ ထိုးကျသွားခဲ့သလို ရှမ်း–ကယား နယ်စပ်ဒေသမိုးခေါင်ရေရှားမှုများ ဖြစ်ပွားလာပြီးနောက် ခုသာခံသာရှိစေမည့် အခြားရွေးချယ်စရာ မယ်မယ်ရရမရှိတော့



ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းဒေသ၌တွေ့ရှိရသည့် ပအိုဝ်းတောင်သူအမျိုးသမီးတစ်ဦး

သည့်အဆုံး ဘိန်းစိုက်ပျိုးမှုကို ပို၍မှီခိုအားထားရစေရန် အကြောင်းဖန်လာခဲ့တော့သည်။

ဘိန်းစိုက်ပျိုးမှု မြင့်တက်လာစေခဲ့သည့် နောက်ထပ် အဓိကအကြောင်းရင်းတစ်ခုမှာ ဘိန်းစိုက်တောင်သူများ အတွက် ဝမ်းရေးဖူလုံမှုမရှိခြင်းနှင့် အခြားရွေးချယ်စရာ ဝင်ငွေရရင်းမြစ်များ ကင်းမဲ့နေခြင်းဖြစ်သည်။ အလားတူပင် ဘိန်းစိုက်ပျိုးလျက်ရှိသည့် ရပ်ရွာဒေသများအတွက် ပြည်တွင်းနှင့် နိုင်ငံတကာအထောက်အပံ့များ ရှားပါးလွန်းနေခဲ့ပြီး အသေးစားစီမံကိန်းများ သို့မဟုတ် အရေးပေါ်အကူအညီမျှသာ မစို့မပို့ရရှိခဲ့ကြသည်။ ထိုမျှလောက်သော အကူအညီများက ဤရပ်ရွာအသိုက်အဝန်းများ ရင်ဆိုင်ကြုံတွေ့နေကြရသည့် အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ရန်များစွာ အလှမ်းဝေးနေခဲ့သည် (အောက်တွင်ဖော်ပြထားသည့် "မြန်မာနိုင်ငံ၏ အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေး" အခန်း၌ ဆက်လက်ဖတ်ရှုပါ)။ လေ့လာဆန်းစစ်ချက်တစ်ခုအတွင်း ဤသို့သုံးသပ်တင်ပြထားခဲ့သည်။

"ဒေသတစ်လွှား ဘိန်းစိုက်ပျိုးမှု ကျဆင်းလာစေရန် ဒေသန္တရအာဏာပိုင်များ၏ မူဝါဒရေးရာ အရေးယူဆောင်ရွက်ချက်များကလည်း တစ်စိတ်တစ်ပိုင်း ပါဝင်အားဖြည့်ခဲ့သည် မှန်သော်လည်း ဒေသတစ်လွှားရှိ တောင်သူများကို ဘိန်းစိုက်ပျိုးဖြစ်စေရန် တွန်းပို့ပေးခဲ့သည့်ဆင်းရဲနွမ်းပါးမှုကိုအဆိုပါစီမံချက်များကကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်းအလျဉ်းမရှိခဲ့ပေ။ တောင်သူများအား ရေရှည်၌ အခြားနည်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလာနိုင်အောင် ပံ့ပိုးကူညီပေးရန်ရည်ရွယ်သည့်လက်ရှိအရေးယူဆောင်ရွက်ချက်များသည်လည်း ပြည့်စုံလုံလောက်မှု မရှိခဲ့ကြပေ။ အဆိုပါစီမံချက်များသည် လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းများပေါ်ပေါက်လာစေခြင်း မရှိအောင် တားဆီးကာကွယ်ရန် မရှိမဖြစ်လိုအပ်နေသည့် ယာယီအရေးပေါ်အကူအညီသဘောမျှသာ ဖြစ်နေခဲ့သဖြင့် ဘိန်းစိုက်တောင်သူဟောင်းများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အခွန့်ရှည်တည်တံ့စေမည့် အရေးယူဆောင်ရွက်ချက်များကိုတိုးချဲ့ဖော်ဆောင်ပေးရန် အရေးတကြီးလိုအပ်လျက်ရှိသည်။"[၄၈]

မြန်မာနိုင်ငံအတွင်း ဆက်လက်ဖြစ်ပွားလျက်ရှိသည့်လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကဘိန်းစိုက်ပျိုးဖြစ်စေရန် ဆက်လက်တွန်းပို့နေကြဆဲဖြစ်သည်။ ချုပ်၍ဆိုရသော် ကမ္ဘာ့မူးယစ်ဆေးဝါးဈေးကွက်ရှိ မြန်မာ့ဘိန်းဖြူဝယ်လိုအားနှင့် ဘိန်းစိုက်ပျိုးရေးနှင့် ဘိန်းဖြူထုတ်လုပ်ရေးလုပ်ငန်းများ၌ ပြင်ပမှ လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၏ အခန်းကဏ္ဍသည်လည်း များစွာအရေးပါလျက်ရှိသည်။

## ဘိန်း၊ လက်နက်ကိုင်ပဋိပက္ခနှင့် “လက်ညှိုးထိုးခေါင်းပုံချမှု”

မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါး ကုန်သွယ်မှုအတွင်း ပဋိပက္ခဇာတ်ကောင်အမျိုးမျိုး ပါဝင်ပတ်သက်လျက်ရှိသည်ဟူသည့် စွပ်စွဲပြောဆိုမှုများ အမြဲလိုလိုပေါ်ထွက်လာလေ့ရှိသည်။ အများအားဖြင့် အဆိုပါစွပ်စွဲပြောဆိုမှုများ သည် လက်တွေ့ကျသည့်အထောက်အထားများထက်ပြည်တွင်းနှင့်နိုင်ငံတကာဇာတ်ကောင်များအကြား၎င်းတို့၏အတိုက်အခံနိုင်ငံရေး အင်အားစုများကို လက်ညှိုးထိုးအပုပ်ချသည့် သို့မဟုတ် မြန်မာတစ်နိုင်ငံလုံး၏ မူးယစ်ဆေးဝါးပြဿနာများကိုအဖွဲ့အစည်းတစ်ခုတည်းကိုတရားခံရှာ၍ခေါင်းပုံချလေ့ရှိသည့် နိုင်ငံရေးအကျိုးစီးပွား လိုလားချက်များအပေါ် အခြေခံနေလေ့ရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ၁၉၈၀ ပြည့်လွန်နှစ်များ၌ ခွန်ဆာအား “ဘိန်းဘုရင်” ဟူသည့် ဘွဲ့တံဆိပ်ပေးခဲ့ကြသော်လည်း ၁၉၉၆ ခုနှစ်၌ ၎င်းလက်နက်ချအလင်းဝင်သွားသည့်အခါ ဘိန်းမည်းနှင့် ဘိန်းဖြူဈေးကွက်များသည် ယာယီမျှသာ ကသောင်းကနင်းဖြစ်သွားခဲ့သည် (အထက်တွင်ဖော်ပြခဲ့သည့် “ဆယ်စုနှစ်တစ်ခုစာမျှ ဘိန်းစိုက်ပျိုးမှုကျဆင်းသွားခြင်း’ ဟူသည့် အခန်းကိုကြည့်ပါ)။ ၁၉၉၀ ပြည့်လွန်နှစ်များ၌ UWSA ကို “မူးယစ်တပ်ဖွဲ့” ဟု ရည်ညွှန်းပြောဆိုခဲ့ကြပြီး အမေရိကန်တရားရေးဦးစီးဌာနက ‘ဝ’ ခေါင်းဆောင်များကို ဆုငွေကြေညာ၍ ဝရမ်းထုတ်ခဲ့ကြသည်။[၆၉] နောက်ပိုင်း၌ အမေရိကန်သည် ‘ဝ’ နှင့် ကိုးကန့်ဒေသတစ်လွှား UNODC နှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများအကောင်အထည်ဖော်လျက်ရှိသည့်ဘိန်းအစားထိုးဖွံ့ဖြိုးရေး(AD)စီမံကိန်းအတွက်၎င်းတို့ပံ့ပိုးကူညီပေးလျက်ရှိသည့် အထောက်အပံ့များကိုပါ ဆိုင်းငံ့လိုက်တော့သည် (အောက်တွင်ဖော်ပြထားသည့် “မြန်မာနိုင်ငံ၏ ဘိန်းအစားထိုး ဖွံ့ဖြိုးရေး” အခန်း၌ ဆက်လက်ဖတ်ရှုပါ)။

မကြာသေးမီကပင် UNODC သည် ၎င်းတို့၏ “၂၀၁၈ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုအစီရင်ခံစာ” အတွင်း၌ ရေရာသေချာမှုမရှိဘဲ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအများအပြားကို အတိအကျနာမည်တပ်၍ အဆိုပါအဖွဲ့အစည်းများ “ထိန်းချုပ်ထားသည့် သို့မဟုတ် ဩဇာလွှမ်းမိုးထားသည့် နယ်မြေဒေသများ၌ ဘိန်းစိုက်ပျိုးမှု အများဆုံးဖြစ်နေသည်” ဟု မှားယွင်းဖော်ပြသွားခဲ့သည်။[၇၀] UNODC အစီရင်ခံစာအတွင်း အရေးပါသည့် သတင်းအချက်အလက်အချို့ကို ထိန်ချန်ထားခဲ့ခြင်းကလည်း မြေပြင်ပကတိ အခြေအနေများနှင့် ပို၍ ကွဲလွဲဆန့်ကျင်သွားစေခဲ့သည်။[၇၁] ကချင်လွတ်လပ်ရေးအဖွဲ့အစည်း (KIO) သည် UNODC ထံသို့လိပ်မူ၍ “UNODC ကိုယ်တိုင်ထုတ်ထားသည့် မြေပုံသည်ပင်လျှင် အဆိုပါစွပ်စွဲပြောဆိုချက်နှင့် ဆန့်ကျင်ကွဲလွဲလျက်ရှိသည်” ဟု ထောက်ပြပြောဆိုကာ ၎င်းတို့၏ပြောဆိုချက်ကို ဆန့်ကျင်ကန့်ကွက်ကြောင်း အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့ခဲ့သည်။[၇၂] ထို့အပြင် KIO သည် ၂၀၁၈–၂၀၁၉ ခုနှစ် စိုက်ပျိုးရာသီအတွင်း ကချင်ပြည်နယ်၌ စိုက်ပျိုးထားခဲ့သည့် ဘိန်းခင်းပမာဏသည် UNODC ၏ အစီရင်ခံစာပါ ဖော်ပြချက်ထက် နှစ်ဆနီးပါးများပြားနေခဲ့သလို အဆိုပါ “ဘိန်းခင်းများအားလုံးသည် တပ်မတော်နှင့် ၎င်းတို့၏ လက်အောက်ခံမဟာမိတ်များဖြစ်ကြသည့် နယ်ခြားစောင့်တပ်ဖွဲ့များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များ ထိန်းချုပ်ရာနယ်မြေဒေသများ၌ စိုက်ပျိုးထားခြင်းဖြစ်ကြောင်း” လေ့လာတွေ့ရှိထားသည့် ကိုယ်ပိုင်ဘိန်းစစ်တမ်းတစ်ခုကိုပါ အကောင်အထည်ဖော်၍ သက်သေပြသွားခဲ့သည်။[၇၃]

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) သည်လည်း UNODC ထံသို့ ကန့်ကွက်စာပေးပို့ခဲ့ပြီး RCSS ပြောရေးဆိုခွင့်ရှိသူများက ကုလသမဂ္ဂအဖွဲ့အစည်းနှင့် ၎င်းတို့အကြား ယုံကြည်မှုပျက်စီးသွားခဲ့ပြီဟု TNI ကို ပြောဆိုသွားခဲ့ခြင်းက UNODC ၏ ရှမ်းပြည်နယ်တောင်ပိုင်းဒေသလွိုင်လင်မြို့နယ်အတွင်းရှိ RCSS ထိန်းချုပ်နယ်မြေအတွင်း အကောင်အထည်ဖော်လျက်ရှိသည့် ဘိန်းအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းအပေါ် ဆိုးကျိုးရိုက်ခတ်မှုများ ရှိလာစေနိုင်သည်။[၇၄] RCSS အနေဖြင့် ၎င်းတို့၏ ထိန်းချုပ်နယ်မြေအတွင်း ဘိန်းစိုက်ပျိုးမှုရှိနေသည့် ကိစ္စရပ်အပေါ် ငြင်းဆန်မှုမပြုခဲ့သော်လည်း တပ်မတော်နှင့် ၎င်းတို့၏လက်အောက်ခံပြည်သူ့စစ်တပ်ဖွဲ့များ၏ အခန်းကဏ္ဍကို UNODC ဖက်က ထည့်သွင်းဖော်ပြရန် ပျက်ကွက်ခဲ့ခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေ

## စာကွက် (၁) ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုကို တိုင်းတာတွက်ချက်ခြင်း

ဘိန်းစိုက်ပျိုးမှု (ဟက်တာဖြင့်တိုင်းတာသည့်) နှင့် ဘိန်းထုတ်လုပ်မှု (မက်ထရစ်တန်ဖြင့် တိုင်းတာသည့်) ဆိုင်ရာကိန်းဂဏန်း အချက်အလက်များအားလုံးကို သတိထား၍ ကိုင်တွယ်နေရာချသင့်သည်။ အမေရိကန်နိုင်ငံမှ (၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ) ကောက်ယူခဲ့သည့် စစ်တမ်းများ၊ မြန်မာအစိုးရနှင့်ပူးပေါင်း၍ (၂၀၀၀ ခုနှစ်မှ လက်ရှိအချိန်ထိ) UNODC ကောက်ယူခဲ့သည့်စစ်တမ်းများနှင့် (၂၀၀၀ ခုနှစ်မှ လက်ရှိအချိန်ထိ) တရုတ်အစိုးရကောက်ယူခဲ့သည့် စစ်တမ်းများဟူ၍ မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံကောက်ယူသည့် အမျိုးသားအဆင့် ဘိန်းစစ်တမ်းသုံးခုရှိနေသည်။ အမေရိကန်နှင့် ကုလသမဂ္ဂအချက်အလက်များကို အများပြည်သူသိရှိနိုင်စေရန် ထုတ်ပြန်ပေးထားသော်လည်း တရုတ်အစိုးရ၏ စစ်တမ်းရလဒ်များကိုမူ မြန်မာအစိုးရကိုသာ မျှဝေပေးလျက်ရှိသည်။

UNODC ခန့်မှန်းတွက်ချက်ထားသည့် ဘိန်းစိုက်ပျိုးမှုပမာဏသည် ဂြိုလ်တုမှတစ်ဆင့် ဖမ်းယူရရှိသည့် ပုံရိပ်များကိုအဓိကသတင်းရင်းမြစ်အဖြစ်အဓိပ္ပာယ်ကောက်ယူကာစုစည်းပြင်ဆင်ထားခြင်းဖြစ်သည်။ထို့အပြင် အချက်အလက်များနှင့် မြေပြင်အခြေအနေများ ကိုက်ညီမှုရှိမရှိ နှိုင်းယှဉ်ကြည့်ရှုနိုင်စေရန် သတ်မှတ်နယ်မြေဒေသများ၌ မြေပြင်ကွင်းဆင်းစစ်တမ်းကောက်ယူမှုများကိုပါ ပြုလုပ်လေ့ရှိသည်။

သို့သော်လည်း ယုံကြည်အားထားရလောက်သည့် သတင်းအချက်အလက်များကို ကောက်ယူရာ၌ စိန်ခေါ်မှုအများအပြား ကြုံတွေ့ရလျက်ရှိသည်။ ဘိန်းစိုက်ပျိုးသည့် နယ်မြေဒေသများသည် ဝေးလံခေါင်ဖျား၍ ကျယ်ပြန့်လှသလို တစ်နေရာနှင့်တစ်နေရာ စိုက်ပျိုးသည့်ရာသီချင်းလည်း ကွာခြားလျက်ရှိသည်။ အချို့သောနေရာဒေသများ၌ တစ်သီးမကစိုက်ပျိုးလျက်ရှိသည်။ ဘိန်းခင်းလာရောက်အဖျက်ခံရလေ့ရှိသည့် နယ်မြေဒေသများရှိတောင်သူများသည် ထောက်လှမ်းရပိုမိုခက်ခဲစေရန် ပိုမိုဝေးလံခေါင်ဖျားသည့် အရပ်ဒေသများ၌ အရွယ်အစားအားဖြင့် ပို၍သေးငယ်သည့် စိုက်ခင်းများကို တစ်နေရာနည်းနည်းစီဖြန့်ကျက် စိုက်ပျိုးတတ်ကြသည်။ မြေပြင်ကွင်းဆင်း၍ အချက်အလက်ကောက်ယူသွားမည့် နယ်မြေဒေသများကို အလျဉ်းသင့်သလို ရွေးချယ်သတ်မှတ်ခဲ့သည်ဟုဆိုသော်ငြားလည်း လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့် အချို့သောနယ်မြေဒေသများကို လက်လှမ်းမီနိုင်ရန် ခဲယဉ်းလှသည်။

၂၀၂၀ ခုနှစ်အတွင်း ကောက်ယူခဲ့သည့် နမူနာများအတွင်း ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် ဆဒ့်ဒေသနှင့် ကချင်ပြည်နယ် တနိုင်းဧရိယာ၏ နယ်မြေဒေသအများအပြားကို လွှမ်းခြုံမှုရှိသည့် နယ်မြေဒေသများကို လွှမ်းခြုံထားသည့် ဂြိုလ်တုပုံရိပ်များ အများအပြားပါဝင်ခဲ့သည်။ ကယားနှင့် ချင်းပြည်နယ်များ၌ ဘိန်းစစ်တမ်းများကို ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များ၌ ကောက်ယူခဲ့ခြင်းဖြစ်ပြီး အများအားဖြင့် ဂြိုလ်တုပုံရိပ်များကိုအသုံးပြုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်များ၏ တစ်နိုင်ငံလုံးအတိုင်းအတာ စိုက်ပျိုးမှုအတိုင်းအတာကို ခန့်မှန်းတွက်ချက်ရာ၌ ၂၀၁၈ ခုနှစ်၌ နောက်ဆုံးကောက်ယူခဲ့သည့် ကိန်းဂဏန်းအချက်အလက်များကိုသာ မှီငြမ်းအသုံးပြုခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်အတွင်း မည်သည့်စစ်တမ်းကိုမျှ ကောက် ယူခဲ့ခြင်းမရှိပေ။[၅၀] ဘိန်းစစ်တမ်းကောက်ယူမည့်အစား UNODC သည် ဘိန်းစိုက်တောင်သူများ၏ အခြေအနေကို လေ့လာစူးစမ်းရန်အတွက် လူမှုစီးပွားရေးအခြေပြုစစ်တမ်းကိုသာ ကောက်ယူခဲ့သည်။[၅၁]

ဘိန်းထုတ်လုပ်မှု အတိုင်းအတာကို ခန့်မှန်းတွက်ချက်ရာ၌ ရွေးချယ်သတ်မှတ်ထားသည့် ဒေသအချို့၏ ဘိန်းအထွက်နှုန်းစစ်တမ်းများကိုသာ အခြေခံခဲ့ခြင်းဖြစ်သည်။ ထို့နောက် တစ်နိုင်ငံလုံးအတိုင်းအတာ အထွက်

နှန်းကို ခန့်မှန်းတွက်ချက်ရန်အတွက် ခန့်မှန်းခြေဘိန်းစိုက်ပျိုးသည့် ဟက်တာစုစုပေါင်းနှင့် ပြန်မြှောက်လိုက်ခြင်းသာဖြစ်သည်။ ဤပုံသေနည်းအတွင်း စောဒကတက် ထောက်ပြစရာများစွာရှိနေခဲ့သည်။ ဘိန်းအထွက်နှုန်းသည် တစ်နယ်နှင့် တစ်နယ်အကြား ကွာခြားလျက်ရှိသလို တစ်နယ်တည်းဆိုလျှင်ပင် မြေဆီမြေနှစ်၊ ပင်လယ်ရေမျက်နှာပြင်အနိမ့်အမြင့်၊ မိုးရေချိန်၊ နေရောင်ခြည်ရရှိမှု၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးအသုံးပြုမှုတို့အပါအဝင် ရေသွင်းစိုက်ပျိုးနိုင်မှု အနေအထားများအပေါ်မူတည်၍ အထွက်နှုန်းကွာခြားသွားနိုင်သည်။ ထို့အပြင် ဘိန်းအထွက်နှုန်း ကောင်းမကောင်းသည် ရာသီဥတုအပေါ်တွင်လည်း များစွာမှီတည်လျက်ရှိသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၌နေထိုင်လျက်ရှိသည့်ဒေသခံတစ်ဦးက “ဘိန်းပန်းပွင့်တဲ့အချိန်နဲ့ အစေးခြစ်တဲ့အချိန်မှာမိုးအရမ်းများသွားရင် ဘိန်းအထွက်မကောင်းတော့ဘူး။ ဒါကြောင့် ဘိန်းစိုက်တောင်သူတွေက ဘိန်းအစေးခြစ်တဲ့ ဒီဇင်ဘာနဲ့ ဇန်နဝါရီလတွေမှာ မိုးများမှာကို အရမ်းကြောက်ကြတယ်” ဟု ပြောဆိုသွားခဲ့သည်။

ထို့အပြင်ဘိန်းအထွက်နှုန်းကောင်းတိုင်းအသုံးပြုသည့်ပုံစံနှင့်အရည်အသွေးကောင်းလိမ့်မည်ဟုကံသေကံမ မပြောနိုင်ကြောင်း ဂရုပြုရန်လိုအပ်သည်။ TNI ၏ လေ့လာသုတေသနပြုချက်အရ သာဓကအားဖြင့် ကချင်ပြည်နယ် တနိုင်းဒေသထွက် ဘိန်းများ၌ မော်ဖင်းပါဝင်မှုနည်းပါးသလို ဘိန်စေးများက အရည်ကျဲလွန်းသဖြင့် အရှေ့မြောက်အိန္ဒိယ ပြည်နယ်တစ်ခုဖြစ်သည့် အရူနာချာပရာဒေ့ရှ်တွင် အသုံးပြုသည့်နည်းလမ်းအတိုင်း ဘိန်းစေးများကို အဝတ်စဖြင့်ခံ၍ ရိတ်သိမ်းစုဆောင်းကြရသည်။ သို့ဖြစ်၍ ဘိန်းဖြူထုတ်ရန် အဆင့်မမီသဖြင့် ဝါးပြောင်း၌ရေထည့်၍ ရှူရှိုက်ဖို့အတွက်သာ (ခတ်ပုံ – ဘိန်းကိုငှက်ပျောရွက်ဖြင့်ရောနှယ်၍) အဓိကအသုံးပြုကြသည်။ ရှေ့ပိုင်း၌ စဉ်ဆက်မပြတ်ဖြစ်ပွားလာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကြောင့် ဖော်ဆောင်နိုင်ခြင်းမရှိခဲ့သဖြင့် လေးနှစ်အကြာ ၂၀၂၀ ခုနှစ်အရောက်တွင်မှ ပထမဦးဆုံးအကြိမ်အဖြစ် ကချင်ပြည်နယ်တွင်း ဘိန်းအထွက်နှုန်းမည်မျှရှိကြောင်း စစ်တမ်းကောက်ယူနိုင်ခဲ့သည်။[၃၁]

နောက်ဆုံးအနေဖြင့် UNODC၏ စစ်တမ်းအတွင်း ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းအထွက်ပမာဏနှစ်ခုစလုံးကို ခန့်မှန်းတွက်ချက်ရာ၌ အလွန်ကျယ်ပြန့်သည့် အတိုင်းအတာကို အသုံးပြုခဲ့သဖြင့် မှားယွင်းသွားနိုင်သည့် အလားအလာများရှိလာခဲ့သည်။ ၂၀၂၀ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး၏ စုစုပေါင်းဘိန်းစိုက်ပျိုးမှုပမာဏကို ဟက်တာပေါင်း ၂၁၀၀၀ နှင့် ၅၀၄၀၀ ကိုကြားချ၍ ဟက်တာပေါင်း ၂၉၅၀၀ ခန့်ရှိလိမ့်မည်ဟု ခန့်မှန်းတွက်ချက်ခဲ့ခြင်းဖြစ်သည်။ ယင်းနှစ်တစ်ခုတည်း၏ စုစုပေါင်းဘိန်းအထွက်ကိုလည်း တန်ချိန်ပေါင်း ၂၈၉ နှင့် ၆၈၅ တန်ကို ကြားချ၍ ၄၀၅ တန်ခန့်ရှိလိမ့်မည်ဟု ခန့်မှန်းတွက်ချက်ခဲ့သည်။[၃၂]

ကိန်းဂဏန်းအချက်အလက်များကို ရွေးချယ်အသုံးပြုရန် ဆုံးဖြတ်သည့်အခါ ထုတ်လုပ်မှုအတိုင်းအတာသည် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်၌ ရရှိလာမည့် ဘိန်းစိမ်းနှင့် ယင်းမှဆင်းသက်လာမည့် ဘိန်းဖြူ၏ အနီးစပ်ဆုံးပမာဏကို ရည်ညွှန်းဖော်ပြနိုင်သလို စိုက်ပျိုးမှုအတိုင်းအတာသည်လည်း ဘိန်းစိုက်ပျိုးလျက်ရှိသည့်လူထုလူတန်းစားများ၏ လူမှုစီးပွားရေးအခြေအနေများကို ဖော်ပြလျက်ရှိသည့် ညွှန်းကိန်းများကို ဖော်ထုတ်ပေးနိုင်ကြောင်း ဂရုပြုရန်အရေးကြီးပါသည်။

ပြည်တွင်းနှင့် နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒများကို ပုံဖော်ရာ၌ ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များသည် အလွန်အရေးပါသည့် အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ အခြားသတင်းရင်းမြစ်များ ကင်းမဲ့လျက်ရှိသည့် အခြေအနေကြောင့် မူဝါဒချမှတ်သူအများစုသည် UNODC ၏နှစ်အလိုက် ဘိန်းစစ်တမ်းရလဒ်များကိုသာ မှီခိုအားထားနေကြရခြင်းဖြစ်သည်။ ယာယီမျှစိုက်ပျိုးထုတ်လုပ်မှုကျဆင်းလာမှုကို မကြာခဏဆိုသလို မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒများ၏ အောင်မြင်မှုအသီးအပွင့်

များအဖြစ် ဖော်ကျူးလေ့ရှိပြီး ယာယီမျှစိုက်ပျိုးမှု မြင့်တက်လာခြင်းကိုလည်း ပိုမိုတင်းကျပ်ပြင်းထန်သည့် မူဝါဒများ သို့မဟုတ် ရန်ပုံငွေနှင့် နိုင်ငံရေးအထောက်အပံ့များ တိုးမြှင့်ပေးအပ်ရန် လိုအပ်လာပြီဖြစ်ကြောင်း သဘောတူထောက်ခံရန် တပ်လှန့်ပေးသည့် သံချောင်းခေါက်သံအဖြစ် အသုံးပြုလျက်ရှိသည်။

အောင်မြင်မှုကို တိုင်းတာသည့်စံအဖြစ် နှစ်အလိုက် စိုက်ပျိုးမှုအတိုင်းအတာကဲ့သို့သော ရေတိုညွှန်းကိန်းများကို အသုံးပြုခြင်းထက် လူသားဖွံ့ဖြိုးရေးညွှန်းကိန်းများ (စာကွက် ၃ ပါ "အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံမူများနှင့် သင်ခန်းစာများ" ကိုကြည့်ပါ) ကို အသုံးပြု၍ အစွန့်ရှည်တည်တံ့မည့် ဖွံ့ဖြိုးတိုးတက်ရေး အကျိုးရလဒ်များကို အလေးပေးအာရုံစိုက်ဖော်ဆောင်ခြင်းက ပို၍ထိရောက်အကျိုးရှိစေပါလိမ့်မည်။ အဆိုပါ အချက်အလက်များက ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအသက်ရှင်လျက်ရှိသည့် ရပ်ရွာအသိုက်အဝန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ထောက်ပံ့ပေးနိုင်သလို ၎င်းတို့၏ဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာစေမည့် မဟာဗျူဟာများနှင့် အရေးယူဆောင်ရွက်ချက်များကို ရေးဆွဲအကောင်အထည်ဖော်ရာ၌လည်း အထောက်အကူပြုပါလိမ့်မည်။ အခြားရွေးချယ်စရာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာညီလာခံ (ICAD) သို့ တက်ရောက်ခဲ့ကြသူများက "စိုက်ပျိုးထုတ်လုပ်မှုလျှော့ချခြင်းနှင့် အဆိုပါရည်ရွယ်ချက်ပေါ် အခြေခံ၍ အကျိုးသက်ရောက်မှုကို တိုင်းတာသတ်မှတ်ခြင်းသည် နယ်မြေဒေသတစ်ခု၏ တိုးတက်ပြောင်းလဲလာသည့် လူမှုရေးနှင့် စီးပွားရေးအခြေအနေများနှင့် တရားမဝင်သီးနှံစိုက်ပျိုးမှု စဉ်ဆက်မပြတ် လျော့နည်းကျဆင်းလာခြင်းတို့အကြား တိုက်ရိုက်အချိုးကျစေသည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး၏ ရေရှည်အကျိုးသက်ရောက်မှု သို့မဟုတ် အမှန်တကယ် တိုးတက်ဖြစ်ထွန်းမှုကို တိုင်းတာနိုင်သည်အထိ ပြည့်စုံလုံလောက်မှုမရှိ" ဟု သုံးသပ်ပြောဆိုခဲ့ကြသည်။[၅၉]

များ၌ စိုက်ပျိုးမှုအများဆုံးဖြစ်နေသည် ဟူသည့်အချက်ကို ကန့်ကွက်ပြောဆိုခဲ့ခြင်း ဖြစ်သည်။[၆၀]

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာများအတွက် ပဋိပက္ခဓာတ်ကောင်တစ်ဦးဦးကို လက်ညှိုးထိုးအပြစ်ပုံချခြင်းနှင့် မှန်ကန်တိကျမှုမရှိသည့် အစီရင်ခံမှုနှစ်ခုစလုံးသည်အထူးသဖြင့် ဆယ်စုနှစ်ပေါင်းများစွာ စစ်ပွဲဒဏ်သင့်လာခဲ့ပြီး တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲနေခဲ့သည့် မြန်မာကဲ့သို့သော နိုင်ငံတစ်ခု ငြိမ်းချမ်းလာစေရန်နှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာနိုင်ရန် အားပေးမြှင့်တင်သွားမည့် ကြိုးပမ်းမှုများအပေါ် ဆိုးဆိုးရွားရွားရိုက်ခတ်မှုရှိလာစေနိုင်သည့် အရဲစွန့်ရမှုအန္တရာယ်များကို ဆောင်ကျဉ်းလာခဲ့သည်။ အာဏာချိန်ခွင်လျှာ အပြောင်းအလဲမြန်ဆန်၍ရှုပ်ထွေးပွေလီလှသည့် ပဋိပက္ခအခင်းအကျင်းမျိုး၌ မူးယစ်ဆေးဝါးနှင့် လက်နက်ကိုင်ပဋိပက္ခတို့၏ ကွင်းဆက်ဂယက်ရိုက်ခတ်မှုသည် ဓာတ်ကောင်ပေါင်းများစွာ တစ်နည်းမဟုတ်တစ်နည်း အနည်းနှင့်အများဆိုသလို ပါဝင်ပတ်သက်နေသည့် ရှေ့မတိုးသာနောက်မဆုတ်သာ တစ်ဆို့မှုဆီသို့ ဦးတည်သွားစေခဲ့သည်။ အချို့သော EAOs များတာဝန်မကင်းသည့် အချက်ကိုလည်း ကွယ်ဝှက်ငြင်းဆိုစရာအကြောင်းမရှိပေ။ အကွဲကွဲအပြဲပြဲဖြစ်နေကြသည့် အင်အားစုများကို စည်းရုံးစုစည်းနိုင်စေပြီး အပြန်အလှန်နားလည်မှုနှင့် အမျိုးသားရင်ကြားစေ့ရေးဆီသို့ ဦးတည်စေသည့် စကားဝိုင်းမျိုး၏ အခြေခံအုတ်မြစ်အဖြစ် အလုပ်အကျွေးပြုသွားမည့် ဘက်လိုက်မှုကင်း၍ မြေပြင်ပကတိ အရှိတရားများပေါ် အခြေခံသည့် အထောက်အထား အခြေပြုလေ့လာဆန်းစစ်မှုများ ပြုလုပ်သွားရန် လိုအပ်နေဆဲဖြစ်သည်။ အခြားတစ်ဖက်၌ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုခုအပေါ် ရှိသမျှအပြစ်များအားလုံး ပုံချနိုင်စေရန် ကြိုးပမ်းအားထုတ်မှုသည် နောက်ထပ်စိတ်ဝမ်းကွဲမှုများကိုသာ ပေါ်ပေါက်လာစေပြီး အနာဂတ်အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုအလားအလာကို ပျက်စီးသွားစေမည့် ပို၍ကြီးမားသည့် အတားအဆီးများကိုသာ ဆောင်ကျဉ်းလာပါလိမ့်မည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဤကဲ့သို့သော တစ်ဖက်သတ်စွပ်စွဲပြောဆိုမှုများသည် ဘိန်းအဓိကစိုက်ပျိုးလျက်ရှိသည့် နယ်မြေဒေသများအတွင်း ဘိန်းအစားထိုး ဖွံ့ဖြိုးရေးစီမံကိန်း (AD) အစီအစဉ်များ ဆက်လက်အကောင်အထည်ဖော်ရာ၌ ဆိုးရွားပြင်းထန်သည့် နောက်ဆက်တွဲအကျိုးဆက်များကိုသာ ဆောင်ကျဉ်းလာပါလိမ့်မည်။



RCSS ဌာနချုပ်တည်ရှိရာ လွိုင်တိုင်းလျန်း၌ စစ်ရေးပြနေကြသည့် ရှမ်းစစ်သားများ



ထိုင်းနိုင်ငံမြောက်ပိုင်းဒေသ၌ ဘိန်းပင်ပေါက်ငယ်များကို သုပ်/တို့စားရန်ယူလာသည့် လားဟူတောင်သူတစ်ဦး

## ၂။ ဘိန်းစိုက်ဒေသများ၏ လူမှုစီးပွားရေးအခြေအနေ

### လူတွေ ဘာကြောင့် ဘိန်းစိုက်ကြသလဲ

ဘိန်းစိုက်ပျိုးမှုသည် မြန်မာနိုင်ငံ၏ ကုန်းမြင့်တောင်တန်းဒေသနေ လူထုလူတန်းစား အများအပြားအတွက် အလွန်အရေးပါလျက်ရှိကြောင်း မှတ်တမ်းတင်ထားခဲ့သည့် အထောက်အထားများစွာ ရှိနေခဲ့သည်။ ထူးထူးခြားခြား ၂၀၀၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှုအလုံးအရင်း ပြန်လည်မြင့်တက်လာခဲ့သည် မှန်သော်လည်း ကုန်လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဘိန်းစိုက်ပျိုးမှုပမာဏ သိသိသာသာကျဆင်းလာခဲ့သည့်တစ်ချိန်က ကမ္ဘာ့ဘိန်းထုတ်လုပ်မှု အများဆုံးဖြစ်ခဲ့သည့် မြန်မာနိုင်ငံကို အာဖဂန်နစ္စတန်နိုင်ငံက အပြတ်အသတ်ကျော်လွန်သွားခဲ့သည်။ ထိုအချိန်မှစ၍ ဘိန်းစိုက်ပျိုးသည့် ဧရိယာများ ဆက်တိုက်ဆိုသလို ကျဆင်းလာခဲ့ပြီး ၂၀၂၀ ခုနှစ်အရောက်တွင် ဆယ်စုနှစ်ပေါင်းများစွာအတွင်း အနိမ့်ဆုံးပမာဏဖြစ်သည့် ဟက်တာစုစုပေါင်း ၂၉၅၀၀ အထိ ကျဆင်းသွားခဲ့သည်။[၆၁] ဤသို့ကျဆင်းသွားစေခဲ့သည့်အကြောင်းရင်း အများအပြားရှိနေခဲ့ပြီး ဒေသတစ်လွှား အများဆုံး ထုတ်လုပ်သုံးစွဲလာကြသည့် အမ်ဖီတမင်းအမျိုးအစားစိတ်ကြွဆေး စတင်တွင်ကျယ်လာခဲ့သည့်အချိန်နှင့်လည်း တိုက်ဆိုင်နေခဲ့သည်။

TNI ၏ လေ့လာသုတေသနပြုချက်အရ ဤသို့ကျဆင်းသွားခဲ့သည်မှန်သော်လည်း ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်းရှိ ရပ်ရွာအများအပြား၌ ဘိန်းစိုက်ပျိုးမှု ဆက်လက်တွင်ကျယ်ပျံ့နှံ့နေဆဲဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။ အဆိုပါနယ်မြေဒေသတစ်လွှား၌ လေ့လာတွေ့ရှိရသည့် ဘုံအင်္ဂါရပ်နှင့်မောင်းနှင်အားအချို့သည် ဘိန်းစိုက်ပျိုးဖြစ်စေရန် တွန်းပို့ပေးခဲ့သည့် အဓိကလက်သည်များဖြစ်နေ ကြောင်းလေ့လာတွေ့ရှိခဲ့သည်။ ဘိန်းစိုက်ပျိုးရေးသည် အထူးသဖြင့် အဆိုပါဒေသများ၌ မှီတင်းနေထိုင်လျက် ရှိသည့် လူထုလူတန်းစားတစ်ရပ်လုံး၏ အသက်မွေးဝမ်းကျောင်း ဗဟိုချက်အဖြစ်ဆက်လက်နေရာယူထားပြီး ၎င်းတို့၏အသက်ရှင်ရပ်တည်မှုအတွက် မရှိလျှင်မဖြစ်သည့် လိုအပ်ချက်များကို ဝယ်ယူဖြည့်တင်းရသည့် ကုန်ကျစရိတ်များကို ခုနှိမ်ကာမိစေမည့် အလွန်အရေးပါသည့် အသက်သွေးကြောမကြီးသဖွယ် ဆက်


၍ အလုပ်အကျွေးပြုနေဆဲ ဖြစ်သည်ဟု သုံးသပ်ယူဆရသည်။ မည်သို့ဆိုစေကာမူ သက်ဆိုင်ရာဒေသအလိုက် ရေခံမြေခံအခြေအနေအကျင်းများနှင့် မောင်းနှင်အားများအကြား အနည်းနှင့်အများဆိုသလို ကွာခြားမှုများရှိနေခြင်းကလည်း ဘိန်းစိုက်ပျိုးရေးနှင့် ဒေသအလိုက် သမိုင်းနောက်ခံများ၊ ယဉ်ကျေးမှုများနှင့် ရိုးရာအစဉ်အလာများအကြားရှိ သိမ်မွေ့နက်နဲသည့် အပြန်အလှန်ဆက်နွယ်ပတ်သက်မှုများကိုထင်ဟပ်လျက်ရှိသည်။

ယခုအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် ရှမ်းပြည်နယ်မှ တောင်သူများက ဘိန်းစိုက်ပျိုးဖြစ်ခဲ့ရသည့် မူလအစနှင့်အကြောင်းရင်းများသည် တစ်နယ်နှင့်တစ်နယ် ကွာခြားမှုရှိသည်ဟု ပြောဆိုရှင်းပြခဲ့ကြသည်။ ၎င်းတို့၏ ပြောပြချက်အရ ပင်လောင်းမြို့နယ်၌ ဘိန်းစိုက်ပျိုးမှုကို မျိုးဆက်တစ်ဆက်မှ နောက်တစ်ဆက်သို့ လက်ဆင့်ကမ်းလာခဲ့ခြင်းဖြစ်သော်လည်း လွိုင်လင်နှင့် ဟိုပုံးမြို့နယ်များသည်လက်နက်ကိုင်ပဋိပက္ခဒဏ်ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့် ၁၉၉၀ ပြည့်လွန်နှစ်နောက်ပိုင်းမှသာ စတင်စိုက်ပျိုးလာခဲ့ခြင်း ဖြစ်သည်။ ဤကဲ့သို့သော အကျိုးဆက်မျိုးကို ကြုံတွေ့ခဲ့ကြရသည့် နယ်မြေဒေသများ၌ မိုင်းပျဉ်းမြို့နယ်၏ ကျေးရွာအချို့လည်းပါဝင်နေခဲ့ပြီး လွန်ခဲ့သည့် ငါးခြောက်နှစ်ခန့်မှစ၍ ဘိန်းစတင်စိုက် ပျိုးခဲ့ကြခြင်းဖြစ်သည်။

ဆီဆိုင်မြို့နယ်၌ ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုရလဒ်များက ၁၉၉၀ ပြည့်လွန်နှစ်များ၌ ဤနယ်မြေတစ်လွှားဘိန်းစိုက်ပျိုးမှု သိသိသာသာ ပြန်လည်မြင့်တက်လာစေခဲ့သည့် မောင်းနှင်အားတစ်ခုမက ရှိနေကြောင်း ပေါ်ထွက်လာခဲ့သည်။ ပထမအချက်အနေဖြင့် ပအိုဝ်းအမျိုးသားအဖွဲ့အစည်း/တပ်မတော် (PNO/A) နှင့် မြန်မာ့ တပ်မတော်အကြား ၁၉၉၁ ခုနှစ်၌ အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးနောက် လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်သွားခဲ့ပြီး အနည်းနှင့်အများ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိလာခဲ့သဖြင့် ဈေးကွက်စီးပွားရေးစနစ်အတွင်း စိုက်ပျိုးရေးကဏ္ဍကို ပိုမိုချိတ်ဆက်ပေါင်းစည်းလာနိုင်ခဲ့သည်။ ဒုတိယအချက်မှာ မကြာသေးမီအချိန်ထိ ဤနယ်မြေတစ်လွှားအစဉ်အဆက် အဓိကဝင်ငွေရသီးနှံတစ်ခုအဖြစ် အများဆုံးစိုက်ပျိုးလာခဲ့ကြသည့် သနပ်ဖက်ဝယ်လိုအားနှင့် ဈေးနှုန်းသည် ၁၉၉၅ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်အတွင်း ပြိုလဲပျက်စီးသွားခဲ့ခြင်းဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းကာလများ၌ ဈေးကွက်စီးပွားရေးစနစ်အတွက် နိုင်ငံကိုတစ်ဝက်တစ်ပျက် တံခါးဖွင့်ပေးခဲ့ပြီးနောက်ပိုင်း ပြည်တွင်းဈေးကွက်အတွင်းသို့ နိုင်ငံခြားထုတ်ကုန်များ အလုံးအရင်းဝင်ရောက်လာခဲ့ရာ၌ စီးကရက်အမျိုးမျိုးသည်လည်း တံဆိပ်ပေါင်းစုံဖြင့် ဝင်ရောက်လာခဲ့သည်။ ဆေးပြင်းလိပ်သောက်သုံးကြသူအများအပြားသည် ထိုအချိန်က လူကြိုက်များရေပန်းစားမှု အရှိဆုံး ဆေးလိပ်ထုတ်ကုန်ဖြစ်သည့် စီးကရက်ကို ပြောင်းလဲသောက်သုံးသွားကြသဖြင့် သနပ်ဖက်ဝယ်သူမရှိသလောက် နည်းပါးသွားခဲ့သလို ဈေးနှုန်းသည်လည်းရစရာမရှိအောင် ထိုးကျသွားခဲ့သည်။ ဤအခြေအနေက သနပ်ဖက်တောင်သူများကို ၎င်းတို့ဆုံးရှုံးခဲ့ကြရသည့်ဝင်ငွေများကို ပြန်လည်အဖတ်ဆယ်နိုင်စေရန် ဈေးနှုန်းအတက်အကျ ရှိသည့်မှန်သော်လည်း ဈေးနှုန်းနှင့် ဝယ်လိုအားမြင့်မားလှသည့် ဘိန်းစိုက်ပျိုးရေးဆီသို့ ခြေဦးလှည့်သွားကြစေရန် တွန်းပို့လိုက်တော့သည်။[၆၂] ဒေသခံဘိန်းစိုက်တောင်သူ အမျိုးသမီးတစ်ဦးက ဤသို့ပြောဆိုသွားခဲ့သည်။

> “ကျမတို့မိသားစုဟာ အရင်တုန်းကတော့ သနပ်ဖက်စိုက်ခင်းကနေ ဝင်ငွေကောင်းကောင်း ရနေခဲ့ကြတာပေါ့။ တောင်ကြီးမှာရှိတဲ့ သနပ်ဖက်စက်ရုံတွေက ကျမတို့ရဲ့ အခြောက်ခံထားတဲ့ သနပ်ဖက်တွေရဖို့အတွက် အပြိုင်အဆိုင် ကုန်မှာစာတွေကြိုပေးပြီး ကြိုငွေတွေတောင် ထုတ်ပေးခဲ့ကြတယ်။ ဒါပေမယ့် ၁၉၉၀ ပြည့်လွန်နှစ် အလယ်ပိုင်းရောက်တော့ ကုန်မှာစာတွေ နည်းလာခဲ့ပြီး သနပ်ဖက်စိုက်ခင်းကရတဲ့ ဝင်ငွေနဲ့ ကျမတို့ဆက်ပြီး ရပ်တည်လို့မရတော့လောက်အောင်ကို ဈေးတွေထိုးကျသွားခဲ့တယ်။ အဲဒီတုန်းကတော့ ထိုင်းနိုင်ငံကိုသွားပြီး ရွှေ့ပြောင်းအလုပ်လုပ်ဖို့ ဘယ်သူကမှ မစဉ်းစားခဲ့ကြတော့အသက်ရှင်သန်ရေးအတွက် စပြီးဘိန်းစိုက်ကြဖို့တောင်သူတွေအနေနဲ့ ရွေးချယ်ဆုံးဖြတ်ခဲ့ရတော့တာပေါ့။”

မကြာသေးမီ ဆယ်စုနှစ်များကျမှသာ ရိုးရာနည်းအရ ဘိန်းအသုံးပြုမှုကို လက်မခံကြတော့သော်လည်း ကချင်ပြည်နယ်၏ နယ်မြေဒေသအချို့၌ ဘိန်းကို ၁၉ ရာစုမှစ၍[၆၃] မျိုးဆက်ပေါင်းများစွာ ရိုးရာနည်းအရ သုံးစွဲရန်နှင့် ဝင်ငွေရသီးနှံအဖြစ် အစဉ်အဆက်စိုက်ပျိုးလာခဲ့သည်။ ဆဒုံးနှင့် ကန်ပိုက်တီဒေသတွင်း တွေ့ဆုံမေးမြန်းခဲ့သည့် တောင်သူများက ဘိန်းစိုက်ပျိုးမှုသည် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်နေပြီး ၎င်းတို့၏ ဘိုးဘေးများလက်ဆင့်


ဝါးကရို
ကချင်ပြည်နယ်
ပူတာအို
ဆွမ်ပရာဘွမ်
တနိုင်း
မြစ်ကြီးနား
မိုးကောင်း
ကန်ပိုက်တီ
ဆဒုံး
ထိန်ချုံး
လိုင်ဇာ
ရွှေလီ
မူဆယ်
ကွတ်ခိုင်
ကောင်းခါး
လားရှိုး
လောက်ကိုင်
လွိုင်မော်
သီပေါ
တန့်ယန်း
မက်မန်းဆိုင်
နောင်ခေတ်
ပန်ခမ်း
ရှမ်းပြည်နယ်
မန္တလေး
မြန်မာနိုင်ငံ
ဂျန်ခေါင်
မုန်းပေါ်
မုန်းလား
လွိုင်လင်
မိုင်းပျဉ်း
ကျိုင်းတုံ
တောင်ကြီး
ဟိုပန်
ပင်လောင်း
ဆီဆိုင်
ဖယ်ခုံ
မိုင်းဆတ်
တာချီလိတ်
မယ်ဆိုင်
လာအို
နေပြည်တော်
လွိုင်ကော်
ဟိုမုန်း
ထိုင်းနိုင်ငံ
တရုတ်
ပြည်သူ့သမ္မတနိုင်ငံတော်
ယူနန်
T
N
I

ကမ်းလာခဲ့သည့် အစဉ်အလာတစ်ခုဖြစ်သလို အိမ်နီးချင်း တရုတ်နိုင်ငံမှ အမြဲတမ်းလိုလို ဝယ်လိုအားရှိနေသည့် သီးနှံ တစ်ခုဖြစ်သည်ဟု ပြောဆိုသွားခဲ့သည်။ စစ်ကိုင်းတိုင်းဒေသ ကြီး၏မြောက်ဖက်အစွန်ဆုံးဒေသများ၌ပျံ့နှံ့နေထိုင်လျက် ရှိသည့် နာဂတိုင်းရင်းသားများအကြား၌လည်း အလားတူ အခြေအနေမျိုးကို တွေ့မြင်ခဲ့ရပြီး ယခုအချိန်ထိ ဘိန်းကို ဝင်ငွေရင်းမြစ်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး၍ ရိုးရာအစဉ်အလာအရ အသုံးပြုနေကြဆဲဖြစ်သည်။

## ဘိန်းစိုက်ပျိုးမှု၏ မောင်းနှင်အားများ

### *ပထဝီရေမြေအနေအထားနှင့် ရာသီဥတုအခြေအနေ*

ဘိန်းစိုက်ပျိုးကြသည့် ကျေးရွာအများအစုသည် မြေပြန့်ရှားပါး၍ ဆန်ရေစပါးစိုက်ပျိုးရန် သင့်လျော်မှုမရှိ သည့် သို့မဟုတ် အလွန်တရာငွေကုန်ကြေးကျများ၍ ရာသီ ဥတုပြင်းထန်လှသည့် ကုန်းမြင့်တောင်တန်းဒေသများ၌ တည်ရှိနေကြသည်။ အဆိုပါတောင်သူ အများစုအတွက် ဘိန်းသည် အခြေခံအစားအစာနှင့် အခြားအိမ်သုံး ပစ္စည်း များကိုဝယ်ယူနိုင်စေသည့်တစ်ခုတည်းသောဝင်ငွေရသီးနှံ ဖြစ်နေသည်။ ဘိန်းအပြင် ရွာသူရွာသားများသည် အခြား ဈေးကွက်ဝင်သီးနှံများဖြစ်ကြသည့် ထောပတ်၊ ငှက်ပျော၊ ကော်ဖီ၊ သနပ်ဖက်များ၊ ဂျင်း၊ ပြောင်းဖူး၊ လိမ္မော်သီး၊ လက်ဖက်နှင့် နနွင်းတို့အပြင် မိမိတို့စားသုံးရန်အတွက် ရာသီ ပေါ်ဟင်းသီးဟင်းရွက်များကိုပါ စိုက်ပျိုးလေ့ရှိသည်။ သို့ သော်လည်း အများအားဖြင့် ၎င်းတို့၏ ကျေးရွာများသည် အနီးဆုံးအရောင်းအဝယ် ပြုလုပ်နိုင်သည့်နေရာ သို့မဟုတ် ဈေးကွက်ရှိသည့်မြို့များမှ အလွန်ဝေးကွာလျက်ရှိခြင်းက တောင်သူများကို တရားဝင်သီးနှံရောင်းချမှုမှ လုံလောက် သည့်ဝင်ငွေရရှိရန် များစွာခဲယဉ်းသွားစေလျက် ရှိသည်။ ကချင်ပြည်နယ်၏ ကန်ပိုက်တီမြို့အနီး၌ နေရာချထား သည့် ပြည်တွင်းနေရပ်စွန့်ခွာသူများ နေထိုင်ရာစခန်း၌ နေထိုင်လျက်ရှိသည့် တောင်သူတစ်ဦးက ဤသို့ပြောဆို သွားခဲ့သည်။

“ကျနော်တို့ရွာက ရာဘာပင်တွေ ဘယ်လိုမှမပေါက် နိုင်တဲ့ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်မှာ တည်ထားတာပါ။ ဒေသရာသီဥတုကြောင့် စပါးနဲ့ တစ်ခြားသီးပင်စားပင်တွေကိုလည်း စိုက်ပျိုး လို့မရဘူး။ ရေခဲမှတ်အောက်ရောက်နေတဲ့ ရာသီဥတု ကြောင့် တောင်ယာစပါးလည်း စိုက်ပျိုးလို့မရသလို



ဝ’ဒေသ ဈေးတစ်ခု၌တွေ့ရသည့် အမျိုးသမီးများ

ရခဲ့ရင်တောင်မှ ဘိန်းကရတဲ့ ဝင်ငွေနဲ့ ဘယ်လိုမှယှဉ်လို့မရဘူးဖြစ်နေတယ်။"

ဈေးကွက်ရှိရာ အနီးဆုံးမြို့များမှ ဝေးကွာနေရသည့်အထဲ အများအားဖြင့်လမ်းတံတားအခြေခံအဆောက်အအုံများ ချို့ငဲ့လွန်းလှသဖြင့် တောင်သူအများစုသည် ၎င်းတို့၏ သီးနှံများကို သယ်ယူပို့ဆောင်ပေးမည့် ယာဉ်များကိုအခကြေးငွေဖြင့် ငှားရမ်းကြရသည်။ ရှမ်းပြည်နယ် လွိုင်လင်မြို့နယ်ရှိ အမျိုးသမီးတစ်ဦးက ၎င်းနှင့်ဘဝတူ ရွာသူရွာသားများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ဤသို့ပြန်ပြောင်းပြောပြခဲ့သည်။

"ကျမတို့နေတဲ့နေရာက မြို့နဲ့အရမ်းဝေးသလို ရွာကိုလာတဲ့လမ်းကလည်း အရမ်းဆိုးတဲ့အတွက် သယ်ယူပို့ဆောင်ရေးက အရမ်းဈေးကြီးတယ်။ ကျမတို့ရဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေကို သယ်ယူရောင်းချရတာ စရိတ်အရမ်းထောင်းရတဲ့အထဲ ရွာမှာမရှိတဲ့ အပြင်ကပစ္စည်းမှန်သမျှကို ဈေးကြီးပေးပြီး ဝယ်သုံးနေရတယ်။ ကျမတို့မှာ ဝင်ငွေသာနည်းသလောက် အသုံးစရိတ်တွေက အရမ်းများနေတယ်။"



ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ်ရှိ ဘိန်းခြစ်ယူပြီးနောက်တွေ့ရသည့် ဘိန်းခင်းတစ်ခု

မြန်မာနိုင်ငံ ဘိန်းစိုက်တောင်သူများ ညီလာခံ (MOFF) ၏ ထုတ်ပြန်ချက်၌ –

"ကျနော်တို့ ဒေသမှာ အစိုးရကပေးတဲ့ လူထုဝန်ဆောင်မှုတွေက မရှိသလောက်ကို နည်းပါတယ်။ ရှိခဲ့ရင်တောင် မည်ကာမတ္တလောက်ပါပဲ။ ကျနော်တို့အများစု နေတဲ့နေရာတွေမှာ လျှပ်စစ်မီးမရှိသလို လမ်းတွေကလည်းအရမ်းဆိုး (ရှိခဲ့ရင်တောင်မှ) တော့အစိုးရရဲ့ ကျန်းမာရေးနဲ့ ပညာရေးဝန်ဆောင်မှုတွေလည်း လောက်လောက်လားလား မရကြပါဘူး။ ကျနော်တို့ဒေသမှာ ရေသွယ်ဖြန့်ဖြူးပေးတဲ့ စနစ်မျိုးလည်းမရှိသေးတဲ့အတွက် တော်တော်ကို ဒုက္ခရောက်နေကြပါတယ်" ဟု ကိုးကားဖော်ပြထားသည်။[၆၄]

အခြားသီးနှံများနှင့် နှိုင်းယှဉ်ကြည့်ပါက ဘိန်းကိုကာလကြာရှည် သိုလှောင်သိမ်းဆည်းထားနိုင်သည့်အပြင် သက်တမ်းရင့်လေ အရည်အသွေး ကောင်းမွန်လာလေဖြစ်သည်ဟု တောင်သူအများအပြား ပြောဆိုသွားခဲ့သဖြင့် ရိတ်သိမ်းပြီးသည်နှင့် ရောင်းချရသည့် သို့မဟုတ် ဈေးကွက်ရှိရာသို့ အမြန်ဆုံးသယ်ယူပို့ဆောင်ရသည့် အခြားသီးနှံအများအပြားထက် ပို၍အားသာချက်ရှိနေသည်။ ကွတ်ခိုင်မြို့နယ်၌ တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးက –

"အခြားဝင်ငွေရ သီးနှံတွေနဲ့ယှဉ်ကြည့်ရင် အထူးသဖြင့် ကုန်ကျစရိတ်နဲ့ အကျိုးဖြစ်ထွန်းမှုရှုထောင့်ကကြည့် လိုက်တဲ့အခါမှာ ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း ၃၀၀၀ နဲ့အထက်မှာရှိနေတဲ့ ကုန်းမြင့်တောင်တန်းဒေသရဲ့ရာသီဥတုဒဏ်ကိုဘိန်းတစ်ခုတည်းကပဲ ကြံ့ကြံ့ခံရှင်သန်နိုင်တာပါ။ ပြီးတော့ အခြားတာရှည်ခံဆေးဝါးတွေ ထည့်မသုံးတဲ့အတွက် အာနိသင်ပျက်ပြယ်သွားတာမျိုး မရှိတဲ့အပြင် သက်တမ်းရင့်ဝိုင်နဲ့ ဝီစကီအရက်တွေလိုမျိုး သက်တမ်းရင့်လေ အာနိသင်ပိုပြင်းလာလေဖြစ်တဲ့ ဘိန်းလိုမျိုးသီးနှံမရှိပါဘူး။ ဘိန်းဆိုတာမျိုးက သက်တမ်းရင့်လေအရည်အသွေး ပိုကောင်းလာလေပါပဲ" ဟု ပြောဆိုသွားခဲ့သည်။

## *လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံရေးမတည်ငြိမ်မှု*

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု မြင့်မားသည့် နယ်မြေဒေသအများအပြားသည် လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံရေးမတည်ငြိမ်မှုဒဏ်ကို ဆယ်စုနှစ်ပေါင်းများစွာ ခါးစည်းခံလာခဲ့ရသည့် ရပ်ရွာများဖြစ်နေကြသည်။ အကဲဆတ်လှသည့် နိုင်ငံရေးနှင့် စစ်ရေးအခင်းအကျင်းမျိုး ရှိနေသည့် ပတ်ဝန်းကျင်မျိုး၌ ဘိန်းသည် အခြားသီးနှံများနှင့် ယှဉ်လာပါက ပိုမိုလက်တွေ့ကျသည့် အကျိုးကျေးဇူးများကို ဆောင်ကျဉ်းပေးလျက်ရှိသည်။ စိုက်ပျိုးမှု၊ သယ်ယူပို့ဆောင်မှုနှင့် သိုလှောင်သိမ်းဆည်းရ ပိုမိုလွယ်ကူသလို ကုန်သည်ပွဲစားများက ကျေးရွာအထိ လာရောက်ဝယ် ယူလေ့ရှိသည်။ အာနိသင်ပျက်ပြယ်သွားခြင်းမရှိဘဲ ကာလရှည် သိုလှောင်သိမ်းဆည်းမှုပြုနိုင်သည့်အပြင် တန်ဖိုးတက်လာစေရန်ပင် အထောက်အကူပြုလျက်ရှိသည်။ ဈေးနှုန်းအတက်အကျရှိတတ်သော်လည်း ပမာဏချင်းယှဉ်လာပါက အခြားသီးနှံများထက် ဘိန်းဈေးနှုန်းသည် အမြဲတမ်းလိုလို ပို၍မြင့်မားနေလေ့ရှိသည်။ ဘိန်းကို ဥပမာ အစားအစာ၊ အဝတ်အထည်၊ အိမ်သုံးပစ္စည်းများနှင့် ဆေးဝါးများကို ဝယ်ယူဖြည့်တင်းရန်အတွက် ငွေသားအဖြစ် အချိန်မရွေး အလွယ်တကူပြောင်းလဲနိုင်သည့်အပြင် ကြိုတင်ချေးငွေများရယူရာတွင်လည်း အခြားသီးနှံများထက် ပို၍လွယ်ကူအဆင်ပြေသည်။ ရှမ်းပြည်နယ်တောင်ပိုင်းဒေသမှ ကယန်းတောင်သူတစ်ဦးက –

> "မျိုးစေ့ချပြီးတာနဲ့ ရက်တစ်ရာအတွင်းမှာ ဘိန်းခြစ်လို့ရပြီ။ ကျနော့အနေနဲ့ ဘာအဆင့်မြင့်စိုက်ပျိုးရေးနည်းပညာသို့မဟုတ်ခေတ်မီစက်ကိရိယာကိုမှအသုံးပြုစရာမလိုပါဘူး။ ဘိန်းဆိုတာက မိုးခေါင်တာတွေနှင်းရိုက်တဲ့ဒဏ်တွေကို ကောင်းကောင်းကြီး ခံနိုင်ရည်ရှိပြီး အလွယ်တကူသယ်ဆောင်သိမ်းဆည်းနိုင်သလိုအဖိုးလည်းတန်ပြီး ဈေးကွက်ကလည်း အမြဲတမ်းလိုလိုရှိနေတယ်။ ဒါကြောင့်ပဲ ကျနော်တို့လူမျိုးတွေကဘိန်းကို 'ကောင်းကင်ကပေးတဲ့ လက်ဆောင်' လို့ တောင် တင်စားခေါ်ဝေါ်လေ့ရှိတယ်" ဟု ပြောဆိုမှတ်ချက်ပေးခဲ့သည်။

ကွတ်ခိုင်မြို့နယ်မှ ဖြေဆိုသူတစ်ဦးကလည်း –

> "ဆယ်စုနှစ်နဲ့ချီပြီးတော့ လက်နက်ကိုင်ပဋိပက္ခဒဏ်ခံလာခဲ့ရတဲ့ ပစ်ပယ်ခံတိုင်းရင်းသား နယ်မြေတွေမှာ ဘိန်းစိုက်ပျိုးမှု အများဆုံးဖြစ်နေတာကို တွေ့မြင်နိုင်ပါတယ်။ အဲဒီနယ်မြေတွေက ဖွံ့ဖြိုးမှုနောက်ကျပြီး တော့လူထုဝန်ဆောင်မှုလုပ်ငန်းတွေ မရှိသလောက်ကိုရှားပါးနေလေ့ရှိတယ်။ သယ်ယူဆို့ဆောင်ရေးလို့ပြောတဲ့နေရာမှာ အထူးသဖြင့် ကုန်စည်နဲ့ ဝန်ဆောင်မှုတွေ စီးဆင်းနိုင်ဖို့အတွက် လမ်းတွေကောင်းကောင်းမရှိသလောက် ဖြစ်နေသလို ဆက်သွယ်ရေးပိုင်းမှာလည်းအခက်အခဲတွေ အများကြီးဆိုတော့ တစ်ခြားအလုပ်အကိုင် အခွင့်အလမ်းတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို လက်လှမ်းမီနိုင်ဖို့ အရမ်းခဲယဉ်းသွားတော့တယ်။ နိုင်ငံရေးတည်ငြိမ်မှုကင်းမဲ့ပြီး အမြဲလိုလို စစ်ရိပ်စစ်ငွေ့သမ်းနေတဲ့ အခင်းအကျင်းမျိုးမှာ စိုက်ပျိုးကာလတိုတောင်းပြီး ရင့်မှည့်မြန်တဲ့ သီးနှံတွေကိုရှာကြတော့ဘိန်းက လူကြိုက်အများဆုံးနဲ့အသင့်လျော်ဆုံးသီးနှံ ဖြစ်လာတော့တာပေါ့" ဟု ပြောဆိုသွားခဲ့သည်။

ထို့အပြင် ဆန်ကဲ့သို့သော ပမာဏများ၍ ဝန်ကျယ်သည့်သီးနှံများနှင့်မတူဘဲ အသက်အန္တရာယ် လုံခြုံစေရန် ထွက်ပြေးရသည့်အခါ ဘိန်းသည် လူတိုင်းအချိန်မရွေး သယ်ယူသွားနိုင်သည့် သီးနှံတစ်ခုဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ လက်နက်ကိုင်တိုက်ပွဲများ၏ ဒဏ်ကို အကြိမ်ပေါင်းများစွာအလူးအလိမ့်ခံစားခဲ့ကြရသည့် နယ်မြေတစ်ခုဖြစ်သည့် ရှမ်းပြည်နယ်မြောက်ပိုင်းနေ တောင်သူတစ်ဦးက "တိုက်ပွဲတွေဖြစ်လာတဲ့အခါ ခင်ဗျားအနေနဲ့ ဘယ်လိုမှ ဆန်တစ်အိတ်ကို ထမ်းမပြေးနိုင်ပေမယ့် ဘိန်းကီလိုအနည်းအကျဉ်းလောက်ကိုတော့ ခင်ဗျားရဲ့ ကလေးတောင် သယ်ပြေးနိုင်ပါတယ်" ဟု ရှင်းပြပြောဆိုသွားခဲ့သည်။

သို့ပါသောကြောင့် ရေရှည်ခိုင်မာမှုရှိသည့်နိုင်ငံရေးအဖြေ သို့မဟုတ် အခွန့်ရှည်တည်တံ့သည့် ငြိမ်းချမ်းရေးသဘောတူညီချက်မျိုး မရရှိခဲ့ပါက တိုက်ပွဲများမရှိလျှင်ပင် နိုင်ငံရေးအခြေအနေ တည်ငြိမ်အေးချမ်းမှုရှိလိမ့်မည် မဟုတ်ကြောင်းဂရုပြုရန် အလွန်အရေးကြီးသည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှ ဘာသာရေးခေါင်းဆောင်တစ်ဦးက TNI ကို "လက်ရှိအချိန်မှာ တိုက်ပွဲတွေ ဖြစ်မနေတော့တဲ့အတွက် ကျနော်တို့ရဲ့ဒေသကို ငြိမ်းချမ်းသွားပြီလို့ မထင်လိုက်ပါနဲ့" ဟု သတိပေးပြောဆိုသွားခဲ့သည်။[၆၅] ရှမ်းပြည်နယ်တောင်ပိုင်းရှိ အချို့သောနယ်မြေဒေသများ၌ လက်နက်ကိုင်တိုက်ပွဲများကို လျှော့ချသွားရန်နှင့် အစိုးရယန္တရားများနှင့် ပေါင်းစည်းဆောင်ရွက်ရန်ဟူသည့် အကြောင်းပြချက်ဖြင့် ဒေသ



ရှမ်းပြည်နယ်တောင်ပိုင်းမှ သယ်ယူပို့ဆောင်ရေးမြင်ကွင်းတစ်ခု

ခံလက်နက်ကိုင် အဖွဲ့အစည်းများနှင့် မြန်မာ့တပ်မတော် ယာယီ အပစ်ရပ်ခဲ့ကြပြီးနောက်ပိုင်း ၁၉၈၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှုမြင့်တက်လာခဲ့သည်။[၆၆] ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း တပ်မတော်ထောက်ပံ့ပေးခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များက ဘိန်းစိုက်ပျိုးရေးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရေးတို့အပါအဝင် နယ်စပ်ဒေသတစ်ကြောခ၌ စီးပွားရေးအခွင့်အလမ်းသစ်များ ပေါ်ထွက်လာစေရန်လည်း အထောက်အကူပြုခဲ့သည်။[၆၇]

MOFF ညီလာခံက ဤသို့မှတ်ချက်ပေးခဲ့သည်။

> "ကျနော်တို့အားလုံးက ဆယ်စုနှစ်ပေါင်းများစွာ လက်နက်ကိုင်ပဋိပက္ခဒဏ်သင့်လာခဲ့တဲ့ နယ်မြေတွေမှာ နေထိုင်ကြပါတယ်။ ငြိမ်းချမ်းရေးမရဘဲ ကျနော်တို့ ဒေသဖွံ့ဖြိုးတိုးတက်လာအောင်လုပ်ဖို့ အရမ်းခက်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခက ဘိန်းစိုက်ပျိုးဖြစ်စေတဲ့အဓိကလက်သည်ကြီးဖြစ်နေတယ်။နှစ်အတော်ကြာတိုက်ပွဲတွေ မရှိခဲ့တဲ့ နေရာတွေမှာလည်း လက်နက်ကိုင်အဖွဲ့အစည်းတွေ အရမ်းများနေလို့ ငြိမ်းချမ်းမှုမရှိသေးပါဘူး။ တန်းတူညီမျှမှုမရှိသမျှ ဒီနိုင်ငံဟာ ဘယ်တော့မှငြိမ်းချမ်းလာမှာမဟုတ်ဘူး။အလားတူပဲငြိမ်းချမ်းမှု မရှိရင် ဖွံ့ဖြိုးတိုးတက်မှုလည်း ရှိလာမှာမဟုတ်တဲ့အတွက် ကျနော်တို့အနေနဲ့ ဘိန်းဆက်စိုက်နေရဦးမှာပါ။"[၆၈]

လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်ထွက်ပေါ်လာခဲ့သည့် နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ရမှုက လွိုင်လင်မြို့နယ်အတွင်း ဘိန်းစိုက်ပျိုးမှုစတင်ရန် အစပျိုးပေးခဲ့သည်။ ရွာသားတစ်ဦးက အောက်ပါအတိုင်းပြောဆိုသွားခဲ့သည်။

> "ကျနော်တို့ ငယ်ငယ်တုန်းကဆိုရင် ဘိန်းပင်ဆိုတာ မြင်ကိုမမြင်ဖူးခဲ့တာပါ။ ကျနော်တို့ဒေသက မျိုးရိုးစဉ်ဆက်လက်ဖက်နဲ့ သနပ်ဖက်ကိုပဲ စိုက်ပျိုးစားသောက်လာခဲ့ကြတာပါ။ ၁၉၈၈ ခုနှစ်မှာ တပ်မတော်ရဲ့[၆၉] 'ဖြတ်လေးဖြတ်' စစ်ဆင်ရေးကြောင့် တစ်ရွာလုံး ရွှေ့ပြောင်းနေရာချခံခဲ့ရပြီးနောက်ရွာသူရွာသားတွေဟာလေးနှစ်ကြာမှ ရွာကိုပြန်လာခွင့်ရခဲ့ကြတယ်။ ကျနော်တို့ပိုင် လက်ဖက်နဲ့ သနပ်ဖက်ခြံတွေအပါအဝင် တစ်ရွာလုံး ဖျက်ဆီးခံခဲ့ရတဲ့အတွက် အရာရာကို သုညကနေပြန်တည်ဆောက်ယူခဲ့ရတာပါ။ ဒီလိုအခြေအနေမျိုးမှာ မိသားစုရဲ့ ဝမ်းဗိုက်ဟောင်းလောင်းကို ကျွေးမွေးပြုစုပေးနိုင်မယ့် တစ်ခုတည်းသော ဝင်ငွေရသီးနှံက ဘိန်းပဲရှိတော့တယ်။"

***ဆင်းရဲနွမ်းပါးမှုနှင့် ခိုင်မာသည့် အခြားရွေးချယ်စရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကင်းမဲ့ခြင်း***

ကုန်းမြင့်တောင်တန်းနေရပ်ရွာအသိုက်အဝန်း အများအပြားအတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် အခြားရွေးချယ်စရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကင်းမဲ့နေခြင်းနှင့် ဘိန်းစိုက်ပျိုးမှု တိုက်ရိုက်အချိုးကျနေခြင်းသည်ငြင်းဆန်၍ မရသည့် အမှန်တရားတစ်ခု ဖြစ်သည်။ မြေကေ အနည်းအကျဉ်းထက်ပို၍ လက်လှမ်းမီအသုံးပြုနိုင်ရန် ခဲယဉ်းလှသည့် ဘိန်းတွင်တွင်ကျယ်ကျယ် စိုက်ပျိုးလျက်ရှိသည့် နယ်မြေဒေသများရှိ တောင်သူအများစုအတွက် ဘိန်းသည် အဓိကဝင်ငွေရသီးနှံအဖြစ် ဆက်ရှိနေဦးမည်ဖြစ်သည်။ ဘိန်းမှရရှိသည့် ဝင်ငွေများကို အများအားဖြင့် အစားအစာနှင့် အခြားအိမ်သုံးပစ္စည်းများကို ဝယ်ယူဖြည့်တင်းရန်နှင့် သားသမီးများ၏ ပညာရေးကိုထောက်ပံ့ရန် အသုံးပြုလေ့ရှိသည်။ ဟိုပုံးမြို့နယ်မှ ပအိုဝ်းအမျိုးသမီးတစ်ဦးက –

"ဘိန်းမစိုက်ခင်တုန်းကတော့ သနပ်ဖက် စိုက်ခဲ့ပါတယ်။ ဘိန်းတစ်ပိဿာရောင်းရင် မြန်မာကျပ် ၆ သိန်းကနေ ၇ သိန်း [အမေရိကန်ဒေါ်လာ ၄၅၀–၅၅၀ ခန့်][၇၀] နီးပါးရပေမယ့် သနပ်ဖက်တစ်ပိဿာ ရောင်းရငွေက မြန်မာငွေ ၃၀၀၀ သို့မဟုတ် ၄၀၀၀ ကျပ် [အမေရိကန်ဒေါ်လာ ၂.၅၀–၃.၀၀ခန့်]လောက်ပဲရတယ်။သနပ်ဖက်စိုက်နေတုန်းက မိသားစုစားဖို့မလုံလောက်ခဲ့တဲ့အတွက် ဘိန်းကိုစပြီး စိုက်ဖြစ်သွားခဲ့တာပါ" ဟု ပြောဆိုသွားခဲ့သည်။

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်မှ နောက်ထပ်တောင်သူတစ်ဦးကလည်း ဘိန်းစိုက်ရာမှရရှိသည့် ၎င်းတို့၏ဝင်ငွေများက ဘော်ဒါဆောင်စရိတ်များ အားလုံးကို ကာမိစေခြင်းမရှိသော်လည်း၎င်းတို့၏သားသမီးများပူတာအိုသို့မဟုတ် မြစ်ကြီးနားမြို့ပေါ်ရှိ အထက်တန်းကျောင်းများ၌တက်ရောက် ပညာသင်ယူနိုင်စေမည့် ငွေကြေးများကို ထောက်ပံ့ပေးလျက်ရှိသဖြင့် ဘိန်းစိုက်ရခြင်းဖြစ်သည်ဟု ၎င်းပြောဆိုသွားခဲ့သည်။ အများအားဖြင့် ဤဒေသနေသူများအကြား အနည်းအကျဉ်းခန့်သည်သာလျှင် တရားဝင်သီးနှံများ သို့မဟုတ် ဘိန်းကို အကြီးအကျယ်စိုက်ပျိုးနိုင်သည့် အရင်းအမြစ်များကို ပိုင်ဆိုင်ကြသည်။

ကချင်ပြည်နယ် ကန်ပိုင်တီမြို့ခံ အမျိုးသားတစ်ဦးက "ရွာသားတွေက သူတို့ရဲ့အိမ်သုံးစရိတ်ရဖို့နဲ့ ကလေး



ရှမ်းပြည်နယ်တောင်ပိုင်းမှ ကျေးရွာစာသင်ကျောင်းတစ်ခု

တွေကို ကျောင်းထောက်နိုင်ဖို့လောက်ပဲ တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြတာပါ။ တရုတ်တွေနဲ့ အရင်းအနှီးကြီးကြီးမားမား လက်လှမ်းမီနိုင်သူတွေလောက်ပဲ ဘိန်းကိုစီးပွားဖြစ် ရည်ရွယ်ချက်တွေနဲ့ အကြီးအကျယ်စိုက်ပျိုးကြတာပါ” ဟု ပြောဆိုသွားခဲ့သည်။

မိမိတို့ ရှင်သန်ရေးအတွက် မရှိလျှင်မဖြစ်သည့် အခြေခံလိုအပ်ချက်များ ပြည့်မီစေရန်သာ ဘိန်းစိုက်ကြရသည့် တောင်သူအများစုနှင့်မတူဘဲ ရှမ်းပြည်နယ်တောင်ပိုင်းမှ လူငယ်တစ်ဦးက ဤသို့ပြောဆိုသွားခဲ့သည်။

> “လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျနော်မိန်းမယူလိုက်ပြီးတဲ့နောက် ပအိုဝ်းထုံးစံအရ တစ်အိုးတစ်အိမ်ထူထောင်ဖို့ မိဘတွေဆီကနေ အိမ်ခွဲနေဖို့ထွက်လာခဲ့ရတယ်။ ကျနော့်မိဘတွေက ကျနော်တို့အတွက် အိမ်အသစ်တစ်လုံး ကူဆောက်ပေးဖို့ မတတ်နိုင်ကြတဲ့အတွက်မိသားစုကို ကျွေးမွေးပြုစုဖို့ ပိုက်ဆံရှာတဲ့အနေနဲ့ ဘိန်းကိုစပြီး စိုက်ပျိုးဖြစ်ခဲ့တာပါ။”

ရှမ်းပြည်နယ်မြောက်ပိုင်းနေ မိသားစုအများအပြားသည်အရေးပေါ်ကျန်းမာရေး သို့မဟုတ် အစားအစာကဲ့သို့သောမမျှော်လင့်မထားသည့် သို့မဟုတ် ကြီးကြီးမားမား အသုံးစရိတ်များ ပေါ်ပေါက်လာပါက ခုသာခံသာရှိစေရန် အရေးပေါ်စုငွေအဖြစ် ဘိန်းကိုသိုလှောင်သိမ်းဆည်းထားလေ့ရှိသည်။ ကွတ်ခိုင်မြို့ခံတစ်ဦးက –

> “အရေးပေါ် ကျန်းမာရေးကိစ္စတွေနဲ့ ကလေးတွေရဲ့ ကျောင်းစရိတ်လို အရေးပေါ်အသုံးစရိတ်တွေ ပေါ်လာတဲ့အခါ ထေမိကာမိစေဖို့အတွက် မိသားစုတော်တော်များများက ဘိန်းကို အရန်စုငွေအဖြစ်လည်းသိမ်းထားတတ်ကြတယ်။ အထူးသဖြင့် ရှမ်းမြောက်ဒေသက ဘိန်းစိုက်တောင်သူတွေဟာ အနာဂတ်မှာ ပေါ်ပေါက်လာမယ့် မမျှော်နိုင်တဲ့ အသုံးစရိတ်တွေအတွက် ရည်ရွယ်ပြီးတော့ လတ်လတ်ဆတ်ဆတ် ခြစ်ယူခဲ့တဲ့ ဘိန်းစိမ်းတွေထဲက တစ်ချို့တစ်ဝက်ကို မြေကြီးထဲတူးပြီး မြှုပ်ထားလေ့ရှိတယ်။ ဒီလိုအခင်းအကျင်းတွေ ရှိနေတဲ့အရပ်ဒေသမှာ ဘိန်းစိုက်ပျိုးတာက တိုင်းရင်းသားလူထုလူတန်းစားတွေအတွက် အသက်ရှင်ရပ်တည်နိုင်စေမယ့်အကူအညီရယူသလိုမျိုးသို့မဟုတ်အသက်အာမခံဝယ်ထားသလိုမျိုး ဖြစ်နေပါတယ်” ဟု ရှင်းပြပြောဆိုသွားခဲ့သည်။

## *မြေယာလက်လှမ်းမီအသုံးပြုနိုင်မှု*

ဘိန်းစိုက်ပျိုးဖြစ်စေရန် မောင်းနှင်ပေးလျက်ရှိသည့်နောက်ထပ် အဓိကအကြောင်းရင်းတစ်ခုမှာ ဦးသိန်းစိန်အစိုးရလက်ထက် (၂၀၁၁–၂၀၁၆) ၌ စတင်ခဲ့သည့် မြန်မာနိုင်ငံ၏ အရပ်သားတစ်ပိုင်း စစ်အစိုးရခေတ်အတွင်း အရှိန်မြင့်ဖော်ဆောင်လာခဲ့သည့် စီးပွားရေးနှင့် ဥပဒေပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကြောင့်ဖြစ်သည်။ အဆိုပါပြုပြင်ပြောင်းလဲမှု လုပ်ငန်းများနှင့်အတူ မြေသိမ်းယာသိမ်းကိစ္စရပ်များ ပိုမိုပေါ်ပေါက်လာခဲ့သည်။ အကြီးစားစိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုများနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုမရှိသည့် သဘာဝသယံဇာတအရင်းအမြစ် အလွန်အကျွံထုတ်ယူသုံးစွဲမှုများကို မျက်နှာသာပေးထားသည့် ဥပဒေနှင့် မူဝါဒအသစ်များကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီးနောက်ပိုင်း ရပ်ရွာဒေသများ၌ဤကဲ့သို့သောမြေယာလုယူမှုများအလုံးအရင်းဖြင့်ပေါ်ပေါက် လာခဲ့ခြင်းဖြစ်သည်။[၇၁]

အရေးအကြီးဆုံးအချက်တစ်ခုမှာ တိုင်းရင်းသားရပ်ရွာအသိုက်အဝန်းများ၌ ကျင့်သုံးလျက်ရှိသည့် ဓလေ့ထုံးတမ်းစဉ်လာ မြေယာအခွင့်အရေးများကို အဆိုပါဥပဒေသစ်များနှင့် စီမံကိန်းများက အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။ မြေယာလက်လွှတ်ဆုံးရှုံးခဲ့ကြရသူများသည် အများအားဖြင့် ရွေးချယ်စရာမရှိဘဲ မြေမဲ့ယာမဲ့ နေ့စားအလုပ်သမားများ သို့မဟုတ် ပို၍ဝေးလံခေါင်ဖျားသည့် တောတောင်များသို့ဝင်၍ ဘိန်းစိုက်ကြသူများ ဖြစ်လာတော့သည်။[၇၂] ထို့အပြင် ကျေးလက်စီးပွားရေးကို သွင်းအားစုနည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးမှသည် နိုင်ငံခြားပို့ကုန်အတွက် သွင်းအားစုအလွန်အကျွံ သုံးစွဲရသည့် အကြီးစားစိုက်ပျိုးရေးဆီသို့ အလျင်အမြန် ကူးပြောင်းသွားခြင်းကလည်းတောင်သူ အသိုက်အဝန်းများအကြားရှိ ထိခိုက်နိုင်ခြေအမြင့်ဆုံး လူထုလူတန်းစားများအတွက် ဆိုးရွားပြင်းထန်လှသည့် အကျိုးဆက်များကို ဆောင်ကျဉ်းလာခဲ့ပြီး အကြွေးသံသရာ၌ တဝဲလည်လည်ဖြင့် ပို၍ဆင်းရဲတွင်းနက်သွားစေခဲ့သည်။[၇၃]

MOFF ၏ ၂၀၁၉ ခုနှစ် သဘောထားထုတ်ပြန်ချက်အတွင်း –

> “ကျနော်တို့ထဲက တစ်ချို့ဟာ အခြားသီးနှံစိုက်ပျိုးစားသောက်နိုင်မယ့် မြေယာမရှိကြတဲ့အတွက်သာ ဘိန်းစပြီးစိုက်ခဲ့ကြရသူတွေဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်က



ကယားပြည်နယ်ရှိ ကုန်းမြင့်တောင်ယာစိုက်ပျိုးရန် ပြင်ဆင်နေကြသည့်တောင်သူများ

ဒေသခံတောင်သူတွေရဲ့ ကျေးရွာပေါင်း ၁၂ ရွာနဲ့ စိုက်ပျိုးမြေကေပေါင်း ၃၀၀၀ ကျော်ကို ရေလွှမ်းပစ်ခဲ့တဲ့ မိုးဗြဲရေကာတာ (၁၉၆၄–၁၉၇၀) တည်ဆောက်မှုကြောင့် ပထမဦးဆုံးအကြိမ်အနေနဲ့ ကိုယ့်ရဲ့မြေယာတွေကို လက်လွှတ်ဆုံးရှုံးခဲ့ရသလို ၁၉၈၀ ပြည့်လွန်နှစ်တွေမှာ တပ်မတော်ဖော်ဆောင်သွားခဲ့တဲ့ 'ဖြတ်လေးဖြတ်' စစ်ဆင်ရေးကာလအတွင်း ဒုတိယအကြိမ်ထပ်မံဆုံးရှုံးခဲ့ရပြီး နောက်ဆုံးအကြိမ်အနေနဲ့ ၁၉၉၁ ခုနှစ်အရောက်မှာ တပ်စခန်းသစ်တွေ တည်ဆောက်ဖို့လိုတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ တပ်မတော်ဖက်ကကေ ၆၀၀၀ ကျော် သိမ်းယူသွားခဲ့ပြန်တယ်။ အဲဒါတွေပြီးလို့သိပ်မကြာခင်မှာပဲ အစိုးရက အောင်ပန်း–လွိုင်ကော်ရထားလမ်း ဖောက်လုပ်ဖို့အတွက် မြေအများအပြားကို ထပ်ပြီးသိမ်းသွားခဲ့တယ်။ ရလဒ်အနေနဲ့နေရပ်စွန့်ခွာခဲ့ကြရတဲ့ တောင်သူတွေဟာ ကိုယ့်ရဲ့ဆွေမျိုးသားချင်းတွေရှိရာ အခြားကုန်းမြင့်ကျေးရွာတွေဆီကို ပြောင်းရွှေ့ခဲ့ကြရပြီး နယ်ခံအိမ်ရှင်တွေရဲ့ မြေတွေပေါ်မှာ ကပ်ပြီးလုပ်ကိုင်စားသောက် ခဲ့ကြရပါတယ်။ ဒီဒေသတစ်ကျောက ဘိန်းကောင်းကောင်းစိုက်ပျိုးဖြစ်ထွန်းနိုင်တဲ့ ရေခံမြေခံ ရှိနေတဲ့အတွက် ဘိန်းစိုက်ပျိုးဖို့ ကျနော်တို့စလုပ်ခဲ့ကြပါတယ်။ ချုပ်ပြီးပြောရရင် အခြားရွေးချယ်စရာ မယ်မယ်ရရမရှိတဲ့ တောင်သူတွေဟာ ဘိန်းစိုက်ပျိုးရေးကိုပဲ ရွေးချယ်ခဲ့ရတော့တာပေါ့ဗျာ။ အခြားဘိန်းစိုက်ဒေသတွေကလည်း အလားတူကံကြမ္မာမျိုး ရင်ဆိုင်ကြုံတွေ့ ခဲ့ကြတာပါပဲ" ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သည်။[၇၄]

## ကြိုတင်ချေးငွေလက်လှမ်းမီနိုင်မှု

ဆင်းရဲနွမ်းပါးသည့် တောင်သူများအနေဖြင့် စိုက်ပျိုးရေးအရင်းအနှီးအဖြစ် ကြိုတင်ချေးငွေများကို လက်လှမ်းမီရရှိပါက ၎င်းတို့ပိုင်လယ်ယာမြေများ၏ထုတ်လုပ်နိုင်စွမ်း မြင့်တက်လာပြီး ဆင်းရဲတွင်းမှ လွတ်မြောက်နိုင်ကြောင်း

ယေဘုယျအားဖြင့် လက်ခံအသိအမှတ်ပြုကြသော်လည်း မြန်မာနိုင်ငံ၏ ကုန်းမြင့်တောင်တန်းဒေသနေ တောင်သူများအတွက် အတိုးနှုန်းသက်သက်သာသာဖြင့် ကြိုတင်ချေးငွေများရယူနိုင်ရန် များစွာစိန်ခေါ်မှု ရှိနေဆဲဖြစ်သည်။ ငွေကြေးအဖွဲ့အစည်းများနှင့် ပတ်သက်သည့် အစိုးရဥပဒေများအရကြိုတင်ချေးငွေရယူရာတွင်အိမ်ခြံမြေသော်လည်းကောင်းသတ်မှတ်ကြိုတင်သွင်းငွေ ပမာဏတစ်ခုကိုသော်လည်းကောင်း အပေါင်ခံထားရန် လိုအပ်ခြင်းက တစ်ပိုင်တစ်နိုင်တောင်သူများအား စီးပွားရေးဘဏ်များမှ ချေးငွေရယူနိုင်ခြင်း မရှိစေရန် ပိတ်ပင်တားဆီးလျက်ရှိသည်။

မြန်မာတောင်သူများအတွက် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဖော်ဆောင်လျက်ရှိသည့် "မြစိမ်းရောင်" စီမံကိန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စီမံခန့်ခွဲလျက်ရှိသည့် စိုက်ပျိုးစရိတ်ချေးငွေအစီအစဉ် ဟူသည့်အစိုးရ၏ ချေးငွေအစီအစဉ်နှစ်ခု ရှိနေသည်။ သို့သော်လည်း စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိဟူသည့်အကြောင်းပြချက်ကြောင့် ဘိန်းစိုက်ပျိုးလျက်ရှိသည့် ကျေးရွာအများစု အကျုံးဝင်ခြင်းမရှိဘဲ ဖယ်ထုတ်ခံခဲ့ရသည်။ ဥပမာအားဖြင့် မြစိမ်းရောင်စီမံကိန်းအောက်မှ ချေးငွေများရယူနိုင်ရန် လျှောက်ထားလာသည့် ကျေးရွာအနေဖြင့် အနည်းဆုံးအိမ်ခြေ (၈၀) နှင့်အထက်ရှိရန် လိုအပ်သည်ဟူသည့် စည်းကမ်းချက်က အရွယ်အစားအားဖြင့်သေးငယ်၍ ဝေးလံခေါင်ဖျားသည့် တောင်တန်းများပေါ်၌ ပြန့်ကျဲတည်ရှိနေကြသည့် ဘိန်းစိုက်တောင်သူများ၏ ကျေးရွာအများစုကို အလိုအလျောက် ဖယ်ထုတ်ပြီးသားဖြစ်နေခဲ့သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြေယာမှတ်ပုံတင်ပုံစံရှိကြသည့် မြေနိမ့်ဒေသလယ်ပိုင်ရှင် တောင်သူများကိုသာ ချေးငွေထုတ်ပေးခဲ့သဖြင့် မြေယာမှတ်ပုံတင်မရှိဘဲ ဓလေ့ထုံးတမ်းစဉ်လာ မြေယာစီမံခန့်ခွဲမှုစနစ်များကို ကျင့်သုံးနေကြဆဲဖြစ်သည့် တောင်တန်းကျေးရွာများကို မျှော်လင့်ချက် ကင်းမဲ့သွားစေခဲ့သည်။ နောက်ဆက်တွဲရလဒ်အဖြစ် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသည့် ဘိန်းစိုက်တောင်သူအများအပြားသည် မြင့်မားလှသည့် ၅% မှသည် ၂၀% အထိ လစဉ်အတိုးပေးကြရသည့် ပြင်ပငွေတိုးချေးစားသူများကိုသာ မှီခိုအားထားလာရတော့သည်။

အသေးစားငွေတိုးချေးစားသည့် ပြင်ပစနစ်များ၏ အတိုးနှုန်းသည် ငွေတိုးပေးသူနှင့် ငွေချေးယူသူအကြား ယုံကြည်မှု၊ အပြန်အလှန်ဆက်ဆံရေးနှင့် ဆွေမျိုးတော်စပ်မှုကဲ့သို့သော အချက်များအပေါ်မူတည်၍ ကွာခြားသွားလေ့ရှိသည်။ အများအားဖြင့် ဆွေမျိုးသားချင်းများထံမှ ချေးငွေရယူမှုကို အကောင်းဆုံးရွေးချယ်စရာအဖြစ် သဘောထားကြလေ့ရှိသည်။ အပေါင်ခံစရာမလိုသည့် မြို့ပေါ်နေကုန်သည်များထံမှ ချေးငွေရယူမှုသည် အတိုးနှုန်းအမြင့်ဆုံးဖြစ်ပြီး အချို့သည် လစဉ်တိုး ၂၀% အထိ ပေးချေကြရသည်။ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နေ ဘိန်းစိုက်တောင်သူရှမ်းအမျိုးသမီးတစ်ဦးက ဘိန်းစိုက်ရန် လိုအပ်သည့် အရင်းအနှီးရရှိစေရန် ဆွေမျိုးသားချင်းများထံမှ ငွေချေးခဲ့ရသည့်၎င်း၏ဇာတ်လမ်းကို ဤသို့ပြင်ပြောင်းပြောဆိုသွားခဲ့သည်။

"မနှစ်တုန်းက ဘိန်းစိုက်ဖို့ အရင်းအနှီးလိုတဲ့အတွက် ဦးလေးတို့မိသားစု ဆီကနေ ဆယ်သိန်းလောက် (အမေရိကန်ဒေါ်လာ ၆၀၀ ခန့်) ချေးယူခဲ့ရတယ်။ ပုံမှန်အားဖြင့်တော့ ကျမတို့အနေနဲ့ လာမယ့်ရာသီမှာ အရင်းအနှီးပြန်လုပ်ဖို့အတွက် ရှေ့နှစ်က ဘိန်းရောင်းရငွေတွေကို သပ်သပ်ဖယ်ထားနိုင်ကြပါတယ်။ ဒါပေမယ့် ရှေ့၂ နှစ်စလုံးရဲ့ ဘိန်းခြစ်ရာသီမှာ အချိန်အခါမဟုတ်ဘဲဘိန်းစေးအများစုပါသွားအောင် ရွာချသွားခဲ့တဲ့မိုးဒဏ်ကြောင့် ပုံမှန်ခြောက်ပိဿာ (၉.၆ ကီလို) ရနေ



ပြောင်းဖူးစေ့ခြွေနေသည့် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသမှ အာခါအမျိုးသမီးတစ်ဦး

ကျကျမရဲ့ဘိန်းခင်းကသုံးပိဿာ(၄.၈ကီလို)လောက် အထွက်နှုန်းကျသွားခဲ့ရတယ်။ ကျမတို့က အရမ်းနီး စပ်တဲ့ ဆွေမျိုးသားချင်းတွေဖြစ်ကြသလို အခက်ခဲ ဆုံးအချိန်တွေမှာ အပြန်အလှန်ကူညီနေကျမို့ ဦးလေး ကကျမချေးယူထားတဲ့ ငွေအတွက် လစဉ်တိုး ၃% ပဲ တောင်းခဲ့တာပါ။ ပြီးခဲ့တဲ့ ရာသီအကုန်ပိုင်း ဘိန်းခြစ် ယူပြီးတဲ့နောက် ဦးလေးကို ပေးစရာရှိတဲ့အထဲက ၅၀၀၀၀၀ ကျပ်ကို (ယူထားတဲ့အ ကြွေးတစ်ဝက်) ပြန် ဆပ်ခဲ့ပြီးတော့ ကျန်တစ်ဝက်ကိုတော့ ဒီနှစ်အကုန် လောက်မှာ ပြန်ဆပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါ တယ်။လစဉ်ဦးလေးကိုပေးရတဲ့အတိုးနှုန်းကအသက် သာဆုံးဆိုပေမယ့်လည်း ကျမက အကြွေးအားလုံးကို အမြန်ပြန်ဆပ်ချင်နေတော့ ဘိန်းကိုနှစ်သီးစိုက်ဖြစ်ခဲ့ တယ်။အပြင်ကငွေတိုးချေးစားတဲ့သူတွေဆီမှာအတိုး အများကြီးနဲ့ ချေးယူကြရတဲ့ ဆင်းရဲသားဘိန်းစိုက် တောင်သူတွေအတွက် စဉ်းတောင်မစဉ်းစားရဲတော့ ဘူး။ ဈေးနှုန်းအတက်အကျဖြစ်တာ သီးထွက်မကောင်း တာ သို့မဟုတ် ရဲတွေဘိန်းခင်း လာဖျက်တာတွေကို ကြုံတွေ့ခဲ့ရတဲ့အတွက် ငွေကြေးအခက်အခဲဖြစ်သွား ပြီဆိုတာနဲ့ ဆင်းရဲနွမ်းပါးကြတဲ့ ဒီတောင်သူတွေရဲ့ ဘဝဟာ အကြွေးသံသရာကနေ ဘယ်လိုမှလွတ် မြောက်နိုင်ဖို့ လမ်းစမရှိတော့ပါဘူး။”

ကျေးလက်လူထုလူတန်းစားများကို အသေးစား ချေးငွေဝန်ဆောင်မှု ပေးအပ်နိုင်ခြင်းမရှိစေရန် ငွေကြေး အဖွဲ့အစည်းများကို ပိတ်ပင်တားဆီးထားသည့် အထက်ပါ အတားအဆီးများရှိနေလင့်ကစား ဘိန်းစိုက်တောင်သူများ သည် ပြင်ပချေးငွေအရင်းအမြစ်ပေါင်းများစွာကို လွယ်လင့် တကူလက်လှမ်းမီနေကြဆဲဖြစ်သည်။ပုဂ္ဂလိကငွေတိုးချေး စားသူများသည် ငွေရင်းပျောက်မည့် အရဲစွန့်ရမှုအန္တရာယ် ပို၍နည်းပါးသဖြင့် တရားဝင်သီးနှံ စိုက်ပျိုးကြသည့် တောင် သူများထက်စာလျှင်ဘိန်းစိုက်ပျိုးကြမည့်တောင်သူများကို ချေးငွေပေးအပ်ရန် ပို၍ အာသီသရှိကြသည်။ အခြားတစ် ဖက်တွင်လည်း အခြားသီးနှံအများစုထက်စာလျှင် စိုက်ပျိုး ကာလပို၍ တိုတောင်းသလို ဘိန်းစိမ်းပေါက်ဈေးများ ပို၍ တည်ငြိမ်မှုရှိခြင်းကလည်း အကြောင်းရင်းတစ်ခုဖြစ်နေခဲ့ သည်။ အချို့သော ပုဂ္ဂလိကငွေတိုးချေးစားသူများသည် တောင်သူများအကြွေးပြန်ဆပ်ရန် ငွေကြေးမတတ်နိုင်ပါက ဘိန်းစိမ်းအချို့ကို အစားထိုးယူလေ့ရှိသည်။ ဤကဲ့သို့သော ချေးငွေများ၏ လက်ရှိအတိုးနှုန်းပေါက်ဈေးသည် ၅% နှင့် ၁၀% အကြားရှိနေပြီး ငွေတိုးပေးသူနှင့် ချေးငှားသူအကြား လူမှုရေးအရ ဆက်ဆံရေးကောင်းမွန်မှု အတိုင်းအတာပေါ် မူတည်၍ ကွာခြားသွားလေ့ရှိသည်။ ဤအချက်ကို ရှမ်း ပြည်နယ်တောင်ပိုင်းဒေသရှိ ဆီဆိုင်မြို့နယ်၌ နေထိုင် လျက်ရှိသည့် ဘိန်းစိုက်တောင်သူတစ်ဦးက အောက်ပါ အတိုင်း အတည်ပြုပြောဆိုသွားခဲ့သည်။

“ဘိန်းစိုက်ဖို့ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် လအနည်းငယ် အတွင်း ဘိန်းခြစ်ယူပြီး အကြွေးပြန်ဆပ်နိုင်မှန်း သူတို့ သိကြတဲ့အတွက် ကုန်သည်တွေဆီကနေဖြစ်စေ တစ် ခြားတစ်ယောက်ယောက်ဆီကနေဖြစ်စေ ငွေချေးရ တာကျနော်တို့အတွက် သိပ်မခက်ပါဘူး။ တစ်ခြား သီးနှံတွေထက်စာရင် ဘိန်းဈေးက ပိုပြီးတည်ငြိမ်မှု ရှိတဲ့အတွက် ငွေရင်းပျောက်သွားမှာကို သူတို့အနေနဲ့ စိုးရိမ်စရာ မလိုပါဘူး။ ကျနော်တို့ရဲ့ (ဘိန်းမဟုတ် သည့်) စိုက်ပျိုးရေး ထုတ်ကုန်တွေက အမြဲတမ်းလိုလို ဈေးနှိမ်ခံရလေ့ ရှိပါတယ်။ တစ်လနှစ်လလောက် လှောင်ထားနိုင်မယ်ဆိုရင် ပိုပြီးဈေးကောင်းရနိုင်မှန်း ကျနော်တို့ သိကြပေမယ့် အကြွေးပြန်ဆပ်ဖို့လိုတဲ့ အတွက်ရိတ်သိမ်းပြီးတာနဲ့ချက်ခြင်းလိုလိုပြန်ရောင်း ရတာပါပဲ။ ဗိုက်ဟောင်းလောင်းနဲ့ ကျနော်တို့ အကြာ ကြီးမစောင့်နိုင်ဘူးလေ။”

## *ရိုးရာအစဉ်အလာနှင့် ဆေးဝါးရည်ရွယ်ချက်များ အတွက် ဘိန်းအသုံးပြုမှု*

အသက်မွေးဝမ်းကျောင်းအလုပ်နှင့်ဝင်ငွေရင်းမြစ် တစ်ခုအဖြစ်လုပ်ကိုင်စားသောက်မှုအလွန်အခြားတစ်ဖက် ၌ကုန်းမြင့်တောင်တန်းနေ လူထုလူတန်းစားများဖြစ်ကြ သည့် ကျွန်ုပ်တို့အများအပြားအတွက် ဘိန်းစိုက်ပျိုးမှုနှင့် အသုံးပြုမှုသည် အများအားဖြင့် ကျွန်ုပ်တို့၏ ရိုးရာအစဉ် အလာနှင့် ယဉ်ကျေးမှုအတွင်း နက်နက်ရှိုင်းရှိုင်း အမြစ် တွယ်လာခဲ့ခြင်းဖြစ်သည်။ ဘိန်းကို လူသားဖြစ်တည်မှု သမိုင်းကြောင်းတစ်လျှောက် စိုက်ပျိုးလာခဲ့သည့် ရှေးအကျ ဆုံးသီးနှံ သို့မဟုတ် ယဉ်ကျေးမှုအစဉ်အလာလာ ဆေးဝါး တစ်ခုအဖြစ် ရည်ညွှန်းပြောဆိုနိုင်ပါသည်။ အများအားဖြင့် ကျန်းမာရေးအခြေခံ အဆောက်အအုံများနှင့် ဝေးကွာ၍ ဝေးလံခေါင်ဖျားလှသည့် အရပ်ဒေသများ၌ မှီတင်းနေထိုင် လျက်ရှိသည့် လူထုလူတန်းစားများသည် ကိုယ်ပူဖျားနာ ခြင်း၊ ဝမ်းလျှောဝမ်းပျက်ခြင်း၊ ဝမ်းကိုက်ခြင်း၊ ကိုက်ခဲခြင်း

နှင့် ချောင်းဆိုးခြင်းကဲ့သို့သော ရောဂါဝေဒနာများကို ပြုစုကုသရာတွင်သာမက ဆာလောင်မှုကို ဖြေလျှော့ရန်အတွက် ပါဘိန်းကို အစဉ်အဆက်တန်ဖိုးထား အသုံးပြုလာခဲ့ကြသည်။

တွေ့ဆုံမေးမြန်းခဲ့သည့် နာဂတိုင်းရင်းသားများက ၎င်းတို့အနေဖြင့် ကြက်သွန်ဖြူအတွင်း ဘိန်းကိုထည့်၍ မီးကင်ကာစားသုံးခြင်းဖြင့် ဆိုးရွားပြင်းထန်လှသည့် သွေးဝမ်းသွားသည့်ဝေဒနာကို ကုသပျောက်ကင်းစေခဲ့သလို ထိခိုက်ဒဏ်ရာရခဲ့ပါက သွေးတိတ်စေရန်အတွက် ကွဲရှသည့် ဒဏ်ရာအပေါ် ဘိန်းကို သိပ်ထည့်လိမ်းကျံလေ့ရှိသည်ဟု ပြန်ပြောင်းပြောပြခဲ့သည်။ ထို့အပြင် ရှမ်းပြည်နယ်၌ တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးများကလည်း ဘိန်းကိုအလွန်ထိရောက်သည့် တိုင်းရင်းဆေးဝါးတစ်လက်အဖြစ် တန်ဖိုးထားအသုံးပြုလာခဲ့ကြောင်း ပြန်ပြောင်းပြောပြခဲ့ကြသည်။ ဘိန်းစိုက်သည့် အမျိုးသမီးတစ်ဦးက –

> “ဘိန်းဆိုတာ ကျမတို့အတွက် မရှိရင်မဖြစ်တဲ့ အခြေခံဆေးဝါးတစ်ခုလို ဖြစ်နေတဲ့အတွက် ဘိန်းကိုဆက်ပြီး စိုက်ပျိုးချင်နေကြတာပါ။ ကျမတို့တွေက ခေတ်ပေါ်ဓာတုဆေးဝါးတွေကို အသုံးမပြုရဲကြပါဘူး။ လူတွေအပြင် ကျွဲတွေနွားတွေ ဖျားနာလာတဲ့အခါမှာလည်း ဘိန်းကိုပဲသုံးပြီး ကုသပေးနိုင်ပါတယ်။ ကလေးတွေဖျားနာကြတဲ့အခါ သို့မဟုတ် ထိခိုက်အနာတရဖြစ်တဲ့အခါတွေမှာလည်း ဘိန်းကိုပဲရေဖျော်ပြီး လိမ်းပေးလိုက်ရင် သက်သာသွားလေ့ရှိတယ်။ ကျမတို့တွေကိုယ်လက်ကိုက်ခဲနာကျင်လာတဲ့အခါမှာလည်းဘိန်းကိုရေဖျော်သောက်လိုက်တာနဲ့ ပျောက်သွားတာပဲ။ ဝမ်းလျှောဝမ်းပျက်ဖြစ်တာကို ကုသဖို့လည်း ဘိန်းကို အသုံးပြုလို့ရပါတယ်။ လတ်ဆတ်တဲ့ဘိန်းနဲ့ ခေတ်ပေါ်ဓာတုအခြေခံဆေးဝါးတွေရဲ့ အာနိသင်ချင်းမတူပါဘူး။ လတ်ဆတ်တဲ့ဘိန်းဟာ ဆေးဝါးတစ်ခုအနေနဲ့ အရမ်းအသုံးတည့်ပါတယ်။ ဒါကြောင့် ဘိန်းကိုလည်း တစ်ခြားသီးနှံတွေလို တရားဝင်စိုက်ပျိုးလို့ရရင် အရမ်းကောင်းမှာပဲ” ဟု ဆွေးနွေးပြောဆိုသွားခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၌ တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသားတစ်ဦးက ရိုးရာတိုင်းရင်းဆေးဝါးတစ်လက်အဖြစ် ဘိန်း၏ တန်ဖိုးရှိပုံကို လိုရင်းတိုရှင်းဖြင့် “ဘိန်းဆိုတာက ကိုးဆယ့်ခြောက်ပါးရောဂါမှန်သမျှကို ကုသလို့ရတဲ့ ‘ဘုရားပေးတဲ့ဆေး’ (‘နတ်ဆေး’) တစ်လက်ပါပဲ” ဟုထိထိမိမိပြောဆိုသွားခဲ့သည်။

ဘိန်းရှူခြင်းနှင့် အသုံးပြုမှုကို ပုံမှန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုအပြင် ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုအဖြစ်ပါ သတ်မှတ်လက်ခံထားကြသည်။ အိမ်သစ်တက်ပွဲများ၊ ကောက်ရိတ်ပွဲတော်များ၊ မင်္ဂလာဆောင်များ၊ အရေးကြီးသည့် လူမှုရေးနှင့် စီးပွားရေးစေ့စပ်ညှိနှိုင်းမှုများ၊ နှစ်သစ်ကူးပွဲလမ်းသဘင်များနှင့် အသုဘအခမ်းအနားကဲ့သို့သော လူမှုရေးအခမ်းအနားများ၌ ရိုးရာအစဉ်အလာတစ်ခုလို ဘိန်းကိုအသုံးပြုလာခဲ့ကြသည်။ ထို့အပြင် သက်ကြီးရွယ်အိုများ၊ အရေးပါသည့် ဧည့်သည်များနှင့် မျိုးနွယ်စုခေါင်းဆောင်များအားကြိုဆို၍ လေးစားမှုရှိကြောင်း ဖော်ပြရာတွင်လည်း ဘိန်းဖြင့်တည်ခင်းဧည့်ခံတတ်ကြသည်။ နှစ်ပေါင်းများစွာ စိုက်ပျိုးလာခဲ့ပြီး အသက်မွေးဝမ်းကျောင်းရန်အတွက် မှီခိုအားထားလာခဲ့သည့် သမိုင်းကြောင်းနောက်ခံနှင့်အတူ ဘိန်းသည် တိုင်းရင်းသားမျိုးနွယ်စုများအကြား မျိုးဆက်ပေါင်းများစွာ လက်ဆင့်ကမ်းလာခဲ့ကြသည့် ကိုးကွယ်ယုံကြည်မှုများနှင့် လူမှုရေးအခမ်းအနားများ၏ မရှိလျှင်မဖြစ်သည့်အင်္ဂါရပ်တစ်ခု ဖြစ်လာခဲ့သည်။ ရှမ်းပြည်နယ်တွင်းရှိ ကုန်းမြင့်ဒေသများ၌ မှီတင်းနေထိုင်လျက်ရှိသည့် လူထုလူတန်းစားအများအပြား၏ ရာဇဝင်သမိုင်းများသည် ရိုးရာပုံပြင်များ၊ယဉ်ကျေးမှုဓလေ့စရိုက်များ၊ရိုးရာတိုင်းရင်းဆေးဝါးများနှင့် ဘိန်းအသုံးပြုမှုဆိုင်ရာ ယုံကြည်မှုအစွဲများဖြင့် ပြည့်နှက်လျက်ရှိသည်။ MOFF ကိုယ်စားလှယ်တစ်ဦးက –

> “ရှာသူရှာသားအတော်များများက ကိုယ့်ရဲ့သီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့ ကောင်းချီးပေးလာအောင် နတ်တွေကို ပူဇော်ပသတာတွေ၊ သတို့သမီးတင်တောင်းဖို့ ကွမ်းဖိုးပေးတာတွေ သို့မဟုတ် အသုဘအခမ်းအနားတွေနဲ့ မင်္ဂလာဆောင်ပွဲတွေအပါအဝင် အခြားအရေးကြီးတဲ့ပွဲလမ်းသဘင်တွေမှာ ဘိန်းကို တွင်တွင်ကျယ်ကျယ်ကို အသုံးပြုနေကြပါတယ်။ တောင်ပေါ်သားတွေလည်း အဆိပ်ပြင်းတဲ့မြွေတွေအပါအဝင် အခြားအဆိပ်ရှိတဲ့ ပိုးကောင်တွေ အနားမကပ်ရဲစေဖို့နဲ့ အကိုက်ခံရတဲ့အခါ အဆိပ်ဖြေဆေးအနေနဲ့ အသုံးပြုကြတဲ့အပြင် မကောင်းဆိုးဝါးတွေရန်က ကာကွယ်ပေးဖို့နဲ့ ကံကောင်းစေတဲ့ အဆောင်လက်ဖွဲ့အနေနဲ့လည်း တောထဲအမဲ လိုက်ချိန်တွေမှာ ဆောင်ထားတတ်ကြပါတယ်” ဟု ပြောဆိုသွားခဲ့သည်။



ကချင်ပြည်နယ်၌ ဘိန်းပင်ပေါက်လေးများကို လတ်လတ်ဆတ်ဆတ်စားသုံးနေကြပုံ

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ်မှ လားဟူ ဘိန်းစိုက်တောင်သူတစ်ဦးကလည်း ဘိန်းကို ဝင်ငွေရစေရန်တစ်ခုတည်းအတွက် မဟုတ်ဘဲ အခြားအရေးပါသည့် ယဉ်ကျေးမှုနှင့် ဆေးဝါးရည်ရွယ်ချက်များအတွက်ပါ ရည်ရွယ်၍စိုက်ပျိုးကြခြင်းဖြစ်သည်ဟုအတည်ပြုပြောဆိုသွားခဲ့သည်။

> "လားဟူနဲ့ အာခါမျိုးနွယ်စုတွေအတွက် ဘိန်းဆိုတာ ကငွေရှာပေးတဲ့ ဝင်ငွေရသီးနှံတစ်ခုဆိုတာထက်ပိုပြီး လေးနက်တဲ့အဓိပ္ပာယ်ရှိနေပါတယ်။ ကျနော်တို့အတွက် ဘိန်းဆိုတာက ရောဂါဝေဒနာပေါင်းများစွာကို ကုသပျောက်ကင်းစေနိုင်တဲ့ တိုင်းရင်းဆေးစွမ်းကောင်းတစ်လက်ဖြစ်နေပါတယ်။ နောက်ပြီးတော့ ကျနော်တို့က မင်္ဂလာဆောင်ပွဲတွေ၊ အသုဘအခမ်းအနားတွေ၊ အိမ်သစ်တက်ပွဲတွေနဲ့ အခြားလူမှုရေးဆိုင်ရာ ပွဲလမ်းသဘင်တွေမှာလည်း ဘိန်းကို လူမှုရေးအစဉ်အလာတစ်ခုလိုမျိုးအသုံးပြုလာခဲ့တာပါ။ ဘိန်းဆိုတာက ကျနော်တို့ရဲ့ လူမှုဘဝ၊ ကျနော်တို့ရဲ့ ယုံကြည်မှုနဲ့ ကျနော်တို့ရဲ့ ကိုးကွယ်ယုံကြည်မှု အစိတ်အပိုင်းတစ်ခုပါပဲ။"

ထို့အပြင် မိသားစုဝင်များ၏ ကျန်းမာရေးနှင့် ကြီးပွားတိုးတက်ရေးကို ကြည့်ရှုစောင်မပေးလျက်ရှိသည့် ဘိုးဘွားများ၏ဝိညာဉ်များနှင့်တောပိုင်တောင်ပိုင်နတ်များပျော်ရွှင်စေရန်အတွက်လည်း ဘိန်းဖြင့်ပူဇော်ပသလေ့ရှိကြောင်းကြားသိခဲ့ရသည်။ ဥပမာအားဖြင့် ကယန်းမျိုးနွယ်စုများက အမဲလိုက်ထွက်သည့်အခါ ဘိန်းကို ဆောင်ထားခြင်းသည် ကံကောင်းမှုများကို ဆောင်ကျဉ်းလာပြီး အဆိပ်ရှိသည့် တိရိစ္ဆာန်များနှင့် မကောင်းဆိုးဝါးများ၏ရန်မှလည်း အကာအကွယ်ရစေသည်ဟု လက်ခံယုံကြည်ထားကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်မှ ဘိန်းစိုက်တောင်သူကယန်းအမျိုးသားတစ်ဦးက –

> "ကျနော်တို့ကယန်းတွေ အမဲလိုက်ထွက်တဲ့အခါတိုင်း ဘိန်းနည်းနည်းလောက် ယူသွားလေ့ရှိတယ်။ တောထဲရောက်သွားတာနဲ့ ဘိန်းနည်းနည်း၊ ကွမ်းသီး၊ ဆေးရွက်ကြီးနဲ့ ခေါင်ရည်နည်းနည်းလောက်နဲ့ တောစောင့်နတ်ကို အရင်ဆုံးပူဇော်ပသတယ်။ ဒီလိုပူဇော်ပသပြီးရင်သားကောင်များများရအောင် အမဲလိုက်နိုင်သလို တောရိုင်းတိရိစ္ဆာန်သို့မဟုတ် တွားသွားကောင်တွေရဲ့

"...အကိုက်လည်းမခံရတော့ဘူး။ ဒီယုံကြည်မှုနဲ့ အလေ့အထကို မျိုးဆက်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းလာခဲ့ပြီး ဒီနေ့ခေတ်လူငယ်တွေလည်း ဆက်ပြီးကျင့်သုံးနေကြတုန်းပါပဲ" ဟု ပြောဆိုသွားခဲ့သည်။

အလားတူပင် စစ်ကိုင်းတိုင်းဒေသကြီး၏ မြောက်ဖက်ဒေသတစ်ကြော ပျံ့နှံ့နေထိုင်လျက်ရှိသည့် နာဂမျိုးနွယ်စုများသည်လည်း ဘိန်းကို ၎င်းတို့၏ ယဉ်ကျေးမှုနှင့် ရိုးရာအစဉ်အလာများ၏ အရေးပါသည့် အစိတ်အပိုင်းတစ်ခုအဖြစ်မှတ်ယူထားကြသည်။ သတို့သမီးနှင့် သတို့သားဖက်မှနှစ်ဖက်ဆွေမျိုးသားချင်းများသည် အတူတကွဘိန်းရှူ၍ ကွမ်းဖိုးမည်ရွေ့မည်မျှ ပေးရမည်ကို ညှိနှိုင်းဆွေးနွေးလေ့ရှိပြီး ရိုးရာခုံသမာဓိလူကြီးများသည် တရားမမှုများကို စီရင်ဆုံးဖြတ်မှုမပြုမီ မီးကင်ထားသည့် မြင်းခွာရွက်ရိုးတံခြောက်များ သို့မဟုတ် ငှက်ပျောရွက်ကို ဘိန်းဆီနှင့်ရောနယ်ထားသည့် "ခတ်ပုံ" ကို ဝါးပြောင်းတံဖြင့်[၇၇] ဦးစွာရှူရှိုက်ခဲ့ကြသည့်ရပ်ရွာအများအပြား ရှိခဲ့ကြသော်လည်း နောက်ပိုင်းခရစ်ယာန်ဖြစ်လာကြသဖြင့် ကျေးရွာအများစုသည် အဆိုပါအလေ့အထများကို စွန့်ပယ်ခဲ့ကြသည်။

သက်ကြီးရွယ်အိုအများအပြားသည် လူစုခွဲ၍ အိမ်မပြန်ခင်အချိန်ထိ ခတ်ပုံရှူရန် အတူတကွချက်ပြုတ်ပြင်ဆင်ကာ လက်ဖက်ခြောက်ခပ်ထားသည့် ရေနွေးသောက်ရင်း စကားစမြည်ပြောဆိုကြသည့် ရိုးရာအစဉ်အလာများပါဝင်နေသည့် လူမှုပေါင်းသင်းဆက်ဆံရေး အခင်းအကျင်းမျိုးကို တွင်တွင်ကျယ်ကျယ်တွေ့ရှိရသည်။ ဤရပ်ရွာဒေသများ၌ ဘိန်းမည်းသုံးစွဲမှုသည် အခြားဘိန်းဖြူ သို့မဟုတ် ATS အမျိုးအစားစိတ်ကြွဆေး ကဲ့သို့သော မူးယစ်ဆေးဝါးများနှင့် နှိုင်းယှဉ်ကြည့်ပါက ပြဿနာဖြစ်မှုအတိုင်းအတာသိသိသာသာနည်းပါးသည်ဟု မှတ်ယူထားကြကြောင်းကို ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်မှ အမျိုးသားတစ်ဦးက "ကျနော့အနေနဲ့ ဘိန်းမည်းရှူတာကို ပြစ်မှုမြောက်တယ်လို့ တစ်ခါမှမတွေးခဲ့မိပါဘူး။ ကျနော်တို့ ငယ်သေးတဲ့ ၁၉၉၀ ပြည့်လွန်နှစ်တွေမှာ ဘိန်းမည်းနဲ့ပတ်သက်ပြီး မူးယစ်ဆေးဝါးအလွဲသုံးစားလုပ်တာမျိုး အရမ်းကိုရှားပါတယ်" ဟု ပြန်ပြောင်းပြောပြခဲ့သည်။

ဘိန်းမည်းကို တွင်တွင်ကျယ်ကျယ် ရှူရှိုက်အသုံးပြုကြသည့် ကွတ်ခိုင်မြို့နယ်မှ နောက်ထပ်ဖြေဆိုသူတစ်ဦးကလည်း –

"ဘိန်းမည်းဆိုတာကအရင်မျိုးဆက်လူငယ်တွေအကြားမှာအတူတကွအချိန်ယူ အပန်းဖြေကြတဲ့ လူမှုပေါင်းသင်းဆက်ဆံရေးအလေ့အထတစ်ခုလိုဖြစ်နေတာပါ။ ခတ်ပုံရှူဖို့ ဘိန်းစိမ်းကိုစပြီး ချက်ပြုတ်အဆီထုတ်ပြီး ရောနယ်ပြင်ဆင်တာကနေ ရှူပြီးနောက်ပိုင်း လက်ဖက်ခြောက်ခပ်ထားတဲ့ ရေနွေးကြမ်းလေးဝိုင်းသောက်ပြီးဘိန်းအာနိသင်ပြယ်ပြီး လူချင်းမခွဲကြခင်အချိန်ထိ စကားစမြည်ပြောရင်းဇိမ်ယူကြတာပါ။ကိုယ်နဲ့အရင်းနှီးဆုံးသူငယ်ချင်းတွေနဲ့ အတူတကွအချိန်ယူပြီး တစ်ယောက်နဲ့တစ်ယောက် ကိုယ်စီဘဝအမောတွေကိုရင်ဖွင့်ပြောဆိုကြတာက စိတ်ကိုကုစားပေးရာရောက်ပါတယ်။ ဒါပေမယ့် ဘိန်းဖြူလိုမျိုး အာနိသင်အရမ်းပြင်းတဲ့မူးယစ်ဆေးဝါးတွေကျတော့ လူတွေကိုတစ်ယောက်တည်းဖြစ်သွားအောင် ခွဲထုတ်လိုက်တဲ့အတွက် ဘိန်းဖြူသုံးသူတွေနဲ့ မသုံးတဲ့သူတွေအကြားမှာ အပြန်အလှန်ဆက်သွယ်ပြောဆိုမှုတွေ တဖြည်းဖြည်းပျောက်ကွယ်သွားတော့တယ်" ဟု ပြောဆိုသွားခဲ့သည်။

အချို့ဆိုလျှင် ဘိန်းသည် လက်နက်ကိုင်တိုက်ပွဲအတွင်းထိခိုက်ဒဏ်ရာမရစေရန် သို့မဟုတ် ကျည်ဆံမမှန်စေရန် ကာကွယ်ပေးနိုင်သည့် မှော်အစွမ်းပင်ရှိသည်ဟု ယုံကြည်လက်ခံထားကြောင်းကို ကယန်းပြည်သစ်ပါတီ/တပ်မတော် (KNLP/A)၏ပျောက်ကြားစစ်ပြန်ကြီးတစ်ဦးကဤသို့အတည်ပြုပြောဆိုသွားခဲ့သည်။

"ကရင်အမျိုးသားအစည်းအရုံးရဲ့ မာနယ်ပလောဌာနချုပ်ကိုသိမ်းဖို့ မြန်မာ့တပ်မတော်ဖက်ကနေ သာလွန်အင်အားနဲ့ အလုံးအရင်းထိုးစစ်ဆင် တိုက်ခိုက်လာခဲ့တဲ့အချိန်တုန်းက KNLA ဖက်က KNU ကိုကူတိုက်ပေးဖို့အတွက် ရဲဘော် ၄၅ ယောက်စေလွှတ်ပေးခဲ့တယ်။ လပေါင်းများစွာ တပ်မတော်နဲ့ အကြီးအကျယ်ကိုတိုက်ပွဲဖြစ်ခဲ့တဲ့နေရာမှာ အနီးကပ်တိုက်ပွဲတွေလည်းအများကြီးကြုံခဲ့ရပေမယ့် ကျနော်တို့ KNLA ရဲဘော်တွေတစ်ယောက်မှ ထိခိုက်ဒဏ်ရာရပြီး ကျဆုံးသွားတာမရှိခဲ့ဘူး။ KNU တပ်မှူးတွေတောင် ကျနော်တို့ဘယ်လိုလုပ်ခဲ့ သလဲဆိုတာကို အရမ်းသိချင်ခဲ့ကြတဲ့အတွက် ကျည်ခွံထဲဘိန်းထည့်ထားတဲ့ ကျနော့လည်ပင်းပေါ်က ဆွဲကြိုးကိုတောင် ထုတ်ပြခဲ့ရတယ်။ တိုက်ပွဲပြီးသွားတဲ့အခါမှာ ကျနော်တို့အားလုံး ဖယ်ခုံကိုအသက်ရှင်လျက် ပြန်လာနိုင်ခဲ့တယ်။"

သို့သော်လည်း အဆိုးမြင်ကြသူများလည်းရှိကြောင်း ကိုရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်နေဘိန် စိုက်တောင်သူ ကချင်အမျိုးသမီးကြီးတစ်ဦးက ကိုယ်တွေ့ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ခုကို ပြန်ပြောင်းပြောပြသွားခဲ့သည်။

"ကျမတို့က တောင်ယာမှာခိုင်းဖို့ နွားသိုး၊ ကျွဲရိုင်းနဲ့ ဆင်လိုမျိုး တိရိစ္ဆာန်အရိုင်းတွေကို ယဉ်ပါးလာအောင် ဘိန်းနဲ့ လေ့ကျင့်ပေးကြတယ်။ ဒ့ါအပြင် အကြမ်းဖက်တတ်တဲ့ လင်ယောကျ်ားတွေ သောင်းကျန်းလာတဲ့အခါဘိန်းကျွေးပြီး ငြိမ်သွားအောင်လည်း လုပ်နိုင်ပါတယ်။ ဘိန်းရှူပြီးတဲ့အခါ သူတို့တွေက ပြန်တည်ငြိမ်သွားပြီး စကားကို စိတ်ရှည်လက်ရှည်နဲ့ နူးနူးညံ့ညံ့ပြောတတ်လာတယ်။ ဒါကြောင့် 'ဘိန်းစား မယားချစ်' ဆိုတဲ့စကားပုံတောင် ရှိလာခဲ့တာပေ့ါ။"

## အမျိုးသမီးနှင့် ဘိန်းစိုက်ပျိုးမှု

ဘိန်းစိုက်ပျိုးရာ၌ အမျိုးသမီးများ၏ အခန်းကဏ္ဍသည်အလွန်အခရာကျလျက်ရှိပြီး မြေပြင်ပျိုးကြဲရာမှ ဘိန်းခြစ်သည့်အချိန်ထိ ဘိန်းခင်းအတွင်း အမျိုးသားများနည်းတူလိုက်လံ အလုပ်လုပ်နိုင်ကြသည်။ ခန္ဓာဗေဒဖွဲ့စည်းပုံအရ အင်အားချင်းတူညီမှုမရှိသဖြင့် တစ်ခါတစ်ရံအလုပ်များကို ခွဲလုပ်ကြပြီး အမျိုးသားများသည် အများအားဖြင့် မြေပြင်ထွန်ယက်သည့်အပိုင်းကို တာဝန်ယူ၍ အမျိုးသမီးများသည် အသေးစိတ်ဂရုစိုက်ရန်လိုအပ်သည့် ဘိန်းခြစ်ရိတ်သိမ်းသည့်အပိုင်းကို တာဝန်ယူလေ့ရှိသည်။ အမျိုးသမီးအများအပြားသည် ဘိန်းသာမက လက်ဖက်၊ ကော်ဖီ၊ ထောပတ်၊ လိမ္မော်၊ ပဲအမျိုးမျိုး၊ ဂျင်း၊ နနွင်း၊ သနပ်ဖက်၊ ပြောင်းကောက်၊မုန်ညှင်းနှင့်ငှက်ပျောကဲ့သို့သောသီးနှံများကိုပါ စိုက်ပျိုးရောင်းချလေ့ရှိသည်။ ထို့အပြင် အချို့သည် ပျားရည်နှင့် အခြားတောထွက်ပစ္စည်းများကိုပါ စုဆောင်းရောင်းချလေ့ရှိသော်လည်း နောက်ပိုင်းတဖြည်းဖြည်း ရှားပါးလာခဲ့ပြီဖြစ်သည်။နောက်ဆုံးအနေဖြင့်အမျိုးသမီးအချို့သည်မိသားစုဝင်ငွေ တိုးပွားလာစေရန်အတွက် နေ့စားကောက် စိုက်သမများအဖြစ်လည်း လိုက်လံလုပ်ကိုင်လေ့ရှိသည်။

ယာခင်းဆင်း၍လုပ်ကိုင်ရသည့်အလုပ်များအပြင် ပုံမှန်အားဖြင့် အမျိုးသမီးများသည် မိသားစုတစ်ခုလည်



နောက်ရာသီအတွက် သိမ်းဆည်းထားသည့် ဘိန်းမျိုးစေ့များ

ပတ်ရန်လိုအပ်သည့် တာဝန်ဝတ္တရားအများစုနှင့် ချက်ပြုတ်လျှော်ဖွတ်ခြင်းနှင့် ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းကဲ့သို့သော အိမ်တွင်းဗျာပါရအလုပ်များကိုပါ ထမ်းဆောင်ကြရသည်။ ထို့အပြင် အမျိုးသမီးများသည် သာရေးနာရေးစုဝေးပွဲများနှင့် လူမှုရေးအခမ်းအနားများသာမက ကျေးရွာသို့ ရောက်လာတတ်ကြသည့် ရဲအရာရှိများ၊ တပ်ဖက်အရာရှိများနှင့် ဘုန်းကြီးများကိုပါ ချက်ပြုတ်ကျွေးမွေးရသူများဖြစ်သည်။ အမျိုးသမီး အများစု၏ နေ့စဉ်ဘဝများသည် နံနက်ခင်းအာရုံတက်လုချိန် ၄ နာရီနောက်အကျဆုံး စတင်၍ ည ၈ နာရီ သို့မဟုတ် ၉ နာရီဝန်းကျင်ရောက်ခါမှ တစ်နေ့တာအတွက် မိသားစုဝေယျာဝစ္စများ အားလုံးကို လက်စသတ်နိုင်ကြသည်။ အနားယူအပန်းဖြေရန်၊ လူမှုရေးနှင့် နိုင်ငံရေးလုပ်ငန်းများ ဖော်ဆောင်ရန် ပို၍အချိန်ပေးနိုင်ကြသည့် အမျိုးသားအများစုနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ယေဘုယျအားဖြင့် အမျိုးသမီးများသည် ဘာသာရေးပွဲလမ်းသဘင်များနှင့် အသုဘ သို့မဟုတ် လက်ထပ်ထိမ်းမြားခြင်းကဲ့သို့သော ရပ်ရွာသာရေးနာရေးပွဲများမှလွဲ၍ ကိုယ်ပိုင်ချိန်မရှိသလောက် ရှားပါးကြသည်။ အကြီးစားပွဲလမ်းသဘင်များ၌ အများအားဖြင့် အချက်အပြုတ်ပိုင်းကို အမျိုးသားများ တာဝန်ယူရလေ့ရှိသည်။ ရှမ်းပြည်နယ်တောင်ပိုင်းဟိုပုံးမြို့ခံ အသက် ၅၀ အရွယ် ပအိုဝ်းအမျိုးသမီးကြီး တစ်ဦးက –

“မနက်ဆိုရင် ချက်ပြုတ်ဖို့နဲ့ မြေးလေးနှစ်ယောက်ကို ထိန်းတာတွေအပြင် တစ်ခြားအိမ်အလုပ်တွေလုပ်ဖို့ ကျမအစောကြီး အိပ်ယာထလေ့ရှိတယ်။ ဒါတွေပြီးပြီဆိုတာနဲ့ နေ့လည်စာထမင်းဘူးပြင်ပြီး တောင်ယာခင်းဆီသွားလိုက်တယ်။ ညနေပိုင်းရောက်ရင် တောင်ယာကနေပြန်ပြီး မိသားစုစားဖို့ညနေစာကိုချက်ပြုတ်ပြီးတစ်ခြားအိမ်အလုပ်တွေကို ဆက်လုပ်လေ့ရှိပါတယ်။ ကျမအနေနဲ့ အိမ်တွင်းဝေယျာဝစ္စတွေ အကုန်ပြီးတော့မှပဲ အိပ်ယာဝင်လေ့ရှိတယ်” ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သည်။

အိမ်တိုင်းလိုလို ဆင်းရဲကျပ်တည်းကြခြင်းက ဤနယ်မြေဒေသတစ်လွှား မှီတင်းနေထိုင်ကြသည့် အမျိုးသမီးများအကြား တစ်သွေးတစ်သားတည်းဟူသည့် စုပေါင်းစိတ်ဓာတ်မျိုးဖြင့် သွေးစည်းညီညွတ်ကြစေရန် ပေါင်းစည်းပေးလျက်ရှိသည်။ သာဓကအနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ်အတွင်းရှိ ဆနင်းကျေးရွာနေ ရှမ်းအမျိုးသမီးတစ်ဦးက မိုးသည်းထန်သည့်နေ့များ၌ ၎င်းနှင့် မိတ်ဆွေအမျိုးသမီးများ အတူတကွစုဝေး၍ စကားစမြည်ပြောလေ့ရှိသလို စိုက်ပျိုးရေးနည်းစနစ်များနှင့်ပတ်သက်သည့်ဆောင်ရန်ရှောင်ရန် ကိစ္စများကိုလည်း တစ်ဦးနှင့်တစ်ဦး နှီးနှောဖလှယ်ကြလေ့ရှိကြောင်း ပြန်ပြောင်းပြောပြခဲ့သည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့နယ်မှ လားဟူအမျိုးသမီးတစ်ဦးက –

“ကျမတို့လို ဘိန်းစိုက်တောင်သူ အမျိုးသမီးတွေက ကိုယ့်အခင်းသူ့အခင်း အပြန်အလှန်ပေါင်းနှုတ်မြက်ရိတ်ပေးကြတဲ့ပုံစံနဲ့ အချင်းချင်းရိုင်းပင်းကူညီလေ့ရှိတယ်။ အလားတူပဲ ဘိန်းသီးခြစ်တဲ့ ရာသီရောက်တဲ့အခါမှာလည်း အပြန်အလှန် လုပ်အားပေးကြပါတယ်။ အမျိုးသမီးတွေက အမျိုးသားတွေထက်စာရင် ဘိန်းခင်းထဲမှာ ပိုပြီးအချိန်ယူ အလုပ်လုပ်ကြရပါတယ်” ဟု မျှဝေသွားခဲ့သည်။

လူမှုရေးနှင့်နိုင်ငံရေးမျက်နှာစာများထက်၌လောက်လောက်လားလား အသိအမှတ်ပြုမခံရဘဲ မထင်မရှားအခန်းကဏ္ဍမှသာ ပါဝင်ကြရသော်လည်း ဘိန်းစိုက်တောင်သူအမျိုးသမီးများသည် မိသားစုကို ထောက်ပံ့ရာ၌ မရှိမဖြစ်လိုအပ်သည့်ကိစ္စရပ်အများအပြားကို ကောင်းစွာကျွမ်းကျင်ပိုင်နိုင်ကြသူများဖြစ်သည်။ ယင်းတို့၌ ဥပမာအားဖြင့် ၎င်းတို့ရိတ်သိမ်းသည့် သီးနှံများအထွက်တိုး၍ အရည်အသွေးမြင့်မားလာစေမည့် စိုက်ပျိုးရေးနည်းစနစ်အမျိုးမျိုးကို စမ်းသပ်လေ့လာခြင်းနှင့် သီးနှံအမျိုးမျိုး၏ မတူကွဲပြားကြသည့် စိုက်ပျိုးရာသီစက်ဝန်းများကို ကောင်းစွာသိရှိနားလည်ခြင်းတို့ပါဝင်လျက်ရှိသည်။

မိသားစုရှာဖွေရရှိသည့် ဝင်ငွေများကို အများအားဖြင့်မိသားစု၏ နေ့စဉ်အသုံးစရိတ်များကို စီမံခန့်လျက်ရှိသည့်အမျိုးသမီးများကသာ သိုမှီးသိမ်းဆည်းထားလေ့ရှိသည်။ မော်တော်ဆိုင်ကယ်ဝယ်ယူခြင်း သို့မဟုတ် လာမည့်ရာသီ၌ စိုက်ပျိုးရန်အတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ရေးဆွဲခြင်းကဲ့သို့သော ငွေပမာဏများပြားသည့် အကြီးစားမိသားစုအသုံးစရိတ်များကို အများအားဖြင့် ပူးတွဲဆုံးဖြတ်ကြသည်။ ဤအခြင်းအကျင်းပေါ် မိသားစု၏ အိမ်တွင်းစီးပွားရေးအခြေအနေအပါအဝင် အခြားမောင်းနှင်အားများ၏ ရိုက်ခတ်မှုများလည်း သက်ရောက်မှုရှိလာနိုင်ပါသည်။ ဤကိစ္စရပ်နှင့်ပတ်သက်၍ မိမိတို့၏ အမြင်သဘောထားများကိုမျှဝေပေးခဲ့ကြသည့် တောင်သူအမျိုးသမီးများက ၎င်းတို့အနေဖြင့် ဘိန်းရောင်းချခြင်းနှင့် သယ်ယူပို့ဆောင်ရသည့်

ကိစ္စရပ်များ၌ မည်သည့်အခါကမျှ ပါဝင်စွက်ဖက်မှုမရှိခဲ့ သို့မဟုတ် မရှိသလောက်နည်းပါးသဖြင့် ကျေးရွာအတွင်းရှိ သို့မဟုတ် ကျေးရွာပြင်ပရှိ အခြားကုန်သည်ပွဲစား အမျိုးသားများနှင့် အရောင်းအဝယ်ပြုလုပ်ရသည့် ကိစ္စရပ်ကို အများအားဖြင့် အမျိုးသားများကသာ တာဝန်ယူလေ့ရှိသည်ဟု ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေပေးခဲ့ကြသည်။ ဟိုပုံးမြို့နယ်ရှိ ပအိုဝ်းအမျိုးသမီးတစ်ဦးက ဤသို့ ပြောဆိုသွားခဲ့သည်။

> “စီးပွားရေးက အရင်လို မကောင်းတော့တဲ့အတွက် အမျိုးသားနဲ့လည်း အဆင်မပြေ ဖြစ်လာခဲ့ရသလို မိသားစုရဲ့စားဝတ်နေရေးကို ဖြေရှင်းဖို့အတွက်လည်း အခက်အခဲတွေအများကြီးရှိလာတယ်။ဘိန်းဈေးတွေ အရမ်းကျနေတော့ကျမတို့ရဲ့ဘိန်းတွေကိုမရောင်းနိုင်ဘူးဖြစ်နေတယ်။ အခုတော့ မိသားစုစားဝတ်နေရေး အတွက် ထိုင်းမှာသွားအလုပ်လုပ်နေတဲ့ သမီးရဲ့လစာကိုပဲ မှီခိုစားသောက်နေရတော့တာပေါ့။”

ဘိန်းစိုက်ပျိုးရာမှ ရရှိလာသည့် ဝင်ငွေများသည် ယေဘုယျအားဖြင့်မိသားစုတစ်ခုလုံး၏အသုံးစရိတ်အများစုဟုဆိုရလောက်သည့် ၅၀% မှ ၇၀% အထိ ကာမိစေလျက်ရှိသည်။ဤရာခိုင်နှုန်းသည်ဥပမာအားဖြင့်ပြောင်းဖူးနှင့်ငှက်ပျောကဲ့သို့သော တရားဝင်သော်လည်း အကျိုးအမြတ်ပိုမိုနည်းပါးသည့် သီးနှံများရှင်သန်ဖြစ်ထွန်းရန် မဖြစ်နိုင်သလောက်ခဲယဉ်းလှသည့်ကုန်းမြင့်တောင်တန်းဒေသများရှိ မိသားစုများအတွက်ဆိုပါက ပို၍ပင် မြင့်မားနေနိုင်သည်။ ဘိန်းမှရရှိသည့် ဝင်ငွေများကို အဓိကအားဖြင့် အစားအစာ၊ ကျန်းမာရေးနှင့် ပညာရေးတို့ အပါအဝင် မရှိလျှင်မဖြစ်သည့်အခြေခံ လိုအပ်ချက်များအတွက် အများဆုံးသုံးစွဲရလေ့ရှိသည်။ ၎င်းတို့၏ ရေတိုရေရှည် လိုအပ်ချက်များ ပြည့်မီစေရန်အတွက် တောင်သူအမျိုးသမီးအများစုသည် ဘိန်းကိုစိတ်ကို ပြောင်းလဲစေတတ်သောဆေးဝါးတစ်ခု၊ မူးယစ်ဆေးဝါးတစ်ခု သို့မဟုတ် ပြဿနာတစ်ခုဆိုသည်ထက် မိမိတို့၏ အခက်အခဲပြဿနာများကို ပြေလည်စေမည့် အဖြေတစ်ခုနှင့် ဝင်ငွေရင်းမြစ်တစ်ခုအဖြစ်သာ ရှုမြင်သဘောထား ကြသည်။

ယေဘုယျအားဖြင့် ယခုသုတေသနပြုလုပ်ခဲ့သည့်နယ်မြေဒေသများရှိအမျိုးသမီးများသည်မြေယာကိုတစ်ဦးချင်းအနေဖြင့် အမွေဆက်ခံပိုင်ဆိုင်နိုင်ကြကြောင်း လေ့လာတွေ့ရှိခဲ့သည်။ သို့သော်လည်း ဓလေ့ထုံးတမ်းစဉ်လာ မြေယာစနစ်ကျင့်သုံးလျက်ရှိသည့် ပြည်တွင်းဒေသအချို့၌ အမျိုးသမီးများ၏ မြေယာရပိုင်ခွင့် အခွင့်အရေးကို အသိအမှတ်ပြုပေးထားခြင်းမရှိကြပေ။[၇၆] လက်ထပ်ထားသည့်စုံတွဲများသည်မြေယာပိုင်ဆိုင်မှုကို ပူးတွဲလျှောက်ထားပြီး မြေဂရန်ကိုနှစ်ဦးစလုံး၏အမည်ဖြင့် ထားရှိကြသည်။သို့သော်လည်း ဒေသတွင်း ဓလေ့ထုံးတမ်းအရ မြေယာကို ယောကျ်ားနှင့်မိန်းမနှစ်ဦးစလုံး စုပေါင်းပိုင်ဆိုင်သည့်အရာအဖြစ် သတ်မှတ်လက်ခံထားလင့်ကစား အချို့သောနယ်မြေဒေသများ၌ အစိုးရထုတ်ပေးသည့် မြေအမည်ပေါက်ပိုင်ဆိုင်မှု လက်မှတ်၌ အမျိုးသားဖြစ်သူတစ်ဦးတည်း၏ အမည်ကိုသာထည့်သွင်းဖော်ပြထားကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ဘိန်းစိုက်ပျိုးကြသည့် အရပ်ဒေသအများအပြား၌ ဓလေ့ထုံးတမ်းစဉ်လာမြေယာစနစ်ကို အပြည့်အဝသော်လည်းကောင်း တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ကျင့်သုံးနေကြဆဲဖြစ်ပြီး အစိုးရထုတ်ပေးလျက်ရှိသည့် မြေဂရန်များကို အသုံးမပြုကြပေ သို့မဟုတ် အသိအမှတ်မပြုကြပေ။ မိုင်းပျဉ်းမြို့ခံလားဟူအမျိုးသမီးတစ်ဦးက –

> “ဒီမှာတော့ ကျမတို့ရဲ့ရပ်ရွာထဲကမြေတွေကို စီမံခန့်ခွဲဖို့ ဓလေ့ထုံးတမ်းစနစ်ကိုပဲ ကျင့်သုံးနေကြပါတယ်။ ရွှေ့ပြောင်းတောင်ယာကိုတော့ ဘယ်သူမှ ပိုင်ဆိုင်လို့မရပေမယ့် ကိုယ့်နာမည်ပေါက်ထားတဲ့ လယ်ယာမြေတွေကိုတော့ အမွေပေးလို့ရပါတယ်။ သားရော သမီးရောအတူတူ အမွေဆက်ခံလို့ရတယ်။ ကျမတို့ဆီမှာ မြေယာတွေ အများကြီးရှိနေဆဲဖြစ်ပြီး ဒါကနင့်ဟာ ဒါကငါ့ဟာဆိုပြီးတော့ ခေါင်းစဉ်မတပ်ကြပါဘူး။ ကိုယ်ကြိုက်တဲ့နေရာ တောင်ယာခုတ်ပြီး စိုက်ပျိုးစားသောက်လို့ရနေတော့ ဘာစာရွက်စာတမ်း အထောက်အထား မှမလိုပါဘူး။ ဒါပေမယ့် တောင်ယာတွေက ရွာနဲ့တော့ နည်းနည်းဝေးပါတယ်” ဟု ပြောဆိုရှင်းပြခဲ့သည်။

၎င်းတို့၏ မိသားစုအရေးအရာများကို ဆုံးဖြတ်ချက်ချမှတ်ရာ၌ အမျိုးသမီးများသည်လည်း ပုံမှန်အားဖြင့် ပါဝင်လေ့ရှိသော်လည်း ရပ်ရွာအဆင့် ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များ၌ အမျိုးသမီးများကို သိသိသာသာ ဖယ်ချန်ထားကြဆဲဖြစ်သည်။ အမျိုးသမီးတစ်ဦးက “ကျမတို့ရွာရဲ့ ဆုံးဖြတ်ချက်ချမှတ်တဲ့ လုပ်ငန်းစဉ်တွေမှာ အမျိုးသားတွေပဲ ပါဝင်ဆုံးဖြတ်ကြပြီးတော့ အမျိုးသမီးတွေပါဝင်ကြဖို့ ဖိတ်ခေါ်အားပေးတာမျိုးလည်း မရှိပါဘူး။ ရွာသူရွာသားတွေကိုယ်၌ကလည်း အမျိုးသားတွေချမှတ်တဲ့ ဆုံးဖြတ်ချက်တွေကိုပဲ လိုက်နာဆောင်ရွက် ကြပါတယ်” ဟု မျှဝေသွားခဲ့သည်။



ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်မှ ဘိန်းစိုက်တောင်သူအမျိုးသမီးတစ်ဦး

နောက်ထပ် အမျိုးသမီးတစ်ဦးကလည်း “အမျိုးသမီးတွေအနေနဲ့ ကိုယ့်ရဲ့သဘောထားအမြင်ကို တင်ပြပြောဆိုခွင့်ရပေမယ့် လူတွေက အလေးအနက်ထားပြီး လေးလေးစားစားနားထောင်ပေးတာမျိုး မရှိကြပါဘူး။ ကျမအနေနဲ့ အမျိုးသမီးတွေ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိပြီးလူတွေအနေနဲ့ ဒါတွေကို အသိအမှတ်ပြုပေးစေချင်ပါတယ်” ဟု ထောက်ခံပြောဆိုသွားခဲ့သည်။

ထို့အပြင် အမျိုးသမီးအများအပြားကလည်း ၎င်းတို့ကိုယ်တိုင်နှင့်၎င်းတို့၏သားသမီးများအတွက်ပညာရေးအခွင့်အလမ်းကင်းမဲ့လျက်ရှိရာ၌ မကြာခဏဆိုသလို ၎င်းတို့၏ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းသဘောသဘာဝကလည်း ရေရာခိုင်မာမှု မရှိခြင်းကြောင့် ပို၍အလုမ်းဝေးလာနေသည့်အပေါ် စိုးရိမ်မကင်းဖြစ်နေရကြောင်းဖော်ပြခဲ့ကြသည်။မိမိတို့၏ကျောင်းနေအရွယ်သားသမီးများကို မူကြိုကျောင်းသို့မဟုတ်မူလတန်းကျောင်းထားရန်မထောက်ပံ့ပေးနိုင်ကြသည့် မိသားစုများသည် ဘိန်းခင်းများဆီသို့ သားသမီးများကိုအပါခေါ်ဆောင်လာကြရသဖြင့် ဤကဲ့သို့သောကျေးလက်ကုန်းမြင့်ဒေသများ၌ ကျောင်းထွက်နှုန်းသည် အထူးတလည် မြင့်မားလျက်ရှိသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသမှ လားဟူအမျိုးတစ်ဦးက “ကျမတို့ရွာမှာ ခေါင်းဆောင်ပိုင်း နေရာရထားတဲ့ အမျိုးသမီးတွေ မရှိကြပါဘူး။ ကျမတို့က ပညာမတတ်ကြသလို ဗမာစကားကိုလည်း လည်လည်ဝယ်ဝယ် မပြောတတ်ကြပါဘူး” ဟု ပြောဆိုသွားခဲ့သည်။

ဆယ်စုနှစ်ပေါင်းများစွာ ဘေးဖယ်ခံရခြင်း၊ ရာဇဝတ်ကြောင်းအရအရေးယူခံရခြင်းနှင့်ပစ်ပယ်ခံခဲ့ရသည့်မြန်မာနိုင်ငံနေ ဘိန်းစိုက်တောင်သူများသည် ကုန်လွန်ခဲ့သည့်ဆယ်စုနှစ်ရောက်မှသာ မြန်မာနိုင်ငံဘိန်းစိုက် တောင်သူများညီလာခံကဲ့သို့သော စင်္ကြန်မျိုးပေါ်ပေါက်လာပြီး ၎င်းတို့၏အသံကို ကြားသိစေရန်နှင့် လိုအပ်ချက်များကို သိရှိနိုင်ရန်စတင်ထုတ်ဖော်ပြောဆိုခွင့် ရရှိလာခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့သောအဝန်းအဝိုင်းမျိုး၌အမျိုးသမီးများ၏တက်ကြွလှုပ်ရှားမှုသည် ရာခိုင်နှုန်းအားဖြင့် အနည်းအကျဉ်းမျှသာရှိခဲ့သော်လည်း တစ်နှစ်ပြီးတစ်နှစ် မိမိကိုယ်ကို ယုံကြည်မှုရလာခဲ့သလို မိမိတို့၏ လိုအပ်ချက်များအကြောင်းကို ပြောရဲဆိုရဲရှိလာခဲ့ပြီးနောက်ပိုင်း ၎င်းတို့၏အသံသည် တဖြည်းဖြည်းကျယ်လောင်လာတော့သည်။ ၎င်းတို့အများအပြားသည် အစိုးရမဟုတ်သည့် လူမှုအဖွဲ့အစည်းအမျိုးမျိုး (NGOs) ကစီစဉ်ဆောင်ရွက်သည့် လူထုလှုပ်ရှားမှု အခမ်းအနားပေါင်းများစွာ၌ တက်ရောက်စကားပြောခဲ့ကြသလို ၎င်းတို့ထဲမှ ပအိုဝ်းတောင်သူအမျိုးသမီးတစ်ဦးသည် ကိုယ်စားလှယ်နေရာ အနိုင်မရခဲ့သော်လည်း ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို ကိုယ်စားပြု၍ရှမ်းပြည်နယ်လွှတ်တော်အတွက်ဝင်ရောက်အရွေးခံခဲ့သည် (“စစ်အာဏာသိမ်း မှုနှင့် ဘိန်းစိုက်ပျိုးရေးအပေါ် နောက်ဆက်တွဲရိုက်ခတ်မှုများ” အခန်းကိုကြည့်ပါ)။



ဓားခြစ်ရာပေးထားသည့် ဘိန်းသီးမှ ဘိန်းစေးများ စိမ့်ထွက်လာပုံ

## ၃။ ဘိန်းစိုက်ပျိုးရေးနှင့် ဘိန်းပေါက်စျေးများ ပြောင်းလဲလာပုံအဆင့်ဆင့် (၂၀၁၅-၂၀၂၁)

အစောပိုင်း၌ တင်ပြခဲ့သလိုပင် UNODC ၏ ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှုအမြင့်ဆုံးရေချိန် ရောက်ရှိသွားခဲ့သည့် ၁၉၉၆ ခုနှစ်၏ စိုက်ပျိုးမှုပမာဏစုစုပေါင်းသည် ဟက်တာပေါင်း ၁၆၀,၀၀၀ ကျော်ရှိခဲ့သည်ဟုသိရှိရသည်။ ထို့နောက် တဖြည်းဖြည်းလျော့ကျလာခဲ့ရာ ၂၀၀၆ ခုနှစ်အရောက်တွင် အနိမ့်ဆုံးစိုက်ကေဖြစ်သည့် ဟက်တာ ၂၀,၀၀၀ အထိ ထိုးကျသွားခဲ့ပြီး ၂၀၀၇ ခုနှစ်မှစ၍ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ဟက်တာစုစုပေါင်း ၆၀,၀၀၀ ခန့်အထိ တဖြည်းဖြည်းခြင်းပြန်တက်လာခဲ့သော်လည်း ၂၀၂၀ ခုနှစ်တွင် ဟက်တာစုစုပေါင်း ၃၀,၀၀၀ ဝန်းကျင်အထိပြန်လည်ကျဆင်းသွားခဲ့သည်။[၇၇] သို့ဖြစ်၍ ၂၀၀၇ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုးမှုပမာဏသည် ဟက်တာပေါင်း ၃၀,၀၀၀ နှင့် ၆၀,၀၀၀ အကြားရှိလိမ့်မည်ဟု ခန့်မှန်းတွက် ချက်ရပါသည်။[၇၈]

ဤကဲ့သို့သော နောက်ခံအခြေအနေအကျင်းများကြောင့် ခြံဝကောက် ဘိန်းဈေးနှုန်းများသည်လည်း တည်ငြိမ်မှုမရှိဘဲအတက်အကျ မြန်နေခဲ့သည်။ ဤသုတေသနအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် ဘိန်းစိုက်တောင်သူများက ၎င်းတို့အနေဖြင့် ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်ရာသီ၌ တစ်ပိဿာ (၁.၆၂ ကီလို) လျှင်ကျပ်ငွေဆယ်သိန်းကျော် (ထိုအချိန်က အမေရိကန်ဒေါ်လာ ၉၀၀ ဝန်းကျင်ခန့်) သည့်စံချိန်တင်အမြင့်ဆုံးပေါက်ဈေးရရှိခဲ့ဖူးကြောင်း ပြောဆိုသွားခဲ့သည်။ ၂၀၁၂ ခုနှစ်မှစ၍ ခြံဝကောက်ဘိန်းဈေးနှုန်းများ ပြန်လည်ကျဆင်းသွားခဲ့ပြီး ၂၀၁၅ ခုနှစ် နောက်ပိုင်းမှစ၍ တစ်ပိဿာလျှင် ကျပ်ငွေ ၅၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၄၂၀ ဝန်းကျင်) အောက်ရောက်ရှိသွားခဲ့ပြီး ၂၀၂၀ ခုနှစ်အရောက်တွင် တစ်ပိဿာလျှင်ကျပ်ငွေ ၂၅၀,၀၀၀ (အမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်) အထိကျဆင်းသွားခဲ့သည်။ ဤအချက်က ၂၀၁၅ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုးမှုကျဆင်းသွားစေရန် တွန်းပို့ပေးခဲ့သည့် အဓိကအကျဆုံးမောင်းနှင်အားတစ်ခုဖြစ်ခဲ့သည်။

## စိုက်ပျိုးမှုကျဆင်းလာစေခဲ့သည့် အကြောင်းရင်းများနှင့် နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ – ပအိုဝ်းဒေသဖြစ်ရပ်မှန် လေ့လာဆန်းစစ်ချက်

ဘိန်းဈေးနှုန်းများ ထိုးကျသွားခြင်းကြောင့် ဘိန်းစိုက်ပျိုးမှုကို မှီခိုအားထားလျက်ရှိသည့် နယ်မြေဒေသအများအပြား၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ သိသိသာသာထိခိုက်ပျက်စီးလာခဲ့သည်။ ဆီဆိုင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်များ၌ တွေ့ဆုံမေးမြန်းခဲ့သည့် ရွာသူရွာသားအများစုသည် ဆိုးသည်ထက်ဆိုးလာနေသည့် ၎င်းတို့၏ စီးပွားရေးအခြေအနေနှင့် စားဝတ်နေရေးအခက်အခဲကို မကျေမချမ်းပြောဆိုသွားခဲ့သည်။ UNODC အကောင်အထည်ဖော်လျက်ရှိသည့် ဘိန်းအစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းမှ အထောက်အပံ့ရရှိနေကြသည့် မိသားစုအနည်းအကျဉ်းမှလွဲ၍ ရွာသူရွာသားအများစုသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အစိုးရ သို့မဟုတ် မည်သည့်ဒေသတွင်းအဖွဲ့အစည်းများ၏ အထောက်အပံ့ကိုမျှ မရရှိခဲ့ကြပေ။

ဆီဆိုင်မြို့နယ်အတွင်းရှိ နောက်ခမ်းကျေးရွာမှ တောင်သူအမျိုးသားတစ်ဦးက "မနှစ်တုန်းကတော့ အခင်းနှစ်ခုကနေ ဘိန်းစိမ်းလေးပိဿာလောက် ထွက်ခဲ့တယ်။ သွားရောင်းလိုက်တော့ ၁၀ သိန်း (အမေရိကန်ဒေါ်လာ ၇၅၀ ဝန်းကျင်) ရလာခဲ့တယ်။ နောက်ပြီးတော့ ကျနော်စိုက်ထားတဲ့ ပြောင်းခင်းကနေ ပြောင်းပိဿာချိန် ၆၀၀ လောက်ရခဲ့ပြီး အားလုံးရောင်းလိုက်တော့ ကျပ်တစ်သိန်းရှစ်သောင်း (တစ်ပိဿာ သုံးရာကျပ်နှုန်း) ပဲရခဲ့တယ်။ ဒါပေမယ့် ပြောင်းမျိုးစေ့တွေ၊ ဓာတ်မြေဩဇာတွေနဲ့ ပိုးသတ်ဆေးတွေအတွက် တစ်သိန်းခွဲလောက်ရင်းခဲ့ရတဲ့အတွက် ပြောင်းကနေအမြတ်ငွေ သုံးသောင်းကျပ်ပဲကျန်တယ်" ဟု ပြောဆိုသွားခဲ့သည်။

### စာကွက် (၂) မြန်မာနိုင်ငံ ဘိန်းစိုက်တောင်သူများညီလာခံ၏ ဘိန်းဈေးကွက် လေ့လာဆန်းစစ်ချက်[၇၉]

"၂၀၁၂ ခုနှစ်ကစပြီး ဘိန်းဈေးတွေ ဆက်တိုက်ဆိုသလို ကျဆင်းလာခဲ့တယ်။ ၂၀၁၆–၂၀၁၇ ခုနှစ်ရာသီရဲ့ ဘိန်းပေါက်ဈေးက အနိမ့်ဆုံးကိုရောက်သွားခဲ့တယ်။ အခုရာသီမှာ ဘိန်းဈေးတွေ နည်းနည်းပြန်တက်လာခဲ့တယ်။ ဒါပေမယ့်လည်း ၂၀၁၁ ခုနှစ်ရာသီနဲ့ ယှဉ်ကြည့်လိုက်ရင် ဘိန်းပေါက်ဈေးက အရမ်းနည်းနေဆဲဖြစ်ပြီး ၂၀၁၂ ခုနှစ်ရာသီပေါက်ဈေးရဲ့ ထက်ဝက်လောက်ပဲရှိနေခဲ့တယ်။

ဘိန်းဈေးတွေကျသွားစေခဲ့တဲ့ အကြောင်းရင်းတွေ အများကြီးရှိနေလိမ့်မယ်လို့ ကျနော်တို့ ယူဆထားပါတယ်။ အစိုးရနဲ့ အချို့သောလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ထိန်းချုပ်မှုတွေ အရင်ကထက်ပိုပြီး တင်းကျပ်လာတဲ့အတွက် ရွာကိုဘိန်းလာကောက်တဲ့ပွဲစားတွေ အလာနည်းသွားခဲ့တယ်။ ဒီလက်နက်ကိုင်အဖွဲ့အစည်းတွေက ဘိန်းဈေးကွက်ကို လက်ဝါးကြီးအုပ်ဖို့ ရည်ရွယ်ထားကြတဲ့အတွက် သူတို့နဲ့ အချိတ်အဆက်ရှိတဲ့ ပွဲစားတွေကိုပဲ ဘိန်းလာကောက်ဖို့ခွင့်ပြုထားတယ်။

ကုန်သည်ပွဲစားတွေအနေနဲ့ ပိုပြီးအကျိုးအမြတ်များတဲ့ အမ်ဖီတမင်းအမျိုးအစား စိတ်ကြွဆေးတွေကို ကုန်ကူးဖို့ ပိုပြီးစိတ်ဝင်စားလာကြတာကလည်း နောက်ထပ်အကြောင်းရင်းတစ်ခုဖြစ်နေတယ်။ မြင့်တက်လာနေတဲ့ဒေသတွင်း ATS ဝယ်လိုအားနဲ့အတူ ကုန်သည်ပွဲစားတွေဖက်က ထုတ်လုပ်ရောင်းချမှုတွေကို လိုက်ပြီးတိုးမြှင့်နိုင်ကြပါတယ်။ ATS ကို ထုတ်လုပ်ဖြန့်ဖြူးရတာနဲ့ သယ်ယူပို့ဆောင်ရတာ ပိုပြီးလွယ်ကူသလို သုံးစွဲရတာလည်းလွယ်ကူတဲ့အတွက် ဘိန်းထက်တောင် ဈေးကွက်ကပိုကြီးသွားပြီ။ ပြီးတော့ ATS က အကျိုးအမြတ်အားဖြင့်လည်း ပိုများနေတယ်။

အခုဆိုရင် ကုန်သည်ပွဲစားတွေကလည်း ဘိန်းစီးပွားရေးထက်ပိုပြီး အကျိုးအမြတ်ဖြစ်ထွန်းတဲ့အတွက် ဘိန်းမဟုတ်တဲ့ မြေယာနဲ့ အိမ်ခြံမြေတွေမှာ ပြောင်းပြီးရင်းနှီးမြှုပ်နှံလာကြတယ်။ ချမ်းသာတဲ့သူတွေက သူတို့ရဲ့ ပိုက်ဆံတွေကို ဘိန်းအတွက် ရင်းနှီးမြှုပ်နှံဖို့ မသုံးကြတော့ပါဘူး။ မြေယာနဲ့ အိမ်ခြံမြေဈေးကွက်တွေမှာ စပြီး ရင်းနှီးမြှုပ်နှံနေကြပြီ။ ရွာကို ဘိန်းလာဝယ်တဲ့သူ တစ်ယောက်နှစ်ယောက်လောက်ပဲရှိတော့တယ်။

ကချင်ပြည်နယ်က ငွေတိုးချေးစားသူတွေဆိုရင် ကျနော်တို့ရဲ့ ဘိန်းတွေကို သူတို့ပေးတဲ့ အောက်ဈေးနဲ့ပဲ သူတို့ဆီပြန်ရောင်းဖို့တောင် တွန်းအားပေးလာကြပြီ။ ကျနော်တို့အနေနဲ့ အစားအစာတွေနဲ့ တစ်ခြားအခြေခံလို အပ်ချက်တွေကို ဝယ်ယူဖို့အတွက် သူတို့ဆီက ချေးငွေတွေရဖို့လိုတယ်။ ကျနော်တို့မှာ တစ်ခြားရွေးချယ်စရာ လည်းမရှိသလို သူတို့နဲ့ချိန်ခွင်လျှာညှိနိုင်တဲ့ အင်အားလည်းမရှိတဲ့အတွက် သူတို့ပြောတဲ့အတိုင်းပဲ လက်ခံလိုက်ရ တာပေ့ါ။

ရွာကို ဘိန်းလာကောက်တဲ့ ပွဲစားတွေ နည်းလာတာနဲ့အမျှ သူတို့အချင်းချင်း ဈေးပြိုင်ပေးတာတွေလည်း မရှိသလောက်နည်းလာခဲ့တယ်။ တစ်ချို့ရာသီတွေမှာ ရွာကိုဘိန်းလာကောက်တဲ့ ပွဲစားတစ်ယောက်ပဲရောက် လာခဲ့တာမျိုးကြုံတဲ့အခါ ကိုယ်ကလည်း ငွေအရမ်းလိုနေတဲ့အတွက် တစ်ယောက်ထဲရောက်လာခဲ့တဲ့ ပွဲစားပြော တဲ့ဈေးနဲ့ပဲ ရောင်းပေးလိုက်ရတာမျိုးလည်း ရှိလာခဲ့တယ်။ ဘိန်းဈေးတွေ ကျသည်ထက်ကျလာနေတယ် ဆိုပေ မယ့်တစ်ခြားသီးနှံနဲ့ယှဉ်ရင် ဘိန်းကကျနော်တို့အတွက် အခိုင်မာဆုံးသော ဝင်ငွေရသီးနှံဖြစ်နေဆဲပါပဲ။”

ဟိုပုံးမြို့နယ်မှပအိုဝ်းတောင်သူအမျိုးသမီးတစ်ဦး ကလည်း –

“ကျမ ဘိန်းစိုက်လာတာ ၁၅ နှစ်ကျော်ရှိပြီ။ အရင် တုန်းက သနပ်ဖက်ဈေးတွေ ထိုးကျသွားခဲ့တဲ့အတွက် အသက်မွေးဝမ်းကျောင်းရတာအရမ်းခက်ခဲတဲ့အခြေ အနေမျိုးဖြစ်လာခဲ့ပေမယ့် ဘိန်းစိုက်တာက ဈေးကွက် ရှာရတာ အရမ်းလွယ်နေခဲ့တယ်။ သနပ်ဖက်စိုက်တုန်း က မိသားစုစားသောက်ဖို့ မလုံလောက်ခဲ့ပါဘူး။ ဒါ ကြောင့်ပဲ ကျမတို့ ဘိန်းကိုပြောင်းစိုက်ဖြစ်ခဲ့တာပါ။ ဒီနှစ်တော့ ဧကဝက်လောက်ပဲ စိုက်ခဲ့တာပါ။ မနှစ်တုန်း ကခြစ်ယူထားတဲ့ ဘိန်းစိမ်းတွေကိုတောင် မရောင်း ရသေးတဲ့အတွက် ဒီရာသီမှာထွက်လာမယ့် ဘိန်းစိမ်း တွေကို ဘယ်လိုရောင်းရမလည်း သေချာမသိသေးပါ ဘူး။ဒီနှစ်ရဲ့ဘိန်းစိမ်းပေါက်ဈေးကတစ်ပိဿာ၃သိန်း (အမေရိကန်ဒေါ်လာ ၂၂၅ ဝန်းကျင်) ပဲရှိတယ်။ ဘိန်း ဈေးတွေကလည်း ကျနေသလို ကျမတို့ရဲ့ ဘိန်းတွေ လည်း ရောင်းမထွက်သေးတဲ့အတွက် မိသားစုရဲ့ စား ဝတ်နေရေး တော်တော်ကို ကျပ်တည်းလာပြီ။ လက်ရှိ အချိန်မှာတော့ မိသားစုလုပ်ကိုင်စားသောက်ဖို့အတွက် ထိုင်းကိုသွားပြီး အလုပ်လုပ်နေတဲ့သမီးရဲ့ လခတစ်ခု တည်းကိုပဲ တစ်မိသားစုလုံး မှီခိုရှင်သန်နေရတာပါ။ ပွဲစားတွေလည်းမလာကြသေးတဲ့အတွက် ကျမအနေ နဲ့ဘိန်းစိမ်း ၂ ပိဿာ ၃ ပိဿာလောက် စုထားနေရ တုန်းပါပဲ။ ဒါကြောင့် စိုက်ပျိုးဖို့ရင်းခဲ့ရတဲ့ အရင်းအနှီး တွေကိုပြန်တွက်ကြည့်လိုက်မယ်ဆိုရင် ကျမအတွက် ဘာအမြတ် မှမကျန်လောက်တော့ဘူး။ ကျမရဲ့ပိုက် ဆံတွေကို နေ့စားလုပ်အားခလောက်ပဲ ပြန်ရခဲ့တယ်။”

ဘိန်းစိုက်တောင်သူများအနေဖြင့် ရွာသို့ဘိန်းလာ ကောက်သည့် ပွဲစားများ အလာနည်းသွားခြင်းကြောင့်သာ ယခုလိုဘိန်းဈေး ကျလာခြင်းဖြစ်သည်ဟု မှတ်ယူထားကြ သည်။ဤသို့ပွဲစားများလာရောက်မှုနည်းပါးသွားခြင်းကြောင့် ရောက်လာခဲ့သည့် ပွဲစားအနည်းအကျဉ်းက ၎င်းတို့၏ ဈေး ကိုင်နိုင်သည့် အနေအထားကို အသုံးပြု၍ အောက်ကြေးပေး သည့် “တစ်စိတ်တစ်ပိုင်း လက်ဝါးကြီးအုပ်ထားသည့်” အခြေ အနေမျိုး ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်ဟု တောင်သူများပြော ဆိုသွားခဲ့သည်။ ထို့အပြင် ဘိန်းစိုက်တောင်သူများသည် ရဲ တပ်ဖွဲ့နှင့် ပအိုဝ်း အမျိုးသားအစည်းအရုံးကဲ့သို့သော လက် နက်ကိုင်အဖွဲ့အစည်းများက စစ်ဆေးရေးဂိတ်များ တိုးမြှင့်ချ ထားခြင်းနှင့် ဘိန်းကောက်လာသည့် ပွဲစားများအပေါ် အခွန် တိုးမြှင့်စည်းကြပ်ခြင်းများ ပြုလုပ်လာခဲ့သဖြင့် ဤအခြေ အနေမျိုးဆိုက်လာခဲ့ခြင်း ဖြစ်သည်ဟုလည်း ထောက်ပြပြော ဆိုသွားခဲ့သည်။ PNO၊ ရဲတပ်ဖွဲ့နှင့် ဒေသန္တရအာဏာပိုင်များ



တောင်သူတစ်ဦး လတ်လတ်ဆတ်ဆတ်ခြစ်ယူလာခဲ့သည့် ဘိန်းစိမ်းများ

က ပွဲစားများကိုသာမက တောင်သူများထံမှလည်း နားလည်မှုဖြင့် တိုက်ရိုက်အခွန်ကောက်ခံလျက်ရှိရာ၌ စည်းကြပ်ကောက်ခံသည့်နှုန်းထားသည် ဒေသတစ်ခုနှင့်တစ်ခု ကွာခြားလျက်ရှိသည်။ ခြုံ၍ဆိုရသော် ဤအဖွဲ့အစည်းများ၏ ဘိန်းခင်းအဖျက်မခံလိုပါက နားလည်မှုဖြင့် အခွန်စည်းကြပ်မှုကို အသာတကြည် လက်ခံရမည်ဟူသည့် ခြိမ်းခြောက်မှုပုံစံကို အမြတ်မ်းလိုလိုအသုံးပြုသည့် အလေ့အထသည် ကြောင်းကျိုးညီညွတ်မှုမရှိသလို တရားမျှတခြင်းလည်းမရှိဟု တောင်သူများရှုမြင်လျက်ရှိသည်။

ဤရပ်ရွာအသိုက်အဝန်းများအကြား အဓိကအကျဆုံးဝင်ငွေရသီးနှံ ဖြစ်နေဆဲဖြစ်သည့် ဘိန်းစိမ်းပေါက်ဈေး သိသိသာသာ ကျဆင်းလာခြင်းက ဘိန်းစိုက်တောင်သူများ၏ ဘဝများအပေါ် အရေးပါသည့် နောက်ဆက်တွဲ ရိုက်ခတ်မှုများကို ဆောင်ကျဉ်းလာခဲ့ခြင်းသည် ထူးဆန်းသည့်ကိစ္စရပ်တစ်ခုတော့မဟုတ်ပေ။ ဘိန်းစိမ်းပေါက်ဈေး ကျဆင်းလာခြင်းက ဘိန်းစိုက်တောင်သူအချို့ကို ၎င်းတို့၏ ဝင်ငွေရင်းမြစ်ပွားများလာစေရန် ထောပတ်၊ သနပ်ဖက်၊ ကော်ဖီနှင့် လက်ဖက်ကဲ့သို့သော အခြားဝင်ငွေရသီးနှံများကို ဘိန်းပင်များနှင့် ရောညှပ်စိုက်ပျိုးဖြစ်စေရန် စေ့ဆော်ပေးခဲ့သည်။ တည်ငြိမ်သည့်ဝင်ငွေရင်းမြစ်ရရှိရန် နှစ်အနည်းငယ်စောင့်ဆိုင်းရန် လိုအပ်သည့် ဤသို့ရောနှောစိုက်ပျိုးမှုကို သီးနှံသစ်များစိုက်ပျိုးနိုင်သည့် မြေနေရာအကျယ်အဝန်းရှိ၍ ငွေကြေးအရင်းအနှီး တတ်နိုင်ကြသည့် တောင်သူအနည်းအကျဉ်းမျှသာ အကောင်အထည်ဖော်နိုင်ကြသည်။


မည်သို့ဆိုစေ ဘိန်းစိုက်တောင်သူ မိသားစုအများစုသည် ဆိုးရွားပြင်းထန်လှသည့် နောက်ဆက်တွဲဆိုးကျိုး ရိုက်ခတ်မှုများကို အလူးအလိမ့်ခံစားခဲ့ကြရသည်။ ယင်းတို့၌ သားသမီးများအတွက် ကျောင်းစရိတ်များ ဆက်လက်မထောက်ပံ့နိုင်တော့ခြင်း၊ ကျန်းမာရေးနှင့် အစားအသောက်ကုန်ကျစရိတ်များကို လျှော့ချလိုက်ရခြင်းတို့အပြင် အကြွေးနှံနှစ်နိုင်မှန်းသိကြသော်လည်း အရဲစွန့်၍ အတိုးနှုန်းကြီးကြီးဖြင့် မဖြစ်မနေချေးငှားကြရခြင်း၊ မြေယာနှင့် ကျွဲနွားတိရစ္ဆာန်များ ပေါင်နှံရောင်းချရခြင်း၊ နေ့စားအလုပ်သမားများအဖြစ် လုပ်ကိုင်လာရခြင်းတို့အပါအဝင် ရပ်ရွာအတွင်း လူမှုရေးနှင့် ဘာသာရေးအရ ထည့်ဝင်လှူဒါန်းမှုများကိုပါ လျှော့ချခဲ့ကြရသည်။

ထို့အပြင် ခေါင်းပုံဖြတ်အမြတ်ထုတ် ခံရနိုင်ခြေနှင့် လူကုန်ကူးခံရနိုင်ခြေ မြင့်မားလှသည့် (ဥပမာ အမျိုးသမီးငယ်များကို အတင်းအကျပ် လက်ထပ်ထိမ်းမြားစေခြင်း) အထောက်အထားမဲ့ အလုပ်သမားများအဖြစ် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရန် အလုံးအရင်းဖြင့် ထွက်ခွာသွားကြသည့် အမျိုးသား၊ အမျိုးသမီးနှင့် ဆယ်ကျော်သက်အရွေ

အတွက်သည်လည်း တစ်နေ့တစ်ခြား မြင့်တက်လာခဲ့သည်။ ဘိန်းစိုက်ပျိုးရေးနှင့် နီးစပ်မှုရှိသည့် နယ်မြေဒေသအများ အပြားရှိကျေးလက်လူထုလူတန်းစားများအတွက် ရွှေပြောင်း အလုပ်အကိုင်သည် မိမိတို့ဝမ်းမီးငြိမ်းစေရန် ရွေးချယ်မီးစင် ကြည့်ကကြရသည့် အဓိကနည်းလမ်းတစ်ခု ဖြစ်လာခဲ့သည်။ ဘိန်းစိမ်းပေါက်ဈေး ကျသွားခြင်းကြောင့် ပေါ်ပေါက်လာခဲ့ရ သည့် အခက်အခဲများသည် အထူးသဖြင့် စီးပွားရေး ချောင် လည်မှုမရှိရသည့်အထဲဘိန်းခင်းပါအဖျက်ခံခဲ့ရသည့်မိသားစု ကိုတစ်ဦးတည်း ဦးဆောင်နေရသူများကို ပို၍အထိနာစေခဲ့ သည်။ ဆီဆိုင်မြို့ခံ ဘိန်းစိုက်တောင်သူ အမျိုးသမီးတစ်ဦးက "ထိုင်းကိုသွားပြီး အလုပ်လုပ်နိုင်ဖို့ ကလေးတွေအရမ်းငယ် သေးတဲ့ ကျမတို့မိသားစုအတွက် ဈေးကျနေတယ်ဆိုရင်တောင် ဘိန်းစိုက်တာက ကျမတို့အတွက် တစ်ခုတည်းသော ဖြေရှင်း ရေးနည်းလမ်းဖြစ်နေတယ်။ ဒါကြောင့် ဘိန်းဈေးတွေ ပြန် တက်လာဖို့ပဲ ကျမအနေနဲ့ ဆုတောင်းနေမိတယ်" ဟု ရင်ဖွင့် ပြောဆိုသွားခဲ့သည်။[၆၀]

ဈေးကျနေလင့်ကစား တစ်ခုတည်းသော ဝင်ငွေရင်း မြစ်အဖြစ် မိသားစုကိုထောက်ပံ့နိုင်စေရန် ဆက်လက်စိုက် ပျိုးနေကြသည့် တောင်သူအများစုသည်လည်း အခင်းအရွယ် အစားကို လျှော့ချနေကြရပြီဖြစ်သည်။ ထို့အပြင် တောင်သူ များအနေဖြင့် ဘိန်းဈေး တစ်နေ့ပြန်တက်လာလိမ့်မည်ဟု မျှော်လင့်နေကြဆဲဖြစ်သလို ၎င်းတို့ပတ်ဝန်းကျင်ရှိ နည်းပါး လှသည့် အခွင့်အလမ်းများအကြား အဓိကအကျဆုံးတစ်ခု အဖြစ်ရှုမြင်ထားကြသည့် အခွင့်အရေးကို လက်လွှတ်လိုစိတ် လည်း မရှိကြသေးပေ။

၂၀၂၀ နှစ်ကုန်ပိုင်းနှင့် ၂၀၂၁ နှစ်ဦးပိုင်း၌ ပြန်တက် လာခဲ့သည့် ဘိန်းဈေးနှုန်းများက အရွေ့သစ်တစ်ခုကို မွေးဖွား ပေးလိုက်ပြီဟု ကံသေကံမပြောဆိုနိုင်ရန် စောလွန်းနေဆဲဖြစ် သည်။ မည်သို့ဆိုစေ လက်ရှိမူဝါဒများ ("ဥပဒေမူဘောင်နှင့် မူဝါဒရေးရာ အရေးယူဆောင်ရွက်ချက်များ" ဟူသည့်အခန်း၌ ဆက်လက်ဖတ်ရှုပါ) အလုပ်ဖြစ်နေခြင်းကြောင့်သာ ဘိန်းစိုက် ပျိုးမှုနှင့် ဘိန်းဈေးများကျဆင်းလာခြင်းဖြစ်သည်ဟု လက်ခံ ယူဆထားကြသူများအတွက်တော့ သတိပေးခေါင်းလောင်း သံတစ်ခုဖြစ်လာခဲ့သည်။ စစ်အာဏာသိမ်းမှုနှင့် လက်ရှိနိုင်ငံ ရေးအကျပ်အတည်းကြောင့် ပေါ်ပေါက်လာခဲ့သည့် စီးပွားရေး ဂယက်ရိုက်ခတ်မှုများသည် ယခုထက်ပို၍ ဆိုးရွားပြင်းထန် လာတော့မယောင် ခြိမ်းခြောက်လာနေပြီဖြစ်သည်။ ဤကဲ့ သို့သောအခင်းအကျင်းမျိုး၌ ဘိန်းစိုက်ပျိုးမှုများ အကြီးအကျယ် ပြန်လည်မြင့်တက်လာနိုင်သည့် အလားအလာသည် မျှော် လင့်ထားရမည့် ကိစ္စရပ်တစ်ခုသာဖြစ်တော့သည်။





ပုံ (၁) ဆီဆိုင်မြို့နယ်၏ ခြံဝကောက်ဘိန်းစိမ်းပေါက်ဈေးများ အဆင့်ဆင့်ပြောင်းလဲလာပုံ
(တွေ့ဆုံမေးမြန်းခဲ့သည့် တောင်သူများ၏ ထွက်ဆိုချက်အရ ၂၀၁၁ ခုနှစ်မှစ၍ရရှိခဲ့သည့် ပျမ်းမျှပေါက်ဈေးများ – ပိဿာအလိုက် ကျပ်ငွေဖြင့်ပေါက်ဈေး)

နောက်ဆုံးအနေဖြင့်ခံနိုင်ရည်စွမ်းအား အလွန်ကောင်းကြကြောင်းပြဆိုထားကြသော်လည်းဒေသတစ်လွှားအကောင်အထည်ဖော်လျက်ရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အစီအစဉ်များက ၎င်းတို့၏ မျှော်လင့်ချက်များ နှင့် လိုအပ်ချက်များကိုဖြည့်ဆည်းထောက်ပံ့ပေးခြင်းမရှိခဲ့သဖြင့်တောင်သူအများစုသည်ကူကယ်ရာမဲ့ဖြစ်နေပြီးအာဏာပိုင်များ၏ပစ်ပယ်ခြင်းခံထားရသည်ဟု ထင်မြင်ယူဆနေကြသည် ("မြန်မာနိုင်ငံ၏အခြားနည်းဖြင့်ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး"ဟူသည့်အခန်းကိုအောက်တွင်ဆက်လက်ဖတ်ရှုပါ)။ဘိန်းစိုက်တောင်သူများအားလုံးက အစိုးရနှင့် အခြားဇာတ်ကောင်များအနေဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲရေးမူပေါ် အခြေခံ၍ ဝင်ငွေရင်းမြစ်များ ဆပွားနိုင်သည်အထိ ရေရှည်ကတိကဝတ်ထား၍ ထောက်ပံ့ကူညီပေးကြရန်သာ တစ်ညီတစ်ညွတ်တည်း တောင်းဆိုနေကြခြင်းဖြစ်သည်။ ဟိုပုံးမြို့နယ်မှ ဘိန်းစိုက်တောင်သူ အမျိုးသမီးတစ်ဦးက "ဘိန်းစိုက်တာကို လျှော့ချဖို့ဆိုရင် ရေရှည်ဖွံ့ဖြိုးရေးအထောက်အပံ့တွေ ပေးအပ်ဖို့ လိုအပ်ပါတယ်။ ရေတိုစီမံကိန်းတွေက ကာလရှည်အမြစ်စွဲလာခဲ့တဲ့ ပြဿနာတွေကို မဖြေရှင်းပေးနိုင်ပါဘူး" ဟု ပြောဆိုသွားခဲ့သည်။[၈၁]

## အိန္ဒိယနိုင်ငံအတွင်း တရားမဝင်ဘိန်းစိုက်ပျိုးမှု

မြန်မာနိုင်ငံနှင့်အတူ အိန္ဒိယနိုင်ငံသည်လည်း ဒေသအတွင်း၌ ဘိန်းတရားမဝင် စိုက်ပျိုးထုတ်လုပ်မှုအများဆုံးနိုင်ငံတစ်ခုဖြစ်နေသည်။ အိန္ဒိယနိုင်ငံအတွင်း ဘိန်းစစ်တမ်းကောက်ယူထားမှုမရှိခဲ့သဖြင့် ဘိန်းမည်ရွေ့မည်မျှ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း အတိအကျပြောဆိုနိုင်သည့် တရားဝင်ကိန်းဂဏန်း အချက်အလက်များ ရှိမနေခဲ့ပေ။ သို့သော်လည်းအိန္ဒိယအစိုးရက နိုင်ငံအတွင်းရှိ တရားမဝင်ဘိန်းစိုက်ပျိုးမှုအတိုင်းအတာနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် အချက်အလက်များအရ ၂၀၁၁ ခုနှစ်အတွင်း စိုက်ကေစုစုပေါင်း ၂၂,၀၀၀ ဟက်တာရှိခဲ့ပြီး ၂၀၁၂ ခုနှစ်ရာသီ၌ ဟက်တာပေါင်း ၂၈,၀၀၀ ခန့်စိုက်ပျိုးခဲ့ကြောင်းသိရှိရသည်။[၈၂] အစိုးရဝန်ထမ်းဟောင်းတစ်ဦးဖြစ်သူက ၂၀၀၉ ခုနှစ်အတွင်း အိန္ဒိယအစိုးရတရားဝင်ခန့်မှန်းထုတ်ပြန်ခဲ့သည့် အချက်အလက်များထက်အရှေ့မြောက်အိန္ဒိယဒေသတွင်း အမှန်တကယ်ဘိန်းစိုက်ပျိုးသည့်ပမာဏသည် များစွာပို၍ မြင့်မားလိမ့်မည်ဟု ဤသို့ "ကျနော့်ရဲ့ ခန့်မှန်းချက်အရဆိုရင် အနည်းဆုံးဟက်တာ ၃၀,၀၀၀ ကနေစပြီး ဟက်တာ ၅၀,၀၀၀ အထိရှိနိုင်တယ်" ပြောဆိုသွားခဲ့သည်။[၈၃] အရှေ့မြောက်အိန္ဒိယဒေသရှိ တရားမဝင်ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုအပေါ် လေ့လာသုတေသနပြုချက်များက ယခု




ပုံ (၂) တာချီလိတ်မြို့နယ်၏ ခြံဝကောက်ဘိန်းစိမ်းပေါက်ဈေးများ အဆင့်ဆင့်ပြောင်းလဲလာပုံ
(တွေ့ဆုံမေးမြန်းခဲ့သည့် တောင်သူများ၏ ထွက်ဆိုချက်အရ ၂၀၁၁ ခုနှစ်မှစ၍ရရှိခဲ့သည့် ပျမ်းမျှပေါက်ဈေးများ – ပိဿာအလိုက် ကျပ်ငွေဖြင့်ပေါက်ဈေး)

အဆိုကို ထောက်ခံအတည်ပြုပေးလျက်ရှိသလို အချို့ကလည်း အိန္ဒိယနိုင်ငံအတွင်း တရားမဝင်ဘိန်းစိုက်ပျိုးမှုပြကိန်းဂဏန်း အချက်အလက်များကို "နှစ်ပေါင်းများစွာ တကယ့်အရှိပမာဏ ထက်များစွာ လျှော့ပြထားခြင်းဖြစ်နိုင်သည်ဟု" ပြောဆိုခဲ့ကြ သည်။[၈၄] အမှန်တကယ်သာမှန်ခဲ့လျှင် အိန္ဒိယသည် အာဖဂန် နစ္စတန်နှင့် မြန်မာပြီးလျှင် ကမ္ဘာ့တတိယမြောက် တရားမဝင် ဘိန် စိုက်ပျိုး ထုတ်လုပ်မှုအများဆုံး သို့မဟုတ် မြန်မာနိုင်ငံနှင့် ပူးတွဲဒုတိယဆုပါ ချိတ်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။[၈၅]

အိန္ဒိယနိုင်ငံအတွင်း တရားမဝင် ဘိန်းစိုက်ပျိုးမှု၏ အများဆုံးပမာဏကို မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ် လျက်ရှိသည့် အရှေ့မြောက်အိန္ဒိယဒေသ၌ တွေ့ရှိရသည်။ မြန်မာ-အိန္ဒိယ နယ်စပ်ဒေသများသည် ရေမြေအနေအထား အရသော်လည်းကောင်း လူမျိုးအရသော်လည်းကောင်း များ စွာဆင်တူမှုရှိနေကြသည်။ တောင်ကုန်းတောင်တန်းအတိ ဖြင့်သီးခြားကမ္ဘာဖြစ်နေသည့် ဤနယ်မြေဒေသများ၌ မှီတင်း နေထိုင်လျက်ရှိသည့် အချို့သော တိုင်းရင်းသားမျိုးနွယ်စုများ သည် နယ်စပ်နှစ်ဖက်စလုံးကို ခွထိုင်ထားကြသူများဖြစ်နေ ကြောင်းတွေ့ရှိရသည်။

ယခုအစီရင်ခံစာအတွက် သုတေသနပြုရာ၌ အရှေ့ မြောက်အိန္ဒိယဒေသများ ဖြစ်ကြသည့် မဏိပူရ်နှင့် အာရူနာ ချာပရာဒေ့ရှ်ဒေသနှစ်ခုစလုံးကို လွှမ်းခြုံလေ့လာခဲ့ခြင်းဖြစ် သည်။ တိုင်းရင်းသားမျိုးနွယ်စုများ အရောင်အသွေးစုံလင်လှ သည့် ဤဒေသသည် အိန္ဒိယလွတ်လပ်ရေးရခဲ့သည့် ၁၉၄၇ ခုနှစ်အတွင်း နယူးဒေလီမှလွတ်လပ်သည့် နယ်မြေဖြစ်သည် ဟုထုတ်ပြန်ကြေညာသွားခဲ့သည်။ ၎င်းတို့၏ တောင်းဆိုချက် အပေါ်နိုင်ငံတော်အစိုးရ၏ ငြင်းဆိုကန့်ကွက်မှုကို လက်မခံ ကြောင်းပြသသည့်အနေဖြင့် တိုင်းရင်းသားအခြေပြု နယ်ခံ အင်အားစုအချို့ လက်နက်စွဲကိုင်တော်လှန်သည့် နိုင်ငံရေး လမ်းကြောင်းကိုစတင်ခဲ့ကြပြီး ယခုအချိန်ထိ ပြေလည်မှုမရရှိ ခဲ့ကြပေ။ မဏိပူရ်နှင့် အာရူနာချာပရာဒေ့ရှ်ဒေသများသည် မြန်မာနိုင်ငံ၏ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်များနှင့် အလွန်ရှည်လျားသည့် နိုင်ငံတကာ နယ်နိမိတ်ချင်း ထိစပ်နေကြသည့် ဒေသများဖြစ်ကြသည်။ ၎င်းပြည်နယ်နှစ်ခုစလုံးသည် အိန္ဒိယနိုင်ငံအတွင်း နိုင်ငံရေး နှင့် စီးပွားရေးအရ ဖယ်ကြဉ်ခံရမှုအရှိဆုံးဒေသများ၌ အပါ အဝင်ဖြစ်နေကြသည်။ အရူနာချာပရာဒေ့ရှ်ပြည်နယ်တွင်း ဘိန်း စိုက်ပျိုးမှုအများဆုံးဒေသများသည် အန်းဂျောနှင့် လိုဟာစ်ခရိုင် များဖြစ်နေပြီး မဏိပူရ်ပြည်နယ်တွင် ဆိုက်ကူးရ်၊ အူခရူးရ်နှင့် ချန်ဒဲလ်ခရိုင်များ၌ စိုက်ပျိုးမှုအများဆုံးဖြစ်သည်။

အရူနာချာပရာဒေ့ရှ်ပြည်နယ်၏ အချို့သောနယ်မြေ ဒေသများ၌ ဘိန်းကိုမျိုးဆက်ပေါင်းများစွာ စိုက်ပျိုးလာခဲ့ခြင်း ဖြစ်ပြီး ကျန်ဒေသများရှိ ရွာသူရွာသားများသည် ၎င်းတို့၏ လတ်တင်းစားဝတ်နေရေး ပြဿနာကို ဖြေရှင်းပေးနိုင်သည့် နည်းလမ်းတစ်ခုအဖြစ် မကြာသေးမီနှစ်များအတွင်း စတင် စိုက်ပျိုးလာခဲ့ခြင်းဖြစ်သည်ဟု လေ့လာသိရှိခဲ့ရသည်။ မဏိပူရ်း ပြည်နယ်၌ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း စားဝတ်နေရေး အတွက်တစ်ပိုင်တစ်နိုင် ဘိန်းစိုက်ပျိုးမှုများ သိသိသာသာမြင့် တက်လာခဲ့သည်။ ပြည်နယ်နှစ်ခုစလုံးမှ တောင်သူများသည် ဘိန်းသာမက မိမိတို့ကိုယ်တိုင်စားသုံးရန်နှင့် တစ်ပိုင်တစ်နိုင် ရောင်းချရန်အတွက် အခြားရာသီသီးနှံမျိုးစုံကိုလည်း စိုက်ပျိုး ကြသည်။ ၎င်းတို့၌ ပန်းသီး၊ ၎က်ပျော၊ ပဲတောင့်ရှည်မျိုးစုံ၊ ဖာလာ၊ ကီဝီသီး၊ သာကူ၊ ပြောင်း၊ လိမ္မော်၊ စပါး၊ ပဲလုံး အမျိုး မျိုး၊ အာလူးမျိုးစုံ၊ ဖရုံသီးနှင့် ပဲပုပ်တို့သာမက ဒေသရေခံမြေခံ ရာသီဥတုနှင့် ကိုက်ညီမှုရှိသည့် ရာသီပေါ်ဟင်းသီးဟင်းရွက် မျိုးစုံတို့ကိုပါ စိုက်ပျိုးကြခြင်းဖြစ်သည်။

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားစိုက်ပျိုး ရေးဘဏ်၏[၈၆] အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းအမျိုးအစား ပွားများလာရေး မဟာဗျူဟာအစိတ်အပိုင်းတစ်ခုအဖြစ် အား ပေးမြှင့်တင်ထားသည့် ဝင်ငွေရသီးနှံမျိုးစုံ စိုက်ပျိုးရေးသည် ယေဘုယျအားဖြင့် ဘိန်းခင်းများဖျက်ဆီးခံရသည့် သို့မဟုတ် ဘိန်းဈေးနှုန်းများထိုးကျသွားသည့် အခြေအနေမျိုး၌ ဘိန်းမှ ရရှိသည့် ဝင်ငွေထက်များစွာ လျော့နည်းသည်မှန်သော်လည်း ဘိန်းစိုက်တောင်သူများကို ခုသာခံသာရှိစေမည့် အစားထိုး ဝင်ငွေရင်းမြစ်တစ်ခုအဖြစ် အထောက်အကူပြုသွားမည်ဖြစ် သည်။ မဏိပူရ်း၌ တွေ့ဆုံမေးမြန်းခဲ့သည့် တောင်သူများက ဘိန်းစိုက်ပျိုးခြင်းအားဖြင့်၎င်းတို့၏စီးပွားရေးအခြေအနေတိုး တက်ကောင်းမွန်လာပြီး ပျမ်းမျှအားဖြင့် နှစ်စဉ်ရူပီး ၄၀၀,၀၀၀ မှ ၇၀၀,၀၀၀ အကြား (အမေရိကန် ဒေါ်လာ ၅,၄၀၀ မှ ၉,၄၀၀ ဝန်းကျင်) ဝင်ငွေရရှိနေသည်ဟု ဖြေဆိုသွားခဲ့သည်။ အရူနာ ချာပရာဒေ့ရှ်၌လည်း ဘိန်းသည် တောင်သူများ၏ အဓိကဝင် ငွေရင်းမြစ်တစ်ခုဖြစ်နေပြီး ဘိန်းစိုက်ပျိုးမှုသာမရှိခဲ့လျှင် ၎င်း တို့အနေဖြင့် မိသားစု၏ အခြေခံလိုအပ်ချက်များကို ဖြည့် ဆည်းထောက်ပံ့ရန်နှင့်ကျွေးမွေးပြုစုနိုင်ရန်အတွက်ခက်ခက် ခဲခဲ ရုန်းကန်ကြရမည်ဖြစ်သည်။

ဘိန်းစိုက်ပျိုးရေးနှင့်အတူ "ဂျူဟမ့်မ်ိန်း" (ရွှေ့ပြောင်း တောင်ယာစိုက်ပျိုးမှု) အလေ့အထများနှင့် စုပေါင်းမြေယာ လုပ်ပိုင်ခွင့်စနစ်များကို ပြည်နယ်နှစ်ခုစလုံး၌ တွင်တွင်ကျယ် ကျယ်ကျင့်သုံးနေကြဆဲဖြစ်သည်။ ဘိန်းစိုက်ပျိုးသည့် နေရာ

ဒေသအပေါ်လိုက်၍ ဘိန်းကို အဝတ်စခံ၍[၈၇] သို့မဟုတ် အစေး ပုံစံအတိုင်း ခြစ်ယူကြသည်။ အများအားဖြင့် ဘိန်းစိုက်တောင်သူ အများစုသည် စိုက်ကွက်ငယ်များအတွင်း ဘိန်းနှင့် အခြား သီးနှံများကို ရောနှောစိုက်ပျိုးလေ့ရှိသော်လည်း အရှုနာချာ ပရာဒေ့ရှ်ပြည်နယ်၏ အချို့ဒေသများ၌ ဘိန်းစိုက်ပျိုးမည့် မြေ နေရာအကျယ်အဝန်း သတ်မှတ်ရာတွင် ၀.၄ ဟက်တာမှစ၍ ဟက်တာ ၂၀ အထိ သိသိသာသာ ကွာခြားနေလေ့ရှိသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် ဘိန်းစိုက်တောင်သူ အများစုသည် ထောက်လှမ်းစုံစမ်းမှုနှင့် ဘိန်းခင်းဖျက်ဆီးခံရမှုတို့ကို ရှောင် လွှဲရန်အတွက် ယေဘုယျအားဖြင့် ၎င်းတို့နေထိုင်ရာ အရပ် ဒေသမှ ဝေးလံခေါင်ဖျားသည့် ကုန်းမြင့် တောင်တန်းများပေါ် ၌သွားရောက် စိုက်ပျိုးကြလေ့ရှိသည်ဟု ထုတ်ဖော်ပြောဆို သွားခဲ့သည်။

၁၉၈၅ ခုနှစ် (NDPS အက်ဥပဒေ) မူးယစ်စေတတ် သောဆေးဝါးများနှင့် စိတ်ကိုပြောင်းလဲစေတတ်သော မူးယစ် ဆေးဝါးများအက်ဥပဒေ၌ အိန္ဒိယနိုင်ငံအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများအတွက် ဥပဒေမူဘောင် တစ်ရပ် ချမှတ်ပေးထားသည်။[၈၈] အက်ဥပဒေသည် အဓိက အားဖြင့် တရားမဝင် သို့မဟုတ် လိုင်စင်မဲ့ဘိန်းစိုက်ပျိုးကြသူ များအတွက် ထောင်ဒဏ်နှင့် ငွေဒဏ်များအပါအဝင် အတင်း အကျပ်ဘိန်းခင်း ဖျက်ဆီးမှုများကိုပါ ပြုလုပ်ရမည်ဟု ပြဋ္ဌာန်း ပေးထားသည်။

ဘိန်းခင်းဖျက်ဆီးရေးလုပ်ငန်းနှင့် ဥပဒေအရ တရား စွဲဆိုမှုများကို ရှေ့နောက်ညီညွတ်မှုမရှိသည့်ပုံစံဖြင့် စည်းကြပ် ဖော်ဆောင်နေကြသော်လည်း အချို့သောတောင်သူများက မည်သည့်အချိန်မဆို အမှုအခင်းဖြစ်လာသည်နှင့် တစ်ပြိုင် နက် ဘိန်းစိုက်တောင်သူမိသားစုများအတွက် သားသမီးများ ၏ပညာရေးကို ဆက်လက်မထောက်ပံ့နိုင်တော့ခြင်း၊ ကျန်း မာရေးဝန်ဆောင်မှုများကို လက်လှမ်းမမီတော့ခြင်းနှင့် အချို့ သောအခြေအနေများ၌ စားနပ်ရိက္ခာဖူလုံမှု ကင်းမဲ့သွားခြင်း ကဲ့သို့သော အခက်အခဲများကို သိသိသာသာကြီးထွားလာစေ နိုင်သည်ဟု သုံးသပ်ပြောဆိုသွားခဲ့ကြသည်။ အချို့သောလက် နက်ကိုင်အဖွဲ့အစည်းများသည် အပေါ်ယံအားဖြင့် ဘိန်းစိုက် ပျိုးမှုကို ဆန့်ကျင်သည်ဟု အမြဲတမ်းလိုလိုပြောဆိုလေ့ရှိ သော်လည်း မဏိပူရ်ရှိ ဘိန်းစိုက်တောင်သူများသည် မိမိတို့ ၏ဘိန်းခင်း အဖျက်မခံရစေရန်အတွက် ရဲတပ်ဖွဲ့နှင့် အချို့ သောလက်နက်ကိုင် အဖွဲ့အစည်းများကို မဖြစ်မနေလာဘ် ထိုးကြရသည်ဟု ပြောဆိုသွားခဲ့သည်။


အရှေ့မြောက်အိန္ဒိယဒေသ၌ ဘိန်းစေးအရည်ခံယူရန် အသုံးပြုကြသည့်အဝတ်စ

နယ်ခံဘိန်းစိုက်တောင်သူများသည် ဘိန်းခင်းဖျက် ဆီးမှုကို တွန်းလှန်နိုင်ရန်အတွက် မဟာဗျူဟာအမျိုးမျိုးပြင် ဆင်ထားကြရသည်။ ယင်းတို့၌ ဘိန်းစိုက်ပျိုးရန် မိမိတို့၏ ရပ်ရွာမှအလှမ်းဝေးသည့် အရပ်ဒေသများကို ရွေးချယ်ခြင်း၊ ဘိန်းခင်းလာရောက်ဖျက်ဆီးကြသည့် အဖွဲ့များအား ဘိန်း ခင်းများနှင့် ဝေးရာအရပ်များသို့ ရောက်ရှိသွားစေရန် လမ်းလွှဲ ညွှန်ပြခြင်းသို့မဟုတ်မရှင်းမလင်းလမ်းညွှန်ပေးခြင်းတို့အပြင် ဘိန်းခင်းများဆီသို့ သွားရောက်နိုင်သည့်လမ်းများကို ပိတ်ဆို့ ဖျက်ဆီးခြင်းကဲ့သို့သော နည်းဗျူဟာများလည်း ပါဝင်နေကြ ကြောင်း အန်းဂျောခရိုင်မှ ဘိန်းစိုက်တောင်သူတစ်ဦးက “သူ တို့တွေ [ဘိန်းခင်းဖျက်ဆီးရန် ရောက်လာကြသည့် အာဏာ ပိုင်များ] ဘိန်းခင်းတွေဆီ ဝင်လို့မရအောင် ကျနော်တို့က သစ် လုံးကြီးတွေချပြီး လမ်းပိတ်ထားလိုက် တယ်” ဟု ပြန်လည် ပြောပြခဲ့သည်။

အရှုနာချာပရာဒေ့ရှ်ရှိ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများသည် နိုင်ငံတကာဈေးကွက်ထက်စာလျှင် ပြည်တွင်းသုံးစွဲမှုအတွက် အဓိကရည်ရွယ်ကြပုံပေါ်သည်။ လက်တွေ့၌လည်း အချို့အနည်းအကျဉ်းမျှသာ မှောင်ခိုကုန်ကူးသူ များကိုရောင်းချမှုရှိပြီး အများအားဖြင့် ဘိန်းစိုက်တောင်သူများ၏ နေအိမ်များ သို့မဟုတ် ဈေးများ၌ တိုက်ရိုက်ဝယ်ယူမှုပြုနိုင်သည့် ရပ်ထဲရွာထဲမှ ဘိန်းမည်းအသုံးပြုသူများကိုသာ အဓိကရောင်းချပေးခြင်းဖြစ်သည်။ အရှုနာချာပရာဒေ့ရှ် ပြည်နယ်တစ်လွှားအစာအိမ်နာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ သွေးတိုးရောဂါ၊ ဝမ်းလျှောဝမ်းပျက်ကဲ့သို့သော ရောဂါဝေဒနာများကိုကုသရန် သို့မဟုတ် "စိတ်ဓာတ်ပြန်လည် လန်းဆန်းလာစေရန်" ရည်ရွယ်၍ ဘိန်းကိုဆေးဝါးတစ်လက်အဖြစ် ရိုးရာအစဉ်အလာအရအစဉ်အဆက် အသုံးပြုလာခဲ့ကြခြင်းဖြစ်သည်။ ထို့အပြင် မစ်ရှ်မီမျိုးနွယ်စုများအကြား ဘိန်းကို ထုံးတမ်းအစဉ်အလာအရ နတ်များကိုပူဇော်ပသသည့် ပူးဂျာ သို့မဟုတ် ပူဂျာဟုခေါ်သည့် ရိုးရာဓလေ့အတွက်လည်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေကြဆဲဖြစ်သည်။ အန်းဂျောခရိုင်မှ တောင်သူအများအပြားက "ကျနော်တို့ဒေသမှာ အိမ်တိုင်းနီးပါး ဘိန်းရှိကြပါတယ်" ဟုမှတ်ချက်ပေးခဲ့ကြသည်။ ဤအချက်ကို ၂၀၂၁ ခုနှစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာအတွင်း "အိန္ဒိယ၌ အထူးသဖြင့် အရှေ့မြောက်အိန္ဒိယဒေသများ၌ တရားမဝင်ဘိန်းစိုက်ပျိုးမှုများ ရှိနေသည် မှန်သော်လည်း အဓိကအားဖြင့် ဒေသတစ်လွှား အိမ်တွင်းအသုံးပြုရန် ဝယ်ယူသုံးစွဲကြသည့် ဈေးကွက်ကိုသာ ဖြည့်ဆည်းထောက်ပံ့ရန် ရည်ရွယ်ခြင်းဖြစ်သည်" ဟု အတည်ပြု ရေးသားဖော်ပြခဲ့သည်။[၇၉]

သို့သော်လည်း မဏိပူရ်း၏ ဈေးကွက်အနေအထားသည် အရှုနာချာပရာဒေ့ရှ်ပြည်နယ်နှင့်မတူဘဲ ရိုးရာအစဉ်အလာအရ ဘိန်းအသုံးပြုမှု မရှိသလောက် နည်းပါးလျက်ရှိသည်။ ကြားခံပွဲစားများကသာ ဘိန်းဝယ်ယူရန်အတွက် ကျေးရွာသို့ရောက်ရှိလာလေ့ရှိပြီး နောက်ပိုင်းဘိန်းကို မည်ကဲ့သို့ ဆက်လက်အသုံးပြုသည်ကို တောင်သူများ မသိရှိကြတော့ပေ။ မီဒီယာများကလည်း ပြည်နယ်အတွင်း ဘိန်းဖြူထုတ်လုပ်မှုရှိနေသည်ဟု သတင်းများ ရေးသားတင်ပြလျက်ရှိရာ၌ ဥပမာအားဖြင့် ဒေါ်ဘာလ်ခရိုင်၌ တစ်ဦးချင်းအသေးစိတ်တွေ့ဆုံမေးမြန်းမှုကို ဖြေဆိုခဲ့ကြသူများက ဤအချက်ကို ထောက်ခံအတည်ပြု သွားခဲ့သည်။ တောင်သူများအနေဖြင့် လက်နက်ကိုင် အဖွဲ့အစည်းပေါင်းစုံကိုသော်လည်းကောင်း ကျေးရွာသူကြီးများကိုသော်လည်းကောင်း တစ်မိသားစုလျှင် အနည်းဆုံး ရူပီး ၃၀,၀၀၀ မှ ၅၀,၀၀၀ အကြား (အမေရိကန်ဒေါ်လာ ၄၀၀ မှ ၆၇၀ ဝန်းကျင်အထိ) ရာသီအလိုက် အခွန်အမျိုးမျိုးကို နားလည်မှုဖြင့် ပေးဆောင်ကြရသည်။

နယ်မြေခံရဲအရာရှိများအပါအဝင် အဆိုပါဒေသ၌ အသေးစိတ်တွေ့ဆုံမေးမြန်းမှုကို ဖြေဆိုခဲ့ကြသူများ၏ ပြောဆိုချက်အရ မဏိပူရ်းအတွင်း ဘိန်းစိုက်ပျိုးမှုသည် ဒေသတစ်လွှားရှိ မူးယစ်ဆေးဝါးစီးပွားရေးနှင့် ပို၍နီးစပ်မှုရှိပြီး အခြားဓာတ်ကောင်များ အထူးသဖြင့် မြန်မာနိုင်ငံဖက်ခြမ်းမှ အစုအဖွဲ့များနှင့် ထဲထဲဝင်ဝင်ချိတ်ဆက်ပတ်သက်မှု ရှိနေကြသည်ဟု လေ့လာသိရှိခဲ့ရသည်။ နယ်ခံများသည် ဆေးဝါးစက်ရုံကြီးများက ထုတ်လုပ်ရောင်းချလျက်ရှိသည့် အလ်ပရာဇိုလမ်နှင့် ချောင်းဆိုးပျောက်ဆေးကဲ့သို့သော တရားဝင်ဆေးဝါးအမျိုးမျိုး၊ (အချို့သောဒေသများ၌ 'မြန်မာနိုင်ငံမှလာသည့် WY' ဟုရည်ညွှန်းကြသည့်) မက်အမ်ဖီတမင်းနှင့် (မဏိပူရ်း၏ ပြည်နယ်မြို့တော် အင်ဖာမှလာသည့်) ဘိန်းဖြူတို့ကိုပါ အသုံးပြုကြသဖြင့် အရှုနာချာပရာဒေ့ရှ်ရှိ မူးယစ်ဆေးဝါးသုံးစွဲမှု အလေ့အထများနှင့် များစွာကွာခြားလျက်ရှိသည်။ ဤအချက်က ဘိန်းကိုသာ အဓိကမူးယစ်ဆေးဝါးအဖြစ် ရပ်ရွာများအကြား အများဆုံး အသုံးပြုလျက်ရှိသည့် အရှုနာချာပရာဒေ့ရှ်ဒေသ မူးယစ်ဆေးဝါးသုံးစွဲမှု အလေ့အထများနှင့် သိသိသာသာ ကွဲလွဲဆန့်ကျင်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ကဲ့သို့ပင် အရှုနာချာပရာဒေ့ရှ်နှင့် မဏိပူရ်း ပြည်နယ်များ၏ ဘိန်းစိမ်းပေါက်ဈေးသည် စိုက်ပျိုးရာသီနှင့် နှစ်တစ်နှစ်၏ရာသီခွင်အပေါ်မူတည်၍သိသိသာသာအတက်အကျဖြစ်သွားလေ့ရှိသည်။ ယေဘုယျအားဖြင့် ရောင်းလိုအားပုံကျလာသည့် ရိတ်သိမ်းပြီးစကာလများ၌ ဈေးအနည်းဆုံးဖြစ်သွားလေ့ရှိပြီး နောက်ပိုင်းတဖြည်းဖြည်း ပြန်၍ဈေးတက်လာတတ်သည်။ အရှုနာချာပရာဒေ့ရှ်တစ်လွှား ဒေသပေါင်းစုံမှ ဘိန်းစိုက်တောင်သူများက ဘိန်းစိမ်းပေါက်ဈေးသည်နှစ်တစ်နှစ်၏ ရာသီခွင်အလိုက် ပျမ်းမျှအားဖြင့် တစ်တိုလာလျှင် ရူပီး ၄၀၀ မှစ၍ ၂,၀၀၀ အထိ (တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၄၆၀ မှ ၂,၃၀၀ အကြား) ရှိတတ်သည်ဟု ပြောဆိုသွားခဲ့ကြသည်။[၈၀] ဤပေါက်ဈေးသည် ဘိန်းစိုက်တောင်သူများ တစ်ကီလိုလျှင် ရူပီး ၁၀၀ မှ ၃၀၀ အကြားသာရရှိခဲ့ကြသည့် လွန်ခဲ့သောငါးနှစ် ဆယ်နှစ်ခန့်က နှုန်းထားများထက်များစွာပို၍ မြင့်မားလျက်ရှိသည်။ အလားတူပင် မဏိပူရ်းတွင်း ဘိန်းစိမ်းပေါက်ဈေးများသည်လည်း အလားတူအချိန် ၂၀၁၉ ခုနှစ်ဝန်းကျင်၌ တစ်ကီလိုလျှင် ရူပီး ၃၅၀ မှ ၇၀၀ အထိ (တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၄၀၀ မှ ၈၀၀ အထိ) မြင့်တက်သွားခဲ့သဖြင့် ရှေ့ ၅ နှစ်ဝန်းကျင်ထက် စုစု

ပေါင်းခန့်မှန်းခြေအားဖြင့် ၁၀% မှ ၂၀% အထိ မြင့်တက်သွားခဲ့သည်ဟုဆိုနိုင်ပါသည်။ ခြုံငုံသုံးသပ်နိုင်သည့် ကိန်းဂဏန်းအချက်အလက်များ မရှိခဲ့သော်လည်း တွေ့ဆုံမေးမြန်းမှုရလဒ်များက မြင့်တက်လာနေသည့် ပေါက်ဈေးနှင့်အတူ စိုက်ပျိုးမှုပမာဏသည်လည်း လိုက်လံမြင့် တက်လာနိုင်ခြေရှိသည်ဟု ရည်ညွှန်းဖော်ပြလျက်ရှိသည်။

၂၀၁၀ ခုနှစ်မှစ၍ အိန္ဒိယ၏ အခြားပြည်နယ်များထက် မြင်သာထင်သာရှိမှု နည်းပါးသလို ဖြစ်နေခဲ့သော်လည်း



အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဘိန်းစိုက်ခင်း

မဏိပူရ်းနှင့် အရူနာချာပရာဒေ့ရှ် ပြည်နယ်နှစ်ခုစလုံး၌ ဖွံ့ဖြိုးရေးစီမံကိန်းများ အရှိန်အဟုန်ဖြင့် တိုးပွားလာခဲ့သည်ဟု လေ့လာသိရှိခဲ့ရသည်။ ကျောင်းများ၊ ရေသွယ်ဖြန့်ဖြူးရေးစီမံကိန်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် မိုဘိုင်းဖုန်းကွန်ရက်များအပါအဝင် လမ်းတံတားအခြေခံ အဆောက်အအုံများ အတိုင်းအတာတစ်ခုအထိ တိုးတက်ပြောင်းလဲလာခဲ့သည်။ မဏိပူရ်း တောင်သူများကလည်း ကျန်းမာရေးပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာသလို အချို့သောစိုက်ပျိုးရေး ကဏ္ဍများအတွက် ဈေးငွေများကိုပါ လက် လှမ်းမီလာခဲ့သည်ဟု မှတ်ချက်ပေးပြောဆိုသွားခဲ့သည်။

အရူနာချာပရာဒေ့ရှ် ဒေသန္တရအစိုးရဌာနများသည် ဝါခရိုဒေသခံ ရွာသူရွာသားများ၏ စားဝတ်နေရေးအဆင်ပြေလာစေရန် ကွဲနွားများ၊ ဝင်ငွေရသီးနှံ မျိုးရင်းမျိုးစေ့များနှင့် ဓာတ်မြေသြဇာများသာမက လစဉ်ဆန်ရေ ရိက္ခာခွဲတမ်းများကိုပါထောက်ပံ့ပေးခဲ့သည်။ သို့သော်လည်း ဘေးကင်းသန့်ရှင်းသည့် ရေရရှိမှုနှင့် ရေအရည်အသွေး၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုတို့ အပြင် ဝါခရိုဒေသတစ်ခုတည်းကို ကွက်၍ကြည့်ပါက ရေကြီးရေလျှံမှု တားဆီးကာကွယ်ရေး အခြေခံအဆောက်အအုံကဲ့သို့သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များစွာရှိနေသေးသည်ဟု တောင်သူအများစု မီးမောင်းထိုးပြောဆိုသွားခဲ့သည်။ ထို့အပြင် ၎င်းတို့အားလုံးသည် လက်ရှိအချိန်၌ စိုက်ပျိုးရေးလုပ်ငန်းများ အထူးသဖြင့် ဘိန်းစိုက်ပျိုး ရေးကိုသာ အများဆုံး မှီခိုအားထားနေကြရသဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝင်ငွေရင်းမြစ်များ တိုးပွားများပြားလာအောင် ပံ့ပိုးကူညီပေးရန် အလွန်အရေးကြီးသည်ဟု တစ်ညီတစ်ညွတ်တည်း ထောက်ပြပြောဆိုသွားခဲ့ကြသည်။

သီးခြားဖြစ်သည့် ရေခံမြေခံအခင်းအကျင်းများ ရှိနေလင့်ကစား အရှေ့မြောက်အိန္ဒိယဒေသ ဘိန်းစိုက်တောင်သူများ၏ အခြေအနေတစ်ခုလုံးကို ခြုံငုံသုံးသပ်ကြည့်ပါက မြန်မာနိုင်ငံ ဘိန်းစိုက်တောင်သူများ၏ အခြေအနေနှင့် လုံးဝနည်းပါးဆင်တူလျက်ရှိကြောင်း အံ့သြဖွယ်ရာလေ့လာတွေ့ရှိခဲ့သည်။ အဓိကအားဖြင့် စားဝတ်နေရေး ပြေလည်စေရန်အတွက်သာ ဘိန်းကို တစ်ပိုင်တစ်နိုင် ဆက်လက်စိုက်ပျိုးကြခြင်းဖြစ်ပြီး ဤလူထုလူတန်းစား တစ်ရပ်လုံးသည် မိမိတို့၏ အခြေခံလိုအပ်ချက်များ ပြည့်မီစေရန် ဘိန်းမှရရှိသည့်ဝင်ငွေတစ်ခုတည်းကိုသာ မှီခိုအားထားနေရခြင်းဖြစ်သည်။ အစိုးရများက အခြေခံလူထု ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြေခံ

အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နေလင့်ကစား ပြည်တွင်းနှင့် နိုင်ငံတကာဝယ်လိုအားများရှိနေဆဲဖြစ်ပြီး ဘိန်းစိမ်းပေါက်စျေးများ မြင့်တက်လာခြင်းတို့ကြောင့် ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ဘိန်းစိုက်ပျိုးမှုများ ပိုမိုကျယ်ပြန့်လာခဲ့ခြင်းဖြစ်သည်။

ဤလားရာဦးတည်ချက်များက ဖွံ့ဖြိုးရေးစီမံကိန်းများဖော်ဆောင်မှု သက်သက်တစ်ခုတည်းဖြင့် ဘိန်းစိုက်ပျိုးမှုပြဿနာကို ပြေလည်သွားစေနိုင်မည်မဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံရေးအရ ခွဲခြားဘေးဖယ်ခံရမှုကဲ့သို့သော နောက်ကွယ်မှ မောင်းနှင်အားများကိုပါ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း ရှင်းရှင်းလင်းလင်းပြဆိုလျက်ရှိသည်။ ထို့အပြင် ရိုးရာအစဉ်အလာအရ ဘိန်းအသုံးပြုမှုနှင့် ပြည်တွင်းပြည်ပဝယ်လိုအားများ ဆက်ရှိနေဦးမည် ဖြစ်ကြောင်းကိုလည်း မဖြစ်မနေ လက်ခံအသိအမှတ်ပြုရန် လိုအပ်လျက်ရှိသည်။ ထို့ကြောင့် တရားရေးနှင့် ဥပဒေရေးရာ စီမံချက်များမှတစ်ဆင့် ဤအရှိတရားများနှင့် စိန်ခေါ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံအသိအမှတ်ပြုရန် လိုအပ်လျက်ရှိသည်။

## အမ်ဖီတမင်းအမျိုးအစား စိတ်ကြွဆေးများ ဖောင်းပွလာခြင်း

ဘိန်းစိုက်ပျိုးမှု ကျဆင်းလာခြင်းနှင့်အတူ မြန်မာအပါအဝင် ဒေသတစ်လွှားရှိ နိုင်ငံများအကြား အမ်ဖီတမင်းအမျိုးအစား စိတ်ကြွဆေးပြားထုတ်လုပ်မှုနှင့် သုံးစွဲမှုများ တစ်ရှိန်ထိုးမြင့်တက်လာမှုကို နဖူးတွေ့ဒူးတွေ့ ကြုံတွေ့လာရတော့သည်။ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း စိတ်ကြွဆေးများကိုလွယ်လင့်တကူ ပိုမိုလက်လှမ်းမီလာခဲ့သလို စျေးနှုန်းများသည်လည်း ကျမသွားခဲ့လျှင်ပင် အနိမ့်ဆုံးနှုန်းထား၌သာ ဆက်ရှိနေခဲ့သည်။မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှုနှင့်ဖမ်းဆီးရမှုများ ထိုးတက်လာနေသည့်ကြားက ဒေသကြီးတစ်ဝှမ်းလုံးသည် ဤအရွေ့၏ဝါးမြိုခံလိုက်ရခြင်းဖြစ်သည်။ဤအခြေအနေက မက်အမ်ဖီတမင်းသုံးစွဲမှုနှင့် လက်လှမ်းမီဝယ်ယူရရှိနိုင်မှုတို့ကိုလျှော့ချရန် ဖိနှိပ်ချုပ်ချယ်မှုအပေါ် အခြေခံထားသည့် လက်ရှိမူဝါဒများ ထိရောက်အကျိုးရှိမှုနည်းပါးလျက်ရှိကြောင်း ရှင်းရှင်းလင်းလင်း မီးမောင်းထိုးပြလျက်ရှိသည်။[၉၀]

ဒေသကြီးတစ်ခုလုံး ATS ဖောင်းပွလာခြင်းသည် မူးယစ်ဆေးဝါးတစ်မျိုးမှ နောက်တစ်မျိုးသို့ ထုတ်လုပ်သူများနှင့်သုံးစွဲသူများ ရွှေ့ပြောင်းသွားသည့် ရိုးရှင်းသည့်အပြောင်းအရွှေ့ဖြစ်စဉ်၏ ရိုက်ခတ်မှုသည်လည်း တစ်စိတ်တစ်ပိုင်းပါဝင်နေနိုင်သည်။ မည်သို့ဆိုစေ ဘိန်းအခြေခံမူးယစ်ဆေးဝါးများနှင့် ATS စျေးကွက်တို့သည် တစ်စိတ်တစ်ပိုင်းအားဖြင့် ထပ်လျက်ရှိနေသည် မှန်သော်လည်း ဤအရွှေ့အပြောင်းတစ်ခုတည်းကြောင့်ATSထုတ်လုပ်မှုနှင့်သုံးစွဲမှုများမြင့်တက်သွားခြင်းဖြစ်သည်ဟု ယတိပြတ်ယူဆ၍မရနိုင်ပါ။ လက်တွေ့၌ ATS စျေးကွက်ကြီးထွားလာမှုသည် ၎င်း၏အရွှေ့နှင့် ၎င်းရှိနေခဲ့ပြီး ရိုက်ခတ်ခံခဲ့ရသည့် နိုင်ငံများ၌ ကျေးလက်စိုက်ပျိုးရေးအခြေခံစီးပွားရေးမှသည် မြို့ပြ၊ စက်မှုနှင့် စျေးကွက်အခြေပြုလူ့အဖွဲ့အစည်းများအဖြစ် ရုတ်ချည်း ပြောင်းလဲသွားစေခဲ့သည့် လူမှုစီးပွားရေး အပြောင်းအလဲကြီးများကလည်း အနည်းနှင့်အများဆိုသလို အကျိုးသက်ရောက်မှုရှိစေခဲ့သည်။[၉၁]

ထို့အပြင် ဒေသကြီးအတွင်း တစ်ရှိန်ထိုးမြင့်တက်လာခဲ့သည့် ကူးသန်းရောင်းဝယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံများကလည်း ATS ကုန်ကူးမှုနှင့် လက်လှမ်းမီဝယ်ယူရရှိမှု ကျယ်ပြန့်လာစေရန် ပေါင်းကူးတံတားထိုးပေးလျက်ရှိသည့် ဒေါက်တိုင်ကြီး၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့သည်။ ကုန်လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း မူးယစ်ဆေးဝါးများသည် အခြားကုန်စည်များနှင့် သွင်းအားစုများအကြား ရောနှောပုံဖျောက်၍ နယ်မြေဒေသတစ်ခုမှ နောက်တစ်ခုသို့ ပိုမိုလွယ်ကူမြန်ဆန်စွာ ရွှေ့ပြောင်းရောက်ရှိလာခဲ့သည်။ တစ်ချိန်တည်းလိုလို၌ အလွန်အရေးပါသော်လည်းစည်းကြပ်ထိန်းကျောင်းမှု အားနည်းလျက်ရှိသည့် လုပ်ငန်းနယ်ပယ်များတွင် အလုပ်လုပ်နေကြရသည့် လူငယ်လူရွယ်များအကြား မိမိတို့၏ ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်၍ယင်းမှ ဆင်းသက်လာမည့် ဝင်ငွေများတိုးပွားလာအောင် ကြိုးပမ်းကြရာ၌ တောင်းဆိုမှုများ၍ အာမခံချက်နည်းပါးလှသည့် လုပ်ငန်းခွင်များ၏ အထုအထောင်းဒဏ်ကို ခံနိုင်ရည်ရှိစေရန် အတွက် ATS ဆေးပြားများကို မြည်းစမ်းထွက်ပေါက်ရှာသူဦးရေ သိသိသာသာမြင့်တက်လာလျက် ရှိသည်။

ဤကဲ့သို့သော "လုပ်ငန်းသဘောသဘာဝအရ" မူးယစ်ဆေးဝါး အသုံးပြုမှုသည် ခရီးရှည်ကုန်တင်ကားမောင်းရသူများနှင့်အငှားယာဉ်မောင်းသမားများ၊သတ္တုတွင်းများနှင့် အခြားတွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်းများ အပါအဝင် ငါးဖမ်းလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကဲ့သို့သော ကဏ္ဍများ၌ အလုပ်လုပ်ကြရသည့် ကာယလုပ်သားများအကြား တွင်ကျယ်ပျံ့နှံ့လျက်ရှိသည့် ပကတိအရှိတရားတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့သည်။ အလားတူပင်ပြီးခဲ့သည့်ဆယ်နှစ်အတွင်း မြင့်တက်လာခဲ့ပြီး ယခုအချိန်ထိ




မြန်မာနိုင်ငံ၌ မက်အမ်ဖီတမင်းရှူကြပုံ

မဖြေရှင်းရသေးသည့် မြေယာလုယူမှုများနှင့် ရုတ်ချည်း ပြောင်းလဲလာခဲ့သည့် စီးပွားရေးအရွေ့များက စိုက်ပျိုးရေး အသိုက်အဝန်းတစ်ခုလုံးကို အခြေပျက်သွားစေခဲ့ပြီး တစ်ဦးချင်းနှင့် ရပ်ရွာအလိုက် ဆိုးရွားပြင်းထန်လှသည့် စီးပွားရေး အကျပ်အတည်းများကို ဆောင်ကျဉ်းလာခဲ့သဖြင့် အလုံးအရင်းဖြင့် အစုလိုက်အပြုံလိုက် ကျေးလက်ဒေသကို စွန့်ခွာမှုများပေါ်ပေါက်လာတော့သည်။ ဤသို့ ရုတ်ချည်းပေါ်ပေါက်လာခဲ့သည့် ကျွမ်းထိုးမှောက်ခုံအသွင်ကူး ပြောင်းမှုများက ATS ကုန်ကူးမှုနှင့် မှားယွင်းသည့် လိုက်လျောညီထွေမီးစင်ကြည့်ကမှု ယန္တရားများဟု ခေါ်ဆိုနိုင်သည့် ပြဿနာရှိသော မူးယစ်ဆေးဝါးအလွဲသုံးစားမှုများ ရှင်သန်ပေါက်ဖွားနိုင်သည့် ရေခံမြေခံတစ်ခုကို မွေးဖွားပေးလိုက်တော့သည်။

ဒေသတွင်း၌ ATS အကြီးအကျယ်ထုတ်လုပ်မှုသည် မြန်မာအပါအဝင် ဒေသတွင်းရှိ အခြားနိုင်ငံများအကြား မှိုလိုပေါမလာခင် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ထိုင်းနိုင်ငံ၌ ဦးစွာစတင်ခဲ့သည်ဟု ယုံကြည်ရသည်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလအတွင်း ခွန်ဆာ၏ ရှမ်းပြည်တပ်မတော် လက်နက်ချ အလင်းဝင်သွားခဲ့ခြင်းက မူးယစ်ရာဇာများအား ၎င်းတို့၏ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို အဓိကအားဖြင့် ကိုးကန့်နှင့် ဝ ဒေသကဲ့သို့သော အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသည့် နယ်မြေဒေသများသို့ ရွှေ့ပြောင်းဝင်ရောက်သွားစေရန် ဖိအားပေးလာခဲ့သည်။[၉၃] ၁၉၉၅ ခုနှစ်မှစ၍ UWSA ၏ ၎င်းတို့နယ်မြေအတွင်း ဘိန်းစိုက်ပျိုးမှုကို တဖြည်းဖြည်းလျှော့ချသွားရန် ဆုံးဖြတ်ခဲ့ခြင်းက ဘိန်းဖြူထုတ်လုပ်မှုမှ မက်အမ်ဖီတမင်းဆေးပြား ထုတ်လုပ်မှုဆီသို့ အလျင်အမြန် ကူးပြောင်းသွားစေသည့် အကြောင်းရင်းတစ်ခုဖြစ်လာခဲ့သည်။

၂၀၀၉ ခုနှစ်၌ ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ခေါင်းဆောင်များက တပ်မတော်၏ နယ်ခြားစောင့်တပ်ဖွဲ့များ (BGFs) အဖြစ် အသွင်ကူးပြောင်းကြရန် ညွှန်ကြားလာသည့်အမိန့်ကို လိုက်နာဆောင်ရွက်ရန် ငြင်းဆန်ခဲ့သည့်နောက်ပိုင်း တပ်မတော်နှင့် ဆက်ဆံရေးတင်းမာလာခဲ့ပြီး ၎င်းတို့၏ စစ်ရေးတောင်ပံဖြစ်နေသည့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) အပေါ် နိုင်ငံရေးနှင့် စီးပွားရေးဖိအားများပုံကျလာခဲ့တော့သည်။ ရှမ်းပြည်နယ်တစ်လွှားရှိ ပြည်သူ့စစ်တပ်ဖွဲ့အများအပြားသည် တပ်မတော်၏ မျက်နှာသာပေးမှုကိုရရှိလာခဲ့သဖြင့် မူးယစ်ဆေးဝါးအပါအဝင် တရားမဝင် စီးပွားရေးလုပ်ငန်းမျိုးစုံ၌ ပါဝင်ပတ်သက်ကာ ကိုယ်ကျိုးရှာနိုင်ခဲ့ကြသည်။ ဤအစုအဖွဲ့များသည် အဓိကအားဖြင့် လုံလုံခြုံခြုံလက်နက်ကိုင်စောင့်ကြပ်၍ နေရာပေးသည့် ပုံစံမျိုးဖြင့် ပါဝင်ပတ်သက်လျက်ရှိပြီး ပြင်ပရင်းနှီးမြှုပ်နှံသူများက မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ကုန်ကူးမှုအပိုင်းကို အများဆုံးတာဝန်ယူကြသည်။

UNODC ကိုယ်စားလှယ်တစ်ဦးက "စနစ်တကျဖွဲ့စည်းထားတဲ့ နိုင်ငံတကာဒုစရိုက်ဂိုဏ်းကြီးတွေက ဘိန်းဖြူရင်းမြစ်ရဖို့နဲ့ ဓာတုအခြေခံ မူးယစ်ဆေးဝါးတွေကို အကြီးအကျယ်ထုတ်လုပ်ပြီး ကုန်ကူးနိုင်ဖို့အတွက် လက်နက်ကိုင်တိုက်ပွဲတွေရှိရာ မြောက်ပိုင်းဒေသက ပဋိပက္ခနယ်မြေတွေကို အသုံးချနေကြတယ်။ သူတို့ရဲ့စီးပွားရေး လည်ပတ်ဖို့လိုအပ်တဲ့ဆက်ဆံရေးတွေကို တည်ဆောက်ထားတဲ့ ဒီလိုနယ်မြေတွေအများကြီးကို အိတ်ထဲထည့်ထားနိုင်ကြပါတယ်" ဟု ပြောဆိုသွားခဲ့သည်။[၉၄]

တပ်မတော်နှင့် မဟာမိတ်ဖွဲ့ထားကြသည့် ပြည်သူ့စစ်တပ်ဖွဲ့များသည်ရင်းနှီးမြှုပ်နှံသူများအတွက်မက်မောဖွယ်ရာကောင်းလှသည့် စီးပွားရေးမိတ်ဖက်များဖြစ်လာခဲ့ပြီး ATS ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုများကို လွတ်လွတ်လပ်လပ်ပြုလုပ် လာကြတော့သည်။ အပြန်အလှန်အားဖြင့် ပြည်သူ့စစ်တပ်ဖွဲ့များသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းဆက်လက်လည်ပတ်နိုင်စေရန်အတွက် တပ်မတော်အရာရှိများကို ဝေပုံကျ ဆက်ကြေးပြန်ပေးရသည်ဟု စွပ်စွဲပြောဆိုမှုများလည်း ပေါ်ထွက်လာခဲ့သည်။[၉၅]

ဤအချိန်မှစ၍ မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှဒေသတစ်လွှား စည်းကြပ်ဖော်ဆောင်ခဲ့သည့် မက်အမ်ဖီတမင်းနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးသစ်များ (NPS) ဖမ်းဆီးရမိမှုများ ၂၀၁၀ ခုနှစ်နောက်ပိုင်း၌ ဆယ်ဆကျော်မြင့်တက်လာခဲ့ခြင်းက ATS ထုတ်လုပ်ဖြန့်ဖြူးမှုများ အလုံးအရင်းတိုးပွားလာလျက်ရှိကြောင်းပိုမိုထင်ရှားလာစေခဲ့သည်။[၉၆] ATS ထုတ်လုပ်ရာ၌ အသုံးပြုသည့် ဓာတုအခြေခံများသည် ဇစ်မြစ်အားဖြင့် မြန်မာနိုင်ငံမှ ထုတ်လုပ်ခြင်းမဟုတ်ဘဲ အိမ်နီးချင်း တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းနေခြင်းဖြစ်ပြီး အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှလည်း အနည်းအကျဉ်းခန့် တရားမဝင်တင်သွင်းလျက်ရှိသည်။

ရှိရင်းစွဲသမားရိုးကျ ဈေးကွက်များနှင့် ရှမ်းပြည်နယ်မှ တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံများဆီသို့ မှောင်ခိုကုန်ကူးလျက်ရှိသည့် မူလလမ်းကြောင်းများအပြင် နယ်စပ်နှစ်ဖက်စလုံးရှိ ပြည်တွင်းပဋိပက္ခ ဇာတ်ကောင်များနှင့် ဒေသန္တရ



ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ်အတွင်း လာမည့်စိုက်ပျိုးရာသီအတွက် ဘိန်းစေ့ထုတ်ယူနေကြသည့် ဘိန်းစိုက်တောင်သူများ

အာဏာပိုင်များ ပါဝင်ပတ်သက်လျက်ရှိသည့် ရခိုင်ပြည်နယ်ကိုဖြတ်၍ ဘင်္ဂလားဒေ့ရှ်ဆီသို့ ဦးတည်လျက်ရှိသည့် လမ်းကြောင်းသစ်များလည်း လတ်တလောနှစ်များအတွင်း ပေါ်ထွက်လာခဲ့သည်။[၉၇] အခြေခံအဆောက်အအုံ တိုးတက်ဖွံ့ဖြိုးလာခြင်းနှင့် မြန်မာနိုင်ငံ၏ တရုတ်နှင့် ထိုင်းနိုင်ငံတို့အပြင် ယခုနောက်ဆုံး ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်မှုအကြီးအကျယ် မြင့်တက်လာခြင်းတို့ကလည်း ATS လုပ်ငန်းကျယ်ပြန့်လာစေရန် အနည်းနှင့်အများဆိုသလို ပါဝင်အားဖြည့်ပေးခဲ့ကြသည်။ မူးယစ်ဆေးဝါးများကို ပမာဏအနည်းအကျဉ်းမျှသာ မှောင်ခိုကုန်ကူးသည့် အတိတ်ကာလများနှင့်မတူဘဲ ယခုနောက်ပိုင်း မူးယစ်ဆေးဝါးများသည် အခြားကုန်စည်များအကြား ရောနှောပုံဖျက်၍ အလုံးအရင်းဖြင့် နယ်စပ်များကို ဖြတ်ကျော်နေကြသည်။[၉၈]

ပြည်တွင်းဈေးကွက်များ၌ ရရှိနိုင်သည့် မက်အမ်ဖီတမင်းစိတ်ကြွဆေးပြားအမျိုးမျိုး (အများအားဖြင့် ရာမ သို့မဟုတ် ရာဘ ဟုသိကြပြီး ကဖင်းနှင့်ပေါင်းစပ်လေ့ရှိသည့်) နှင့်အကြောထဲထိုးသွင်းနိုင်ပြီး မက်အမ်ဖီတမင်းပါဝင်မှုရာခိုင်နှုန်းပို၍မြင့်မားသည့် "ရေခဲ" သို့မဟုတ် "အကြည်ပေါက်မက်" ရုတ်ချည်းတွင်ကျယ်ပျံ့နှံ့လာသည့် အထောက်အထားများက ATS အုပ်စုဝင် စိတ်ကြွဆေးပေါင်းစုံ ဖော်စပ်ထုတ်လုပ်မှုများ သိသိသာသာမြင့်တက်လာကြောင်း သက်သေပြလျက်ရှိသည်။[၉၉] လတ်တလော၌ အဆိုပါစိတ်ကြွဆေးများ၏ ဈေးနှုန်းတန်ဖိုးများ ထိုးကျလာခြင်းက ထုတ်လုပ်မှုကို စက်မှုအသွင်ပြောင်းခြင်းနှင့် အရေးပါသည့် စီးပွားရေးနယ်ပယ်ချဲ့ထွင်မှုများကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် အလွန်နည်းပါးသွားခဲ့ကြောင်း ပြဆိုလျက်ရှိသည်။[၁၀၀] ရာဘကို ပြည်တွင်းသုံးစွဲမှုနှင့် နိုင်ငံခြားတင်ပို့မှု နှစ်ခုစလုံးအတွက် ထုတ်လုပ်ခြင်းဖြစ်သော်လည်း မက်အမ်ဖီတမင်းအကြည် အများစုကို နိုင်ငံခြားတင်ပို့ရန် အဓိကရည်ရွယ်ခြင်းဖြစ်သည်။ ဩစတြေးလျ၊ တရုတ်နှင့်ဂျပန်တို့သည်ရှမ်းပြည်နယ်ထွက်မက်အမ်ဖီတမင်းအကြည်၏ အဓိကအကျဆုံး ဈေးကွက်ကြီးများဖြစ်သည်။[၁၀၁]

ဤအလှည့်အပြောင်း၏ နောက်ဆက်တွဲဂယက်ရိုက်ခတ်မှုအများအပြား ပေါ်ထွက်လာခဲ့သည်။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် လုပ်အားလိုအပ်ချက် ကြီးမားလှသည့်လုပ်ငန်းတစ်ခုအဖြစ် လူပေါင်းများစွာကို (တောင်သူများ၊ နေ့စားအလုပ်သမားများနှင့် ကုန်သည်ပွဲစားများ) အကျိုးပြုလျက်ရှိသော်လည်း ဓာတုအခြေခံမူးယစ် ဆေးဝါးထုတ်လုပ်မှုမှရရှိသည့် အကျိုးအမြတ်များသည် လူနည်းစုလက်ထဲ၌သာ စုဝေးနေခဲ့သည်။ အမှန်တကယ်တမ်း၌လည်း အက်ဖရီဒရင်းနှင့် ဆူဒိုအက်ဖရီဒရင်းကဲ့သို့သော ကုန်ကြမ်းများကို အက်ဖရီဒရာပင်မှထုတ်ယူတတ်ကြသော်လည်း ATS ထုတ်လုပ်မှုသည် သမားရိုးကျ ဘိန်းအခြေခံ မူးယစ်ဆေးဝါးများကဲ့သို့ စိုက်ပျိုးရေးနှင့် သီးနှံပင်များအပေါ် မှီခိုအားထားရမှု မရှိသလောက်နည်းပါးလှသည်။[၁၀၂] ထို့ကြောင့် အလျှင်အမြန်ပင် တောင်သူများသည် ရောင်းဝယ်ဖောက်ကားမှုမှ လွင့်ထွက်သွားတော့သည်။ အရည်အသွေးမြင့်မားသန့်စင်သည့် ဓာတုပေါင်းစပ်မူးယစ်ဆေးဝါးဖြစ်သည့် မက်အမ်ဖီတမင်း ထုတ်လုပ်ဖော်စပ်ရာ၌ ကျွမ်းကျင်ဓာတုဗေဒ ပညာရှင်များနှင့် အရန်သင့်သိုလှောင်ထားသည့် ဓာတုကုန်ကြမ်းများရှိနေရန် လိုအပ်လျက်ရှိသဖြင့် ကုန်သွယ်မှုအတွင်း နယ်စပ်ဖြတ်ကျော် ချိတ်ဆက်ထားသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အခြားအသေးစားပြည်တွင်းဇာတ်ကောင်များ မဖြစ်မနေပါဝင်ရန် လိုအပ်လာခဲ့သည်။[၁၀၃] ဓာတုအခြေခံ မူးယစ်ဆေးဝါးများ၏ ကျစ်လစ်သေးငယ်သည့် သဘောသဘာဝကြောင့် ထုတ်ပိုးသယ်ဆောင်ရ လွယ်ကူသလို အကျိုးအမြတ်အားဖြင့်လည်း မက်မောဖွယ်ရာကောင်းလောက်အောင် မြင့်မားနေခြင်းတို့ကလည်း နိုင်ငံတကာ ဒုစရိုက်အင်အားစုများနှင့် မူးယစ်ဆေးဝါးဂိုဏ်းများအတွက် တကယ့်မက်လုံးကြီးဖြစ်လာခဲ့သည်။

ထိုင်း၊ မလေးရှားနှင့် သြစတြေးလျနိုင်ငံများဆီသို့ ဦးတည်ခုတ်မောင်းလာခဲ့သည့် ကုန်တင်သင်္ဘောများပေါ်၌ ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကို အကြိမ်ပေါင်းများစွာစုံစမ်းစစ်ဆေးခဲ့ရာမှ ထွက်ပေါ်လာသည့် အချက်အလက်များ၏ အတည်ပြုချက်များအရ ရှမ်းပြည်နယ်သည် သက်ဆိုင်ရာပြည်တွင်းပြည်ပ ဈေးကွက်များကို ဦးတည်ပစ်မှတ်ထားသည့် ATS ထုတ်လုပ်မှုအများဆုံး လက်သည်ဖြစ်နေခဲ့ကြောင်းငြင်းစရာမလိုအောင် ထင်ရှားလာခဲ့သည်။[၁၀၄] သို့သော်လည်း ကောင်းစွာနားလည်သဘောပေါက်မှု မရှိခဲ့လျှင် မလိုလားအပ်သည့်နောက်ဆက်တွဲအကျိုးဆက်ပေါင်းများစွာပေါ်ပေါက်လာစေနိုင်သည့် တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်မှုသဘောသဘာဝက ယုံကြည်အားထားရလောက်သည့် ခန့်မှန်းချက်များကို တိတိကျကျ ထုတ်ဖော်ပြောဆိုနိုင်ရန် ပို၍ခဲယဉ်းသွားစေခဲ့သည်။

ပြည်တွင်းနှင့် တိုက်ဒေသကြီးတစ်လွှားရှိ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒများကို လွှမ်းမိုးတွန်းအားပေးနိုင်မည့်အကြောင်းပြချက်တစ်ခုအဖြစ် နိုင်ငံတကာအသိုက်အဝန်းမှသက်သေအထောက်အထားထက် နိုင်ငံရေးအကျိုးစီးပွားလိုလားချက်များပေါ် အခြေပြုထားသည့် အရဲစွန့်ရမှုအန္တရာယ်တစ်ခုအဖြစ် ၎င်းတို့၏ ပုံဖော်ပြောဆိုမှုကို အထောက်အကူပြုရန် မူးယစ်ဆေးဝါး ထုတ်လုပ်လျက်ရှိသည့် နိုင်ငံအများအပြား၏ ခန့်မှန်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးချနေခြင်းက ယခုအချိန်ထိ မပြီးနိုင်မစီးနိုင်သည့် ပြဿနာများကိုသာ ပေါ်ထွက်လာစေခဲ့သည်။ ATS ထုတ်လုပ်မှုသည် တရားဝင် ဆေးဝါးဈေးကွက်များမှ လမ်းကြောင်းပြောင်းရောက်ရှိလာသည့် ဓာတုအခြေခံဆေးဝါးများကို အသုံးပြုလျက်ရှိသဖြင့် ဂြိုလ်တုပုံရိပ်ဖော်စနစ်များနှင့် ကွင်းဆင်းစစ်တမ်းကောက်ယူမှုများဖြင့် စောင့်ကြည့်ထောက်လှမ်းနိုင်သည့် မူးယစ်သီးနှံပင်စိုက်ပျိုးရန် လိုအပ်ခြင်း မရှိတော့ပေ။ ထို့ကြောင့် အလွယ်တကူလျှို့ဝှက်ထားနိုင်သည့် ATS ထုတ်လုပ်မှုနှင့်ပတ်သက်၍ ထိုကဲ့သို့သော တိကျမှုမရှိသည့် ခန့်မှန်းအချက်အလက်များကို အသုံးပြုခြင်းက ပိုမိုကြီးမားသည့် ပြဿနာများကိုသာ ဆောင်ကျဉ်းလာပါလိမ့်မည်။

သို့ဖြစ်၍ မြန်မာနိုင်ငံသည် ကမ္ဘာ့နံပတ်တစ်မဟုတ်ခဲ့လျှင်တောင်မှ ATS ထုတ်လုပ်မှုအများဆုံး စာရင်းဝင်ဖြစ်လာသည်ဟူသည့် ပြောဆိုချက်များနှင့် ထုတ်လုပ်မှုများ အရှိန်အဟုန်ဖြင့် မြင့်တက်လာသည်ဟု ထုတ်ပြန်လာခဲ့သည့် အစီရင်ခံစာများကိုသတိကြီးကြီးထား၍စောင့်ကြည့်သုံးသပ်သွားရန်လိုအပ်ပါသည်။ ထို့အပြင် အခြားအကြောင်းရင်းများကြောင့်ဖမ်းဆီးရမိမှုများ မြင့်တက်လာရခြင်း ဖြစ်နိုင်သလို ဖမ်းဆီးရမိမှုများ မြင့်တက်လာတိုင်း ထုတ်လုပ်မှုပါ လိုက်ပါမြင့်တက်လာမည်ဟု ပုံသေယူဆ၍ မရနိုင်ကြောင်း ဂရုပြုရန်အရေးကြီးသည်။




ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ICAD 2 မျက်နှာစုံညီဆွေးနွေးပွဲ

## ၄။ မူဝါဒရေးရာအရွေ့များ

### ဥပဒေမူဘောင်နှင့် မူဝါဒရေးရာ အရေးယူဆောင်ရွက်ချက်များ

၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် မိမိတို့၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဥပဒေပြဋ္ဌာန်းချက်ကို ပြုပြင်ပြောင်းလဲမှုပြုလုပ်ခဲ့သည်။ ၁၉၉၃ ခုနှစ် မူးယစ်ဆေး ဝါးများနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဥပဒေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြင်ဆင်မှုပြုလုပ်ခဲ့ပြီး တစ်ပတ်အကြာ၌ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသောအမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒသစ်ကို အတည်ပြုပြဋ္ဌာန်းသွားခဲ့သည်။ လူထုကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား၍ ဆိုးရွားပြင်ထန်သည့် မူးယစ်ဆေးဝါးပြစ်မှုများအတွက်သာပြစ်မှုကြောင်းဆိုင်ရာတရားရေးယန္တရားများကို အားကိုးအားထားပြုရန် ရည်ညွှန်းကန့်သတ်ချက်နှင့်အတူ ပြဿနာရှိသည့် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ထုတ်လုပ်မှုနှင့် ကုန်ကူးမှုတို့ကြောင့် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းသွားရန် လက်ရှိဥပဒေများဖြင့် လုံလောက်မှုမရှိတော့ကြောင်း ဝန်ခံအသိအမှတ်ပြုသည့်သဘောဆောင်သည့် ပြုပြင်ပြောင်းလဲရေးအရွေ့တစ်ခုဖြစ်လာခဲ့သည်။ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် အရေးပါသည့်တွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ခဲ့ပြီးနောက် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးကို အထောက်အထားအခြေပြု ချဉ်းကပ်ဆောင်ရွက်မှုဖြင့် ပံ့ပိုးကူညီရေးကို ပိုမိုအလေးပေးသည့် အသွင်ကူးပြောင်းမှုပုံစံဆီသို့ ဦးတည်လျှောက်လှမ်းတော့မည်ဟူသည့်မျှော်လင့်ချက်များသိသိသာသာမြင့်တက်လာခဲ့သည်။

သို့သော်လည်း ကံမကောင်း အကြောင်းမလှစွာဖြင့် အနည်းအကျဉ်း ကြိုဆိုလက်ခံခဲ့ကြသည့် ပြောင်းလဲတိုးတက်မှုများမှလွဲ၍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းသည် မျှော်လင့်ထားသလောက် အောင်မြင်မှုမရရှိခဲ့သလို ကြေညာထားသည့်အတိုင်းလည်း တင်းပြည့်ကျပ်ပြည့် ဖော်ဆောင်နိုင်ခြင်းမရှိခဲ့ပေ။ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒ၏ အင်္ဂါရပ်များသည် သက်ဆိုင်ရာ ဘိန်းစိုက်ပျိုးမှုနှင့် ပြဿနာရှိသည့် မူးယစ်ဆေးဝါးအလွဲ သုံးစားမှုများကို ကိုင်တွယ်ဖြေရှင်းပေးမည့် လူထုကျန်းမာရေးနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို ပြတ်ပြတ်သားသား အလေးထားအာရုံစိုက်




ရန်ကုန်မြို့တစ်နေရာတွင် ဘိန်းမီးရှို့ဖျက်ဆီးနေစဉ်

ထားသည်မှန်သော်လည်း ပြန်လည်ပြင်ဆင်လိုက်သည့် မူးယစ်ဆေးဝါးဥပဒေသည် ပြစ်မှုဆိုင်ရာ တရားရေးစနစ် အပေါ် အလွန်အကျွံ မှီခိုအားထားနေဆဲဖြစ်ပြီး အသေးစား တစ်ပိုင်တစ်နိုင် ဘိန်းစိုက်တောင်သူများနှင့် မူးယစ်ဆေးဝါး သုံးစွဲသူများ (မူးယစ်ဆေးဝါးပမာဏအ နည်းအကျဉ်းလက် ဝယ်တွေ့ရှိမှုဖြင့် အဖမ်းခံရသည့်အခါ) အား အမြင့်ဆုံး ထောင်ဒဏ် ချမှတ် နေကြဆဲဖြစ်သည်။ ထို့အပြင် မူဝါဒ၏ သဘောသဘာဝအရ ဥပဒေကဲ့သို့ စည်းနှောင်အားမရှိ သဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး သုံးနှစ်ကြာသည့်တိုင်အောင် အပြည့်အဝအသက်ဝင်လာခဲ့ခြင်း မရှိသေးပေ။

ဥပဒေနှင့်မူဝါဒတို့၏ရှေ့နောက်ညီညွတ်မှုမရှိခြင်း ကဖိနှိပ်မှုပေါ်အခြေခံ၍ ဥပဒေကို အနည်းအကျဉ်းမွမ်းမံ ပြင်ဆင်ထားပြီး လက်ရှိတွင်ကျယ်လျက်ရှိသည့် မူဝါဒအခင်း အကျင်းများအတိုင်း အရာမယွင်းဆက်လက် လည်ပတ်လို သည့်ပုံစံနှင့် လူထုကျန်းမာရေး၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးပေါ် အခြေပြုထားပြီး အရွေ့တစ်ခုလုံးကို အပြောင်းအလဲပြုလုပ်ရန် အားပေးတိုက်တွန်းထားသည့် မူဝါဒသစ်ဟူသည့် ချဉ်းကပ်မှုပုံစံခြင်း မတူသည့် မူးယစ် ဆေးဝါးထိန်းချုပ်ရေး စနစ်နှစ်ခုအကြား ပွတ်တိုက်မှုများ ထပ်ခါတလဲလဲဖြစ်ပွားလာမည့် အရိပ်အယောင်ပြလာခဲ့ သည်။[၁၀၅]

မြန်မာအစိုးရ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါး များကိုမျှော်လင့်ထားသည့်အတိုင်း တားမြစ်သီးနှံဖြစ်သည့် ဘိန်းတရားမဝင်စိုက်ပျိုးမှုကို ကိုင်တွယ်ဖြေရှင်းသွားမည့် အစိုးရ၏ချဉ်းကပ်မှုပုံစံသည်ဆန့်ကျင်ဖက်လိုဖြစ်နေသည့် မူဘောင်နှစ်ခုအကြား ပြတ်သားမှုမရှိဘဲ လွန်းထိုးနေခဲ့ သည်။ အခြားတစ်ဖက်၌လည်း အစိုးရသည် အမျိုးသားမူး ယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအတွင်း ဘိန်းအစားထိုး ဖွံ့ဖြိုးရေး အစီအစဉ် (AD) ကို အခန်းတစ်ခုအဖြစ် သီးခြား ထည့်သွင်းပြဋ္ဌာန်း၍ ဘိန်းစိုက်ပျိုးမှုကို လျှော့ချသွားမည့် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် အခြားရွေးချယ်စရာဖွံ့ ဖြိုးတိုးတက်ရေးကို အလေးထားဖော်ဆောင်သွားမည်ဖြစ် ကြောင်း လူသိရှင်ကြား ကြေညာမောင်းခတ်လာခဲ့သည်။ အလားတူပင် တားဆီးနှိမ်နင်းရေး အဖွဲ့အစည်းများသည် ထိခိုက်နစ်နာခဲ့ရသည့် ရပ်ရွာအသိုက်အဝန်းများအတွက် ခုသာခံသာရှိစေမည့် အထောက်အပံ့များကို လုံလောက်စွာ ကြိုတင်ထောက်ပံ့ပေးခြင်းမရှိခဲ့ဘဲ နှစ်စဉ်နှစ်တိုင်း အင်အား သုံး၍ ဘိန်းခင်းဖျက်ဆီးမှုအချို့ကို ဆက်လက်ပြုလုပ်နေခဲ့ သည်။ ထို့အပြင် ဘိန်းစိုက်ပျိုးလျက်ရှိသည့် နယ်မြေဒေသ များ၌ AD အစီအစဉ်များကို အကောင်အထည်ဖော်ဆောင် ရာ၌ လုံလောက်မှုမရှိသည့် အရင်းအမြစ်ခွဲဝေနေရာချထား မှုများအပါအဝင် အချို့သော အစီအစဉ်များ၏ဖွဲ့စည်းနေရာ ချထားမှုပုံစံများကလည်း ထပ်မံအခက်တွေ့စေရန် တွန်း ပို့ပေးလျက်ရှိသည် (“မြန်မာနိုင်ငံ၏ ဘိန်းအစားထိုးဖွံ့ဖြိုး ရေးအစီအစဉ်” အပိုင်းကို အောက်တွင်ဆက်လက်ဖတ်ရှုပါ)။

မူးယစ်ဆေးဝါး ထုတ်လုပ်ရေးနှင့် ပြဿနာရှိသည့် မူးယစ်ဆေးဝါး အလွဲသုံးစားမှုများ မှိုလိုပေါလာခြင်းကြောင့် ပေါ်ပေါက်လာခဲ့သည့်အခက်အခဲများနှင့်ပတ်သက်၍လူထု လူတန်းစားများအနေဖြင့် တစ်နေ့တစ်ခြား ပစ်ပယ်ခံထား ရသကဲ့သို့ ပိုမိုခံစားလာရပြီး အစိုးရ၏ မူးယစ်ဆေးဝါး ပြဿနာများအပေါ် မသိကျိုးကျွန်ပြုမှု သို့မဟုတ် ရည်ရွယ် ချက်ရှိရှိ တိုင်းရင်းသားလူနည်းစုများကို နှိပ်ကွပ်ရန်ရည် ရွယ်၍ "လက်နက်သဖွယ်" အသုံးပြုမှုအပေါ် ပြင်းပြင်း ထန်ထန် ပြစ်တင်ဝေဖန်လာကြသည်။[၁၀၆] သို့ဖြစ်၍ ရှမ်း ပြည်နယ်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်နေ ကချင်အသိုက် အဝန်းအချို့သည် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအတွက် မိမိတို့ကိုယ်တိုင် အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပြီး အလျင်အမြန်အားကောင်းလာခဲ့သည့် "ပတ်ဂျဆန် (ရှင်း လင်းဖယ်ရှားရေး)" ဟု လူသိများကြသည့် လူထုအခြေပြု လှုပ်ရှားမှုတစ်ခုကို စတင်ဖော်ဆောင်လာခဲ့ကြသည်။ လှုပ် ရှားမှုအတွင်း ပါဝင်နေကြသူများသည် တစ်ခါတစ်ရံရိုက် နက်ဆုံးမသည့် ပုံစံမျိုးဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများကို လိုက်လံဖမ်းဆီး၍ အတင်းအကျပ်ဆေးဖြတ်ပေးသည့် ပြန် လည်ထူထောင်ရေးစခန်းများ၌ ထိန်းသိမ်းကုသပေးနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ထို့အပြင် ၎င်းတို့သည် ဘိန်း စိုက်ပျိုးလျက်ရှိသည့် နယ်မြေဒေသများသို့ စေတနာ့လုပ် အားပေးအဖွဲ့များကို စေလွှတ်၍ ဘိန်းခင်းများကိုပါ လိုက် လံဖျက်ဆီးမှုများ ပြုလုပ်လာခဲ့သည်။

နောက်ဆုံး၌ မူးယစ်ဆေးဝါး ပြဿနာများကို ကိုင် တွယ်ဖြေရှင်းမည့်သူများ ပေါ်ပေါက်လာခဲ့ပြီဟု ကချင်တက် ကြွလှုပ်ရှားသူအချို့၏ ချီးမွမ်းဂုဏ်ပြုမှု ရရှိခဲ့သော်လည်း အခြားတစ်ဖက်၌ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ဘိန်းစိုက် တောင်သူများအပါအဝင် အပယ်ခံလူထုလူတန်းစားများ၏ လူ့အခွင့်အရေးကို ချိုးဖောက်ရုံမျှမက ၎င်းတို့အတွက် အကူ အညီဖြစ်စေမည့် အခြေခံဝန်ဆောင်မှုများကိုပါ ပေးအပ်ရန် ပျက်ကွက်လျက်ရှိသည်ဟု ဝေဖန်ထောက်ပြမှုများရှိလာ ခဲ့သည်။ ဤကဲ့သို့သော ဝေဖန်ထောက်ပြမှုများသည် ဘိန်း စိုက်ပျိုးလျက်ရှိသည့် နယ်မြေဒေသများရှိ လူထုလူတန်း စားများ နှစ်ရှည်လများ အမြစ်တွယ်လာခဲ့သည့် မကျေ မချမ်းဖြစ်မှုများနှင့် စိတ်ပျက်စိတ်ကုန်မှုများကြောင့် ပေါ် ထွက်လာခဲ့ခြင်းဖြစ်ပြီး တစ်နည်းအားဖြင့် ဥပေက္ခာပြုထား ပြီးထိရောက်မှုမရှိသည့် မူးယစ်ဆေးဝါးမူဝါဒများ၏ စရိုက် လက္ခဏာကို ကွက်ကွက်ကွင်းကွင်း မီးမောင်းထိုးပြလျက် ရှိသည် ဟုဆိုနိုင်ပါသည်။ ကံမကောင်းအကြောင်းမလှစွာ ဖြင့်ပြဿနာရှိသည့် မူးယစ်ဆေးဝါးအလွဲသုံးစားမှု၊ ဘိန်း စိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ကုန်ကူးမှုတို့၏ မူလဇစ်မြစ် အကြောင်းရင်းခံများကို အမြင်ကျယ်ကျယ်ဖြင့် ကိုင်တွယ်ဖြေရှင်းမှု မပြုသမျှကာလပတ်လုံး ယင်းတို့နှင့် ဆက်စပ်၍ ထွက်ပေါ်လာသည့် ပြဿနာများ လွယ်လွယ် ပျောက်ကွယ်သွားဦးမည်မဟုတ်ပေ။[၁၁၇]

"မူးယစ်ဆေးဝါး ကင်းစင်သည့်" အရှေ့တောင် အာရှနိုင်ငံများအသင်း (ASEAN)[၁၁၈] ဖြစ်လာစေမည့် တိုက် ဒေသကြီး၏ အန္တိမရည်မှန်းချက်ပန်းတိုင်နှင့် စနစ်တကျ ရွေ့ပြီးရင်းရွေ့နေရသည့် ယုတ္တိမတန်လက်တွေ့မကျသည့် ဦးတည်ချက်များနှင့် ကာလယန္တရား သတ်မှတ်ချက်များ သည်အာဏာရအစိုးရ အဆက်ဆက်နှင့် EAO များချမှတ် ကျင့်သုံးလျက်ရှိသည့် မူးယစ်ဆေးဝါးရေးရာ မူဝါဒများအပေါ် ခေတ်အဆက်ဆက် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးပုံသွင်း ပေးလာခဲ့ခြင်းဖြစ်သည်။ လက်တွေ့မြေပြင်၌ ကျင့်သုံးမှုပုံစံ ချင်းကွာခြားမှုရှိသည်ဟု ဆိုနိုင်သော်လည်း ဤဇာတ်ကောင် များသည် ၎င်းတို့အနေဖြင့် အလွန်အရေးကြီးသည်ဟု ယူဆ ထားပြီး တင်းကျပ်သည့် ရဲလုပ်ငန်းနှင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို မဖြစ်မနေ အသုံးပြုခြင်းအားဖြင့်သာလျှင် ပြီးမြောက် အောင်မြင်နိုင်သည်ဟု ရှုမြင်ထားကြသည့် မူးယစ်ဆေးဝါးပပျောက်ရေးသံန္နိဋ္ဌာန်ကို တစ်ညီတစ်ညွတ် တည်း ဆုပ်ကိုင်ထားကြသူများဖြစ်သည်။ မူးယစ်ဆေးဝါး သည် ငြိမ်းချမ်းရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် လူ့ ဘောင်လောကကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသည် ဟူသည့် လွှမ်းမိုးမှုအရှိဆုံး အမြင်သဘောထားသည် ရှမ်း ပြည်နယ်အပါအဝင် မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်လွှားရှိ မူးယစ် ဆေးဝါးထုတ်လုပ်မှု၊ ကုန်ကူးမှုနှင့် အသုံးပြုမှုတို့ကြောင့် ပေါ်ပေါက်လာခဲ့သည့် ပြဿနာများ လျော့နည်းကျဆင်း လာအောင် ကိုင်တွယ်ဖြေရှင်းရာ၌ ပိုမိုလူသားဆန်၍ ထိ ရောက်အကျိုးရှိသည့် မူဝါဒများကို ရေးဆွဲကျင့်သုံးနိုင်ခြင်း မရှိစေရန် ပိတ်ပင်လျက်ရှိသည့် အကြီးမားဆုံးသော အတား အဆီးကြီးတစ်ခု ဖြစ်နေသည်ဆိုပါက ပို၍မှန်ကန်ပါလိမ့် မည်။

## စာကွက် (၃) ဘိန်းအစားထိုး ဖွံ့ဖြိုးရေးအစီအစဉ် (AD) အခြေခံမူများနှင့် သင်ခန်းစာများ

ဘိန်းစိုက်ပျိုးလျက်ရှိသည့် နယ်မြေဒေသများ၌ ဖော်ဆောင်လျက်ရှိသည့် ဘိန်းအစားထိုး ဖွံ့ဖြိုးရေးဟုခေါ်သည့် ကျေးလက်ဖွံ့ဖြိုးရေး၏ အကျိုးသက်ရောက်မှုအပေါ် နားလည်လက်ခံမှုများ အတိုင်းအတာတစ်ခုအထိတိုးတက်အားကောင်း လာခဲ့ပြီဖြစ်သည်။ ဘိန်းအစားထိုးသီးနှံစီမံကိန်းများကို အလေးပေးအာရုံစိုက်ရာမှ တားမြစ်သီးနှံစိုက်ပျိုးရေး၏ ပင်မဇစ်မြစ်ကို ကိုင်တွယ်ဖြေရှင်းရာ၌ အနုလုံပဋိလုံ ရှုထောင့်ပေါင်းစုံမှ ချဉ်းကပ်ဆောင်ရွက်၍ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အစီအစဉ်တကျချဉ်းကပ်ဖော်ဆောင်ရသည့် သဘောတရားတစ်ခုအဖြစ် AD ကို ထဲထဲဝင်ဝင် နားလည်သဘောပေါက် လာစေခဲ့သည့် ဆင့်ကဲတိုးတက်ပြောင်းလဲမှု တစ်ရပ်ဖြစ်သည်။[၁၀၇] အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် ၂၀၁၁ ခုနှစ် နိုင်ငံတကာညီလာခံ (ICAD) ၌ တက်ရောက်ပါဝင်ခဲ့သူများက "လိုရင်းတိုရှင်းပြောရမယ်ဆိုရင် တော့ဘိန်းနဲ့ကိုကာ စိုက်ပျိုးဖြစ်စေခဲ့တဲ့ အဓိကလက်သည်ဟာ ဆင်းရဲနွမ်းပါးမှုပါပဲ။ ဘိန်းအစားထိုး ဖွံ့ဖြိုးရေး အစီအစဉ်တွေအနေနဲ့ ဆင်းရဲနွမ်းပါးမှုကိုဖြစ်ပေါ်စေတဲ့ ဇစ်မြစ်အကြောင်းတရားတွေကို ကိုင်တွယ်ဖြေရှင်းပေးပြီးဒီလိုရပ်ရွာတွေရဲ့ လူမှုစီးပွားရေးအခြေအနေတွေ တိုးတက်ကောင်းမွန်လာစေမယ့် ကိစ္စရပ်တွေကို ပိုပြီး အလေးပေး အာရုံစိုက်သင့်တယ်။ ဒါကြောင့် တားမြစ်သီးနှံစိုက်ပျိုးတဲ့ကိစ္စရပ်ကို ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်တစ်ခုလို ချဉ်းကပ်ဖော်ဆောင်သွားဖို့ အင်မတန်အရေးကြီးပါတယ်" ဟု သုံးသပ်ပြောဆိုသွားခဲ့သည်။[၁၀၈]

ထို့အပြင် အောင်မြင်မှုများကို တိုင်းတာသတ်မှတ်နိုင်မည့် ညွှန်းကိန်းများကို ရေးဆွဲဖော်ထုတ်ရန်နှင့် ရေတိုတားမြစ်သီးနှံစိုက်ပျိုးမှု လျော့ကျလာရေးကိုကျော်လွန်၍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရလဒ်ကောင်းများပေါ်ထွက်လာစေရန် အလေးပေးဆောင်ရွက်သင့်သည်ဟုလည်း ဆွေးနွေးပြောဆိုနေကြပြီဖြစ်သည်။ ဤသို့ရည်မှန်းဆောင်ရွက်ခြင်းသည်သာလျှင် စိုက်ပျိုးမှုအတိုင်းအတာ လျော့ကျလာစေရန် အထောက်အကူပြုပါလိမ့်မည်။ မူးယစ်ဆေးဝါးရေးရာကော်မရှင် (CND) ၏ ၂၀၀၈ ခုနှစ် အစီရင်ခံစာအတွင်း "အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေးကို တားမြစ်သီးနှံထုတ်လုပ်မှု၏ ကိန်းဂဏန်းပိုင်းဆိုင်ရာ အင်္ဂါရပ်တစ်ခုအဖြစ်သာ သဘောထားသည့်နည်းပညာရှုထောင့်မှမဟုတ်သည့် လူသားဖွံ့ဖြိုးတိုးတက်ရေး ညွှန်းကိန်းများပေါ်အခြေခံ၍ သုံးသပ်အကဲဖြတ်ရန်လိုအပ်သည်။ ထို့ထက်ပို၍ဆိုရသော် တားမြစ်သီးနှံစိုက်ပျိုးမှုကို လျှော့ချသွားမည့် ရည်ရွယ်ချက်ဖြင့် တားမြစ်သီးနှံတိုက်ဖျက်ရေးကို ချိတ်ဆက်ထားသည့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များသည် ပိုမိုကြီးမားကျယ်ပြန့်သည့် ရပ်ရွာဖွံ့ဖြိုးရေးအသိုက်အဝန်း၏ လမ်းစဉ်နှင့် သွေဖယ်လျက်ရှိသည်" ဟု သုံးသပ်တင်ပြထားသည်။[၁၀၉] ဖွံ့ဖြိုးရေးပေါ်အခြေပြု၍ ချဉ်းကပ်ဆောင်ရွက်မှုသည် ၂၀၁၅ ခုနှစ်၌ ကုလ သမဂ္ဂအထွေထွေညီလာခံမှ "ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ကမ္ဘာဂြိုလ်ကာကွယ်စောင့်ရှောက်ရေးနှင့် ၂၀၃၀ ခုနှစ်အမီ လူတိုင်းငြိမ်းချမ်းသာယာ၍ စည်ပင်ဝပြောမှုရှိစေရေးအတွက် တစ်ကမ္ဘာလုံး လိုက်နာဆောင်ရွက်ကြရန်တိုက်တွန်းတောင်းဆိုမှုတစ်ခု" အဖြစ် ပြဋ္ဌာန်းအတည်ပြုခဲ့သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) ပြည့်မီလာစေရန် အထောက်အကူပြုပါလိမ့်မည်။[၁၁၀]

အရေးယူဆောင်ရွက်ချက်များကို လျော်ကန်သင့်မြတ်သည့် လုပ်ငန်းစဉ်အဆင့်လိုက် စနစ်တကျဖော်ဆောင်သွားရန်လိုအပ်ပါသည်။ အထူးသဖြင့် ခိုင်မာသေချာ၍ ရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အခြေတကျမရှိမီ ဘိန်း၊ ဆေးခြောက် သို့မဟုတ် ကိုကာပင်များကို တင်းတင်းကျပ်ကျပ်တားမြစ်ပိတ်ပင်သွားမည့် သို့မဟုတ် တိုက်ဖျက်သွားမည့် လုပ်ငန်းများကို ဖော်ဆောင်မှုမပြုသင့်ပေ။ ဘိန်းစိုက်ပျိုးမှုကို မည်ရွေ့မည်မျှ လျှော့ချပြီးမှသာလျှင် ဖွံ့ဖြိုးရေးအကူအညီများ ပေးအပ်သွားမည်ဟူသည့် စည်းကမ်းချက်မျိုး မထုတ်ပြန်သင့်ပေ။ ၂၀၀၈ ခုနှစ် UNODC အစီရင်ခံစာအတွင်း "အသေးစားတစ်ပိုင်တစ်နိုင်တောင်သူမိသားစုများအနေဖြင့် ခိုင်မာသေချာ၍ ရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

မထုထောင်နိုင်မီနှင့် အရေးယူဆောင်ရွက်ချက်များကို လျော်ကန်သင့်မြတ်သည့် လုပ်ငန်းစဉ်အဆင့်များဖြင့် စနစ်တကျ နေရာမချနိုင်မီ ဘိန်းတိုက်ဖျက်ရေးလုပ်ငန်းများ ဖော်ဆောင်မှုမပြုရန်" နှင့် "ဖွံ့ဖြိုးရေးအကူအညီများကို တားမြစ်သီးနှံစိုက်ပျိုးမှု လျှော့ချပြီးမှသာလျှင် ပေးအပ်သွားမည်ဟူသည့် ခြွင်းချက်မျိုးမထားရှိရန်" တိုက်တွန်းအကြံပြုသွားခဲ့သည်။[၁၁၁]

အသေးအစားတစ်ပိုင်တစ်နိုင် တောင်သူငယ်များအတွက် မြေယာရပိုင်ခွင့် အခွင့်အရေး၏ အရေးပါမှုကို ချဲ့ကားပြောဆိုစရာပင် မလိုအပ်ပေ။ မြန်မာနိုင်ငံ၏ ဘိန်းစိုက်တောင်သူအများအပြားသည် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး ၎င်းတို့၏ မြေယာလုပ်ပိုင်ခွင့် အခွင့်အရေးကို နိုင်ငံတွင်း ဥပဒေသများ၌ အကာအကွယ်ပေးထားခြင်း မရှိပေ။ ၎င်းတို့၏ နယ်မြေဒေသများသို့ ဝင်ရောက်လာသည့် ပြင်ပရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာခြင်းက ထိခိုက်နိုင်ခြေမြင့်မားနေပြီးဖြစ်သည့် လူထုလူတန်းစားများကို ပို၍ဆင်းရဲတွင်းနက်လာစေပြီး မြေယာလုယူမှုများ တိုးပွားလာခဲ့သဖြင့် ရံဖန်ရံခါဆိုသလို ဘိန်းစတင်စိုက်ပျိုးရန် သို့မဟုတ် ဘိန်းစိုက်ပျိုးမှုကို ပြန်လည်စတင်ရန် ဘိန်းစိုက်တောင်သူများကို ပို၍ဝေးလံခေါင်ဖျားသည့် အရပ်ဒေသများသို့ ရွှေ့ပြောင်းအခြေချဖြစ်စေရန် တွန်းပို့ပေးလျက်ရှိသည်။

ICAD အလုပ်ရုံဆွေးနွေးပွဲက အကျိုးပတ်သက်ပါဝင်ကြသူများအား "နိုင်ငံတကာ၌ အသိအမှတ်ပြုထားသည့် နယ်ခံလူထုလူတန်းစားများနှင့် ဌာနေတိုင်းရင်းသားတို့၏ ဘိန်းအစားထိုး ဖွံ့ဖြိုးရေးအစီအစဉ်များကို ရေးဆွဲပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်အကဲခတ်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းများပြုလုပ်သည့်အခါ မြေယာရပိုင်ခွင့်အခွင့်အရေးနှင့် အခြားမြေယာစီမံခန့်ခွဲမှုဆိုင်ရာ အရင်းအမြစ်များကို ထည့်သွင်းစဉ်းစားမှုပြုရန်" နှင့် "သီးနှံတစ်မျိုးတည်းစိုက်ပျိုးသည့် စီးပွားဖြစ်စိုက်ခင်းများသည် သဘာဝပတ်ဝန်းကျင် ဆုတ်ယုတ်ပျက်စီးခြင်း၊ ဈေးကွက်ဝယ်လိုအားများနှင့် နှုန်းထားသတ်မှတ်ချက်များအပေါ် မှီခိုရစေခြင်းတို့အပြင် စိုက်ပျိုးထွန်ယက်နိုင်သည့် မြေနေရာများလျော့ကျသွားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ထိခိုက်ပျက်စီးစေခြင်းတို့ အပါအဝင် နယ်ခံလူထုလူတန်းစားများအတွက် မြောက်များလှစွာသော အရဲစွန့်ရမှု အန္တရာယ်များကို ဆောင်ကျဉ်းလာခဲ့ကြောင်း" ဝန်ခံအသိအမှတ်ပြုရန် တိုက်တွန်းတောင်းဆိုလိုက်သည်။[၁၁၂] ဘာလင်အစည်းအဝေး၌ ပါဝင်ခဲ့ကြသူများက AD အရေးယူဆောင်ရွက်ချက်များ၌ "သင့်တင့်လျောက်ပတ်သည့် မြေယာလုပ်ပိုင်ခွင့်အခွင့်အရေးများကို ထည့်သွင်းဖော်ဆောင်၍ အသေးစားတစ်ပိုင်တစ်နိုင်တောင်သူများကို အလုပ်အကျွေးပြု၍ ၎င်းတို့၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးမည့် ရှင်းလင်းတိကျသည့် ဥပဒေမူဘောင်များကို ချမှတ်ဖော်ဆောင်သွားသင့်ကြောင်း" နှင့် မြေယာခွဲဝေချထားရေး၊ အသုံးပြုရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာ၌ "နယ်ခံလူထုလူတန်းစားများ၏ ဘုံသဘောတူညီချက်ရယူ၍ ပါဝင်ဆောင်ရွက်ခွင့်ပြုသွားရန် လိုအပ်ကြောင်း" ထောက်ပြပြောဆိုသွားခဲ့သည်။[၁၁၃]

ထို့အပြင် AD အရေးယူဆောင်ရွက်ချက်များ၌ပါဝင်ရန် ရွေးချယ်စာရင်းသွင်းထားသည့် မိသားစုများသာမကရပ်ရွာတစ်ခုလုံးကိုပါ ပါဝင်ဆောင်ရွက်ခွင့်ပြုရန် အရေးကြီးသည်။ ဤအချက်သည် တစ်စိတ်တစ်ဒေသအားဖြင့် ဆေးခြောက်ပင်၊ ကိုကာပင် သို့မဟုတ် ဘိန်းစိုက်ပျိုးမှုကို စွန့်လွှတ်လိုက်ရန်အသင့်ဖြစ်နေသူများသာလျှင် AD အစီအစဉ်များအောက်၌ ထောက်ပံ့ပေးသွားမည့် အကူအညီများကို ရယူခံစားပိုင်ခွင့်ရှိသည်ဟု သတ်မှတ်ထားလေ့ရှိသည့် စည်းမျဉ်းစည်းကမ်းများကြောင့် ပေါ်ပေါက်လာသည့် ပြဿနာနှင့် ဆက်နွှယ်ပတ်သက်လျက်ရှိသည်။

တားမြစ်သီးနှံစိုက်ပျိုးလျက်ရှိသည့် မိသားစုများ သို့မဟုတ် ရပ်ရွာများကို ဦးတည်ပစ်မှတ်ထားသည့် အချို့သော AD အစီအစဉ်များသည် သာဓကအားဖြင့် ဘိန်းစိုက်ပျိုးမှုမရှိသည့် တစ်ရွာတည်းသားများ သို့မဟုတ်

နယ်မြေတစ်ခုတည်း၌ အတူတကွနေထိုင်ကြသူများအတွက် မည်သည့်အကျိုးခံစားခွင့်ကိုမျှ ထည့်သွင်းစဉ်းစား ပေးလေ့မရှိကြပေ။ ဤကဲ့သို့သော ချဉ်းကပ်မှုပုံစံသည် တစ်နည်းအားဖြင့် ရပ်ရွာအတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေပြီး မလိုလားအပ်သည့် တင်းမာမှုများနှင့် အငြင်းပွားမှုများကိုပင် ဆောင်ကျဉ်းလာနိုင်ပါသည်။ ထို့အပြင် ယခင်ကတားမြစ်သီးနှံစိုက်ပျိုးရေး၌ ပါဝင်ပတ်သက်ခြင်းမရှိခဲ့သည့် အချို့သောမိသားစုများနှင့် ရပ်ရွာများကိုပင်လျှင် အစီအစဉ်၏ အထောက်အပံ့များကို ရယူခံစားနိုင်စေရန် အလားတူစိုက်ပျိုးမှုပြုလုပ်မည့် ဆုံးဖြတ်ချက်မျိုးဆီသို့ ခေါ်ဆောင်သွားနိုင်သည့် ဖောက်လွဲဖောက်ပြန် အကျိုးသက်ရောက်မှုများနှင့် ရလဒ်မျိုးကိုပင် ဆောင်ကျဉ်းလာနိုင်ပါသည်။ ထို့ထက်ပို၍ဆိုရသော် ဤကဲ့သို့သော မူဝါဒများသည် အများအားဖြင့် “အစားထိုးသီးနှံပေးအပ်သည့်” ချဉ်းကပ်မှုပုံစံကို ကျော်လွန်စဉ်းစားမှု မပြုသလို ရပ်ရွာအတွင်းရှိ ဆင်းရဲနွမ်းပါးမှု၊ တန်းတူမညီမျှမှု၊ ပဋိပက္ခ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ ကင်းမဲ့နေခြင်း၊ မြေယာနှင့် ဈေးကွက်လက်လှမ်းမီနိုင်မှုမရှိခြင်းနှင့် ပြင်ပရွှေ့ပြောင်းအလုပ်အကိုင်ကဲ့သို့သော ပိုမိုကြီးမားကျယ်ပြန့်သည့် ပြဿနာများကိုပါ မျက်ကွယ်ပြုရာရောက်သွားတတ်သည်။

အချို့ကလည်း ဥပမာအားဖြင့် ဝင်ငွေအတိုင်းအတာ သို့မဟုတ် အနိမ့်ဆုံးပိုင်ဆိုင်သည့်မြေယာပမာဏ သတ် မှတ်ချက်ကဲ့သို့သော AD အထောက်အပံ့ကို လက်လှမ်းမီနိုင်စေမည့် မတူကွဲပြားသည့် စံသတ်မှတ်ချက်များကိုအဆိုပြုခဲ့ကြသော်လည်း ယင်းတို့သည် အထက်တွင်ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်သည့် ကြိုတင်စည်းကမ်းသတ်မှတ်ချက်များကဲ့သို့ပင် အလားတူပြဿနာများကိုသာ သယ်ဆောင်လာခဲ့သည်။[၁၁၄] ဤအကြောင်းပြချက်များကြောင့် AD သဘောတရားသည် မကြာခဏဆိုသလို လက်တွေ့ကျင့်သုံးမှုပေါ်မူတည်၍ ကွဲလွဲဆန့်ကျင်မှုများရှိလာခဲ့သဖြင့် လက်ရှိအချိန်၌ အိမ်ထောင်မိသားစုတစ်ခုချင်းအလိုက် အလေးပေးအာရုံစိုက်ခြင်းထက် ရပ်ရွာသို့မဟုတ် ဒေသတစ်ခုလုံးကို လွှမ်းခြုံ၍ ပိုမိုကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးပြဿနာတစ်ခုအဖြစ် ချဉ်းကပ်အဖြေရှာသည့်အစီအစဉ်တကျ ချဉ်းကပ်ဆောင်ရွက်မှုပုံစံတစ်ခုနှင့် ပိုမိုကျယ်ပြန့်သည့် ပြည်တွင်းကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်၏ အစိတ်အပိုင်းတစ်ခုအဖြစ် တွင်တွင်ကျယ်ကျယ် ပြဋ္ဌာန်းပုံဖော်လျက်ရှိသည်။

ဘိန်း၊ ကိုကာနှင့် ဆေးခြောက်ပင် စိုက်ပျိုးမှုသည် အများအားဖြင့် ပဋိပက္ခဒဏ်သင့်၍ ထိခိုက်နိုင်ခြေမြင့်မားပြီး လုံခြုံရေးအားနည်းသည့် နယ်မြေဒေသများ၌ အများဆုံးဖြစ်ပွားလျက်ရှိသည်။ သို့ဖြစ်၍ အရေးဆောင်ရွက်မှုများပြုလုပ်ရာ၌ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး၊ ပဋိပက္ခဖျန်ဖြေရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် လူသားလုံခြုံရေးရည်ရွယ်ချက်များနှင့်အညီ ဖော်ဆောင်သွားသင့်သည်။ ထို့အပြင် ဘိန်း၊ ဆေးခြောက်နှင့် ကိုကာတို့ကို ဓလေ့ထုံးတမ်းစဉ်လာနှင့် ရိုးရာယဉ်ကျေးမှုအရ အသုံးပြုမှုများအပါအဝင် ဓလေ့ထုံးတမ်းစဉ်လာရိုးရာယဉ်ကျေးမှုနှင့် စံတန်ဖိုးများကို လေးစားလိုက်နာ၍ ပူးပေါင်းပါဝင်မှုရှိစေသည့် ချဉ်းကပ်ဆောင်ရွက်မှုနည်းနာတစ်ခုခုကို ချမှတ်ဖော်ဆောင်သွားရန် လိုအပ်လျက်ရှိသည်။

တရားမဝင်မူးယစ်ဆေးဝါး ထုတ်လုပ်ရာ၌အသုံးပြုသည့် သီးနှံများကို စိုက်ပျိုးနေကြသည့် လူထုလူတန်းစားများကို ၎င်းတို့၏ ဘဝများအပေါ် ရိုက်ခတ်မှုရှိလာမည့် အရေးကိစ္စများအပေါ် ဆွေးနွေးအဖြေရှာ၍ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များအတွင်း ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်းသည်လည်း အလားတူအရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်သည်။ “ကျွန်ုပ်တို့မပါလျှင် ကျွန်ုပ်တို့အရေးကိစ္စမဟုတ်” ဟူသည့် အခြေခံမူပေါ် ရပ်တည်၍ ၎င်းတို့၏ အမြင်သဘောထားများကို မတူကွဲပြားသည့် လမ်းကြောင်းမျိုးစုံမှတစ်ဆင့် ထုတ်ဖော်ပြောဆိုခွင့်ရရှိအောင်ဆောင်ရွက်ပေးသင့်သည်။

လက်တင်အမေရိကရှိ မူဝါဒရေးရာ စကားဝိုင်းများအတွင်း ကိုကာတောင်သူများ ပါဝင်ဆောင်ရွက်နိုင်သည့်ယန္တရားပေါင်းများစွာ ရှိနေကြသလို ၎င်းတို့အချင်းချင်း မိမိတို့၏ အမြင်သဘောထားများကို ပြောဆိုဆွေး

နေ့း၍ ထုတ်ဖော်ပြောဆိုနိုင်သည့် စကြ်္နတစ်ခုကိုပါ ပိုင်ဆိုင်ထားကြသည်။ ကိုကာစိုက်ပျိုးထုတ်လုပ်နေကြသည့်အန်းဒီးသုံးနိုင်ငံစလုံးသည် (ဘိုလီးဗီးယား၊ ကိုလံဘီယာနှင့် ပီရူး) ပြည်တွင်းစိုက်ပျိုးမှုတစ်စိတ်တစ်ဒေသကို တရားဝင်အသိအမှတ်ပြု၍ ထုံးတမ်းစဉ်လာအလေ့အထများနှင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို လေးစားလိုက်နာကြသည့် အကျိုးကျေးဇူးကြောင့်သာ အတိုင်းအတာတစ်ခုအထိ ဤသို့စုရုံးလှုပ်ရှားနိုင်ကြခြင်းဖြစ်သည်။

ဆေးဝါးထုတ်လုပ်ရေး ရည်ရွယ်ချက်များအတွက် စိုက်ပျိုးခွင့်လိုင်စင်ရထားကြသည့် အိန္ဒိယနိုင်ငံ၏ ပြည်နယ်အချို့မှလွဲ၍ ဘိန်းစိုက်ပျိုးမှုကို ကြီးလေးသည့်ပြစ်ဒဏ်ချမှတ်ထားသည့် အာရှဒေသတစ်လွှား၌ ဤသို့စည်းရုံးလှုပ်ရှားမှုပြုလုပ်ရန် များစွာခဲယဉ်းသည့် အထောက်အထားများတွေ့ရှိရပြီး ဘိန်းအများဆုံး စိုက်ပျိုးထုတ်လုပ်ကြသည့်နိုင်ငံများ၌ (မြန်မာ၊ လာအိုနှင့် အရှေ့မြောက်အိန္ဒိယဒေသ) ဆက်လက်ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် အစိုးရ၏ ကန့်သတ်ပိတ်ပင်မှုများရှိနေခြင်းကြောင့် ဘိန်းစိုက်တောင်သူများ အနေဖြင့် အလားတူစည်းရုံး လှုပ်ရှားနိုင်မည့်နယ်ပယ် အလွန်ကျဉ်းမြောင်းနေဆဲဖြစ်သည်။ မည်သို့ဆိုစေ နိုင်ငံသားအခွင့်အရေးများကို ဖိနှိပ်ချုပ်ခြယ်ထားသည့် စစ်အစိုးရလက်အောက်၌ ဆယ်စုနှစ်ပေါင်းများစွာ နေထိုင်ခဲ့ရပြီးနောက် ၂၀၁၁ ခုနှစ်၌စတင်ခဲ့သည့် မြန်မာနိုင်ငံတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်က အခွင့်အလမ်းသစ်များကို ဆောင်ကျဉ်းလာခဲ့သည်။ ပွင့်လင်းလာသည့် တံခါးပေါက်များကိုအသုံးပြု၍ ၂၀၁၃ ခုနှစ်၌ ပထမဦးဆုံးအကြိမ်မြောက် အရှေ့တောင်အာရှ ဘိန်းစိုက်တောင်သူများညီလာခံကို ကျင်းပနိုင်ခဲ့ပြီး ဘိန်းစိုက်ပျိုးလျက်ရှိသည့် မြန်မာနိုင်ငံနှင့် အရှေ့မြောက်အိန္ဒိယဒေသမှ ရပ်ရွာကိုယ်စားလှယ်ပေါင်း ၃၀ ဦး တက်ရောက်ပါဝင်ခဲ့ကြသည်။ တစ်နှစ်အကြာ၌ ပါဝင်ဆွေးနွေးခဲ့ကြသူများက 'မြန်မာနိုင်ငံ ဘိန်းစိုက်တောင်သူများညီလာခံ' (အောက်တွင်ဖော်ပြထားသည့် "မြန်မာနိုင်ငံ ဘိန်းစိုက်တောင်သူများညီလာခံ" စာကွက် ၄ ၌ ဆက်လက်ဖတ်ရှုပါ) ကို စတင်အသက်သွင်းခဲ့ကြသည်။

အထက်တွင် လေ့လာဆည်းပူးခဲ့ရသည့် သင်ခန်းစာအများအပြားက ရေရှည်တည်တံ့ခိုင်မြဲမှုရှိကြောင်း သေချာမှုရှိစေရန် တာထွက်ကနဦးအဆင့်မှစ၍ ဦးတည်ပစ်မှတ်ထားသည့် အစုအဖွဲ့များကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်စေပြီး ပိုမိုလူသားဆန်၍ ရပ်ရွာဖွံ့ဖြိုးရေးပေါ် အစီအစဉ်တကျ အခြေခံထားသည့် မူဝါဒများနှင့် အစီအစဉ်များနှင့်အတူ ပိုမိုအစွန့်ရှည်တည်တံ့မည့် မျှော်မှန်းချက်နှင့် ကတိကဝတ်မျိုးရှိရန် လိုအပ်လျက်ရှိကြောင်းမီးမောင်းထိုးပြလျက်ရှိသည်။ လေ့လာဆည်းပူးခဲ့ရသည့် သင်ခန်းစာအများအပြားကို ၂၀၁၃ ခုနှစ်၌ အတည်ပြုထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ၏ အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်အခြေခံမှုများက ကွက်ကွက်ကွင်းကွင်း ထင်ဟပ်စေလျက်ရှိသည်။[၁၁၅]

ထို့အပြင် မည်သည့် "ဘိန်းအစားထိုး ဖွံ့ဖြိုးရေး" ကို အမှန်တကယ် အားပေးထောက်ခံသင့် ကြောင်းနှင့်မည်သူတို့ကို လက်တွေ့အကျိုးရှိစေမည်နည်းဟူသည့် ကိစ္စရပ်အပေါ် အကျယ်တဝင့်ဆွေးနွေး ငြင်းခုန်မှုများလည်းရှိနေကြပြီဖြစ်သည်။ လတ်တလောနှစ်များအတွင်း နိုင်ငံစုံလုပ်ငန်းစုကြီးများနှင့် အချို့သော အမျိုးသားအစိုးရများစုပေါင်း၍ အထူးသဖြင့် ဝင်ငွေအနည်းဆုံးနှင့် အလယ်အလတ်အဆင့်ရှိ နိုင်ငံများကို ဦးတည်ပစ်မှတ်ထားသည့်ရောမကမ္ဘာအကြီးစား စိုက်ပျိုးမြေဖော်ထုတ်ရေး အစီအစဉ်တစ်ခုကို စတင်အကောင်အထည်ဖော်လာခဲ့သဖြင့် အလုပ်အကိုင်ပျက်စီးဆုံးရှုံးမှု၊ နေရပ်စွန့်ခွာရွှေ့ပြောင်းအခြေချမှုနှင့် မြေယာလက်မဲ့ပြဿနာများ ပေါ်ပေါက်လာလျက်ရှိသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် ရာသီဥတုအကျပ်အတည်းသည် အရေးပါသည့် မောင်းနှင်အားတစ်ခုဖြစ်လာခဲ့သည်။ မူးယစ်ဆေးဝါးရေးရာ မူဝါဒနယ်ပယ်၌ ဆွေးနွေးငြင်းခုန်နေကြဆဲဖြစ်သည့် "ဘိန်းအစားထိုး ဖွံ့ဖြိုးရေး"

ဟူသည့်စကားရပ်သည် တရားမဝင်မူးယစ်ဆေးဝါး ထုတ်လုပ်ရေးအတွက် တားမြစ်သီးနှံများကို စိုက်ပျိုးလျက်ရှိသည့် နယ်မြေဒေသများ၌ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ဖော်ဆောင်သွားမည့် မဟာဗျူဟာတစ်ရပ်ကို ကိုယ်စားပြုလျက်ရှိပြီး အကျယ်ချဲ့ပြောရမည်ဆိုပါက ဤစကားရပ်သည် လူထုကိုဗဟိုပြု၍ လူထုပူးပေါင်းပါဝင်မှုရှိသည့် ရည်ရွယ်ချက်အမျိုးမျိုးအတွက် ဖွံ့ဖြိုးတိုးတက်ရေးကို မတူကွဲ ပြားသည့် မျက်နှာစာသစ်မှချဉ်းကပ်ဆောင်ရွက်သည့်ပုံစံကို ပုံဖော်ပြောဆိုကြခြင်းဖြစ်သည်။[116] လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ရေးနှင့် တံခါးဖွင့်စီးပွားရေးဈေးကွက်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးလုပ်ငန်းကြီးများ အထူးသဖြင့် နိုင်ငံစုံလုပ်ငန်းစုကြီးများက စီမံခန့်ခွဲလျက်ရှိသည့် ရောမအကြီးစား စီးပွားဖြစ်စိုက်ပျိုးရေးစနစ်တို့ကို အလေးပေးဖော်ဆောင်သည့် ခေတ်သစ်အရင်းရှင်စီးပွားရေးမူဝါဒပေါ် အခြေပြုသည့် လက်ဝါးကြီးအုပ် ဖွံ့ဖြိုးတိုးတက်ရေးစနစ်ကို အစားထိုးသွားမည့် ရွေးချယ်စရာတစ်ခုအဖြစ် အားပေးမြှင့်တင်လာခဲ့ခြင်းဖြစ်သည်။

AD စနစ်များကို ဆွေးနွေးတိုင်ပင်ကြရာ၌ အောင်မြင်မှုကို တိုင်းတာသတ်မှတ်မည့် မတူကွဲပြားသည့် ညွှန်းကိန်းအမျိုးမျိုးကို ရေးဆွဲပြင်ဆင်နိုင်ရန်လည်း ကြိုးပမ်းအားထုတ်လျက်ရှိသည်။ အဆိုပါစနစ်များသည် ဘိန်းစိုက်တောင်သူဟောင်းများအပါအဝင် တစ်ပိုင်တစ်နိုင် အသေးစားတောင်သူများနှင့် ဒေသတစ်လွှား ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် အသက်မွေးလျက်ရှိသည့် ကုန်းမြင့်တောင်တန်းနေ တောင်သူအသိုက်အဝန်းများ၏အခွင့်အရေးများကို လေးစားလိုက်နာမှုရှိရန် လိုအပ်သည်။ တောင်ယာများမှ ၎င်းတို့ကို ကန်ထုတ်၍ အကြီးစား စီးပွားဖြစ်စိုက်ခင်းများ၌ နေ့စားအလုပ်သမားများဖြစ်လာအောင် ပြောင်းလဲလိုက်ခြင်းထက်စာလျှင် အမျိုးသားနှင့် ဒေသန္တရအစိုးရအာဏာပိုင်များအနေဖြင့် ၎င်းတို့နေထိုင်ရာ ရပ်ရွာဒေသများကိုကျော်လွန်၍ အစားအစာထုတ်လုပ်မှုကွင်းဆက်အတွင်း ၎င်းတို့၏ ထည့်ဝင်ကူညီမှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပို၍ကောင်းကျိုးသဘောဆောင်သည့်ပုံစံဖြင့် အလေးအနက်ထားအသိအမှတ်ပြု၍ မဖြစ်မနေထောက်ခံအားပေးမှုပြုလုပ်သွားရန်လိုအပ်လျက်ရှိသည်။ အဆိုပါနယ်မြေဒေသများရှိ စိုက်ပျိုးရေးကဏ္ဍအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သည့်အခါ မြေယာ၊ ရေနှင့် အစားအစာဆိုင်ရာ ရပိုင်ခွင့်အခွင့်အရေးများနှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးတို့အပါအဝင် လူ့အခွင့်အရေးကို အပြည့်အဝလေးစားလိုက်နာမှုရှိရန် မဖြစ်မနေလိုအပ်ပါသည်။


## မြန်မာနိုင်ငံ၏ အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေး (AD)

မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးလျက်ရှိသည့် လူထုလူတန်းစားများသည် ဘိန်းအများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် အခြားနိုင်ငံများထက်စာလျှင် အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အခြားရွေးချယ်စရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အထောက်အပံ့များရရှိမှု အလွန်နည်းပါးလျက်ရှိသည်။ ၂၀၁၅ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာအရ လက်တင်အမေရိကနိုင်ငံများသည် AD အတွက် နိုင်ငံတကာမှ ထောက်ပံ့ကူညီလျက်ရှိသည့် ပံ့ပိုးကူညီမှုစုစုပေါင်း၏ ၆၀% ခန့်ရရှိလျက်ရှိပြီး အာဖဂန်နစ္စတန်နိုင်ငံသည် ၁၉၉၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံတကာအကူအညီ စုစုပေါင်း၏ ၃၆% ခန့် ထောက်ပံ့ကူညီမှုရရှိခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည့် ပြောပလောက်အောင်မရှိသည့် ထောက်ပံ့ကူညီမှု အနည်းအကျဉ်းမျှသာ လက်ခံရရှိခဲ့သည်။[119] UNODC ၏ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း AD နှင့်ပတ်သက်၍ ထောက်ပံ့ကူညီခဲ့သည့် ကမ္ဘာလုံးဆိုင်ရာပံ့ပိုးကူညီမှုနှင့် ပတ်သက်သည့် လေ့လာသုတေသနပြုချက်အရ မြန်မာနိုင်ငံအနေဖြင့် လက်ခံရရှိခဲ့သည့် ရန်ပုံငွေအထောက်အပံ့သည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃.၄ သန်းနှင့် ၅.၆ သန်းအကြားသာ ပျမ်းမျှအနေဖြင့်ရရှိခဲ့သည်ဟုသိရှိခဲ့ရသည်။ အဆိုပါပမာဏသည် အာဖဂန်နစ္စတန် (အမေရိကန်ဒေါ်လာ ၇၄.၅ သန်းမှ ၁၅၃.၆ သန်း)၊ ပီရူး (အမေရိကန်ဒေါ်လာ ၂၆ သန်းမှ ၃၅.၂ သန်း) နှင့် ဘိုလီးဗီးယား (အမေရိကန်ဒေါ်လာ ၀.၅ သန်းမှ ၉.၉ သန်း) တို့ထက်စာလျှင် အလွန်နည်းပါးနေဆဲဖြစ်သည်။[120] ရန်ပုံငွေအထောက်အပံ့အများစုသည် အမေရိကန်နိုင်ငံမှ ထည့်ဝင်ထားခြင်းဖြစ်ပြီး ၎င်းနောက်၌ ဂျာမဏီနှင့် ဥရောပသမဂ္ဂ (EU) တို့၏ ထည့်ဝင်မှုအများဆုံးဖြစ်သည်။[121]

ဤကိစ္စရပ်နှင့် ပတ်သက်၍ ကြောင်းကျိုးပြပြော ဆိုနိုင်သည့် အကြောင်းရင်းများစွာ ရှိနေခဲ့သည်။ နှစ်ပေါင်းများစွာ စစ်အစိုးရနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ပေါ်ပေါက်လာခဲ့သည့် နိုင်ငံရေးအကြောင်းတရားများကြောင့် မြန်မာနိုင်ငံသို့ နိုင်ငံတကာဖွံ့ဖြိုးရေး အကူအညီများဝင်ရောက်မှု နည်းပါးသွားခဲ့သည်။ အဆိုပါအခြေအနေသည် အရပ်သားတစ်ပိုင်း စစ်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် စတင်ခဲ့သည့် ၂၀၁၁ ခုနှစ် နောက်ပိုင်း၌ ၁၉၉၀ ခုနှစ်ဝန်းကျင်ခန့်က အနောက်တိုင်းအစိုးရများ ချမှတ်ခဲ့သည့်နိုင်ငံရေးနှင့် စီးပွားရေးအရ အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ ရုပ်သိမ်းသွားပြီးနောက်ပိုင်း အပြောင်းအလဲဖြစ်လာခဲ့သည်။ သို့သော်လည်း ရိုဟင်ဂျာပြည်သူ ၇၅၀၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့ရသည့် တပ်မတော်၏ မွတ်စလင်လူထုလူတန်းစားများအပေါ် ကျူးလွန်ခဲ့သည့် ဖိနှိပ်မှုများ ပေါ်ပေါက်လာပြီးနောက်ပိုင်း မြန်မာနိုင်ငံသို့ ပေးအပ်လျက်ရှိသည့် အလှူရှင်များ၏ ဖွံ့ဖြိုးရေး အကူအညီများ ကျဆင်းသွားခဲ့သည်။[၁၂၂] ၂၀၂၀ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏အဓိက AD အလှူရှင်များ၌ တစ်ဦးအပါအဝင်ဖြစ်သည့် ဂျာမဏီနိုင်ငံသည် “နိုင်ငံအနေဖြင့် ရိုဟင်ဂျာ စစ်ဘေးဒုက္ခသည်များ ဘေးကင်းလုံခြုံစွာ နေရပ်ပြန်နိုင်ရန်စီစဉ်ပေးခြင်း မပြုသမျှကာလပတ်လုံး” မြန်မာနိုင်ငံနှင့် အတူဖော်ဆောင်လျက်ရှိသည့် နှစ်နိုင်ငံဖွံ့ဖြိုးရေး ပေါင်းစည်းဆောင်ရွက်မှု လုပ်ငန်းမှန်သမျှကို ဆိုင်းငံ့လိုက်သည်ဟု ထုတ်ပြန်ကြေညာသွားခဲ့သည်။[၁၂၃]

တပ်မတော်၏ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုအပြီး လတ်တလောကာလအတွင်း နိုင်ငံတကာ၏အရေးယူ ဒဏ်ခတ်ပိတ်ဆို့မှုများ ပြန်လည်အသက်ဝင်လာခဲ့သဖြင့် ဖွံ့ဖြိုးရေးအကူအညီနှင့် ပတ်သက်သည့်နိုင်ငံ၏အလားအလာကောင်းများ ထပ်မံပျောက်ကွယ်သွားခဲ့ရသည်။ ဥရောပသမဂ္ဂသည် “အစိုးရကို တိုက်ရိုက်ပံ့ပိုးကူညီလျက်ရှိသည့် EU ၏ ရန်ပုံငွေအထောက်အပံ့များကို ဆိုင်းငံ့လိုက်ကြောင်းနှင့် စစ်အာဏာရှင်ကိုတရားဝင်မှုရရှိသွားစေနိုင်သည်ဟု ယူဆရသည့် EU ၏အထောက်အပံ့မှန်သမျှကိုချိတ်ပိတ် ရပ်ဆိုင်းလိုက်သည်” ဟုထုတ်ပြန်ကြေညာခဲ့သည်။[၁၂၄] အလားတူပင် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) သည်လည်း “မြန်မာအစိုးရကိုအကျိုးပြုမည့်လုပ်ငန်းများ၌ သုံးစွဲရန်အတွက် လျာထားခဲ့သည့် ရန်ပုံငွေဒေါ်လာ စုစုပေါင်း ၄၂.၄ သန်းကို” ချက်ခြင်းအပြောင်းအရွှေ့ ပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။[၁၂၅]

အဓိက AD အလှူရှင်များထံမှ မြန်မာနိုင်ငံကို အကန့်အသတ်ဖြင့်သာ ထောက်ပံ့ကူညီဖြစ်စေခဲ့သည့် နောက်ထပ်သော့ချက် အကြောင်းရင်းတစ်ခုမှာ ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ အမေရိကန်နှင့် ဥရောပမူးယစ်ဆေးဝါး ဈေးကွက်များကို စိုးမိုးထားခဲ့သည့် ဘိန်းဖြူများသည် မြန်မာနိုင်ငံကိုမြစ်ဖျားခံ၍ စီးဆင်းလာသည့် ဘိန်းဖြူများ မဟုတ်တော့ခြင်းဖြစ်သည်။ ထို့ကြောင့် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့၏ AD အထောက်အပံ့အများစုသည် ၎င်းတို့၏ ဘိန်းဖြူနှင့်ကိုကင်းဈေးကွက်ကို ထောက်ပံ့ပေးလျက်ရှိသည့် ကိုကာခြုံပင်အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့်နယ်မြေဒေသများ (လက်တင်အမေရိက) နှင့် ဘိန်းစိုက်ပျိုးလျက်ရှိသည့်နယ်မြေဒေသများ (အာဖဂန်နစ္စတန်နှင့်လက်တင်အမေရိက) ကိုပိုမိုဦးစားပေးလာခဲ့သည်။ ၎င်းတို့အာရုံပြောင်းသွားသည့်နောက်ပိုင်း UNODC၊ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ထိုင်းနိုင်ငံအခြေစိုက် မယ်ဖာလုံဖောင်ဒေးရှင်း (MFLF) ဟူသည့် နိုင်ငံတကာအဖွဲ့အစည်းသုံးခုသည်သာလျှင် ကမ်းလင့်ထောက်ပံ့မှုနှင့် ရန်ပုံငွေအကန့်အသတ်ဖြင့် ရှမ်းပြည်နယ်တွင်း AD စီမံကိန်းများကိုတစိုက်မတ်မတ် ဆက်လက်အကောင်အထည်ဖော်ခဲ့ကြသည်။



ထိုင်းနိုင်ငံမြောက်ပိုင်း ကွင်းဆင်းလေ့လာရေးခရီးစဉ်၌ တွေ့ရှိရသည့် ICAD 2 တက်ရောက်လာကြသူများ

၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်ကာလများမှစတင်၍ ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ် (၂၀၀၂ ခုနှစ်မှစ၍ နောက်ပိုင်း UNODC ဟု ပြောင်းလဲမည့်ခေါ်ခဲ့သည့် UNDCP) သည် ရှမ်းပြည်နယ်အရှေ့ပိုင်း ဒေသ၌ အသေးစား ဘိန်းအစားထိုးဖွံ့ဖြိုးရေး (AD) စီမံကိန်းများကို အကောင်အထည်ဖော်လာခဲ့သည်။ စီမံကိန်းအတွင်း ယခင်တပ်မတော်လက်အောက်ခံ အာခါပြည်သူ့စစ်တပ်ဖွဲ့ အခြေစိုက် လှုပ်ရှားလျက်ရှိသည့် တာချီလိတ်မြို့နယ်၏ ကျေးရွာအနည်းငယ်နှင့် NDAA ထိန်းချုပ်ထားသည့် မုန်းလားနယ်မြေ၏ ဆီလူးဒေသခံရပ်ရွာအချို့ ပါဝင်ခဲ့ကြသည်။ စီမံကိန်းများသည် သစ်သီးပျိုးပင်များနှင့် အိမ်မွေးတိရစ္ဆာန်ပေါက်များထောက်ပံ့ကူညီခြင်းနှင့် ကျေးရွာချင်းဆက်လမ်းများတည်ဆောက်ခြင်းတို့ကို အလေးပေးဆောင်ရွက်ခဲ့ကြသည်။

၁၉၉၈ ခုနှစ်အရောက်တွင် UNDCP သည် ‘ဝ’ ဒေသအတွင်းသို့ ရွှေ့ပြောင်းဝင်ရောက်လာခဲ့ပြီး ပို၍ကျယ်ပြန့်သည့် ဘက်စုံကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများကိုစတင်အသုံးပြုလာခဲ့သည်။ ရှမ်းပြည်နယ်ရှိ ‘ဝ’ ဒေသ ဘိန်းအစားထိုး ဖွံ့ဖြိုးရေး စီမံကိန်းသည် UNDCP ၏ အကြီးဆုံးစီမံကိန်းတစ်ခု ဖြစ်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်ကာလ အပိုင်းအခြားအတွက် အမေရိကန်ဒေါ်လာ ၁၅.၅ သန်းကျော် သုံးစွဲမှုပြုခဲ့သည်။[၁၂၆] စီမံကိန်းလုပ်ငန်းများ၌ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ပါဝင်ခဲ့ကြသည်။ ၂၀၀၃ ခုနှစ်၌ UNDCP သည် ကိုးကန့်နှင့် ‘ဝ’ ဒေသအစီအစဉ် (KOWI) ဟုခေါ်သည့် မိတ်ဖက်ဆောင်ရွက်မှုပုံစံဖြင့် ‘ဝ’ နှင့် ကိုးကန့်ဒေသများဆီသို့ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာ NGO စုစုပေါင်း ၁၈ ဖွဲ့ဝင်ရောက်လာနိုင်အောင် ပံ့ပိုးကူညီပေးခဲ့သည်။ စီမံကိန်းသည် ဘိန်းစိုက်တောင်သူများနှင့် ၎င်းတို့၏မိသားစုဝင်များကို ဘိန်းမှရရှိသည့် ဝင်ငွေအပေါ်မှီခိုစရာမလိုဘဲ ၎င်းတို့၏ အခြေခံလူသားလိုအပ်ချက်များ ပြည့်မီလာအောင် ပံ့ပိုးကူညီပေးသွားရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ KOWI ၌မတူကွဲပြားသည့် နယ်ပယ်ကဏ္ဍအမျိုးမျိုးအတွက် ငါးနှစ်တာစီမံကိန်း စက်ဝန်းသုံးခုပါရှိသည့် ၁၅ နှစ်တာ စီမံကိန်းအစီအစဉ်တစ်ခု ပါရှိပြီး အမေရိကန်နှင့် ဂျပန်အစိုးရများက ရန်ပုံငွေကျခံပေးခဲ့သည်။[၁၂၇] သို့သော်လည်း ၂၀၀၅ ခုနှစ်၌ အမေရိကန်၏ ဖက်ဒရယ်တရားရုံးမှ မူးယစ်ဆေးဝါးကုန်ကူးမှု စွဲချက်ဖြင့် UWSA ခေါင်းဆောင်များကို ဖမ်းဝရမ်းထုတ်ခဲ့ပြီး တရားခံများကို လွှဲပြောင်းပေးရန် တောင်းဆိုလာခဲ့ပြီးနောက်ပိုင်း KOWI အတွက်လျာထားခဲ့သည့်ရန်ပုံငွေ အထောက်အပံ့များကို လျှော့ချဖြတ်တောက်မှုများ ပြုလုပ်ခဲ့ကြသည်။[၁၂၈]

UWSP မှ ဘိန်းစိုက်ပျိုးမှုကို တားမြစ်ပိတ်ပင်သည့် အမိန့်ကြေညာချက် (“၂၀၀၅ခုနှစ် ‘ဝ’ ဒေသဘိန်းတိုက်ဖျက်ရေး” ကိုဆက်လက်ဖတ်ရှုပါ) ထုတ်ပြန်ခဲ့ပြီးနောက် ‘ဝ’ နှင့် ကိုးကန့်ဒေသများ၌ ဘိန်းစိုက်ပျိုးမှု ဆိုးခန်းတိုင်သွားခဲ့သဖြင့် အချို့သော မြန်မာစစ်အစိုးရအဖွဲ့ဝင်များနှင့် နိုင်ငံတကာအလှူရှင်များ၏ စိတ်ဝင်စားမှုဆိတ်သုဉ်းသွားတော့သည်။ ၎င်းတို့အနေဖြင့် ‘ဝ’ နှင့် ကိုးကန့်ဒေသများ၌ ဘိန်းစိုက်ပျိုးမှု နိတိတန်သွားပြီဖြစ်သောကြောင့် အခြားနည်းဖြင့်ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး အကူအညီများဆက်လက်ပေးအပ်သွားရန် မလိုအပ်တော့ပြီဟု တွေးတောစဉ်းစားခဲ့ကြပုံပေါ်သည်။

ထို့အပြင် ဗိုလ်ချုပ်ခင်ညွန့်နှင့် အခြားအကြီးတန်းစစ်ထောက်လှမ်းရေး အရာရှိများ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် ၂၀၀၄ ခုနှစ် ဖြုတ်ထုတ်သုတ်သင်ပွဲကလည်း စီမံကိန်းကိုအကြီးအကျယ် ရိုက်ခတ်သွားခဲ့သည်။ အဆိုပါအရာရှိများသည် UWSA အပါအဝင် EAOs ပေါင်းစုံနှင့် အပစ်အခတ်ရပ်စဲရေးအတွက် ဇေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်နေခဲ့ပြီး EAO ခေါင်းဆောင်များနှင့်လည်း ပုဂ္ဂိုလ်ရေးအရခင်မင်ရင်းနှီးခဲ့ကြသူများဖြစ်သည်။ ဗိုလ်ချုပ်ခင်ညွန့်နှင့် ၎င်း၏လူယုံတော်များသည် မူးယစ်ဆေးဝါးရေးရာ မူဝါဒကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတကာပေါင်းစည်း ဆောင်ရွက်မှုကိုအားပေးမြှင့်တင်ခဲ့ကြပြီး အကဲဆတ်လှသည့် အပစ်ရပ်ဒေသများသို့ UNODC အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများဝင်ရောက်လုပ်ကိုင်နိုင်စေရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသူများ ဖြစ်ကြသည်။ စစ်ထောက်လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းလိုက်ပြီးနောက်ပိုင်း စစ်အစိုးရနှင့် UWSA ကဲ့သို့သောအပစ်အခတ်ရပ်စဲထားကြသည့် အင်အားစုများအကြား ရုတ်ချည်းဆိုသလို ဆက်ဆံရေးပျက်ပြားလာခဲ့ပြီး အဆိုပါနယ်မြေဒေသများကို နိုင်ငံတကာအဖွဲ့အစည်းများ လက်လှမ်းမီနိုင်ရန် အလွန်ခဲယဉ်းလာခဲ့သည်။

ထို့အပြင် ၂၀၀၆ ခုနှစ်တွင် ယူနန်ပြည်နယ်အစိုးရသည် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် လာအိုနိုင်ငံတို့ရှိ ဘိန်းစိုက်ပျိုးမှုများကို လျှော့ချသွားရန်ရည်ရွယ်၍ ဘိန်းအစားထိုးသီးနှံအစီအစဉ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းလာခဲ့သည်။ ၂၀၀၇ နှစ်ကုန်ပိုင်းရောက်လာသည့်အခါ တရုတ်ကုမ္ပဏီ



ပေါင်း ၁၃၅ ခုသည် မြန်မာနိုင်ငံ၌ ဘိန်းအစားထိုးသီးနှံ ဟက်တာပေါင်း ၁၇၀၀၀ ကျော် စိုက်ပျိုးရန်အတွက် ယွမ်ငွေ ၁၆၉ သန်း (အမေရိကန်ဒေါ်လာ ၂၆.၅ သန်းခန့်) ရင်းနှီးမြှုပ်နှံမှု ပြုခဲ့ကြသည်။[၁၂၈]

UNODC ၏ အစီရင်ခံစာ၌ "'ဝ' ခေါင်းဆောင်တွေရဲ့ UNODC နဲ့အခြား KOWI အေဂျင်စီတွေက ကတိပေးထားတဲ့အတိုင်း အပြည့်အဝထောက်ပံ့ကူညီမှု မလုပ်ခဲ့ကြဘူး သို့မဟုတ် ဒီလိုမျိုးအရဲစွန့်ရတဲ့ အစီအစဉ်တွေကနေ အကျိုးအမြတ်ရရှိဖို့ အခွင့်အရေးမရှိဘူးဆိုတဲ့ တွေးထင်ခံစားမှုအပေါ်မှာ တစ်စိတ်တစ်ဒေသအားဖြင့် အခြေခံပြီး တော့ရာဘာတွေကို တိုးချဲ့စိုက်ပျိုးကြဖို့ တိုက်တွန်းအားပေးလာခဲ့ကြတယ်။ လောင်စာဆီဈေးနှုန်းတွေကြီးမြင့်လာခဲ့ပြီးတရုတ်စီးပွားရေး ထွန်းတောက်လာတဲ့အချိန်မို့ တရုတ်နိုင်ငံထဲမှာ ရာဘာအခြေခံ ဈေးကွက်ကြီးတစ်ခု ဖွံ့ဖြိုးလာခဲ့တယ်" ဟု သုံးသပ်တင်ပြထားသည်။

ဤအကြောင်းတရားများ၏ မောင်းနှင်အားကြောင့် ၂၀၀၈ ခုနှစ်အရောက်တွင် KOWI စီမံကိန်းကြီး ပျက်ပြယ်သွားခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ၂၀၀၅ ခုနှစ် ဘိန်းတိုက်ဖျက်ရေး၏ နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက် မှုကိုခုနှိမ်ကာမိစေနိုင်မည့် အထောက်အပံ့များကို အလုံအလောက် မရရှိခဲ့ကြသဖြင့် 'ဝ' နှင့် ကိုးကန့်ဒေသခံ ဘိန်းစိုက်တောင်သူဟောင်းများသည် ဤဖြစ်ပေါ်ပြောင်းလဲမှု အရွေ့များ၏ ရိုက်ခတ်မှုဒဏ်ကို အလူးအလဲခါးစည်းခံခဲ့ကြရသည်။

UNODC ၏ သုံးသပ်တင်ပြချက်အရ "'ဝ' ပြည်သူများ၏ ကြီးမားလှသည့် အခြေခံလိုအပ်ချက်များအတွက် ထောက်ပံ့ပေးသည့် အကူအညီများ လုံလောက်မှုမရှိခဲ့သဖြင့် ထိခိုက်နိုင်ခြေမြင့်မားလှသည့် တောင်သူများ၏လိုအပ်ချက်များ ပြည့်မီနိုင်ရန် များစွာအလှမ်းဝေးနေခဲ့သည်။ ထို့ကြောင့် တစ်နယ်တစ်ကျေးသို့ ရွှေ့ပြောင်းအခြေချမှုနှင့် တစ်ကျော့ပြန် ဘိန်းစိုက်ပျိုးမှုကို ရှောင်လွှဲနိုင်စေရန်အတွက် အရေးပေါ် အကူအညီထောက်ပံ့ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများ အပူတပြင်းလိုအပ်လျက်ရှိကြောင်း" သိရှိခဲ့ရသည်။[၁၂၉]

စိုးရိမ်ဖွယ်ရာကောင်းသည့် အကျပ်အတည်းကို ရှောင်လွှဲနိုင်စေရန် ဘိန်းစိုက်ပျိုးလျက်ရှိသည့် နယ်မြေဒေသများရှိတောင်သူများကို ထောက်ပံ့ကူညီရန် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ကို ခေါ်သွင်းလာခဲ့သည်။ သို့သော်လည်းဤကိစ္စရပ်သည် MNDAA၊ UWSA နှင့် PNO တို့ ဘိန်းစိုက်ပျိုးမှုကို ပိတ်ပင်တားမြစ်လိုက်သည့် ၁၉၉၀ ပြည့်လွန်နှစ်များနှင့် ၂၀၀၀ ပြည့်နှစ်လယ်ပိုင်း ကာလများ အတွင်းရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသရှိ ရွာသူရွာသားများအတွက် WFP မှ အရေးပေါ်ဆန်ရိက္ခာများထောက်ပံ့ခဲ့ရသည့် "အရေးပေါ် လူသားချင်းစာနာထောက်ထားရေး အကူအညီ" ဟုဆိုပါက ပို၍မှန်ကန်ပါလိမ့်မည်။

ဤအပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့ပြီးနောက်ပိုင်း UNODC သည် နိုင်ငံအတွင်း ဘိန်းအများဆုံးစိုက်ပျိုးထုတ်လုပ်သည့် ဒေသတစ်ခုဖြစ်လာခဲ့သည့် ရှမ်းပြည်နယ်တောင်ပိုင်း၌ စီမံကိန်းအသစ်တစ်ခု ထပ်မံဖော်ဆောင်ခဲ့ရသည်။ အဆိုပါစီမံကိန်းသည် ပီရူးနိုင်ငံ၌ UNODC အကောင်အထည်ဖော်ခဲ့သည့် ကော်ဖီစီမံကိန်းကို ပုံတူပွားထားသည့် စီးပွားဖြစ် ကော်ဖီစိုက်ခင်းများ ထူထောင်ရန် အားပေး

ထောက်ခံထားသည့် သီးနှံတစ်မျိုးတည်းစိုက် ချဉ်းကပ်ဖော်ဆောင်မှုနည်းလမ်းကို အလေးပေး ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းအတွင်း ဟိုပုံးနှင့်လွိုင်လင်မြို့နယ်တစ်လွှား ရှိကျေးရွာပေါင်း ၅၅ ရွာမှ မိသားစုပေါင်း ၁၀၀၀ ကျော် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ အနည်းဆုံး အဆိုပါမိသားစုများကို အကူအညီရစေခဲ့သည့် အထောက်အပံ့များအတွက် ကျေးဇူးတင် ကြိုဆိုခဲ့ကြသော်လည်း ခန့်မှန်းခြေအားဖြင့် ဘိန်းစိုက်ပျိုးရေးကို မှီခိုအသက်မွေးလျက်ရှိသည့် အိမ်ထောင်စုပေါင်း ၂၅၀၀၀၀ မှ ၃၀၀၀၀၀ အကြားရှိနေသည့် မြန်မာနိုင်ငံ၌ ယင်းပမာဏသည် သမုဒ္ဒရာ၌ကျသည့် ရေတစ်ပေါက်မျှသာအကျိုးပြုခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

၁၉၉၇ ခုနှစ်တွင် JICA သည် ကိုးကန့်ဒေသတစ်လွှား ဘိန်းအစားထိုးသီးနှံအဖြစ် ပန်းဂျုံစိုက်ပျိုးရေးကို အားပေးသည့် စီမံကိန်းတစ်ခုကို စတင်ဖော်ဆောင်ခဲ့သည်။ ကိုးကန့်အာဏာပိုင်များ ဘိန်းစိုက်ပျိုးမှုကို တားမြစ်ရန်ဆုံးဖြတ်ခဲ့သည့် ၂၀၀၂ ခုနှစ်ရောက်လာသည့်အခါ စီမံကိန်းသည်စိန်ခေါ်မှုပေါင်းများစွာကို နဖူးတွေ့ဒူးတွေ့ ကြုံတွေ့လာရတော့သည်။ ဂျပန်နိုင်ငံ၌ ပန်းဂျုံကို အဓိကအားဖြင့် ခေါက်ဆွဲပြုလုပ်၍ စားသုံးလေ့ရှိကြသော်လည်း စားသုံးသူဈေးကွက်နှင့် အလှမ်းကွာဝေးမှုကြောင့် အကျိုးအမြတ်ဖြစ်ထွန်းနိုင်ခြေမရှိခြင်းက အကြီးမားဆုံးသော အတားအဆီးတစ်ခုဖြစ်လာခဲ့သည်။ ကိုးကန့်ဒေသတစ်လွှား ၂၀၀၉ ခုနှစ်၌စတင်ဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ်အရောက်တွင် မီးကုန်ယမ်းကုန် ပြင်းထန်လာခဲ့သည့် မြန်မာ့တပ်မတော်နှင့် MNDAA အကြားတိုက်ပွဲများကြောင့် နောက်ဆုံး၌ စီမံကိန်းကို ပိတ်သိမ်းခဲ့ရတော့သည်။[၃၃]

လတ်တလော၌ ထိုင်းနိုင်ငံအခြေစိုက် MFLF သည် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန (နတလ) နှင့်



ဟိုပုံးမြို့နယ်ရှိ AD ကော်ဖီစီမံကိန်း၌ တွေ့ရသည့် ပအိုဝ်းတောင်သူတစ်ဦး

မူးယစ်ဆေးဝါးအလွဲသုံးစားမှု တိုက်ဖျက်ရေး ဗဟိုကော်မတီ (CCDAC) တို့နှင့်လက်တွဲ၍ ရှမ်းပြည်နယ်တောင်ပိုင်းဒေသ ပင်လောင်းမြို့နယ်၌ AD စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်လျက်ရှိသည်။[၁၃၂] ၂၀၁၈ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိအကောင်အထည်ဖော်သွားမည့် စီမံကိန်းသည် ကျေးရွာချင်းဆက်လမ်းများ၊ ဆည်မြောင်းရေပေးဝေရေး၊ တိရစ္ဆာန်မွေးဖက်ရန်ပုံငွေနှင့် ကော်ဖီနှင့် မျိုးစပ်ပြောင်း (CP ပြောင်း) ကဲ့သို့သော အစားထိုးသီးနှံများပါဝင်သည့် စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုအလေးပေး ဖော်ဆောင်လျက်ရှိသည်။ စီမံကိန်းအတွင်း ကျေးရွာပေါင်း ၉၉ ရွာပါဝင်သည့် ကျေးရွာအုပ်စုလေးခုပါဝင်လျက်ရှိပြီး ဒေသခံဘိန်းစိုက်တောင်သူများကို အကျိုးပြုလျက်ရှိသည်။

ဤစီမံကိန်းသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်နှင့် မိုင်းဆတ်မြို့နယ်များ၌ အကောင်အထည်ဖော်ခဲ့သည့် မူလစီမံကိန်းမှ တိုးချဲ့ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ အစောပိုင်းစီမံကိန်း၏ အဓိကရည်မှန်းချက်ပန်းတိုင်သည် တရားဝင်သည့် အခြားရွေးချယ်စရာ အစားထိုးအသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ဖန်တီးပေးခြင်းအားဖြင့် ဒေသတစ်လွှား တောထနေသည့် မူးယစ်ဆေးဝါးကုန်ကူးမှု လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ MFLF သည် အခြေခံလိုအပ်ချက်များ အဆင်ပြေစေမည့် ဆည်မြောင်းစနစ်များ တည်ဆောက်ပေးခြင်း၊ စားနပ်ရိက္ခာဖူလုံရေးအတွက် စပါးအထွက်တိုးနည်းပညာများပေးအပ်ခြင်း၊ တိရိစ္ဆာန်မွေးမြူရေးနှင့် ကုသရေးသင်တန်းများ ပေးအပ်ခြင်း၊ အိမ်မွေးတိရိစ္ဆာန် ကျန်းမာရေးရန်ပုံငွေများနှင့် တိရိစ္ဆာန်စာအဖြစ် နာပီယာမြက်များစိုက်ပျိုးရန်အားပေးမြှင့်တင်ခြင်းကဲ့သို့သော လုပ်ငန်းများဖြင့် ဦးစွာစတင်ခဲ့သည်။[၁၃၃]

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ ဘိန်းစိုက်နေဆဲနှင့် ဘိန်းစိုက်ခဲ့ကြဖူးသည့် ရပ်ရွာများ၌ ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်းများဖော်ဆောင်လျက်ရှိသည့်ပြည်တွင်းနှင့်နိုင်ငံတကာ NGO အများအပြားရှိနေကြသည်။ သို့သော်လည်း ယင်းစီမံကိန်းများကို AD စီမံကိန်းများ သို့မဟုတ် မူးယစ်ဆေးဝါးထိန်းချုပ်ရေး ရည်ရွယ်ချက်များနှင့် တိုက်ရိုက်ဆက်စပ်ပတ်သက်လျက်ရှိသည်ဟု ယေဘုယျအားဖြင့် သတ်မှတ်ပုံဖော်လေ့မရှိကြပေ။

## အတင်းအကျပ်ဘိန်းတိုက်ဖျက်ရေး၏ အကျိုးဆက်များ

ဘိန်းအစားထိုးဖွံ့ဖြိုးရေး မဟုတ်သည့် အခြားဘိန်းစိုက်ပျိုးမှု လျှော့ချရေး မူဝါဒထောက်တိုင် တစ်ခုမှာ ဘိန်းတိုက်ဖျက်ရေး ဟုသိကြသည့် လူကိုယ်တိုင်ဘိန်းခင်းများဆီသို့သွားရောက်၍ စိုက်ပျိုးထားသည့် ဘိန်းပင်များကိုဖျက်ဆီးကြခြင်း ဖြစ်သည်။ ဘိန်းတိုက်ဖျက်ရေးအခြေပြုချဉ်းကပ်ဆောင်ရွက်မှုနည်းနာများကိုတိုးချဲ့ဖော်ဆောင်ရန်နိုင်ငံရေးအရ စဉ်ဆက်မပြတ် တိုက်တွန်းတောင်းဆိုမှုများကျယ်ကျယ်လောင်လောင် ရှိနေသော်လည်း ထိုကဲ့သို့သောမူဝါဒများကို AD စီမံကိန်းများနှင့် အတိုင်အဖောက်ညီညီဖော်ဆောင်ခဲ့လျှင်ပင် ရေရှည်၌ ဘိန်းစိုက်ပျိုးမှုများအမှန်တကယ် လျော့နည်းကျဆင်း လာစေလိမ့်မည်ဟုကံသေကံမပြောနိုင်သည့် အထောက်အထားများ ကင်းမဲ့နေကြဆဲဖြစ်သည် (စာကွက် (၃) ၌ ဖော်ပြထားသည့် 'ဘိန်းအစားထိုးဖွံ့ဖြိုးရေးအစီအစဉ် အခြေခံမူများနှင့် သင်ခန်းစာများ' ကိုကြည့်ပါ)။ အမှန်တကယ်တမ်း၌ တိုက်ဖျက်ရေးကိုသာ အလေးပေးအာရုံစိုက်ခြင်းသည် နယ်ခံလူထုလူတန်းစားများအတွက် ကောင်းကျိုးထက် ဆိုးကျိုးများကိုသာ ဆောင်ကျဉ်းလာခဲ့ပြီး အချို့သောအခြေအနေများ၌ ဘိန်းစိုက်ပျိုးမှုအတိုင်းအတာ မြင့်တက်လာစေရန် ဦးတည်သွားစေလျက်ရှိသည် သို့မဟုတ် အခြားနယ်မြေဒေသများသို့ ရွှေ့ပြောင်းစိုက်ပျိုးမှုများကိုသာ ဖြစ်ပေါ် စေလျက်ရှိသည်။[၁၃၄]

မြေပြင်အတွေ့အကြုံများကလည်း မကြာခဏဆိုသလို "ဆုပေးဒဏ်ပေးစနစ်" အဖြစ် ရည်ညွှန်းလေ့ရှိသည့် AD နှင့် ဘိန်းတိုက်ဖျက်ရေးကို တစ်ပြိုင်တည်းအသုံးပြုခြင်းသည် ခုတ်ရာတစ်ခြား ရှရာတစ်ခြားအကျိုးရလဒ်များကိုသာ ဆောင်ကျဉ်းပေးလျက်ရှိကြောင်း ပြဆိုလျက်ရှိသည်။ UNODC အကောင်အထည်ဖော်လျက်ရှိသည့် အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ နယ်ပယ်အလိုက် သုံးသပ်အကဲဖြတ်ချက်တစ်ခုအတွင်း "အခြားဖွံ့ဖြိုးရေးနှင့်သက်ဆိုင်မှုမရှိသည့်ကိစ္စရပ်များနှင့်လုံခြုံရေးဇာတ်ကောင်များ ဦးစီးခေါင်းဆောင်သည့် အခြားရွေးချယ်စရာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများသည် အာမခံချက်နည်းပါးလေ့ရှိပြီး များသောအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုမရှိဘဲ တားမြစ်သီးနှံစိုက်ပျိုးမှုကို အခြားဒေသများသို့ပြန့်ကျဲသွားစေခြင်း သို့မဟုတ် တစ်ကျော့ပြန်စိုက်ပျိုးလာခြင်းကဲ့သို့သော အခြားကျယ်ပြန့်သည့် ဆိုးကျိုးသက်ရောက်မှု

များကို လက်တွေ့အသက်ဝင်လာစေနိုင်ကြောင်း” သုံးသပ်ဖော်ပြထားသည်။[၁၃၅]

မြန်မာအစိုးရသည် ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက ဘိန်းစိုက်ပျိုးမှုကို လျှော့ချသွားရန်ရည်ရွယ်၍ ဖိနှိပ်မှုတင်းကျပ်သည့် မူဝါဒများကို ဆက်တိုက်ဆိုသလို ဖော်ဆောင်လာခဲ့သည်။ အမေရိကန်နိုင်ငံ၏ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီဖြင့် ၁၉၇၄ ခုနှစ်မှစ၍ အတင်းအကျပ်ဘိန်းတိုက်ဖျက်ရေး အစီအစဉ်များကို ဖော်ဆောင်လာခဲ့ခြင်းဖြစ်သည်။[၁၃၆] အမေရိကန်အစိုးရသည် ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကို တပ်မတော်ဖက်မှ အကြမ်းဖက်ဖြိုခွဲနှိမ်နင်း၍ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်လာခဲ့ပြီးနောက်ပိုင်း ၎င်းတို့၏ ကူညီထောက်ပံ့မှုများကို ရပ်ဆိုင်းလိုက်တော့သည်။[၁၃၇] မည်သို့ဆိုစေကာမူ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် လားဟူဘိန်းစိုက်တောင်သူတစ်ဦး ထောက်ပြပြောဆိုခဲ့သလိုပင် ဘိန်းစိုက်ပျိုးမှုများ ဆက်ရှိနေခဲ့သည်။

“အစိုးရက ကျနော်လူမှန်းသိစ ကလေးအရွယ်ဘဝကနေအခုချိန်အထိ ကျနော်တို့ ဘိန်းခင်းတွေကို လိုက်ပြီး ဖျက်ဆီးနေခဲ့ကြတာပါ။ ဒါပေမယ့် ဘိန်းက ကျနော်တို့ရွာကနေ တစ်ခါမှ ပျောက်မသွားဖူးတဲ့အတွက် သူတို့ရဲ့ ဘိန်းတိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုတွေ မအောင်မြင်ခဲ့ဘူးလို့ပြောရမယ်။ အစိုးရအနေနဲ့ သူတို့ရဲ့ မဟာဗျူဟာကို ပြောင်းလဲချိန်တန်နေပါပြီ။”

နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံအစိုးရသည် ဘိန်းခင်းများကို လိုက်လံရှာဖွေဖျက်ဆီးလျက်ရှိသည်။ ၂၀၁၉ – ၂၀၂၀ ခုနှစ် စိုက်ပျိုးရာသီ၌ ဘိန်းခင်းဟက်တာပေါင်း ၂၀၀၀ ကျော်ကို ဖျက်ဆီးနိုင်ခဲ့သည်ဟု အစီရင်ခံတင်ပြခဲ့ကြသည်။ ၉၀% ကျော်သည့် ဘိန်းတိုက်ဖျက်ရေးလုပ်ငန်းများကို ရှမ်းပြည်နယ် အထူးသဖြင့် တောင်ပိုင်းဒေသ၌ ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။[၁၃၈]

ဤကိစ္စရပ်နှင့် ပတ်သက်၍ပြဿနာပေါင်းများစွာ ဖြစ်ပွားလာခဲ့သည်။ ပထမအချက်အနေဖြင့် ဘိန်းတိုက်ဖျက်ရေးလုပ်ငန်းများသည် တောင်သူများအနေဖြင့် အခြားရွေးချယ်စရာ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်မရှိကြသည့်နယ်မြေဒေသများ၌ အများဆုံးဖြစ်ပွားလျက်ရှိသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘိန်းစိုက်တောင်သူအသိုက်အဝန်းများအကြား စားနပ်ရိက္ခာ ဖူလုံမှုမရှိခြင်း၊ ဈေးကွက်များနှင့် ချေးငွေများကို လက်လှမ်းမီနိုင်စွမ်းမရှိခြင်း၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ ကင်းမဲ့နေခြင်းစသည့် ပြဿနာပေါင်းများစွာကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ ၎င်းတို့စိုက်ပျိုးထားသည့် ဘိန်းခင်းများကို လိုက်လံဖျက်ဆီးခြင်းသည် ၎င်းတို့၏ ပြဿနာများကို ကူညီဖြေရှင်းပေးရာ မရောက်သည့်အပြင် ၎င်းတို့၏ အသက်ရှင်ရပ်တည်ပိုင်ခွင့်ကို လုယူဖျက်ဆီးရာ ရောက်နေပါသည်။ ဘိန်းတိုက်ဖျက်ရေးသည် လူပေါင်းများစွာ၏ ဘဝများကို နင်းခြေဖျက်ဆီးလျက်ရှိသည်ဟုတောင်သူတစ်ဦးကအောက်ပါအတိုင်း ပြောဆိုသွားခဲ့သည်။

“လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက ရဲတွေရောက်လာပြီး သူ့ဘိန်းခင်းအဖျက်ခံလိုက်ရတဲ့အတွက် ကျနော်တို့ရွာသားတစ်ယောက် ပိုးသတ်ဆေးသောက်ပြီး ကိုယ့်ကိုကိုယ်သတ်သေသွားခဲ့တယ်။ သူ့မိန်းမက ကလေးလေးနှစ်ယောက်နဲ့ ကျန်ခဲ့တဲ့အပြင် ရှုံးသွားတဲ့အခင်းအတွက် အကြွေးပြန်ဆပ်ဖို့ သူတို့လင်မယားပိုင်မြေကိုပါ ထုတ်ရောင်းလိုက်ရတော့တာပေါ့။ ယောကျ်ားကိုဆုံးရှုံးခဲ့ရတဲ့အပြင် မြေယာကိုလည်း လက်လွှတ်လိုက်ရတဲ့အခါ ဘာမှကိုမကျန်တော့တာမို့ အခုတော့ ကလေးနှစ်ယောက်ကို ကျွေးမွေးပြုစုဖို့အတွက် ကြုံရာကျပန်းနေ့စား အလုပ်တွေ လိုက်လုပ်နေရတော့တာပေါ့။ သူ့ဘဝက အတော်လေးကို ဝမ်းနည်းစရာကောင်းပါတယ်ဗျာ။”

နောက်ထပ် တောင်သူတစ်ဦးက “မနှစ်တုန်းက ကျနော့ဘိန်းခင်းကို ရဲတွေလာဖျက်သွားခဲ့တဲ့အတွက် ဒီအခင်းလေးထဲ ကျနော်ရင်းနှီးမြှုပ်နှံထားတွေ အကုန်လုံးနဲ့ ကျနော်တို့မိသားစုရဲ့ သုံးလတာလုပ်အားတွေ အကုန်လုံးသဲထဲရေသွန်ဖြစ်သွားခဲ့တယ်။ ကျနော်တို့မှာ စုမိဆောင်းမိတာလည်းဒီလောက်ကြီး မရှိခဲ့တော့ တစ်နှစ်တာမိသားစုစားဝတ်နေရေးနဲ့ ဒီနှစ်ဘိန်းစိုက်ရာသီမှာ ပြန်ပြီးရင်းနှီးမြှုပ်နှံဖို့ သူများဆီက ပိုက်ဆံချေးခဲ့ရတယ်။ ဒီနှစ်တော့ရဲတွေဘိန်းခင်း လာမဖျက်ပါစေနဲ့လို့ ဆုတောင်းနေရတယ်။ တကယ်လို့သာ လာဖျက်သွားခဲ့မယ်ဆိုရင် ဒီအကြွေးတွေ ပြန်ဆပ်ဖို့ ခြံတွေအိမ်တွေ ရောင်းရတော့မယ်” ဟု ပြောဆိုသွားခဲ့သည်။

ဟိုပုံးမြို့နယ် ပအိုဝ်းတောင်သူ အမျိုးသမီးတစ်ဦးကလည်း ၎င်း၏ အတွေ့အကြုံကို

"၂၀၁၇–၂၀၁၈ ခုနှစ်ရာသီတုန်းက ဘိန်းဖျက်တဲ့အဖွဲ့တွေကျမအခင်းကို လာဖျက်သွားခဲ့တယ်။ အဲဒီတုန်းကကျမလက်ထဲမှာ ဘိန်းစေးနည်းနည်း သိမ်းထားမိတဲ့အတွက် သူတို့က ကျမကို ၁၅၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၁၀) ဒဏ်ရိုက်ခဲ့ကြတယ်။ ဟိုပုံးဒေသမှာ ၂၀၁၄–၂၀၁၅ ခုနှစ်အထိ ကျမတို့အနေနဲ့ ဘာဘိန်းခွန်မှ မပေးဆောင်ခဲ့ရပါဘူး" ဟုထုတ်ဖော်ပြောဆိုသွားခဲ့သည်။

ပြည်တွင်းဖွံ့ဖြိုးရေး ဝန်ထမ်းတစ်ဦးက ဘိန်းခင်းများကို လိုက်လံဖျက်ဆီးခြင်းသည် ဘိန်းစိုက်တောင်သူမိသားစုများကို ရွှေ့ပြောင်းအလုပ်သမားများ ဖြစ်လာစေရန် ဆက်လက်ဖိအားပေး လျက်ရှိသည်ဟု ပြောဆိုသွားခဲ့သည်။

"MOFF အဖွဲ့ဝင်တွေနဲ့ စကားပြောကြည့်တဲ့အခါမှာ ဘိန်းတိုက်ဖျက်ရေးကြောင့် သူတို့ရွာတွေမှာ ရှိတဲ့လူငယ်လူရွယ် (အမျိုးသမီးနှင့် အမျိုးသား) ၇၀% ကျော်ဟာနေရင်းရပ်ရွာတွေမှာ ကျန်နေရစ်ခဲ့တဲ့ မိသားစုတွေကို ကျွေးမွေးထောက်ပံ့ဖို့အတွက် ထိုင်းနိုင်ငံကို ရွှေ့ပြောင်းအလုပ်သမားတွေ အနေနဲ့ ထွက်ခွာသွားခဲ့ကြတယ်လို့ ကြားသိခဲ့ရပါတယ်။ တစ်ခြားသီးနှံပြောင်းစိုက်မယ်ဆိုရင်လည်း ခိုင်မာသေချာတဲ့ ဈေးကွက်တွေမရှိကြသလို အစိုးရဆီကလည်း ဘာအထောက်အပံ့မှမရကြတဲ့အတွက်သူတို့ရဲ့လူငယ်တွေကအလုပ်အကိုင်မယ်မယ်ရရ လုပ်စရာမရှိဘူးဖြစ်နေတယ်။"[၁၃၉]


အစိုးရအလွယ်တကူ လက်လှမ်းမမီနိုင်သည့် အရပ်ဒေသများ၌ နေထိုင်ကြသူများအဖို့ အနည်းငယ်သက်သာရာရသည်မှန်သော်လည်း ယေဘုယျအားဖြင့် ဘိန်းစိုက်တောင်သူအမျိုးသမီးများသည် ၎င်းတို့ပိုင်အခင်းများ ဖျက်ဆီးခံရမည့်အရေးကို အမြဲလိုလို စိုးရိမ်ပူပန်နေကြရသည်။ အမျိုးသမီးတစ်ဦးက –

"ကျမတို့အနေနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးကို အခွန်ပေးရတယ်။ ပြီးတော့သူ့သတင်းရတာနဲ့ အစိုးရရဲ့ဘိန်းခင်းဖျက်သွားမယ့် အစီအစဉ်တွေထဲမှာ ကျမတို့ဒေသပါမပါဆိုတာကို ကြိုတင်အသိပေးပြီး အစိုးရဖက်က ဘယ်အချိန်မှာ ဘယ်ရွာတွေကို ဝင်ဖျက်သွားမယ်ဆိုတဲ့သတင်းအချက်အလက်တွေကိုပြန်ပြီးမျှဝေပေးတယ်။ အဲဒီလိုနေ့မျိုးတွေမှာဆိုရင် ဘိန်းစိုက်တောင်သူတွေအနေနဲ့ ကိုယ့်အခင်းနဲ့ကိုယ့်ကို တွဲမမြင်မိအောင် ကိုယ်ယောင်ဖျောက်ပြီး အခင်းနဲ့ဝေးဝေးရှောင်နေရတာပေါ့။ တစ်ချို့အခင်းတွေ အဖျက်ခံခဲ့ရပြီး တစ်ချို့အခင်းတွေ လွတ်သွားတာမျိုးလည်းရှိပါတယ်။ ကျမတို့အနေနဲ့ ကိုယ့်အခင်းပါသွားမလားဆိုပြီးရင်တထိတ်ထိတ်နဲ့ စိုးရိမ်နေရတာပေါ့" ဟု ပြောဆိုသွားခဲ့သည်။

အကျင့်ပျက်ခြစားမှုနှင့် ခြိမ်းခြောက်လာဘ်တောင်းခံမှုများသည် အမြဲတမ်းလိုလို ဘိန်းတိုက်ဖျက်ရေးနှင့် ဒွန်တွဲပါလာလေ့ရှိသည်။ ဘိန်းစိုက်တောင်သူများသည် လက်နက်ကိုင်အဖွဲ့အစည်းများ၊ အစိုးရဌာနအရာရှိများနှင့် တပ်မတော်အပါအဝင် ဒေသန္တရအာဏာပိုင်ပေါင်းစုံကို တရားမဝင်ဘိန်းခွန်များ ပေးဆောင်နေကြရသည်။ ဘိန်းစိုက်ပျိုးလျက်ရှိသည့် ရပ်ရွာများသို့ ဘိန်းတိုက်ဖျက်ရေးအဖွဲ့များလာရောက်သည့်အခါတိုင်း ရွာခံများအနေဖြင့် အမြဲတမ်းလိုလို ရွာစရိတ်မျှခံ၍ ၎င်းတို့ကို ဧည့်ခံကျွေးမွေးကြရသလို မိမိတို့ပိုင်အခင်းများအားလုံး အဖျက်ဆီးမခံရအောင် ရှောင်လွှဲနိုင်စေရန် ငွေကြေးပမာဏတစ်ခု သတ်မှတ်၍ ညှိနှိုင်းဈေးဆစ်ရလေ့ရှိသည်။

ပဋိပက္ခဒဏ်သင့် နယ်မြေဒေသများ၌ ဘိန်းတိုက်ဖျက်ရေးအပါအဝင် ဖိနှိပ်မှုပြင်းထန်သည့် မူးယစ်ဆေးဝါးမူဝါဒများ ချမှတ်ဖော်ဆောင်ခြင်းသည် နောက်ထပ်ပဋိပက္ခများဆီသို့သာ ဦးတည်သွားစေလျက်ရှိသည်။ ဥပမာအားဖြင့် ကချင်ပြည်နယ် ဆဒုံးဒေသ၌ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့် ဘိန်းစိုက်တောင်သူများပူးပေါင်း၍ ပတ်ဂျဆန်အဖွဲ့များ ဘိန်းခင်းလာရောက်ဖျက်ဆီးမှုကို တွန်းလှန်နိုင်ရန်ကြိုးပမ်းခဲ့ကြသည်။ ကချင်ပြည်နယ် တနိုင်းဒေသ၌ ပတ်ဂျဆန်အဖွဲ့၏ ဘိန်းခင်းလာရောက်ဖျက်ဆီးမှုကို တားဆီးနိုင်ရန်ကြိုးပမ်းခဲ့သည့်ဘိန်းစိုက်တောင်သူတစ်ဦးသတ်ဖြတ်ခံခဲ့ရသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ ပြည်သူ့စစ်တပ်ဖွဲ့၏ ထိန်းချုပ်မှုအောက်ရှိ ဘိန်းခင်းများကို လာရောက်ဖျက်ဆီးသည့် အပစ်အခတ်ရပ်စဲထားခြင်း မရှိသည့် တအောင်းအမျိုး သားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ပန်းဆေးပြည်သူ့စစ်တပ်ဖွဲ့အကြား ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားလာခဲ့သည်။

နောက်ဆုံးအနေဖြင့် တရားမဝင် ဘိန်းစိုက်ပျိုးမှုကိုလျှော့ချမည့် မူဝါဒတစ်ခုအဖြစ် ဘိန်းတိုက်ဖျက်ရေးကို အသုံးချခြင်းသည် မည်မျှထိရောက်မှုရှိသနည်းဟု အလေးအနက်ထားမေးမြန်းရမည့် မေးခွန်းများရှိလာခဲ့သည်။ ၂၀၀၈




ထိုင်းနယ်စပ်တစ်လျှောက်ရှိ ဘိန်းခင်းများကို ဖျက်ဆီးနေကြသည့် UWSA စစ်သားများ

ခုနှစ် ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင်သို့တင်သွင်းခဲ့သည့် UNODC ၏ သုံးသပ်အကဲဖြတ်မှု အစီရင်ခံစာအတွင်း "ဒေသတစ်ခု၌ ထိန်းချုပ်လိုက်သည့် သီးနှံများသည် နောက်ထပ်နယ်မြေသစ်တစ်ခုဆီသို့ ရွှေ့ပြောင်းရောက်ရှိသွားသဖြင့် ရေရှည်၌ သီးနှံများကို လိုက်လံဖျက်ဆီးခြင်းအားဖြင့် တားမြစ်သီးနှံစိုက်ပျိုးမှု လျော့ကျလာစေကြောင်း ပြဆိုနိုင်သည့် အထောက်အထားမရှိသလောက် နည်းပါးလျက်ရှိသည်" ဟု နိဂုံးချုပ် သုံးသပ်တင်ပြထားသည်။[၁၄၀]

မိုင်းပျဉ်းမြို့နယ်ရှိ လားဟူ ဘိန်းစိုက်တောင်သူ အမျိုးသမီးတစ်ဦးက

"ကျမတို့ ဘိန်းစိုက်တဲ့နေရာတွေက ရွာကနေဆိုရင် တော်တော်လေး ဝေးပါတယ်။ မနက်စာချက်ပြုတ်ပြင်ဆင်စားသောက်ပြီး အိမ်ကနေထွက်လာမယ်ဆိုရင် ဘိန်းခင်းဆီကို ရောက်တဲ့အချိန်က မွန်းလွဲပိုင်း ၃ နာရီလောက်ရှိပါပြီ။ ရွာနဲ့နီးနီးနားနား စိုက်ပျိုးထားခဲ့မယ်ဆိုရင် အစိုးရဖက်က ချက်ခြင်းလာဖျက်ပါလိမ့်မယ်။ ဒါကြောင့် ဘိန်းခင်းထဲမှာ တဲတစ်လုံးထိုးထားပြီး ရုံဖန်ရံခါအခင်းထဲမှာပဲ အိပ်ကြပါတယ်။ ဒီလောက်အဝေးကြီးသွားစိုက်ထားတာတောင်မှ အာဏာပိုင်တွေ မကြာခဏလာဖျက်သွားတာခံရတဲ့အတွက် သတင်းတစ်ခုခုကြားတဲ့အခါ ကျမတို့အချင်းချင်း ကြိုပြီးသတိပေးကြလေ့ရှိတယ်။ ဘိန်းတိုက်ဖျက်ရေးကို လက်နက်ကိုင်စစ်သားတွေ မပါဘဲ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ရဲတွေလောက်ပဲ လိုက်လုပ်နေကြတာပါ။ ဘိန်းလာဖျက်ပြီဆိုရင်တော့ ဘိန်းစိုက်တောင်သူတွေ အနေနဲ့ ပုန်းနေရတော့တာပေါ့" ဟု ပြောဆိုသွားခဲ့သည်။

ဟိုပုံးမြို့ခံ ပအိုဝ်းဘိန်းစိုက်တောင်သူတစ်ဦးက "၂၀၁၀ တုန်းက ဟိုပုံးမြို့နယ်ထဲမှာ ဘိန်းမစိုက်ကြဖို့ PNO က တင်းတင်းကျပ်ကျပ် အမိန့်ထုတ်ခဲ့ပြီး ဘိန်းခင်းတွေကိုလိုက်ဖျက်ခဲ့ကြတယ်။ ကျနော့အခင်းတစ်ခုလုံးရ စရာမရှိအောင် အဖျက်ခံလိုက်ရပါတယ်။ ဒါကြောင့် ကျနော်အကြွေးတွေ တင်သွားခဲ့ပြီး ရွာထဲမှာလည်း ပိုက်ဆံရှာနိုင်တဲ့ အခွင့်အလမ်းတွေ ရှိမနေတဲ့အတွက် အလုပ်ရှာဖို့ ထိုင်းနိုင်ငံကို ထွက်လာခဲ့လိုက်တယ်။ ကျနော့ကို ထိုင်းနိုင်ငံရောက်အောင် ခေါ်သွားပေးမယ့် လူကုန်ကူးအဖွဲ့ကို ပေးခဲ့ရတဲ့ ပိုက်ဆံရဖို့အတွက် ကျနော်ပိုင်တဲ့ ကျွဲနှစ်ကောင်ကို ရောင်းလိုက်ရပါတယ်။ ထိုင်းကိုရောက်တော့ ကျနော်ထင်ထားသလို ဖြစ်မလာခဲ့ဘူး။ ကျနော်တို့က တရားမဝင် ရွှေ့ပြောင်းအလုပ်သမားတွေဖြစ်နေတဲ့အတွက်ရတဲ့အလုပ်ကမကောင်းသလို ပေးတဲ့ပိုက်ဆံကလည်း အရမ်းနည်းပါတယ်။ တစ်ချို့အလုပ်ရှင်တွေဆိုရင် လုပ်အားခတောင်မပေးဘဲခိုင်းစားနေကြတာပါ။ ဒါကြောင့် ခြောက်လလောက်ကြာတော့ ကိုယ့်ရွာကိုပဲ ပြန်လာပြီး ဘိန်းပြန်စိုက်စားဖို့ ကျနော်ဆုံးဖြတ်ခဲ့တယ်" ဟု ၎င်း၏အတွေ့အကြုံကိုပြန်ပြောင်း ပြောဆိုသွားခဲ့သည်။

## ထိုင်းနိုင်ငံတွင်း ဘိန်းတိုက်ဖျက်ရေး

အစိုးရများသည် ပုံမှန်အားဖြင့် နိုင်ငံတကာ၏ ဝေဖန်ကဲ့ရဲ့မှုများကို တုန့်ပြန်သည့်အနေဖြင့် ဘိန်းစိုက်ပျိုးမှုကို ရာဇဝတ်ကြောင်းအရ အရေးယူပြစ်ဒဏ်ပေး၍ တရားမဝင်စိုက်ပျိုးမှု လျော့နည်းပပျောက်သွားသည်အထိ ကြိုးပမ်းတိုက်ဖျက်သွားမည်ဟု ကတိကဝတ်ပြုလေ့ရှိသည်။ အခြားရွေးချယ်စရာ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများ ဖန်တီးပေးခြင်းထက် တားမြစ်သီးနှံစိုက်ပျိုးမှု တိုက်ဖျက်ရေးကိုဦးစားပေးသည့် ကမ္ဘာတစ်ဝှမ်းရှိသွင်းအားစုလျှော့ချရေး ကြိုးပမ်းအားထုတ်မှုများသည် သိန်းနှင့်ချီသည့် တောင်သူများ၏ဘဝဂုဏ်သိက္ခာကို လုယူဖျက်ဆီး၍ပိုမိုဆင်းရဲတွင်းနက်လာစေရန် ဒုက္ခပေးလျက်ရှိသည်။

သို့သော်လည်း ထိုင်းနိုင်ငံ၌ ၁၉၈၀ ပြည့်လွန်နှစ်များနှင့် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ထိုင်းတော်ဝင်ဘုရင် ဘူမိဘောအဒူလျာဒက်၏ အားပေးခေါင်းဆောင်မှုအောက်၌ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ အင်တိုက်အားတိုက်ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ အစိုးရသည် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးကို အမျိုးသားရေးဦးစားပေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်အကောင်အထည်ဖော်လာခဲ့သည်။ ဘုရင်ကိုယ်တိုင် တောင်တန်းဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံသုံး၍ အားပေးကူညီသွားခဲ့သည်။ ယင်းတို့အနက် ဩဇာသက်ရောက်မှု အရှိဆုံးတစ်ခုမှာ ခိုင်မာသေချာသည့် အခြားရွေးချယ်စရာများ နေရာတကျမရှိမီဘိန်းပင်များကို ဖျက်ဆီးပေးခြင်းမပြုရန် မှာကြားခဲ့သည့်လမ်းညွှန်ချက်ဖြစ်သည်။ ဘုရင့်အနေဖြင့် တောင်တန်းနေလူထုလူတန်းစားများ၏ တစ်ခုတည်းသော ဝင်ငွေရင်းမြစ်ကိုအမြစ်မှလှန်၍ ဖယ်ရှားလိုက်ခြင်းသည် ဝင်ငွေအတွက် မျိုးဆက်ပေါင်းများစွာ ဘိန်းအပေါ် မှီခိုရှင်သန်လာခဲ့ကြသူ

များကို အကြီးအကျယ် ဒုက္ခရောက်သွားစေနိုင်ကြောင်း ကောင်းစွာနားလည်သဘောပေါက်ခဲ့သည်။

ဤလမ်းညွှန်သဘောတရားနှင့်အတူတောင်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအများစုသည် လူထုလူတန်းစားများအား ဘိန်းစိုက်ပျိုးရာမှရရှိသည့် ဝင်ငွေအပေါ် မှီခိုအားထားစရာမလိုဘဲ ဂုဏ်သိက္ခာပြည့်ဝစွာ ရှင်သန်နေထိုင်နိုင်သည်အထိ ထောက်ပံ့ကူညီသွားရန် ရည်ရွယ်ထားသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ခဲ့ကြသည်။ ဘိန်းစိုက်ပျိုးရေးအပေါ် အကြီးအကျယ်မှီခိုအားထားနေရသည့် အခြေအနေမှ အထူးသဖြင့်ဘိန်းသည် ၎င်းတို့၏ လူမှုရေးနှင့် ယဉ်ကျေးမှုဘဝ အစိတ်အပိုင်းတစ်ခုလိုဖြစ်နေသည့် တိုင်းရင်းသားများအကြား အခြားရွေးချယ်စရာဝင်ငွေရင်းမြစ်များဖြင့် မိမိခြေထောက်ပေါ် မိမိရပ်တည်လာနိုင်သည်အထိအပြောင်းအလဲပြုလုပ်ရသည့်လုပ်ငန်းစဉ်သည် အချိန်ယူ၍ ခက်ခက်ခဲခဲဖော်ဆောင်ရသည့် အလုပ်တစ်ခုဖြစ်သည်။ ဤအချက် မှန်ကန်ကြောင်းကို TNI နှင့် MOFF တို့ ပူးပေါင်းစီစဉ်၍ ချိန်းမိုင်ခရိုင် အွမ်ကွိုင်ဒေသကို သွားရောက်ခဲ့သည့် လေ့လာရေးခရီးစဉ်၌ လားဟူအမျိုးသမီးတစ်ဦးက အောက်ပါအတိုင်း အတည်ပြုပြောဆိုသွားခဲ့သည်။

> "ထိုင်းဥပဒေအရ တရားမဝင်တဲ့အတွက် ထိုင်းစစ်တပ်နဲ့အစိုးရအရာရှိတွေ ကျမတို့ရွာကိုလာပြီး ဘိန်းဆက်မစိုက်ကြဖို့ စည်းရုံးပြောဆိုခဲ့ကြတယ်။ အစိုးရက ကျမတို့ကို ကော်ဖီ၊ လက်ဖက်နဲ့ ဂျင်းစိုက်ပျိုးဖို့ အကူအညီပေးခဲ့သလို သီးထွက်ရလာတဲ့အခါ သွားရောင်းလို့ရတဲ့ဈေးကွက်နဲ့လည်း ချိတ်ဆက်ပေးခဲ့ကြပါတယ်။ ထိုင်းစစ်တပ်အရာရှိတွေက ကျမတို့သာ ဘိန်းဆက်မစိုက်တော့ဘူးဆိုရင် ရွာမှာဆေးခန်းတစ်ခု ဆောက်ပေးပြီးတော့ ရွာကိုလာတဲ့လမ်းကိုလည်း ပိုကောင်းအောင်ပြင်ပေးမယ်လို့ပြောခဲ့တယ်။ ဒါပေမယ့် ကျမတို့အနေနဲ့ ဆက်ပြီးဘိန်းစိုက်နေဦးမှာလို့ပြန်ဖြေခဲ့တယ်။ ဘိန်းက ကျမတို့ရဲ့ ယဉ်ကျေးမှု၊ ရိုးရာဓလေ့နဲ့ ယုံကြည်ကိုးကွယ်မှုရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်နေတဲ့အတွက် လားဟူတွေဟာ ဘိန်းမရှိဘဲ အသက်ဆက်မရှင်နိုင်ပါဘူး။"

မြန်မာနိုင်ငံအတွင်းဖော်ဆောင်လျက်ရှိသည့်အတင်းအကျပ်ဘိန်းတိုက်ဖျက်ရေး လုပ်ငန်းများသည် ရွာသူရွာသားများအား ဘိန်းဆက်မစိုက်ကြရန် အချိန်ယူစည်းရုံးရေးဆင်း၍ ရွာ၌လာရောက်နေထိုင်သည့် ကာလတစ်လျှောက်ရွာသူရွာသားများနှင့် အတူတကွဝိုင်းဖွဲ့ စားသောက်မည့်အစားအသောက်များကိုပါ ယူဆောင်လာခဲ့သည့် ထိုင်းနိုင်ငံ၏တားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့်စာလျှင်အလွန်ပြင်းထန်လျက်ရှိသည်။ ဤအချက်ကို ထိုင်းနိုင်ငံလေ့လာရေးခရီးစဉ်၌ ပါဝင်ခဲ့သည့် MOFF အဖွဲ့ဝင် ပအိုဝ်းဘိန်းစိုက်တောင်သူတစ်ဦးက အောက်ပါအတိုင်း သုံးသပ်ပြောဆိုသွားခဲ့သည်။

> "ထိုင်းစစ်သားနဲ့ ရဲတွေ သူတို့နိုင်ငံက ရွာသူရွာသားတွေကို ပြောဆိုဆက်ဆံတဲ့ပုံစံကို ကြည့်ပြီး ကျနော်တကယ်ပဲ မျက်ရည်ကျလုမတတ် ခံစားခဲ့ရပါတယ်။ သူတို့ရဲ့ နိုင်ငံသားတွေကို ကိုယ့်ရဲ့ဆွေမျိုးသားချင်းတွေလိုပဲ သဘောထားဆက်ဆံကြတာ မြင်ခဲ့ရပါတယ်။ ရွာသားတွေကို ခြိမ်းခြောက်တာတွေ မလုပ်တဲ့အပြင်ကိုယ်စားဖို့ ကိုယ်တိုင်ယူလာပြီး ရွာသားတွေကိုပါ ကျွေးမွေးခဲ့ကြတယ်။ ကျနော်တို့ရဲ့ ဘိန်းခင်းတွေကိုဖျက်ဆီးဖို့ ရွာကိုရောက်လာကြတဲ့ မြန်မာရဲတွေနဲ့တော့တကယ့်ကိုတစ်ခြားစီပါပဲ။ သူတို့နေတဲ့မြို့နယ်ရဲစခန်းကနေ ရွာအထိ ဖိုးဝီးကားအကောင်းစားငှားပြီး သွားကြိုလာရသလို ရွာကိုရောက်တော့လည်း အစားအသောက်ကောင်းတွေ ဘီယာတွေနဲ့ ကျွေးမွေးပြုစုကြရပြန်တယ်။ ပြီးတော့ ကျနော်တို့ကို ခြိမ်းခြောက်ပြီး ပိုက်ဆံဘယ်လောက်ဘယ်မျှ ပေးရမယ်ဆိုပြီးတောင်းတယ်။ ကျနော်တို့သာ မပေးခဲ့ဘူးဆိုရင် တစ်ရွာလုံးမှာရှိတဲ့ ဘိန်းခင်းမှန်သမျှကို ဖျက်ဆီးသွားကြပါလိမ့်မယ်။"

ထိုင်းနိုင်ငံသည် အခြားရွေးချယ်စရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဘိန်းစိုက်တောင်သူများ လက်လှမ်းမီနိုင်ခြင်းမရှိဘဲ ၎င်းတို့၏ဘိန်းခင်းများကို လိုက်လံဖျက်ဆီးမှုမပြုရဟု ပြဋ္ဌာန်းထားသည့် ဖွံ့ဖြိုးရေးသည်သာလျှင်ပထမဟူသည့် ချဉ်းကပ်မှုပုံစံကို အားပေးမြှင့်တင်၍ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် လျက်ရှိသည်။[၁၄၁]

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မူးယစ်ဆေးဝါးရေးရာမူဝါဒများ

မြန်မာနိုင်ငံ၌ယေဘုယျအားဖြင့်ဒီမိုကရေစီအခြေခံမူများအပေါ် သန္ဓေတည်မည့် ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ဖွဲ့စည်းတည်ထောင်သွားရန် ကြိုးပမ်းလျက်ရှိသည့်

EAOs ပေါင်း ၂၀ ကျော်မျှရှိနေသည်။ ၎င်းတို့အနက် အချို့သောအဖွဲ့အစည်းများသည် ဗဟိုအစိုးရကို ရာစုနှစ်ထက်ဝက်ကျော် လက်နက်ကိုင်တော်လှန်လာခဲ့ ကြသူများဖြစ်သည်။ သို့သော်လည်း အဆိုပါရည်မှန်းချက်ပန်းတိုင်များ ပြည့်မှီလာစေရန် ရွေးချယ်လျှောက် လှမ်းခဲ့ကြသည့် မဟာဗျူဟာများ ကွာခြားသွားခဲ့သည်။ ထို့အပြင် အများအားဖြင့် ၎င်းတို့ထိန်းချုပ်ရာ သက်ဆိုင်ရာနယ်မြေဒေသ၏ မြေပြင်ပကတိအရှိတရားများအပေါ် အခြေခံပြင်ဆင်ထားသည့် မူးယစ်ဆေးဝါးရေး ရာမူဝါဒများသည်လည်း အမျိုးမျိုးကွဲပြားလျက်ရှိသည်။

ခြုံ၍ပြောရမည်ဆိုပါက ထိုကဲ့သို့သော မတူကွဲပြားသည့် ခြားနားမှုများရှိနေလင့်ကစား မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ပတ်သက်လာသည့်အခါ အဆိုပါ EAO များ၏ မူဝါဒများနှင့် အလေ့အထများသည် အစိုးရ၏ ချဉ်းကပ်မှုပုံစံနှင့် အံ့သြဖွယ်ရာကောင်းလောက်အောင် ဆင်တူလျက်ရှိကြကြောင်း လေ့လာတွေ့ရှိရသည်။ မူဝါဒများနှင့် ဥပဒေပြဋ္ဌာန်းချက်များသည် ဒဏ်ခတ်အရေးယူမှုနှင့် ဖိနှိပ်ချုပ်ချယ်မှုအပေါ် အခြေခံထားသည့် လုံးဝသည်းညည်းမခံရေး ချဉ်းကပ်မှုပုံစံဖြစ်နေပြီး မူးယစ်ဆေးဝါးသုံးစွဲသူများ၊ ဘိန်းစိုက်တောင်သူများနှင့် ထိခိုက်နစ်နာရသည့် လူထုလူတန်းစားများအတွက် ကူညီထောက်ပံ့မှုမရှိသလောက် နည်းပါးလျက်ရှိသည်။ အခြားတစ်ဖက်၌လည်း တရားဝင်မူဝါဒများနှင့် အလေ့အထများအကြား သိသိသာသာကွာခြားမှုများရှိနေကြပြီး ရှေ့နောက်ကိုက်ညီမှုမရှိသည့်ပုံစံ သို့မဟုတ် လိုရာဆွဲပုံစံမျိုးဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ဤကဲ့သို့သော “သဘောတရားနှင့် လက်တွေ့အကြား” ကွာဟမှုများသည် နိုင်ငံတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ကုန်ကူးမှုနှင့် သုံးစွဲမှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိစေရန် တားဆီးထားသည့် အဓိကအကျဆုံး အခက်အခဲတစ်ခုဖြစ်နေသည်ဟု အများအားဖြင့် ရှုမြင်ကြလေ့ရှိသည်။ မည်သို့ဆိုစေ ၎င်းတို့၏ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ စည်းကြပ်ဖော်ဆောင်မှု အားနည်းနေခြင်းကြောင့်ဖြစ်သည်ဟု ရှုမြင်သုံးသပ်ခြင်းထက် ပြစ်ဒဏ်ပေးအရေးယူမှုနှင့် ဖိနှိပ်ချုပ်ချယ်မှုများသည် မူးယစ်ဆေးဝါးကုန်ကူးမှု၊ ဘိန်းစိုက်ပျိုးမှုနှင့် ပြဿနာရှိသည့် မူးယစ်ဆေးဝါး အလွဲသုံးစားမှုတို့၏ ဇစ်မြစ်အကြောင်းတရားများကို မျက်ကွယ်ပြုလျက်ရှိပြီး လူထုလူတန်းစားများကြုံတွေ့နေရသည့် ပြဿနာများကို အမှန်တကယ်ပြေလည်သွားစေနိုင်သည့် ဖြေရှင်းရေးနည်းလမ်းများ မဟုတ်ခဲ့ကြသဖြင့် စကတည်းက ကျရှုံးမည့်အကြောင်းရင်း ရှိနှင့်နေပြီး




KIO ဌာနချုပ်ရုံးစိုက်ရာ လိုင်ဇာမြို့၌တွေ့ရသည့် ပတ်ဂျဆန်၏ မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်းဘုတ်

ဖြစ်သည့်အချက်ကို ဖုံးကွယ်ထားသောကြောင့်သာ ဝေဖန်နေကြခြင်းဖြစ်သည်။

အခြားတစ်ဖက်ခြမ်း၌ ကချင်လွတ်လပ်ရေး အဖွဲ့အစည်းနှင့် တအောင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်ကဲ့သို့သော EAOs များသည် ၎င်းတို့၏ ထိန်းချုပ်နယ်မြေများ၌ အလွန်တင်းကျပ်ပြင်းထန်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းတိုက်ဖျက်ရေးလုပ်ငန်းများ၌ ဘိန်းခင်းများကို လိုက်လံဖျက်ဆီးခြင်းသာမက မူးယစ်ဆေးဝါး ကုန်ကူးသူများကို လိုက်လံဖမ်းဆီးခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများကို အတင်းအကျပ် "ဆေးဖြတ်ပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း" တို့ ပါဝင်လျက်ရှိသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းနေ နယ်ခံလူထုလူတန်းစားများသည် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၏ အခိုင်အမာထောက်ခံအားပေးမှုနှင့်အတူ ပတ်ဂျဆန် လူထုလှုပ်ရှားမှုကိုစတင်ဖော်ဆောင်လာရာ၌KIOသည်လည်းနောက်ကွယ်မှ အခိုင်အမာထောက်ပံ့ကူညီ၍ ကျားကန်ပေးထားသည်ဟု သုံးသပ်ယူဆရပါသည်။ ၂၀၁၄ ခုနှစ်တွင် စတင်ခဲ့သည့် ဤလှုပ်ရှားမှုသည် အလျင်အမြန်ပင် အရှိန်အဟုန်ရလာခဲ့ပြီး နောက်ပိုင်း၌ ကချင်ပြည်နယ်အထိ ကျယ်ပြန့်လာခဲ့သည်။

ကွတ်ခိုင်မြို့ခံ သတင်းပေးတစ်ဦးက

> "၂၀၁၄ ခုနှစ်အထိ KIO က ရှမ်းပြည်နယ်မြောက်ပိုင်းကဘိန်းစိုက်ပျိုးမှုကို မသိချင်ယောင်ဆောင်ပြီး အခွန်တွေဆက်ကောက်နေခဲ့တယ်။ ဒါက ကွတ်ခိုင်မြို့နယ် အထူးသဖြင့်တော့ KIO နဲ့ ကောင်းခါးပြည်သူ့စစ်တပ်ဖွဲ့တွေ နှစ်ဖက်စလုံးအဝင်အထွက်ရှိတဲ့ ကြားခံထိန်းချုပ်နယ်မြေထဲမှာ ဖြစ်ပျက်သွားခဲ့တာပါ။ ဒါက KIO တစ်ခုလုံးဆိုတာထက် နယ်မြေခံ KIO တပ်ရင်းတပ်ဖွဲ့တွေရဲ့ မူဝါဒဖြစ်နိုင်ပါတယ်။ သူတို့အနေနဲ့ တောင်သူတွေအတွက် တစ်ခြားဝင်ငွေရင်းမြစ်တွေ မဖန်တီးပေးနိုင်မှန်းသိလို့လည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ၂၀၁၄ ခုနှစ်နောက်ပိုင်းမှာ ဒီနယ်မြေအတွင်း ဘိန်းလုံးဝမစိုက်ရဆိုပြီး တားမြစ်လိုက်တဲ့အတွက် ဘိန်းစိုက်တာတွေ ရပ်သွားပါတော့တယ်။ အဲဒီအချိန်က ရှမ်းမြောက်ဒေသတစ်ခွင် ပတ်ဂျဆန်လှုပ်ရှားမှုရေချိန်အမြင့်ဆုံးရောက်နေတဲ့ကာလလည်း ဖြစ်နေခဲ့ပါတယ်။ အဲဒီနောက်ပိုင်း နှစ်တွေမှာတော့ သူတို့ရဲ့လှုပ်ရှားမှုတွေတဖြည်းဖြည်း အသံတိတ်သွားခဲ့ပါတော့တယ်"

ဟု ပြောဆိုရှင်းပြသွားခဲ့သည်။

အလားတူ ရှမ်းပြည်နယ်မြောက်ပိုင်း၌ အခြေစိုက်လှုပ်ရှားလျက်ရှိသည့် TNLA သည်လည်း တူညီသည့်မူဝါဒအရွေ့ဖြင့် ပါဝင်လာခဲ့သည်။ TNLA သည် မူးယစ်ဆေးဝါးဆန့်ကျင်ရေး လူထုလှုပ်ရှားမှုရေချိန်အပေါ်လိုက်၍ ၎င်းတို့၏ အခိုင်အမာခြေကုပ်ယူထားသည့် ရှမ်းပြည်နယ်မြောက်ပိုင်း၌ အကြွင်းမဲ့ဘိန်းတိုက်ဖျက်ရေးကို စတင်အကောင်အထည်ဖော်ခဲ့သည်။အဆိုပါကွတ်ခိုင်မြို့ခံ သတင်းရင်းမြစ်ကပင် "မူးယစ်ဆေးဝါးဆိုတာ TNLA အတွက် နံပတ်တစ်ရန်သူဖြစ်ပြီး တပ်မတော်က နံပတ်နှစ်ရန်သူဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ မူးယစ်ဆေးဝါး မှီခိုစွဲလန်းမှုကြောင့် တအောင်းလူထုလူတန်းစားတွေ ဆိုးဆိုးရွားရွားကို ထိခိုက်နစ်နာခဲ့ရတဲ့အတွက် ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးက တအောင်းလူ့အဖွဲ့အစည်းဆီကို အရမ်းဆိုးရွားပြင်းထန်တဲ့ လူမှုရေးပြဿနာတွေနဲ့ စီးပွားရေးအကျပ်အတည်းတွေကို ဆောင်ကျဉ်းလာခဲ့တယ်။ သူတို့ဖက်ကကြည့်ရင် မူးယစ်ဆေးဝါးက အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်ကနေ တအောင်းလူမျိုးတွေ ဖယ်ကြဉ်ခံရပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့ရတဲ့အကြောင်းရင်း ဖြစ်နေတယ်" ဟု သုံးသပ်ပြောဆိုသွားခဲ့သည်။

EAO များနှင့် ဘာသာရေးအခြေပြု အဖွဲ့အစည်းများ၏ ပြင်းထန်တင်းကျပ်လှသည့် ချဉ်းကပ်ဆောင်ရွက်မှုပုံစံများသည် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ၌ ပြောင်းလဲလာခဲ့သည့် မူးယစ်ဆေးဝါးသုံးစွဲမှု ပုံစံများအတွက် တစ်စိတ်တစ်ဒေသအားဖြင့် တာဝန်မကင်း ဟုဆိုနိုင်ပါသည်။ ဤအရွေ့ကြောင့် ယခင်ကဘိန်းမဲကိုသာ အဓိကထား ရှူရှိုက်သုံးစွဲရာမှ ဘိန်းဖြူအကြောထဲထိုးသွင်းခြင်း၊ ရှူရှိုက်ခြင်းနှင့် ATS သုံးစွဲခြင်းဆီသို့ ဦးတည်ပြောင်းလဲသွားစေခဲ့သည်။ မူးယစ်ဆေးဝါးသုံးစွဲသူများသည် ဘိန်းမဲတဖြည်းဖြည်းရှားပါးလာခဲ့ပြီး ပို၍ဈေးပေါသည့် ဘိန်းဖြူနှင့် ATS များ အလျှံပယ်ပေါ်များလာသည့် သွင်းအားစုလမ်းကြောင်းအပြောင်းအလဲကို မီးစင်ကြည့်ကသည့်အနေဖြင့် ဘေးထွက်ဆိုးကျိုးနည်းပါးသည့် အပျော့စား မူးယစ်ဆေးဝါးမှသည် ဘေးထွက်ဆိုးကျိုး ပိုမိုများပြားသည့် အပြင်းစားမူးယစ်ဆေးဝါးများသို့မဟုတ်ပို၍အန္တရာယ်ကြီးသည့်သုံးစွဲမှုနည်းလမ်းများဆီသို့ ပြောင်းလဲရောက်ရှိသွားခဲ့သည်။ နောက်ပိုင်းကချင်ပြည်နယ်၌ အထူးသဖြင့် ပူတာအိုဒေသအပါအဝင် ကချင်နယ်ခြားစောင့်တပ်နှင့် ရဝမ်ပြည်သူ့စစ်တပ်

ဖွဲ့များ၏ ထိန်းချုပ်မှုအောက်ရှိ နယ်မြေဒေသများ၌လည်း အလားတူ မူးယစ်ဆေးဝါးသုံးစွဲမှုပုံစံ အပြောင်းအလဲများ ပေါ်ပေါက်လာခဲ့သည်။

ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီသည် ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသများအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ကုန်ကူးမှုတို့ကို သည်းညည်းခံမှု နည်းပါးသော်လည်း ကျေးလက်နေလူထုလူတန်းစားများ၏အသက်ရှင် ရပ်တည်ရေးအတွက် ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားရမှုကို စာနာနားလည်မှု ရှိကြောင်းပြသလျက် ရှိသည်။ သို့ဖြစ်၍ ၎င်းတို့သည် လက်တွေ့မြေပြင်ဆင်း၍ အတင်းအကျပ် ဘိန်းခင်းများကို လိုက်လံဖျက်ဆီးခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်၍ ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသများအတွင်း ဘိန်းစိုက်ပျိုးမှုကို နားလည်မှုဖြင့်ခွင့်ပြုထားပြီး အခွန်ကောက်ခံလျက်ရှိသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၌ RCSS နှင့် PNO ကဲ့သို့သော EAOs များက ဘိန်းခင်းများကို လိုက်လံဖျက်ဆီးလျက်ရှိသည်။သို့သော်လည်း၎င်းတို့၏တော်လှန်ရေးအတွက်မှီခိုအားထားရလျက်ရှိသည့် ၎င်းတို့ ထိန်းချုပ်ထားသည့် နယ်မြေဒေသများရှိနယ်ခံလူထုလူတန်းစားများ၏အပြင်းအထန်ဆန့်ကျင်ကန့်ကွက်မှုကို ကြုံတွေ့ခဲ့ရသည်။ အခြားရွေးချယ်စရာ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းမရှိသည့်ဤကဲ့သို့သောလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မတတ်သာသည့်အဆုံး အပြန်အလှန်နားလည်မှုဖြင့် မိမိတို့၏ ထိန်းချုပ်နယ်မြေအတွင်းရှိ အသေးစားတစ်ပိုင်တစ်နိုင် တောင်သူများကို ဘိန်းစိုက်ပျိုးရန် ခွင့်ပြုလိုက်ရတော့သည်။ ထို့အပြင် အခြားသီးနှံစိုက်ပျိုးကြသည့်တောင်သူများကို အခွန်ကောက်ခံသကဲ့သို့ပင် ဘိန်းစိုက်တောင်သူများကိုလည်း အခွန်ကောက်ခံခြင်းအားဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေအချို့ ပြန်လည်ရရှိခဲ့ကြသည်။

PNO သည် ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဟိုပုံး၊ ဆီဆိုင်နှင့် ပင်လောင်းကဲ့သို့သော ၎င်းတို့၏ ထိန်းချုပ်မှုအောက်ရှိ နယ်မြေဒေသများရှိ ဘိန်းခင်းများကို လိုက်လံဖျက်ဆီး၍ဘိန်းစိုက်ပျိုးမှုကိုအကြွင်းမဲ့တားမြစ်ပိတ်ပင်နိုင်ရန်ကြိုးပမ်းသွားခဲ့သည်။ ဤကိစ္စရပ်၏ နောက်ခံအကြောင်းရင်းမှာ ၎င်းတို့အနေဖြင့် ၁၉၉၁ ခုနှစ်တွင် မြန်မာ့တပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုခဲ့စဉ်က ၁၅ နှစ်အတွင်း မိမိတို့၏ ထိန်းချုပ်နယ်မြေ၌ ဘိန်းစိုက်ပျိုးမှု ပပျောက်သွားစေရမည်ဟု ထိုအချိန်က စစ်ထောက်ချုပ်ဖြစ်သူ ဗိုလ်ချုပ်ခင်ညွန့်ကို ကတိပေးခဲ့မိသောကြောင့် ဖြစ်သည်။ ထို့အပြင် ‘ဝ’ ဒေသတွင်း ဘိန်းစိုက်ပျိုးမှုတားမြစ်ခဲ့သည့်အချိန်နှင့်လည်း သွားရောက်တိုက်ဆိုင်နေခဲ့သည်။ ၂၀၀၆ ခုနှစ်၌ PNO သည် ၎င်းတို့ကြေညာထားသည့် အတိုင်းဘိန်းကို အရဲစွန့်၍ ဆက်လက်စိုက်ပျိုးနေကြသည့် ဘိန်းစိုက်တောင်သူများကို လိုက်လံဖမ်းဆီး၍ ဒဏ်ရိုက်ခဲ့ကြသည်။ ရလဒ်အနေဖြင့် နောက်ပိုင်းနှစ်များအတွင်း PNO ထိန်းချုပ်နယ်မြေ၌ ဘိန်းစိုက်ပျိုးမှု မရှိသလောက် ပပျောက်သွားခဲ့သည်။အဆိဓာတ်ပါဝင်မှုမြင့်မားသည့်မျိုးရင်းမျိုးစေ့များကို တစ်နှစ်ထက်ပို၍ သိမ်းဆည်းထားမိပါက ပျိုးထွက်နှုန်းအကြီးအကျယ် ကျဆင်းသွားလေ့ရှိသဖြင့် တောင်သူများလက်ဝယ် အရည်အသွေးညံ့မျိုးစေ့များသာ ကျန်ရစ်ခဲ့တော့သည်။

ခက်ခဲကြမ်းတမ်းသည့် အဆိုပါကာလကို ကျော်ဖြတ်နိုင်ရန်အတွက် ဘိန်းစိုက်တောင်သူများသည် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် မီးစင်ကြည့်ကခဲ့ကြရသည်။ အသက်အရွယ်ကြီးရင့်သူများက နီးစပ်ရာ အနီးပတ်ဝန်းကျင်မြို့များ၌ နေ့စားခြံအလုပ်သမားများအဖြစ်သော်လည်းကောင်း ငယ်ရွယ်သူများသည် ထိုင်းနိုင်ငံသို့သော်လည်းကောင်း ရေကြည်ရာမြက်နုရာ ရှာဖွေလုပ်ကိုင်စားသောက်ကြရသဖြင့် မိသားစုအပေါ် ငွေကြေးဝန်ထုပ်ဝန်ပိုး ဖြစ်မှုသက်သာစေရန်နှင့် ပညာရည်နို့ ဆက်လက်သောက်စို့နိုင်စေရန် မိမိတို့၏သားသမီးများကိုရန်ကုန်နှင့် မန္တလေးကဲ့သို့သော မြို့ကြီးများရှိ ဘုန်းကြီးကျောင်းများနှင့် မိဘမဲ့ဂေဟာများသို့ စေလွှတ်ခဲ့ကြရသည်။ အများဂရုပြုမိမှု နည်းပါးသည့် အရွေ့တစ်ခုမှာ ဘိန်းစိုက်တောင်သူ အရေအတွက် အများအပြားသည် လွိုင်လင်နှင့် ပင်လုံ (ဆနင်း) မြို့နယ်တစ်လွှားရှိဘိန်းခင်းများ၌ နေ့စားအလုပ်သမားများအဖြစ် ရောက်ရှိသွားခဲ့ကြပြီး ဘိန်းမျိုးရင်းမျိုးစေ့များကို ပြန်လည်သယ်ဆောင်လာခဲ့ကြသဖြင့် ၂၀၀၈ ခုနှစ်အရောက်တွင် PNO ထိန်းချုပ်နယ်မြေအတွင်း တစ်ကျော့ပြန်ဘိန်းပန်းများ ပြန်လည်ပွင့်လန်းလာခဲ့တော့သည်။

ဆီဆိုင်မြို့နယ် လွိုင်ပွတ်ကျေးရွာနေ ပအိုဝ်းတောင်သူအမျိုးသားတစ်ဦးက

> “၂၀၀၆ ခုနှစ်တုန်းက ကျနော့မိဘတွေက အခမဲ့နေထိုင်စားသောက်ပြီး ပညာသင်ခွင့်ရမယ့် မန္တလေးက ကျောင်းတိုက်တစ်ခုကို ရွာထဲကတစ်ခြား ကလေးအယောက် ၂၀ နဲ့အတူ ကိုရင်လေးအဖြစ် ကျနော့ကို

ပို့လိုက်ပါတယ်။ အဲဒီမှာ ကျနော် ၄ နှစ်ကျော်နေ ခဲ့ရပြီး ကျနော့မိဘတွေ ဘိန်းစိုက်ပြီး ပိုက်ဆံပြန်ရှာလို့ရလာတဲ့ ၂၀၁၀ ခုနှစ်ကျမှာ ကျနော့ကို အိမ်ပြန်ခေါ်ခဲ့ တာပါ” ဟု ပြောဆိုရင်ဖွင့်သွားခဲ့သည်။

တပ်မတော်နှင့် ၂၀၁၁ ခုနှစ်ကတည်းက အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ် ရေးထိုးထားခဲ့သည့် RCSS သည် အစိုးရနှင့် စေ့စပ်ညှိနှိုင်းခဲ့စဉ်က မူးယစ်ဆေးဝါးကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးနိုင်စေရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာလ၌ UNODC အပါအဝင် RCSS နှင့် မူးယစ်ဆေးဝါးအလွဲ သုံးစားမှုတိုက်ဖျက်ရေးဗဟိုကော်မတီ (မြန်မာနိုင်ငံအစိုးရ၏မူးယစ်ဆေးဝါးကိစ္စ ညှိနှိုင်းဆောင်ရွက်ရေး အေဂျင်စီ) တို့အကြား လိုအပ်ချက်များကို ကြိုတင်လေ့လာဆန်းစစ်မှု အပါအဝင် ဘိန်းစိုက်တောင်သူများအတွက် ဘိန်းအစားထိုး ဖွံ့ဖြိုးရေး အထောက်အပံ့များကို ပေးအပ်ထောက်ပံ့သွားရန် သဘောတူညီမှု ရရှိခဲ့ကြသည်။ သို့သော်လည်း ၂၀၁၃ ခုနှစ်၌ RCSS ခေါင်းဆောင်များက အဆိုပါအစီအစဉ်ကို တပ်မတော်ဖက်မှ တားဆီးပိတ်ဆို့မှုများ ပြုလုပ်လာခဲ့သည့် အပေါ် အတော်လေးစိတ်ပျက်ခဲ့ရသည်ဟု ထုတ်ဖော်ပြောဆိုလာခဲ့သည်။

တပ်မတော်အတွက် မူးယစ်ဆေးဝါးထက် လုံခြုံရေးသည်သာလျှင် ပထမဦးစားပေး ဖြစ်နေခဲ့သည်။ ထို့ကြောင့် ဆယ်စုနှစ်ပေါင်းများစွာ သက်ဆိုးရှည်နေခဲ့သည့် မူဝါဒတစ်ခုအတွင်း တပ်မတော်ကွပ်ကဲရေးဖက်မှ လက်နက်ကိုင်အဖွဲ့အများအပြားနှင့် မဟာမိတ်ဖွဲ့၍ မဟာဗျူဟာအရ ၎င်းတို့ကို မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးခွင့်ပြုထားခြင်းဖြစ်သည်။ ဤကဲ့သို့သော မိတ်ဖက်ဆောင်ရွက်မှုသည် နိုင်ငံရေးရေချိန်နှင့် အစိုးရ၏ လိုအပ်မှုအပေါ် မူတည်၍ပြောင်းလဲသွားလေ့ရှိသည်။ ရလဒ်အနေဖြင့် လက်ရှိအချိန်၌ တပ်မတော် ကျောထောက်နောက်ခံပြုထားသည့် ပြည်သူ့စစ်တပ်ဖွဲ့များသည် မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုအတွင်း အဓိကအကျဆုံး လက်နက်ကိုင် အဖွဲ့အစည်းများဖြစ်လာခဲ့သည်။ ၎င်းတို့အများစုသည် ရှမ်းပြည်နယ်တစ်လွှား အခြေစိုက်လှုပ်ရှားနေသည့် အဖွဲ့များဖြစ်ကြသည်။ ဤပြည်သူ့စစ်တပ်ဖွဲ့များ၏အဓိကနိုင်ငံရေး ရည်မှန်းချက်သည် ပိုနေမြဲကျားနေမြဲ အခြေအနေကို ဆက်လက်ထိန်းသိမ်းထားရှိ၍ စီးပွားရေးကိုသာ အာရုံစိုက်ဖော်ဆောင်လိုခြင်း ဖြစ်သည်။

မူးယစ်ဆေးဝါးရေးရာ မူဝါဒချင်းပွတ်တိုက်မှုကြောင့် လက်နက်ကိုင် အဖွဲ့အစည်းများအကြား ရင်ဆိုင်တိုက်ပွဲများကြိုကြားကြိုကြား ဖြစ်ပွားလျက်ရှိသည်။ ရလဒ်အနေဖြင့် KIO နှင့် TNLA တို့သည် ရှမ်းမြောက်ဒေသတစ်လွှား တပ်မတော်နှင့်သာမက ၎င်းတို့ကျောထောက်နောက်ခံပြုထားသည့် ပြည်သူ့စစ်တပ်ဖွဲ့များနှင့်ပါ တိုက်ခိုက်လာရတော့သည်။ ဥပမာအားဖြင့် ၂၀၂၀ ခုနှစ် မတ်လ၌ နမ့်ခမ်းမြို့နယ်အတွင်း ပန်းဆေးပြည်သူ့စစ်တပ် ဖွဲ့ထိန်းချုပ်ထားသည့်ဘိန်းခင်းများကို TNLA မှလိုက်လံဖျက်ဆီးခဲ့သဖြင့် ပန်းဆေးပြည်သူ့စစ်တပ်ဖွဲ့နှင့် တပ်မတော်တို့ပူးပေါင်း၍ TNLA ကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသည်။[၁၄၂] ယနေ့အချိန်ထိ ထိလွယ်ရှလွယ်ရှေ့တန်းနယ် မြေအဖြစ်ဆက်ရှိနေပြီး မသေချာမရေရာမှုများ ဆက်လက်နေရာယူထားဆဲဖြစ်သည်။

## ၂၀၀၅ ခုနှစ် ‘ဝ’ ဒေသ ဘိန်းတိုက်ဖျက်ရေး

ယူနန်ပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ‘ဝ’ ဒေသသည် မတ်စောက်လှသည့် တောင်ကုန်းတောင်တန်းများဖြင့် ပြည့်နှက်နေပြီး တောင်ကြားလွင်ပြင်သို့မဟုတ် မြေပြန့်ဧရိယာနည်းပါးလှသည့် နယ်မြေတစ်ခုဖြစ်သည်။ ကျန်ရှမ်းပြည်နယ်တွင်း နယ်မြေဒေသများထက် စာလျှင် လူနေထူထပ်မှု အတိုင်းအတာတစ်ခုအထိ ပို၍မြင့်မားလျက်ရှိသည်။ နယ်ခံအများစုသည် ကုန်းမြင့်တောင်ယာစပါးစိုက်ပျိုးကြသည့် တစ်ပိုင်တစ်နိုင် တောင်သူများဖြစ်ကြသော်လည်း အနည်းအကျဉ်းခန့်သာ မိသားစုတစ်နှစ်ပတ်လုံးစားသောက်သည့်ပမာဏကိုစိုက်ပျိုးထုတ်လုပ်နိုင်ကြပြီး ခေတ်အဆက်ဆက် အစားအသောက်၊ အဝတ်အထည်နှင့် ဆေးဝါးများဝယ်ယူနိုင်စေသည့် အဓိကဝင်ငွေရသီးနှံအဖြစ် ဘိန်းစိုက်ပျိုးရေးကိုသာ မှီခိုအားထားလာခဲ့ခြင်းဖြစ်သည်။ ဒေသတစ်ခုလုံးကို ၁၉၈၉ ခုနှစ်၌ မြန်မာ့တပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့သည့်မြန်မာနိုင်ငံတွင်းအင်အားအတောင့်တင့်ဆုံး EAO တစ်ခုဖြစ်သည့် UWSA ကထိန်းချုပ်ထားသည်။

UWSA ခေါင်းဆောင်များသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ပတ်သက်သည့် နိုင်ငံတကာ၏ အထူးသဖြင့် တရုတ်၊ ထိုင်းနှင့် အမေရိကန်တို့၏ ဖိအားပေးမှုကို တုန့်ပြန်သည့်အနေဖြင့် ၎င်းတို့၏ ထိန်းချုပ်နယ်မြေအတွင်း ဘိန်းစိုက်ပျိုးမှုကို တားဆီးပိတ်ပင်သွားရန် ဆုံးဖြတ်ခဲ့ကြ

သည်။ အပြန်အလှန်အားဖြင့် ‘ဝ’ ခေါင်းဆောင်များသည် နိုင်ငံရေးအရ အသိအမှတ်ပြုမှုရရှိရန်နှင့် စစ်ပွဲစစ်ဒဏ်ကြောင့် ဖွတ်ဖွတ်ကြေ၍ ဆင်းရဲတွင်းနက်နေသည့် ၎င်းတို့၏ဒေသ ဖွံ့ဖြိုးရေးအတွက် လူသားချင်းစာနာထောက်ထားရေး အကူအညီများနှင့် နိုင်ငံတကာအ ထောက်အပံ့များရရှိလာရန် မျှော်လင့်ခဲ့ကြသည်။

‘ဝ’ ဒေသတွင်း ဘိန်းတိုက်ဖျက်ရေး လုပ်ငန်းများသည်ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင် ကုန်ကူးမှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့ကို ကိုယ်စားပြုသည့် ၂၀၀၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် စတင်အသက်ဝင်လာခဲ့သည်။ မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးမှုပါဝင်သည့် အခမ်းအနားတစ်ခုကို UWSA ဌာနချုပ်တည်ရှိရာ ပန်ခမ်းမြို့၌ စီစဉ်ကျင်းပခဲ့ကြသည်။ UWSP ဥက္ကဋ္ဌကြီးပေါက်ယူချန်းက ‘ဝ’ ဒေသတစ်ခုလုံးကို “ဘိန်းစိုက်ပျိုးမှု ကင်းစင်သည့်ဇုံ” အဖြစ်ကြေညာမောင်းခတ်ခဲ့ပြီး ‘ဝ’ ဒေသ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဥပဒေသစ်တစ်ခုကို တင်းတင်းကျပ်ကျပ် အကောင်အထည်ဖော်သွားမည်ဟု ကတိကဝတ်ပြုခဲ့သည်။ ၎င်းက ဘိန်းတိုက်ဖျက်ရေးအမိန့်ကို နာခံရန်ပျက်ကွက်သူ သို့မဟုတ် ငြင်းဆန်သူ မည်သူ့ကိုမဆို ကြီးလေးပြင်းထန်သည့် ပြစ်ဒဏ်ချမှတ်သွားမည်ဟု သတိပေးပြောဆိုသွားခဲ့သည်။

“ဘိန်းစိုက်ပျိုးရေးဟာ ‘ဝ’ ဒေသနယ်မြေခံလူထုအတွက် အဓိကဝင်ငွေရင်းမြစ်တစ်ခုလို ဖြစ်လာခဲ့တာနှစ်ပေါင်း ၁၂၀ ကျော်လာခဲ့ပါပြီ။ ဒါကပြည်သူတွေရဲ့ ထုတ်လုပ်နိုင်စွမ်းကို ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးစေခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို တားဆီးနေတဲ့ အကြီးမားဆုံးသော အနှောက်အယှက်တစ်ခု ဖြစ်နေခဲ့တာ အတော်ကြာပါပြီ။ ၁၉၈၉ ခုနှစ်မှာ ‘ဝ’ အာဏာပိုင်အဖွဲ့ကို တည်ထောင်ခဲ့ပြီးနောက်ပိုင်း လူထုတွေဟာ မူးယစ်ဆေးဝါးဇစ်မြစ်ကို ဖြတ်တောက်ပြီး ‘ဝ’ ဒေသကြီးကို မူးယစ်ကင်းစင်တဲ့ နယ်မြေတစ်ခုအဖြစ် ပြန်လည်ထူထောင်နိုင်ဖို့အတွက် နိုင်ငံတကာအသိုက်အဝန်းနဲ့ ပေါင်းစည်းဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ကြပါပြီ။ ဘိန်းမစိုက်ရတော့တဲ့ နောက်ပိုင်းမှာ တောင်သူတွေအနေနဲ့ဆက်ပြီးဘယ်လိုအသက်ရှင်ရပ်တည်သွားကြမလဲ။ ဒါကတော့ ဒေသန္တရအာဏာပိုင်တိုင်း ကြုံတွေ့ရင်ဆိုင်ကြရမယ့် အကြီးမားဆုံးသော မေးခွန်းတစ်ခု ဖြစ်ပါတယ်။”[၁၄၃]

ရေရှည်တည်တံ့ခိုင်မြဲသည့် အခြားရွေးချယ်စရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ဦးစွာထူထောင်ပေးခြင်းမရှိဘဲ ရုတ်တရက်ထုတ်ပြန်လိုက်သည့်ဘိန်းတိုက်ဖျက်ရေးအမိန့်သည် မျိုးဆက်ပေါင်းများစွာ ဘိန်းစိုက်ပျိုးရေးအပေါ် မှီခိုအသက်ရှင်လာခဲ့ကြသည့် ဒေသခံဘိန်းစိုက်တောင်သူများကို ဘဝပျက်သွားစေတော့သည်။ ဘိန်းတိုက်ဖျက်ရေးကို လူထုလူတန်းစားများ၏ ရှင်သန်ရေးကိုထောက်မပေးမည့် မြန်မာအစိုးရ၏ ဖွံ့ဖြိုးရေး အကူအညီမပါရှိဘဲ ‘ဝ’ အာဏာပိုင်များ သို့မဟုတ် နိုင်ငံတကာအသိုက်အဝန်း၏မဖြစ်စလောက်သော ဘိန်းအစားထိုး ဖွံ့ဖြိုးရေးအကူအညီ အနည်းအကျဉ်းမျှဖြင့် အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

ရလဒ်အနေဖြင့် ‘ဝ’ တို့၏ ဘိန်းတိုက်ဖျက်ရေးသည်မှားယွင်းသည့် မူဝါဒရေးရာ အရေးယူဆောင်ရွက်မှုအစီအစဉ်တစ်ခုကို ကွက်ကွက်ကွင်းကွင်း မြင်သာစေခဲ့သည့်သာဓကဆိုး တစ်ခုအဖြစ်သာ တွင်ကျန်ရစ်ခဲ့သည်။ အခြားရွေးချယ်စရာ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များကိုဦးစွာတည်ထောင်ပေးပြီးမှ ဘိန်းစိုက်ပျိုးမှုကို တဖြည်းဖြည်းလျှော့ချသွားခြင်းမဟုတ်ဘဲ အခြားမည်သည့် စီးပွားရေးအခွင့်အလမ်းမျှ ရှိမနေခဲ့သည့် အခြေအနေမျိုး၌ ဘိန်းတိုက်ဖျက်ရေးကို ဖော်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ဘိန်းစိုက်တောင်သူများသည် မိမိတို့၏ အိမ်မွေးတိရစ္ဆာန်များကို ရောင်းချခြင်း၊ သစ်ပင်များကို ထင်းအဖြစ်ခုတ်လှဲရောင်းချခြင်း၊ သစ်မဟုတ်သည့် တောထွက်ပစ္စည်းများ စုဆောင်းရောင်းချခြင်း သို့မဟုတ် တရုတ်နိုင်ငံရှိ ရာသီပေါ် အလုပ်အကိုင်များကို ရွှေ့ပြောင်းလုပ်ကိုင်ကြခြင်းဖြင့် အသက်ဆက်ခဲ့ကြရသည်။ မိုင်းပေါက်မြို့ခံ ‘ဝ’ ဘိန်းစိုက်တောင်သူတစ်ဦးက၎င်းတို့မိသားစုကြုံတွေ့ခဲ့ရသည့်ဘိန်းတိုက်ဖျက်ရေး၏ နောက်ဆက်တွဲဆိုးကျိုး သက်ရောက်မှုများကို ဤသို့ပြန် ပြောင်းပြောဆိုသွားခဲ့သည်။

“ဘိန်းမစိုက်ရတော့တဲ့နောက်ပိုင်း ကျနော်တို့မိသားစုရဲ့ ဘဝအရည်အသွေး ရစရာမရှိအောင်ကို ထိခိုက်ပျက်စီးသွားခဲ့တယ်။ မိသားစုရဲ့ အဓိကဝင်ငွေရင်းမြစ်ကြီးကို ဆုံးရှုံးလိုက်ရတဲ့နောက်ပိုင်း အိမ်အသုံးစရိတ်တွေကို တတ်နိုင်သလောက် လျှော့ချခဲ့ရတယ်။ ပုံမှန်အားဖြင့် ဈေးနေ့ (ငါးရက်တစ်ကြိမ် ကျသည့်ဈေးနေ့) ရောက်တိုင်း မြို့ဈေးကိုသွားပြီး အိမ်သုံးပစ္စည်းလေးတွေ သွားဝယ်ကြလေ့ရှိပေမယ့် အခုဆိုရင်တော့ တစ်လကိုတစ်ကြိမ်လောက်ပဲသွားပြီး တကယ်အသက်



ထိုင်းနိုင်ငံရှိ လားဟူတောင်သူများနှင့် ထိုင်းတပ်ဖွဲ့ဝင်များ ဘိန်းခင်းလေးတစ်ခုကို
အတူတကွဖျက်ဆီးနေကြပုံ

ရှင်ရပ်တည်ဖို့ မဖြစ်မနေလိုအပ်တဲ့ ပစ္စည်းတွေ အထူးသဖြင့်တော့ ဆန်၊ ဆားနဲ့ ငရုတ်သီးလို အခြေခံ အစားအသောက်တွေကိုပဲ သွားဝယ်နိုင်တော့တယ်။ အထူးသဖြင့် အခုလိုမျိုး ခိုင်မာတဲ့ဝင်ငွေ မရှိတော့တဲ့ အချိန်မျိုးမှာ စားဆီကို ဖိမ်ခံစားသောက်ကုန်လိုမျိုး သဘောထားလာရတဲ့အတွက် မိန်းမရဲ့ ဈေးဝယ်စာရင်းကနေပါ ဖြုတ်လိုက်ရပါတယ်။ ဒီနေ့ကာလမှာ ကျနော်တို့ရှာလို့ရတဲ့ မဖြစ်စလောက် ဝင်ငွေထဲက အများစုဟာ မိသားစုကိုကျွေးမွေးဖို့ ဆန်ဝယ်တာနဲ့ တင် ကုန်သွားပါပြီ။ ဘုန်းကြီးကျောင်း၊ ရိုးရာဓလေ့ အခမ်းအနားတွေနဲ့ ပွဲလမ်းသဘင်တွေမှာ အလှူအတန်းလုပ်တာတွေအပါအဝင် ကျနော်တို့ရဲ့ အသုံးစရိတ်တွေအားလုံးကို လျှော့ချလိုက်ရပါတယ်။ ပျော်ပွဲရွှင်ပွဲဆိုရင်တော့ ဝေလာဝေးပေါ့ဗျာ။ အရင်တုန်းကဆိုရင် ကျနော်တို့အနေနဲ့ လက်ဆောင်လေးဘာလေးဝယ်ပြီး မိဘဆွေမျိုးတွေဆီ သွားလည်နိုင်ခဲ့ကြပါတယ်။ အိမ်ကို ဧည့်သည်လာတဲ့အခါမှာလည်း ဘီယာအပါအဝင် တရုတ်ကနေ တင်သွင်းလာတဲ့ တန်ဖိုးကြီးအစားအစာတွေနဲ့ သွားရည်စာတွေကိုပါ တည်ခင်းဧည့်ခံပြီး ဧည့်ဝတ်ကျေနိုင်ခဲ့ကြတာပေါ့။ အဲဒီလိုရွှေရောင်နေ့ရက်တွေ ပျောက်ဆုံးသွားတာ ကြာခဲ့ပါပြီလေ။"

UWSA ၏ အကြီးတန်း 'ဝ' ခေါင်းဆောင်များသည် ၎င်းတို့၏ ဆုံးဖြတ်ချက် ပြတ်သားမှုကြောင့် ဒေသတွင်း ဂယက်ရိုက်ခတ်လာခဲ့သည့် လူမှုစီးပွားရေး အကျပ်အတည်းကိုကောင်းစွာ သတိပြုမိခဲ့ကြပုံပေါ်သည်။ UWSP ၏ ဒုတိယဥက္ကဋ္ဌရှောက်မင်လျန်က

"ဘိန်းတိုက်ဖျက်ရေးကို ထောက်ခံတဲ့သူတွေ လက်ညှိုးထောင်ပါလို့ ပြောလိုက်မယ်ဆိုရင် ဘယ်သူမှလက်ညှိုးထောင်လာကြမှာ မဟုတ်ဘူးလို့ ကျိန်းသေပြောရဲပါတယ်။ ကျနော်တို့အနေနဲ့ 'ဝ' ဒေသခံ လူထုတစ်ရပ်လုံးရဲ့ သဘောဆန္ဒကိုဆန့်ကျင်ပြီးချခဲ့တဲ့ ဆုံးဖြတ်ချက်တစ်ခုဖြစ်ပါတယ်။ ကျနော်တို့ဖက်က သူတို့မျိုးဆက်ပေါင်းများစွာ မှီခိုရှင်သန်လာခဲ့ကြတဲ့ ထမင်းအိုးကိုရိုက်ခွဲပေးလိုက်သလို ဖြစ်သွားခဲ့ပါတယ်။ ဘိန်းမစိုက်ရတဲ့ဘဝက အရမ်းကို ခက်ခဲကြမ်းတမ်းမယ်ဆိုတာကို နားလည်သဘောပေါက်ပေမယ့် ဒီလိုခက်ခဲကြမ်းတမ်းတဲ့ကာလကို ကျော်ဖြတ်ပြီး ရှက်လွှင့်နိုင်ဖို့ လူထုကို ကျနော်တို့တတ်နိုင်သမျှ အကောင်းဆုံး ပံ့ပိုးကူညီပေးလျက် ရှိပါတယ်။ ဘယ်လိုပြောပြော ဒီပြဿနာကကျနော်တို့ တစ်ဦးတစ်ဖွဲ့တည်း ကိုင်တွယ်ဖြေရှင်းဖို့မဖြစ်နိုင်လောက်အောင်ကို ကြီးမားကျယ်ပြန့်ပါ

တယ်။ ဘိန်းတိုက်ဖျက်ရေးကြောင့် 'ဝ' ဒေသတွင်း လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်း ကြီးပေါ်ပေါက်လာတာမျိုး မဖြစ်အောင် တားဆီးကာ ကွယ်သွားဖို့ဆိုရင် ကျနော်တို့အနေနဲ့ ဗဟိုအစိုးရဆီ ကရော နိုင်ငံတကာအသိုက်အဝန်း တွေဆီကရော တတ်နိုင်သမျှ အကူအညီတွေ များများရဖို့လိုအပ်နေ ပါတယ်" ဟု ပြောဆိုသွားခဲ့သည်။

'ဝ' ဒေသအတွင်း ရာစုနှစ်တစ်ခုကျော်မျှ တည်တံ့လာခဲ့သည့် ဘိန်းစိုက်ပျိုးရေးကို အဆုံးသတ်မည့် ဘိန်းတိုက်ဖျက်ရေးကို ရုတ်တရက်ဖော်ဆောင်ခဲ့ခြင်းက နယ်ခံလူထုလူတန်းစားများအတွက် ဆိုးရွားပြင်းထန်သည့် အကျိုးသက်ရောက်မှုများကို ဆောင်ကျဉ်းလာခဲ့သည်။ ဘိန်းတိုက်ဖျက်ရေးသည် ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းထောက်ပံ့ပေးသည့် ဝင်ငွေရသီးနှံတစ်ခုအဖြစ် ဘိန်းအပေါ်မှီခိုအားထား လာခဲ့ကြသည့် ဘိန်းစိုက်တောင်သူအသိုက်အဝန်းများအကြား စားနပ်ရိက္ခာဖူလုံမှု ကျဆင်းလာပြီး ဆင်းရဲနွမ်းပါးမှုသံသရာဆိုး သက်ဆိုးရှည်လာစေရန်တွန်းပို့ပေးခဲ့သည်။ ဤ၇ပ်ရွာလူထုများအတွက် ဒေသန္တရနှင့် ဗဟိုအာဏာပိုင်များကသော်လည်းကောင်း နိုင်ငံတကာအသိုက်အဝန်းကသော်လည်းကောင်း အခြားရွေးချယ်စရာဝင်ငွေရင်းမြစ်များ ရရှိလာစေရန် ထောက်ပံ့ပေးခြင်း အလျဉ်းမရှိခဲ့ကြပေ။ ယင်းအစား ၎င်းတို့သည် အထူးသဖြင့်ရာဘာကဲ့သို့သော စီးပွားဖြစ်သီးနှံတစ်မျိုးတည်းစိုက် တရုတ်ရင်းနှီးမြှုပ်နှံမှုများကိုသာ အားပေးမြှင့်တင်ခဲ့ကြသည်။[144] အဆိုပါစီမံကိန်းများသည် မလိုလားအပ်သည့် နောက်ဆက်တွဲအကျိုးရလဒ်ပေါင်းများစွာကိုသာ ဆောင်ကျဉ်းလာခဲ့ပြီး နယ်ခံလူထုလူတန်းစားများကို လောက်လောက်လားလား အကျိုးပြုနိုင်ခြင်း မရှိခဲ့ကြပေ။ 'ဝ' ဒေသခံ ဘိန်းစိုက်တောင်သူဟောင်းများသည် အခြားရွေးချယ်စရာ ဝင်ငွေရင်းမြစ်တစ်ခုအဖြစ် ကျပန်းအလုပ်အကိုင် နှင့် တောထွက်ပစ္စည်းစုဆောင်းရောင်းချမှုကိုသာ မှီခိုရှင်သန်ခဲ့ကြသည်။[145]

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အတွင်းရှိ မက်မန်းဆိုင်မြို့နယ်နေ 'ဝ' အမျိုးသားတစ်ဦးက

"ဘိန်းတိုက်ဖျက်ရေးစတင်ခဲ့ပြီး ပထမနှစ်အတွင်းမှာ ဘာဝင်ငွေမှလည်းမရှိ ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်းမသိနဲ့ အတော်လည်းဒုက္ခ ရောက်ခဲ့ကြရပါတယ်။ ဆက်ပြီးအသက်ဆက်နိုင်ဖို့တစ်ယောက်နဲ့တစ်ယောက် ပဲအပြန်အလှန် အားကိုးအားထား ပြုခဲ့ကြပါတယ်။ အခုတော့ ရာဘာစိုက်ခင်းတွေမှာ အလုပ်လိုက်လုပ်ပြီးပိုက်ဆံနည်းနည်း ပြန်ရှာလာနိုင်ပါပြီ။ ကျနော်တို့ကိုယ်တိုင်လည်း စိုက်ပျိုးမြေအချို့ ဖော်ထုတ်နိုင်ခဲ့ကြပြီး အဲဒီအတွက် ကုလသမဂ္ဂရဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အောက်က အစားအစာနဲ့ လုပ်အားလဲလှယ်ရတဲ့ အစီအစဉ်ကနေ ဆန်အထောက်အပံ့အချို့ကိုလည်း လက်ခံရရှိနေပါပြီ" ဟု မျှဝေသွားခဲ့သည်။[146]

နောင်ခစ်မြို့နယ်မှ နောက်ထပ် 'ဝ' တောင်သူတစ်ဦးက

"တောထဲက သစ်ဥသစ်မြစ်တွေ လိုက်တူးရောင်းတာကကျနော်တို့ရဲ့ တစ်ခုတည်းသော ဝင်ငွေပါ။ လိုက်တူးပြီးရလာတဲ့ သစ်ဥတစ်မြစ်တွေကို အခြောက်ခံပြီးတဲ့နောက် ၂ ကီလိုဂရမ်ကို ၅ ယွမ် (၁ ဒေါ်လာအောက်) နဲ့ပြန်ရောင်းလို့ ရပါတယ်။ ဒီလောက်ပမာဏရဖို့ ကျနော်တို့ လေးရက်လောက် အချိန်ပေးခဲ့ရပါတယ်။ ဒီနည်းတစ်ခုတည်းနဲ့ပဲ ဝင်ငွေရှာနိုင်ခဲ့ကြတာပါ။ နေ့စားအလုပ်တွေက အရမ်းရှားရခက်ပါတယ်။ အလုပ်ရှိရင်တော့ တစ်ရက်ကို ၂၀ ယွမ် (အမေရိကန်ဒေါ်လာ ၃.၅ အောက်) လောက်ရတယ်ဆိုပေမယ့် အလုပ်ရတာအရမ်းရှားပါတယ်။ ဒါကြောင့် အများစုက သစ်ဥသစ်မြစ်တွေကိုပဲ လိုက်ရှာရောင်းခဲ့ကြတာပါ။ ကျနော်တို့ မှာရှိတာနဲ့ ဖြစ်သလိုပဲ စခန်းသွားခဲ့ကြရတာပါ။ ကျနော်တို့စားတဲ့ ပင်တိုင်ဟင်းကတော့ မျှစ်ဖြစ်ခဲ့ပြီး အသားစားရတာအရမ်းရှားပါတယ်။အဲဒီအချိန်တုန်းကတော်တော်လေးကို ဒုက္ခရောက်ခဲ့ကြတာပါ။ ဘိန်းတိုက်ဖျက်ရေးမစခင်တုန်းကဆိုရင်တော့ ဘိန်းခင်းတွေမှာ အလုပ်လိုက်လုပ်ပြီး ပိုက်ဆံကောင်းကောင်း ရှာနိုင်ခဲ့ကြတာပေါ့ဗျာ။ အခုတော့ ဒီသစ်ဥတစ်မြစ်တွေက နေမဖြစ်စလောက် ဝင်ငွေလေးပဲ ရှာနိုင်တော့တယ်။ တောထွက်စာတွေကိုပဲ ရှာဖွေစားသောက်ခဲ့ကြရပါတယ်။ ငရုတ်သီးမစားဘဲ နေလို့ရပေမယ့် ဆားကိုကျတော့မဖြစ်မနေ ရှာရတာပေါ့ဗျာ" ဟု ပြန်ပြောင်းပြောဆိုသွားခဲ့သည်။[147]

## ဘိန်းအစားထိုး ဖွံ့ဖြိုးရေး အယူအဆသစ်တစ်ခု လိုအပ်လာခြင်း

မြန်မာနိုင်ငံ၏ တရားမဝင်ဘိန်းစိုက်ပျိုးမှုကို ကိုင်တွယ်ဖြေရှင်းရာ၌ အဓိကဦးစားပေးအရွေ့တစ်ခုအဖြစ် AD အထောက်အပံ့များပေးအပ်ရန် လိုအပ်လျက်ရှိကြောင်းတိုး၍အသိအမှတ်ပြု လာကြပြီဖြစ်သည်။ လတ်တလောနှစ်များအတွင်း UNODC ၏ ထောက်ပံ့ကူညီမှုဖြင့် အထူးသဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၌ စီမံကိန်းအနည်းအကျဉ်းမျှစတင်ဖော်ဆောင်လာခဲ့ပြီဖြစ်သည်။ အချို့သော ဘိန်းစိုက်တောင်သူများနှင့် ရပ်ရွာအသိုက်အဝန်းများအတွက်ဤစီမံကိန်းများကဆောင်ကျဉ်းလာခဲ့သည့်ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များအပေါ် ကြိုဆိုလက်ခံကြောင်း ဟိုပုံးမြို့နယ် လုံပဲကျေးရွာနေ ပအိုဝ်းအမျိုးသမီးတစ်ဦးက အောက်ပါအတိုင်းမီးမောင်းထိုး ပြောဆိုသွားခဲ့သည်။

> "UNODC ရဲ့ ထောက်ပံ့ကူညီမှုနဲ့ ကျမကော်ဖီတစ်ကေခွဲလောက် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ သူတို့ဆီက ကော်ဖီမျိုးစေ့တွေ၊ စိုက်ပျိုးရေးကိရိယာအချို့၊ ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာတွေကို အခမဲ့လက်ခံရရှိခဲ့ပါတယ်။ UNODC ကလာတဲ့ ကျွမ်းကျင်ပညာရှင်ကကျမတို့ကို ကော်ဖီဘယ်လိုပျိုးရမလဲ ဘယ်လိုရွှေ့စိုက်ရမလဲ မြေဩဇာကို ဘယ်အချိန်မှာ ဘယ်လိုကျွေးရမလဲဆိုတာတွေနဲ့ ကော်ဖီပင်ထိန်းသိမ်းပြုစုနည်းသင်တန်းတွေ လာပေးခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ပထမဆုံးကော်ဖီသီးထွက်စရခဲ့ပြီမို့ အခုဆိုရင် မိသားစုအတွက် အပိုဝင်ငွေအနည်းအကျဉ်း ရလာခဲ့ပြီဆိုပေမယ့် ဘိန်းကရတဲ့ ဝင်ငွေထက်စာရင်တော့ အတော်လေးနည်းပါတယ်။"

ယင်းမြို့နယ်၌ပင် ရှိနေသည့် ဘန်ကောန်းရွာနေ တောင်သူတစ်ဦးကလည်း အလားတူပင်ပြောဆိုသွားခဲ့ပြီး စီမံကိန်းအတွင်း ပါဝင်ခွင့်ရခဲ့ပြီး ဤကဲ့သို့သော အထောက်အပံ့များရရှိခဲ့သည့်အပေါ် စိတ်ရင်းဖြင့် ကျေးဇူးတင်ကြောင်း ပြောဆိုသွားခဲ့သည်။

> "ကျနော့်အနေနဲ့ Green Gold ကော်ဖီတောင်သူများ သမဝါယမအဖွဲ့မှာပါဝင်ပြီး ပြင်သစ်နိုင်ငံကို အရည်အသွေးမြင့်ကော်ဖီတွေ တင်ပို့ရောင်းချနိုင်ခဲ့တဲ့အတွက် အရမ်းဝမ်းသာ ဂုဏ်ယူမိပါတယ်။ Green Gold ဖက်က Malongo (ပြင်သစ်ကော်ဖီအခြောက်ခံလုပ်ငန်း) နဲ့ သဘောတူစာချုပ်ချုပ်ခဲ့ပြီး သတ်မှတ်ဈေးနှုန်းတစ်ခုနဲ့ ကျနော်တို့ဆီက ကော်ဖီတွေကို ငါးနှစ်တိတိဝယ်ယူသွားဖို့ ကတိပြုထားပါတယ်။"

မည်သို့ဆိုစေကာမူ "အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေး" ဟူသည့် ထီးရိပ်အောက်၌ ပုံစံမျိုးစုံဖြင့် ဖော်ဆောင်လျက်ရှိသည့် အလေ့အထအမျိုးမျိုးကို နှိုက်နှိုက်ချွတ်ချွတ်ဝေဖန် ဆန်းစစ်မှုပြုရန် အလွန်အရေးကြီးပါသည်။ ပထမအချက်အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ AD စီမံကိန်းများသည် မကြာခဏဆိုသလို အခြေခံအားဖြင့် အခြားတရားဝင်သီးနှံတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် သီးနှံများဖြင့် ဘိန်းကို အစားထိုးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်ဟုဆိုနိုင်သဖြင့် AD သဘောတရား ဆင့်ကဲတိုးတက်ပြောင်းလဲရေးအတွက် လှေကားထစ်တစ်ခုအဖြစ် အသုံးတော်ခံခဲ့ပြီး ရေရှည်တည်တံ့ခိုင်မြဲမှုမရှိခဲ့သည့် "ဘိန်းအစားထိုးသီးနှံ" အစီအစဉ်များနှင့် ဆင်တူလျက်ရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်။

ဒုတိယအချက်အနေဖြင့် AD စီမံကိန်းများ၌ အမြဲတမ်းလိုလို အရေးပါသည့် နိုင်ငံရေးအရဘေးဖယ်ခံရခြင်းနှင့် ကာလကြာရှည် လက်နက်ကိုင်ပဋိပက္ခဒဏ်ခံနေရခြင်းတို့အပြင် စီးပွားရေးအရ ပစ်ပယ်ခံထားရခြင်းကဲ့သို့သော ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာမောင်းနှင်အားများကိုထည့်သွင်းစဉ်းစားရန် ပျက်ကွက်လေ့ရှိသည်။ ဤကဲ့သို့သော ရှိရင်းစွဲအကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းပေးခြင်းမရှိပါဘဲ အဆိုပါနယ်မြေဒေသများ၌ ဘိန်းစိုက်ပျိုးမှုပပျောက်သွားမည့် အလားအလာရှိလာလိမ့်မည် မဟုတ်ပါ။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဘိန်းစိုက်ပျိုးမှုသည် စီးပွားရေးအခွင့်အလမ်းများကင်းမဲ့နေခြင်းနှင့်အခြားတရားဝင်အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ လက်လှမ်းမီနိုင်မှုမရှိခြင်းတို့ကြောင့်သက်သက်သာ ပေါ်ပေါက်လာရခြင်းမဟုတ်ပေ။ ထို့ကြောင့် AD အစီအစဉ်များကို အကောင်အထည်ဖော်ရာ၌ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများနှင့် နယ်မြေတွင်း စီးပွားရေးဖွံ့ဖြိုးလာစေရန် ဖန်တီးပေးရုံမျှဖြင့် လုံလောက်မှုမရှိသဖြင့် အကဲဆတ်၍ ရေရှည်မဟာဗျူဟာများလိုအပ်ခဲ့လျှင်ပင် ဒွန်တွဲဆက်စပ်လျက်ရှိသည့် အခြားကိစ္စရပ်များကိုပါ တစ်ပါတည်းဖြေရှင်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။

အရင်းရှင်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန်တိုးချဲ့ဖော်ဆောင်မှု အထူးသဖြင့် စိုက်ပျိုးရေးသွင်းအား



ပင်လောင်းမြို့နယ် သာခင်းတစ်ခု၌ အလုပ်လုပ်နေသည့် ပအိုဝ်းအမျိုးသမီးတောင်သူတစ်ဦး

စုအလွှန်အကျွံသုံးစွဲရသည့် ပို့ကုန်အသားပေး စိုက်ပျိုးရေး စနစ်သည် လက်ရှိတောင်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် စီးပွားရေးအရ ဖယ်ကြဉ်ခံရမှုကို ပေါ်ပေါက်လာစေသည့် အဓိကလက်သည်ဖြစ်သည်။ ပြီးခဲ့သည့်ဆယ်စုနှစ်၏ တစ်ဝက်တစ်ပျက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အပါအဝင် လွန်ခဲ့သည့်နှစ် ၃၀ အတွင်း မြန်မာနိုင်ငံ၌ ဖော်ဆောင်လာခဲ့သည့်နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းများသည် ကျေးလက်ဒေသများတစ်လွှား မကြာခဏဆိုသလိုအကြီးစားစီးပွားဖြစ် ရောမစိုက်ပျိုးရေး စီမံကိန်းများနှင့်အတူ မြေယာလုယူမှု၊ အတင်းအကျပ်ရွှေ့ပြောင်းနေရာချထားမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများမြင့်တက်လာစေခဲ့သည့်ကာလနှင့် ထပ်တူကျလျက်ရှိသည်။[၁၄၈]

ဝိရောဓိအနေဖြင့်အချို့သောဘိန်းအစားထိုးဖွံ့ဖြိုးရေး (AD) "ဖြေရှင်းရေးနည်းလမ်းများ" သည်လည်း ဈေးကွက်အခြေပြုစိုက်ပျိုးရေး၊ ဝင်ငွေရသီးနှံတစ်မျိုးတည်းအလွန်အကျွံစိုက်ပျိုးခြင်း၊ စက်ကိရိယာအသုံးပြုမှု မြင့်မားသည့် သီးနှံအထွက်တိုး နည်းလမ်းများကိုပင် အားပေးမြှင့်တင်လျက်ရှိသည်။ အချို့သောအခြေအနေ၌ AD စီမံကိန်းများသည် ဆင်းရဲတွင်းမှ လွတ်မြောက်လာစေရန် ပံ့ပိုးကူညီပေးရမည့်အစားတောင်သူများအကြားရင်ဆိုင်ကြုံတွေ့နေရသည့် ရှိရင်းစွဲတန်းတူမညီမျှမှုများနှင့် အခြေအနေဆိုးများကို ပို၍ပင်နက်ရှိုင်း ပြင်းထန်လာစေခဲ့သည်။

ဤကဲ့သို့သော အခြေအနေမျိုးကို အထူးသဖြင့် မြန်မာနိုင်ငံ၌ ကျယ်ကျယ်ပြန့်ပြန့် တွေ့မြင်နေရသည်။ ဥပမာအားဖြင့် ကော်ဖီပင်များ စိုက်ပျိုး၍ ထိန်းသိမ်းပြုစုရာ၌ စီးပွားဖြစ်တွက်ခြေကိုက်မှုရှိကြောင်း ပြသနိုင်စေရန် နိုင်ငံအတွင်း ဖော်ဆောင်လျက်ရှိသည့် အချို့သောစီမံကိန်းများ၌ စိုက်ပျိုးမှုပြုရန် လုံလောက်သည့် မြေအကျယ်အဝန်း "ပိုင်ဆိုင်မှု" ရှိရုံမျှမက ကာယလုပ်အားဝယ်ယူသုံးစွဲနိုင်ရန် လုံလောက်သည့် ငွေကြေးအရင်းအနှီးများ ပိုင်ဆိုင်ထားရမည်ဟူသည့် စံသတ်မှတ်ချက်များနှင့် ပြည့်စုံသူများကို သာစီမံကိန်းဝင်အဖြစ် လက်ခံစာရင်းသွင်းကြသည်။ ဤအချက်ကို လက်တွေ့ကျသည့် သတ်မှတ်ချက်တစ်ခုအဖြစ် ယူဆကောင်းယူဆနိုင်သော်လည်း ငွေကြေးအရင်းအနှီးနှင့် ကော်ဖီစိုက်ပျိုးမည့် မြေပိုင်ဆိုင်မှုပမာဏ အလုံအလောက်ကြမရှိသဖြင့် သို့မဟုတ် မြေပိုင်ဆိုင်မှု လုံးဝမရှိကြသဖြင့် မတတ်သာသည့်အဆုံး ဘိန်းစိုက်ပျိုးရန် ရွေးချယ်ခဲ့ကြရသည့် ထိခိုက်နိုင်ခြေ အမြင့်မားဆုံးသော ဘိန်းစိုက်တောင်သူများမှာ စီမံကိန်းမှ ဘေးထွက်ထိုင်နေကြရတော့သည်။ သို့ဖြစ်၍ လွိုင်လင်မြို့နယ် ဝမ်ကျောင်းကျေးရွာနှင့် ဟိုပုံးမြို့နယ် ဘန်းဆောက်ကျေးရွာနေ တောင်သူနှစ်ဦးက ၎င်းတို့ဒေသ၌ လာရောက်ဖော်ဆောင်လျက်ရှိသည့် စီမံကိန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အရေးပါသည့် ရှုထောင့်မှဝေဖန်ထောက်ပြခဲ့ကြခြင်း ဖြစ်သည်။

> "ကျနော်ပိုင်တဲ့မြေက မလုံလောက်တဲ့အတွက် စီမံကိန်းဆီကနေ ဘာအထောက်အပံ့မှ မရခဲ့ပါဘူး။ ကော်ဖီပင်ရာဂဏန်းလောက်ဆံ့တဲ့ ကျနော့ခြံဝိုင်းနောက်မှာ ဘာလို့ကျနော်စိုက်လို့ မရမှန်း နားမလည်ဘူးဖြစ်နေတယ်။ ကျနော့လို မြေနည်းနည်းပဲပိုင်တဲ့ ဆင်းရဲသားတောင်သူတွေအတွက် ဒါကမတရားသလိုဖြစ်နေပါတယ်။ သူတို့က ကျနော်တို့ရွာကိုလာပြီး ချမ်းသာနေပြီးသားတောင်သူတွေကိုပဲ ပိုချမ်းသာအောင် လုပ်ပေးသွားကြတယ်။ ကျနော်တို့လို ဆင်းရဲသားတွေကျတော့ အဲဒီကော်ဖီခင်းတွေမှာ နေ့စားအလုပ်သမားအနေနဲ့ ပဲသွားအလုပ်လုပ် ရပါတယ်။"

“ကျနော့အနေနဲ့ စီမံကိန်းဝန်ထမ်းတွေကိုရော စီမံကိန်းထဲပါနေကြတဲ့ ရွာသားတွေကိုရော မကျေနပ်ဘူးဗျ။ စီမံကိန်းစဝင်ပြီးကတည်းက နှစ်တိုင်းလိုလိုရဲတွေရောက်လာပြီး ကျနော်တို့ဘိန်းခင်းတွေကို လာလာဖျက်နေတော့တာပဲ။ ဘာကြောင့်လဲလို့ ကျနော်သူတို့ကိုသွားမေးကြည့်တော့ မင်းတို့ရွာက စီမံကိန်းအထောက်အပံ့ရထားပြီး ဖြစ်တဲ့အတွက် မင်းတို့ဘိန်းခင်းတွေကိုငါတို့ လာဖျက်ရတာပဲလို့ သူတို့ပြန်ပြောလာတယ်။ အမှန်တော့ ကျနော်တို့ရွာမှာနေတဲ့ မိသားစုအားလုံးပေါင်းရဲ့ ၁၀% လောက်ပဲ စီမံကိန်းအထောက်အပံ့ရခဲ့ကြတာပါ။ ဒီလိုလာလာဖျက်နေတဲ့အတွက် ကျန်တဲ့ကျနော်တို့အများစုက ဘာမှကို စားစရာမရှိတော့ဘူး။”

ဤအဖြစ်အပျက်က ဘိန်းစိုက်ပျိုးရသည့် ဇစ်မြစ်အကြောင်းတရားများကို စူးစမ်းဖော်ထုတ်ရန် ပျက်ကွက်ခဲ့ပါက မလိုလားအပ်သည့် ဆိုးဆိုးရွားရွားတန်းတူမညီမျှမှုများကို လျော့ကျသွားစေခြင်းမရှိဘဲ ပို၍ပင်ဆိုးရွားလာစေနိုင်သည့် အရဲစွန့်ရမှုအန္တရာယ်ရှိနေကြောင်း ဖော်ပြလျက်ရှိသည်။ စိတ်မကောင်းစွာဖြင့် ဤနယ်မြေဒေသများ၌မှီတင်းနေထိုင်လျက်ရှိသည့် တောင်သူများအနေဖြင့် မိမိတို့ရပ်ရွာများကို စွန့်ခွာ၍ အလုပ်အကိုင်အခွင့် အလမ်းရှာဖွေရန် နိုင်ငံခြား သို့မဟုတ် မြို့ကြီးပြကြီးများသို့ ထွက်ခွာရမည်လော၊ တတ်နိုင်ခဲ့ပါက အသေးစားတစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးကိုစွန့်ခွာ၍ ပို့ကုန်အသားပေး အကြီးစားစီးပွားဖြစ် စိုက်ပျိုးရေးပြုလုပ်မည်လော သို့တည်းမဟုတ် အစိုးရအာဏာပိုင်များနှင့် “ဘိန်းအစားထိုး ဖွံ့ဖြိုးရေးစီမံကိန်း” ဖော်ဆောင်နေကြသည့် ဇာတ်ကောင်များလက်လှမ်းမမီနိုင်သည့် တောကြိုတောင်ကြား ဒေသများသို့ ဘိန်းခင်းများကိုရွှေ့ပြောင်းသွား ကြမည်လောစသဖြင့် ရွေးချယ်စရာအလွန်နည်းပါးသွားခဲ့ပြီဖြစ်သည်။

ဤခေါင်းစီးအောက်၌ လက်တစ်ဆုပ်စာလူများ၏ အကျိုးစီးပွားကို ထောက်ပံ့ပေးရန် ပုံစံအမျိုးမျိုးဖြင့် မြန်မာနိုင်ငံ၌ လာရောက်ဖော်ဆောင်လျက်ရှိသည့် တရုတ်၏ ဘိန်းအစားထိုးသီးနှံ အစီအစဉ်များဆိုပါက ပို၍ပင်ပြဿနာပေါင်းသောင်းခြောက်ထောင် ဖြစ်နေသည်။ အစီအစဉ်အများစုသည် ရာဘာကဲ့သို့သော သီးနှံတစ်မျိုးတည်းစိုက် အကြီးစားစီးပွားဖြစ် စိုက်ခင်းများအဖြစ် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး လမ်းတံတားများ၊ ကျောင်းများနှင့် ဆေးရုံဆေးခန်းများကဲ့သို့သော အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများလည်း ပါဝင်လျက်ရှိသည်။ ထုံးစံအတိုင်းပင် သီးနှံတစ်မျိုးတည်းစိုက် စိုက်ခင်းများသည် အသေးစားဘိန်းစိုက်တောင်သူများကို အကျိုးပြုရန်ပျက်ကွက်ခဲ့သည့် အပြင် မြေသိမ်းယာသိမ်းကိစ္စရပ်များကိုသာ တိုးပွားလာစေခဲ့ပြီး ဤအခွင့်အရေးကို မိမိကိုယ်ကျိုးအတွက် အသုံးချရန် သာစိတ်အားထက်သန်သည့် ဒေသအာဏာပိုင်များနှင့် တရုတ်ရင်းနှီးမြှုပ်နှံသူများအကြား မိတ်ဖက်ဆောင်ရွက်မှုပုံစံသစ်များ ပေါ်ပေါက်လာခဲ့သည်။[၁၄၉]

ကုလသမဂ္ဂအေဂျင်စီများ၊ ဖွံ့ဖြိုးရေးအလှူရှင်များနှင့် အစိုးရများအပါအဝင် အဖွဲ့အစည်းပေါင်းများစွာအကြား တရားမဝင်ဘိန်းစိုက်ပျိုးမှုကို လျှော့ချရာ၌ ဦးစားပေးအဖြစ် အရေးယူဆောင်ရွက်သွားရန် ထောက်ခံအကြံပြုထားသည့် ဘိန်းအစားထိုးဖွံ့ဖြိုးရေး (AD) သဘောတရားနှင့် လမ်းစဉ်ကိုစတင်ကိုင်စွဲလာခဲ့ကြသည်။ မည်သို့ဆိုစေ မိမိတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် ဘိန်းစိုက်ပျိုးကြရသည့် တောင်သူများအတွက် ဘိန်းအစားထိုး ဖွံ့ဖြိုးရေး (AD) ၏ သရုပ်မှန်သည် မိမိတို့ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေဘိန်းတိုက်ဖျက်ရေး၏ ဆိုးကျိုးသက်ရောက်မှုကို အစီစဉ်တကျ လျော့ပါးသက်သာစေရန် ၎င်းတို့အနေဖြင့် ဆက်လက်ဖော်ဆောင်သွားမည်မှန်း သိရှိထားကြသော်လည်း အနည်းဆုံး မိမိတို့၏ ဆုံးရှုံးမှုကို ခုသာခံသာရှိစေမည့် အထောက်အပံ့တစ်စုံတစ်ရာ ရရှိစေသည့် အရွေ့တစ်ခုသာ ဖြစ်နေခဲ့သည်။ ထို့ကြောင့် ဘိန်းစိုက်တောင်သူများ၏ ဘိန်းအစားထိုး ဖွံ့ဖြိုးရေး (AD) မှုဘောင်အပေါ် လိုက်နာစောင့်ထိန်းမှုကို ခြွင်းချက်မဲ့အထောက်အပံ့အဖြစ် အမှတ်မမှားစေလိုကြောင်း လုံဟဲကျေးရွာနေ ပအိုဝ်းကော်ဖီတောင်သူတစ်ဦးက ဤသို့ ပြောဆိုထောက်ပြသွားခဲ့သည်။

“ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် သူတို့ပေးတဲ့ဈေးက Winrock [USAID ၏ ရန်ပုံငွေအထောက်အပံ့ရယူ၍ဒေသဖွံ့ဖြိုးရေး စီမံကိန်းတစ်ခု ဖော်ဆောင်လျက်ရှိသည့် Winrock International] ပေးတဲ့ဈေးထက်အတော်လေးနည်းနေတဲ့အတွက် ကျနော့ကော်ဖီတွေကို Green Gold ကို မရောင်းချင်ခဲ့ပါဘူး။ ဘယ်လိုဖြစ်ဖြစ် အခုချိန်ထိတော့ Green Gold ဆီကို ကျနော့ကော်ဖီတွေ ဆက်ရောင်းပေးနေရတယ်။ သူတို့ကို မရောင်းပေးဘူးဆိုရင် UNODC ဖက်က အထောက်အပံ့တွေ ဆက်ပေးတော့မှာ မဟုတ်ဘူးလေ။”

ဘိန်းဆက်လက် စိုက်ပျိုးဖြစ်စေရန် ဦးတည်သွားစေခဲ့သည့် ရေခံမြေခံအခင်းအကျင်းများနှင့် ဖွဲ့စည်းတည်

ဆောက်ပုံဆိုင်ရာ မောင်းနှင်အားများ ဆက်ရှိနေသမျှကာလပတ်လုံး ဘိန်းအစားထိုးဖွံ့ဖြိုးရေး (AD) စီမံကိန်းများသည်ဘိန်းစိုက်ပျိုးမှု အတိုင်းအတာအပေါ် အတင်းအကျပ်ဘိန်းခင်းလိုက်လံ ဖျက်ဆီးခြင်းထက် ပိုမိုကောင်းမွန်သာလွန်သည့် အကျိုးသက်ရောက်မှုများကို ဆောင်ကျဉ်းပေးနိုင်လိမ့်မည်မဟုတ်ပါ။ အဆိုပါနယ်မြေဒေသများရှိ နိုင်ငံရေးအရဖယ်ကြဉ်ခံရမှု၊ လုံခြုံမှုကင်းမဲ့မှုနှင့် လက်နက်ကိုင်ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် အနည်းဆုံးအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကဲ့သို့ပင် အရေးကြီးသည့်ကိစ္စရပ်တစ်ခုဖြစ်သည်။ ထိုသို့မဟုတ်ပါက ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ဘိန်းစိုက်ပျိုးမှုကို ပပျောက်သွားစေပြီး လက်နက်ကိုင်ပဋိပက္ခကိုပါအလိုအလျောက်ချုပ်ငြိမ်းသွားစေလိမ့်မည်ဟူသည့် ကတိကဝတ်မျိုးပေးခြင်းသည် စိတ်ကူးယဉ်သက်သက်သာ ဖြစ်နေပါလိမ့်မည်။

## လူ့အခွင့်အရေး၊ တားမြစ်သီးနှံစိုက်ပျိုးရေးနှင့် အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေး[၁၅၀]

ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကွန်ဗင်းရှင်းသုံးခု (၁၉၆၁၊ ၁၉၇၁ နှင့် ၁၉၈၈) နှင့် နောက်ဆက်တွဲ ကုလသမဂ္ဂ နိုင်ငံရေးကြေညာချက်များနှင့် လုပ်ငန်းစီမံချက်များ (၁၉၉၈၊ ၂၀၀၉ နှင့် ၂၀၁၆) သည် တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်ရေးအတွက် အသုံးပြုသည့် တားမြစ်သီးနှံများကို အလေးပေးအာရုံစိုက်ထားသည့် သွင်းအားစုလျှော့ချရေး အရေးယူဆောင်ရွက်ချက်များအတွက် နိုင်ငံတကာဥပဒေနှင့် မူဝါဒရေးရာမူဘောင်ကို ချမှတ်ပေးခဲ့သည်။ အဆိုပါအရေးယူ ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ရာ၌ မကြာခဏဆိုသလို အင်အားသုံး၍ဘိန်းခင်းများကိုလိုက်လံဖျက်ဆီးသည့်လုပ်ငန်းများနှင့်ဘိန်းတိုက်ဖျက်ရေးကိုတင်းတင်းကျပ်ကျပ်အကောင်အထည်ဖော်မှုများ ပါဝင်လေ့ရှိခြင်းက လူထုလူတန်းစားများကိုအကြီးအကျယ် ဒုက္ခပေးလျက်ရှိသည် ("အတင်းအကျပ်ဘိန်းတိုက်ဖျက်ရေး၏ အကျိုးသက်ရောက်မှု" နှင့် "၂၀၀၅ ခုနှင့်")။

အခြားရွေးချယ်စရာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များသည် တားမြစ်သီးနှံစိုက်ပျိုးရေးကို မှီခိုရှင်သန်လျက်ရှိသည့်အသေးစားတောင်သူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးတာဝန်ဝတ္တရားများနှင့် မူဝါဒများအကြား ပို၍လူသားဆန်စွာ ချိန်ခွင်လျှာညှိပေးနိုင်စေမည့် ကြိုးပမ်းအားထုတ်မှုများ၏ ဗဟိုချက်မဖြစ်လာခဲ့သည်။ သို့သော်လည်း AD လမ်းစဉ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ပုံငွေရရှိရေးနှင့် အခြားစင်ပြိုင်ဖြစ်နေ



MOFF အဖွဲ့ဝင်တစ်ဦးနှင့် RCSS မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးတပ်ဖွဲ့ဝင်တစ်ဦး

သည့်အရင်းအမြစ် အလုံအလောက်ချထားပေးသည့် တားဆီးနှိမ်နင်းရေးလုပ်ငန်းနှင့် ဘိန်းတိုက်ဖျက်ရေးလုပ်ငန်းများအကြား အပြန်အလှန်ဆက်ဆံရေးအတွင်း ကြီးမားပြင်းထန်သည့် စိန်ခေါ်မှုများ ပေါ်ပေါက်လာခဲ့သည်။

လက်ရှိစကားဝိုင်းများ၌ ပျောက်ဆုံးလျက်ရှိသည့် အရေးကြီးသည့် မျက်နှာစာတစ်ခုမှာ ဘိန်းစိုက်ပျိုးရေး၌ ပါဝင်ပတ်သက်နေကြသည့် တောင်သူအသိုက်အဝန်းများ၏စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို လေးစားအသိအမှတ်ပြုရန် ပျက်ကွက်နေကြခြင်းဖြစ်သည်။ ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်တစ် လျှောက်မူဝါဒချမှတ်သူများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများသည် မူးယစ်ဆေးဝါးသုံးစွဲကြသူများ၏ လူ့အခွင့်အရေးနှင့်ဥပမာအတင်းအကျပ်ဆေးဖြုတ်စေခြင်း၊အသေးစားမူးယစ်ဆေးဝါးပြစ်မှုများအတွက် နှစ်ရှည်ထောင်ဒဏ်များချမှတ်ခြင်းနှင့် မရှိမဖြစ်လိုအပ်သည့်ဆေးဝါးများ လက်လှမ်းမီနိုင်မှုမရှိခြင်းကဲ့သို့သော အခွင့်အရေးချိုးဖောက်မှုများကို ပို၍အလေးပေးအာရုံစိုက်လာကြသည်။ အခြားတစ်ဖက်၌ တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသည့် ဘိန်းကဲ့သို့သော အခြေခံကုန်စည်များကို စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ပြင်ဆင်ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားမှုအတွင်း ပါဝင်ပတ်သက်လျက်ရှိသည့် ကျေးလက်နေလူထုလူတန်းစားများ (တစ်ပိုင်တစ်နိုင်တောင်သူများ၊ သီးစားသမားများ၊ နေ့စားအလုပ်သမားများ) ၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် အာရုံစိုက်မှုနည်းပါးခဲ့ကြသည်။

နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးနှင့် ပတ်သက်သည့် နောက်ဆုံးရ ကမ္ဘာ့ဘုံသဘောတူညီချက်တစ်ခုဖြစ်သည့် ၂၀၁၆ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ မူးယစ်ဆေးဝါးဆိုင်ရာ အထူးအစီအစဉ် (UNGASS) ၏ ရလဒ်စာတမ်းသည် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအထူးအပိုင်းများ ပါရှိနေသည့် ပထမဦးဆုံးသော စာတမ်းတစ်ခုဖြစ်လာပြီး ကမ္ဘာ့မူးယစ်ဆေးဝါးရေးရာ မူဝါဒစကားဝိုင်း၌ ကိစ္စရပ်နှစ်ခုစလုံးအတွက် ပိုမိုအလားအလာကောင်းသည့် အရွေ့တစ်ခုကို ဆောင်ကျဉ်းလာခဲ့သည်။ ၂၀၁၆ ခုနှစ် UNGASS ရလဒ်စာတမ်း၌ "မူးယစ်ဆေးဝါးရေးရာမူဝါဒများ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ရာ၌လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်ခွင့်များနှင့် မွေးရာပါလူ့ဂုဏ်သိက္ခာတို့အပါအဝင် တရားဥပဒေစိုးမိုးရေးကို လေးစားအသိအမှတ်ပြုရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် အားပေးမြှင့်တင်သွားရန်" ကတိကဝတ်ပြုခဲ့ကြသည်။[151]

၂၀၁၉ ခုနှစ်၌ နောက်ထပ်အရေးပါသည့် ခြေလှမ်းတစ်ရပ်အဖြစ် နိုင်ငံတကာလူ့အခွင့်အရေးနှင့် မူးယစ်ဆေးဝါးရေးရာ မူဝါဒလမ်းညွှန်ချက်များကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကြသည်။[152] လမ်းညွှန်ချက်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂ HIV/AIDS ဆိုင်ရာ ပူးပေါင်းအဖွဲ့အစည်း၊ ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၊ လူ့အခွင့်အရေးနှင့် မူးယစ်ဆေးဝါးမူဝါဒဆိုင်ရာ ဦးဆောင်ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် မဟာမိတ်အဖွဲ့က ရေးဆွဲပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး "အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားမဝင်မူးယစ် ဆေးဝါးစီးပွားရေးလုပ်ငန်းများကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်သည့်အခါ လိုက်နာဆောင်ရွက်သွားရမည့် လူ့ဂုဏ်သိက္ခာနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဗဟိုပြုထားသည့် ကျယ်ပြန့်ပြည့်စုံသည့် နိုင်ငံတကာဥပဒေစံချိန်စံနှုန်းတစ်ရပ်ကို" ချမှတ်ပေးခဲ့သည်။[153]

အခြားအခွင့်အရေးများအကြား မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးရေးကဏ္ဍ၌ ပါဝင်လျက်ရှိသည့် လူထုလူတန်းစားများခံစားပိုင်ခွင့်ရှိသည့် လူ့အခွင့်အရေးတစ်ရပ်မှာသင့်တင့်မျှတသည့် ဘဝနေထိုင်မှု အရည်အသွေးရရှိပိုင် ဆိုင်ခွင့်အခွင့်အရေးဖြစ်သည် (၂၀၁၇ ခုနှစ်၌ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတကာစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာချုပ်၌အတိအလင်းဖော်ပြထားသည့်)။ ဥပမာအားဖြင့် အခြားရွေးချယ်စရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကင်းမဲ့နေသည့်အခြေအနေမျိုး၌ အတင်းအကျပ် ဘိန်းစိုက်ပျိုးမှုကိုတားမြစ်၍ လိုက်လံဖျက်ဆီးခြင်းသည် လူထုလူတန်းစားများ၏ ဂုဏ်သိက္ခာရှိရှိ ရှင်သန်နေထိုင်ခွင့်၊ ဆာလောင်မွတ်သိပ်မှုမှ ကင်းလွတ်ပိုင်ခွင့်နှင့် ၎င်းတို့၏ သင့်တင့်မျှတသည့်ဘဝနေထိုင်မှု အရည်အသွေး ရရှိပိုင်ဆိုင်ခွင့်စသည့် လူ့အခွင့်အရေးများကို ချိုးဖောက်ရာရောက်လျက်ရှိသည်။ ထို့ကြောင့် အဆိုပါအရေးယူဆောင်ရွက်ချက်များ၌တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်စိုက်ပျိုးမှုကို သီးခြားစီခွဲခြား သတ်မှတ်၍ အစီအစဉ်တကျ အဆင့်လိုက်ချဉ်းကပ်ဆောင်ရွက်သွားရန်နှင့် အသေးစားတစ်ပိုင်တစ်နိုင် တောင်သူများကို ပြစ်မှုကြောင်းအရ အရေးယူမှုမပြုရန် အလွန်အရေးကြီးသည်။ မြန်မာနိုင်ငံအတွင်း ဖော်ဆောင်လျက်ရှိသည့် AD အစီအစဉ်များအတွက် လက်ရှိပေးအပ်ထောက်ပံ့လျက်ရှိ

သည့် အကူအညီများသည် ဘိန်းစိုက်ပျိုးလျက်ရှိသည့် ရပ်ရွာအသိုက်အဝန်းများ၏ လိုအပ်ချက် အတိုင်းအတာနှင့် ယှဉ်လျှင် များစွာနည်းပါးနေဆဲ ဖြစ်သည်။ ဘိန်းစိုက်ပျိုးမှုထက်အခြားရွေးချယ်စရာများ ဖန်တီးပေးနိုင်သည့် ဖွံ့ဖြိုးရေးအကူအညီများ မရှိသလောက်ရှားပါးလျက်ရှိသည့် ဤကဲ့သို့သော အခြေအနေမျိုး၌ ဘိန်းစိုက်ပျိုးမှုကိုတားမြစ်၍ ဘိန်းခင်းများကို လိုက်လံဖျက်ဆီးခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်ခြင်းပင်ဖြစ်တော့သည်။

နောက်ထပ်အရေးပါသည့် မျက်နှာစာတစ်ခုမှာ၄င်းတို့၏ဘဝများအပေါ် ရိုက်ခတ်မှုရှိလာစေမည့် ကိစ္စရပ်များနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်များ၌ဘိန်းစိုက်တောင်သူများ ပါဝင်ခွင့်ရှိသည့် အခွင့်အ ရေးဖြစ်သည်။ AD အရေးယူဆောင်ရွက်ချက်များကို ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ခြင်းနှင့် သုံးသပ်အကဲဖြတ်မှုများပြုလုပ်ရာ၌တောင်သူအသိုက်အဝန်းများကိုဆွေးနွေးအသိပေးရုံသက်သက်မဟုတ်ဘဲလုပ်ငန်းစဉ်အစပြုချိန်မှစ၍ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်အဆင့်တိုင်း၌ အနှစ်သာရပြည့်ဝစွာ ပါဝင်ဆောင်ရွက်ခွင့်ပြုရန်လိုအပ်သည်။ ထို့အပြင် ဒေသန္တရနှင့် ဗဟိုအာဏာပိုင်များအနေဖြင့် မူးယစ်ဆေးဝါးဥပဒေနှင့် မူဝါဒရေးဆွဲပြင်ဆင်သည့် လုပ်ငန်းစဉ်များ၌လည်း တောင်သူအသိုက်အဝန်းများကိုဆွေးနွေးအသိပေး၍ပါဝင်ဆောင်ရွက်ခွင့်ပြုသွားရန် လိုအပ်ပါသည်။

အလားတူပင် ရိုးရာဓလေ့အရ ဘိန်းအသုံးပြုသည့် ထုံးစံရှိကြသည့် လားဟူ၊ နာဂ၊ ကယန်း သို့မဟုတ် အခြားတိုင်းရင်းသားမျိုးနွယ်စုများကို ဘိန်းကင်းစင်စေရန် အတင်းအကျပ်ဘိန်းခင်းများ လိုက်လံဖျက်ဆီးခြင်း သို့မဟုတ် AD အထောက်အပံ့၏ ခြွင်းချက်စည်းကမ်းချက်အဖြစ် သတ်မှတ်၍ အတင်းအကျပ် ဖိအားပေးခြင်းသည်လည်း ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို တိုက်ရိုက်ချိုးဖောက်ရာရောက်လျက်ရှိသည်။ ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ ယဉ်ကျေးမှုထုတ်ဖော်ပြသမှုများနှင့် တိုင်းရင်းဆေးဝါးများကို ဆက်လက်ကျင့်သုံးပိုင်ခွင့် သို့မဟုတ် ပြန်လည်အသက်သွင်းပိုင်ခွင့် အခွင့်အရေးကိုသာမက မိမိတို့အပေါ် ရိုက်ခတ်မှုရှိလာစေမည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သည့်သဘောတူခွင့်ပြုချက်ရယူမှု (FPIC) နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် အခွင့်အရေးကိုလည်း ပိုင်ဆိုင်ထားကြသည်။

ဤကိစ္စရပ်များကို ၂၀၁၆ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ UNGASS အထူးအစည်းအဝေး၌ အချေအတင်ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ ယခင်က ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကော်မရှင်နာမင်းကြီးဖြစ်ခဲ့သူ ဇာအစ်ရာအက်အာလ်ဟူစိန်က ၎င်း၏တရားဝင် ထုတ်ပြန်ချက်အတွင်း ရလဒ်စာတမ်းအတွင်း ရည်ညွှန်းဖော်ပြထားသည့် ဌာနေတိုင်းရင်းသားအခွင့်အရေးဟူသည့် အသုံးအနှုန်းသည် "ဝိရောဓိ" ဖြစ်နေသည်ဟုပြောဆိုသွားခဲ့သည်။[၁၅၇] "ဒါကတော့မဟုတ်သေးဘူးဗျ" ဟုပြောဆိုရင်း "တကယ်ပဲ အရင်ကတည်းကသုံးစွဲလာခဲ့တဲ့ သမိုင်းကြောင်း နောက်ခံရှိနေပြီး ဖြစ်တဲ့အတွက် ဌာနေတိုင်းရင်းသားတွေအနေနဲ့ ကိုယ့်ရဲ့ ရိုးရာအစဉ်အလာ၊ ယဉ်ကျေးမှုဓလေ့ သို့မဟုတ် ဘာသာရေးအလေ့အထတွေမှာမူးယစ်ဆေးဝါးတွေကို အသုံးပြုပိုင်ခွင့်ရှိတယ်လို့ အတိအလင်းရည်ညွှန်းဖော်ပြခဲ့ရမှာ" ဟုဆက်လက်ပြောဆိုသွားခဲ့သည်။[၁၅၈]

## အိန္ဒိယနိုင်ငံ၏ တရားမဝင်နှင့် လိုင်စင်ရဘိန်းစိုက်ပျိုးရေး

အာရှဒေသတွင်း ဘိန်းစိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံသည် ဆေးဝါးနှင့် သိပ္ပံဆိုင်ရာ ရည်ရွယ်ချက်များအတွက် လိုအပ်သည့်ဘိန်းစေးရရှိစေရန် ထူးထူးခြားခြားတောင်သူများကို လိုင်စင်ချပေး၍ စိုက်ပျိုးထုတ်လုပ်ခွင့်ပြုထားသည့်နိုင်ငံဖြစ်သည်။ တရုတ်၊ တောင်ကိုးရီးယားနှင့် ဂျပန်တို့၌လည်း ဘိန်းတရားဝင် စိုက်ပျိုးမှုများရှိနေသော်လည်း ၎င်းတို့သည် ဘိန်းရိုးတံကို အနှစ်ကျအောင်ကျိုချက်ယူသည့် စက်မှုအခြေခံနည်းလမ်းမျိုးဖြင့် ထုတ်လုပ်ခြင်းဖြစ်ပြီး အဓိကအားဖြင့် ပြည်တွင်းဆေးဝါးကုသရေးရည်ရွယ်ချက်များ၌အသုံးပြုမည့်ဘိန်းအခြေခံဆေးဝါးများကို ထုတ်လုပ်ခြင်းဖြစ်ပြီး အိန္ဒိယနှင့်စာလျှင် ပြည်ပတင်ပို့ရောင်းချမှု အလွန်နည်းပါးသည်ဟု ဆိုနိုင်ပါသည်။[၁၅၉] အိန္ဒိယနိုင်ငံ၏ မဒရာပရာဒေ့ရှ်၊ ရာဂျာစတန်နှင့် ယူတာပရာဒေ့ရှ် ပြည်နယ်များ၌ ဘိန်းပင်စိုက်ပျိုးထုတ်လုပ်မှုကို ဥပဒေအရ တရားဝင်စည်းကြပ်ခွင့်ပြုထားခြင်းဖြစ်သည်။ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း (အများအားဖြင့် မော်ဖင်း၊ ကိုဒင်းနှင့် သဘိန်း) အတွက် တရားဝင်ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို မြန်မာနိုင်ငံ သဘောတူလက်မှတ်ရေးထိုးထားသည့် ၁၉၆၁ ခုနှစ် ကုလသမဂ္ဂပင်မမူးယစ်ဆေးဝါးကွန်ဗင်းရှင်းအောက်၌ ခွင့်ပြုထားသည်။ ကမ္ဘာအနှံ့ရှိ တရားဝင်ဘိန်းအခြေခံဆေးဝါး ထုတ်လုပ်မှုများကို နိုင်ငံတကာ

## မြန်မာနိုင်ငံ ဘိန်းစိုက်တောင်သူများညီလာခံ

မြန်မာနိုင်ငံ ဘိန်းစိုက်တောင်သူများညီလာခံကို ရှမ်း၊ ကချင်နှင့် ကယားပြည်နယ်များ၌ ဘိန်းစိုက်ပျိုးလျက်ရှိသည့် တောင်သူများကို ကိုယ်စားပြုသည့် တောင်သူခေါင်းဆောင်များစုပေါင်း၍ ၂၀၁၃ ခုနှစ်၌ စတင်အသက်သွင်းခဲ့ခြင်းဖြစ်သည်။ အဓိကစိတ်ဓာတ်ခွန်အားကို နိုင်ငံတကာတောင်သူများညီလာခံများသို့ တက်ရောက်ပါဝင်ခွင့်ရခဲ့ကြသည့် မြန်မာနိုင်ငံနေ ဘိန်းစိုက်တောင်သူများထံမှ ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့အချို့သည် ၂၀၀၉ ခုနှစ်အတွင်း ဘာစီလိုနာ၌ ပထမဦးဆုံးအကြိမ် စီစဉ်ကျင်းပခဲ့သည့် ကမ္ဘာ့တားမြစ်သီးနှံ စိုက်ပျိုးထုတ်လုပ်ကြသူများညီလာခံသို့ တက်ရောက်ပါဝင်ခဲ့ကြပြီး အချို့သောသူများက ၂၀၁၂ ခုနှစ်တွင် ဗလင်စီယာ၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် ကမ္ဘာ့ညီလာခံသို့ တက်ရောက်ခွင့်ရခဲ့ကြသည်။ ကမ္ဘာအနှံ့မှ တောင်သူများ၏ စုပေါင်းလှုပ်ရှားမှုအတွင်း ပါဝင်ခွင့်ရခဲ့ခြင်းက မြန်မာဘိန်းစိုက်တောင်သူများအား ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်၍ ၎င်းတို့၏ အမြင်သဘောထားများကို ထုတ်ဖော်ပြောဆိုရန်အတွက် အချင်းချင်းစည်းရုံးလှုပ်ရှားမှုပြုရန် အလွန်အရေးကြီးကြောင်း နားလည်သိမြင်လာစေခဲ့သည်။

MOFF သည် ချည်နှောင်မှုကင်းသည့် အလွတ်သဘောကွန်ရက်တစ်ခုဖြစ်ပြီး နိုင်ငံအဝှမ်းရှိ ဘိန်းအဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့်နယ်မြေဒေသများမှရပ်ရွာကိုယ်စားလှယ်များ၏ပူးပေါင်းဆောင်ရွက်မှုဖြင့်တစ်နှစ်လျှင်တစ်ကြိမ် တွေ့ဆုံစည်းဝေးကြလေ့ရှိသည်။ တစ်နှစ်တစ်ကြိမ်ကျင်းပသည့် ညီလာခံသည် ဘိန်းစိုက်တောင်သူများ၏ စိုးရိမ်ပူပန်မှုများကို ဆွေးနွေးအဖြေရှာ၍ သဘောထားထုတ်ပြန်ချက်များ မှတစ်ဆင့် ၎င်းတို့၏ နိုင်ငံရေးတောင်းဆိုချက်များကို ကြေညာမောင်းခတ်နိုင်သည့် အဓိကအကျဆုံး စည်းရုံးအရေးဆိုရေးလမ်းကြောင်းတစ်ခုဖြစ်သည်။[၁၅၅] ဦးဆောင်အဖွဲ့ဝင်များသည် ရှေ့လုပ်ငန်းစဉ်များချမှတ်ရန်နှင့် အရပ်ဖက်လူ့အဖွဲ့ အစည်းများ (CSOs)၊ နိုင်ငံရေးပါတီများ၊ အစိုးရဌာနများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို ကွန်ရက်ချိတ်ဆက်၍ ပေါင်းစည်းဆောင်ရွက်သွားမည့် မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်များချမှတ်နိုင်စေရန် တစ်နှစ်လျှင် အကြိမ်ပေါင်းများစွာ တွေ့ဆုံစည်းဝေးလျက်ရှိသည်။

ထို့အပြင် MOFF သည် မူးယစ်ဆေးဝါးရေးရာ မူဝါဒများနှင့်ပတ်သက်သည့် ကမ္ဘာလုံးဆိုင်ရာ စည်းရုံးအရေးဆို မှုလုပ်ငန်းများ၌လည်း တက်တက်ကြွကြွပါဝင်လျက်ရှိသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း နယ်သာလန်နိုင်ငံ၌ စီစဉ်ကျင်းပခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ တားမြစ်သီးနှံ စိုက်ပျိုးထုတ်လုပ်ကြသူများ ညီလာခံသို့ နိုင်ငံပေါင်း ၁၄ နိုင်ငံမှ အခြားတစ်ပိုင်တစ်နိုင်ဆေးခြောက်၊ ကိုကာနှင့် ဘိန်းစိုက်ပျိုးကြသည့် တောင်သူများနှင့်အတူ MOFF အဖွဲ့ဝင် ကိုးဦးတက်ရောက်ပါဝင်ခဲ့သည်။ MOFF အဖွဲ့ဝင်များ တက်ရောက်ပါဝင်ခဲ့ကြသည့် “ဟမ်းစကတ်ကြေညာစာတမ်း”[၁၅၆] ဟုခေါ်သည့် ညီလာခံမှရရှိခဲ့သည့် ဆွေးနွေးမှုရလဒ်များကို ၂၀၁၆ ခုနှစ် ဧပြီလအတွင်း နယူးယောက်မြို့၌ ကျင်းပသွားခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ကမ္ဘာ့မူးယစ်ဆေးဝါး ပြဿနာဆိုင်ရာ အထူးအစီအစဉ်၌ တင်သွင်းဖတ်ကြားခဲ့ကြသည်။ မြန်မာနိုင်ငံ ဘိန်းစိုက်တောင်သူများအနေဖြင့် ၎င်းတို့၏ အမြင်သဘောထားများကို မျှဝေခွင့်နှင့် ၎င်းတို့၏အသံများကို ထုတ်ဖော်ပြာဆိုခွင့်ရရှိစေခဲ့သည့် အခွင့်အလမ်းက နိုင်ငံတကာ မူးယစ်ဆေးဝါးရေးရာ မူဝါဒစကားဝိုင်းသို့ သိသာထင်ရှားသည့် အပြောင်းအလဲများကို ဆောင်ကျဉ်းလာခဲ့သည်။

၂၀၁၃ ခုနှစ် စတင်တည်ထောင်ချိန်မှစ၍ MOFF သည် သာမန်ပြည်သူလူထု၊ နိုင်ငံရေးသမားများနှင့် မူဝါဒချမှတ်သူများအား ယခင်က ၎င်းတို့အနေဖြင့် “ကြားခွင့်မသာခဲ့သည့် အသံများကို ကြားသိခွင့်ရရှိစေခဲ့သည့်” အထင်ကရအောင်မြင်မှုရလဒ်ပေါင်းများစွာကို ဆွတ်ခူးနိုင်ခဲ့ကြသည်။ အဖွဲ့ဝင်ပေါင်းများစွာသည် တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားအစိုးရအရာရှိများ၏ ရှေ့မှောက်တွင် စကားပြောရန် အထူး

ညွှဲ့သည်တော်များအဖြစ် ဖိတ်ကြားလာခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံပေါင်းများစွာကို တက်ရောက်ပါဝင်ခဲ့ကြသည်။ ၂၀၁၈ ခုနှစ်၌ MOFF သည် နိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ၏ လူထုဆွေးနွေးတိုင်ပင်မှုလုပ်ငန်းစဉ်၌ တရားဝင်ပါဝင်ဆောင်ရွက်ခွင့်ရရှိခဲ့ကြသည်။ အဆိုပါလုပ်ငန်းစဉ်ကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မူးယစ်ဆေးဝါးအလွဲသုံးစားမှု တိုက်ဖျက်ရေး ဗဟိုကော်မတီကဦးစီးခေါင်းဆောင်ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးအတည်ပြုမူဝါဒအတွင်း ဥပမာ သွင်းအားစုလျှော့ချရေးကို ဖွံ့ဖြိုးရေးအခြေပြုရှုထောင့်မှ ချဉ်းကပ်ဆောင်ရွက်မှုကဲ့သို့သော MOFF ၏ ထောက်ခံအကြံပြု ချက်အချို့ပါဝင်လာခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် ဗီယင်နာ၌ ကျင်းပသွားခဲ့သည့် မူးယစ်ဆေးဝါးရေးရာကော်မရှင်၏ နှစ်ကုန်တွေ့ဆုံစည်းဝေးပွဲသို့ MOFF ကိုယ်စားလှယ်တစ်ဦး တက်ရောက်ပါဝင်ခဲ့ပြီး ဖွံ့ဖြိုးရေးကိုပို၍ အသားပေးသည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများနှင့် မိမိတို့၏ ဘဝများအပေါ် ရိုက်ခတ်မှုရှိလာစေမည့် ကိစ္စရပ်များကို ဆွေးနွေးအဖြေရှာ၍ ဆုံးဖြတ်ရာ၌ ဘိန်းစိုက်တောင်သူများကို ပါဝင်ဆောင်ရွက်ခွင့်ပြုရန် တောင်းဆိုထားသည့် ရှင်းလင်းတင်ဆက်မှု တစ်ခုကို ပြုလုပ်သွားခဲ့သည်။

၂၀၁၈ ခုနှစ်အတွင်း MOFF သည် မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးလျက်ရှိသည့် မိသားစုနှစ်ခု၏ လက်တွေ့ဘဝနေထိုင်မှုပုံစံနှင့် ၎င်းတို့ရင်ဆိုင်နေရသည့် ဘဝအကျပ်အတည်းကို ဂရုတစိုက် မီးမောင်းထိုးတင်ဆက်ပြသထားသည့် "ဘိန်းစိုက်တောင်သူ – မြန်မာနိုင်ငံတွင်း တားမြစ်သီးနှံစိုက်ပျိုးထုတ်လုပ်ကြသူတို့၏ ဘဝများ" ဟူသည့် မှတ်တမ်းဗီဒီယိုတစ်ခုကို ရိုက်ကူးဖြန့်ဝေခဲ့သည်။ အဆိုပါ မှတ်တမ်းဗီဒီယိုကို နေရာပေါင်းစုံ၌ တင်ဆက်ပြသမှုပြုလုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်၌ မြန်မာနိုင်ငံ၏ ဝသန်လူ့အခွင့်အရေးရုပ်ရှင်ပွဲတော်၌ အကောင်းဆုံးမှတ်တမ်းဗီဒီယိုဆုကို ဆွတ်ခူးရရှိခဲ့သည်။[၁၅၇]

MOFF သည် ဘိန်းစိုက်တောင်သူများအကြား စိတ်ကူးစိတ်သန်းများနှင့် အတွေ့အကြုံများကို နှီးနှောဖလှယ်၍ စုပေါင်းခေါင်းဆောင်မှုနှင့် ဒီမိုကရေစီထုံးနည်းစံကျဖြစ်သည့် ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်ကို လိုက်နာကျင့်သုံးရန် ပုံမှန်တွေ့ဆုံစည်းဝေးကြသည့် ဆုံရပ်တစ်ခုဖြစ်သည်။ အစည်းအဝေးများကို အောင်အောင်မြင်မြင် စီစဉ်ကျင်းပလာနိုင်ခဲ့သည့်နောက်ပိုင်း ဘိန်းစိုက်တောင်သူများသည် မိမိကိုယ်ကိုယုံကြည်မှုပို၍ရှိလာခဲ့ပြီးမိမိတို့လိုလားသည့် တောင်းဆိုချက်များကို စတင်ရေးဆွဲပြင်ဆင်၍ ၎င်းတို့မျှော်ရည်ထားသည့် အနာဂတ်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် ကိုယ်ပိုင်အခြေခံမူများကိုလည်း ဆွေးနွေးပုံဖော်ခဲ့ကြသည်။

အဓိကကျသည့် MOFF ၏ တောင်းဆိုချက်များနှင့် ထောက်ခံအကြံပြုချက်များ၌ သီးနှံစိုက်ပျိုးခြင်းသည် ပြစ်မှုမြောက်ခြင်းမရှိသဖြင့် ဘိန်းစိုက်တောင်သူများကို ပြစ်မှုကြောင်းအရ အရေးယူရန်မသင့်ဟူသည့်အချက်တစ်ခုပါဝင်လျက်ရှိသည်။ ထို့အပြင် MOFF သည် ဖွံ့ဖြိုးရေးအရ ချဉ်းကပ်ဆောင်ရွက်မှုများကို ဦးစွာဖော်ဆောင်၍ ရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အခြေတကျရှိပြီးမှသာလျှင် ဘိန်းခင်းဖျက်ရန် စဉ်းစားသင့်သည်ဟု အခိုင်အမာလက်ခံယုံကြည်ထားသည်။ ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများသည် ရေရှည်အထောက်အပံ့ဖြစ်ရန်လိုအပ်ပြီး တစ်ဦးတစ်ယောက်ကိုမျှ နောက်ချန်မထားဘဲ အားလုံးကိုလွှမ်းခြုံပါဝင်စေသင့်သည်။ MOFF အဖွဲ့ဝင်အများစုသည် လက်နက်ကိုင်ပဋိပက္ခဒဏ်သင့် နယ်မြေဒေသများ၌ နေထိုင်လျက်ရှိသဖြင့် လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်၍ နှစ်ရှည်လများ ကြန့်ကြာနေခဲ့သည့် တိုင်းရင်းသားလူထုလူတန်းစားများ၏ နိုင်ငံရေးနစ်နာချက်များကို ကုစားပေးမည့် ပိုမိုကျယ်ပြန့်သည့် အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဖွံ့ဖြိုးရေးစီမံကိန်းများကို ဖော်ဆောင်သွားသင့်သည်ဟု MOFF အနေဖြင့် ထောက်ပြပြောဆို သွားခဲ့သည်။ ထို့အပြင် MOFF အနေဖြင့် ဘိန်းကို ရိုးရာယဉ်ကျေးမှုဓလေ့အရ အသုံးပြုမှုကို အသိအမှတ်ပြု၍ တိုင်းရင်းဆေးဝါးများနှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများအတွက် တရားဝင်ဘိန်းစိုက်ပျိုးရေးလိုင်စင်ချပေးနိုင်ရန် စဉ်းစားသုံးသပ်သင့်သည်ဟုလည်း လက်ခံယုံကြည်ထားသည်။

နောက်ဆုံးအနေဖြင့် MOFF သည် လိုအပ်ချက်များကို လေ့လာဆန်းစစ်ခြင်း၊ ဒီဇိုင်းရေးဆွဲပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်အကဲခတ်၍ သုံးသပ်အကဲဖြတ်ခြင်းတို့အပါအဝင် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်တစ်လျှောက် ဘိန်းစိုက်တောင်သူများအနေဖြင့် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်ဟုလည်း အခိုင်အမာသုံးသပ်လက်ခံထားသည်။ ဘိန်းစိုက်တောင်သူများသည် မူဝါဒရေးဆွဲပြင်ဆင်ခြင်းနှင့် ဥပဒေပြဋ္ဌာန်းသည့် လုပ်ငန်းစဉ်များ၌ အနှစ်သာရပြည့်ဝစွာ ပါဝင်ဆောင်ရွက်ပိုင်ခွင့်ရှိသင့်ပါသည်။

မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဘုတ်အဖွဲ့ (INCB) မှ စောင့်ကြည့်အကဲခတ်၍ ၁၉၆၁ ခုနှစ် စာချုပ်အဖွဲ့ဝင်နိုင်ငံများက တစ်နှစ်တစ်ကြိမ် တင်သွင်းလာသည့် ခန့်မှန်းချက်များပေါ် အခြေခံထားသည့် ဆေးဝါးထုတ်လုပ်ရေး လိုအပ်ချက်များ ပြည့်မီစေရန် ဘိန်းစိုက်ကေမည်မျှ လိုအပ်မည်ဖြစ်ကြောင်း တွက်ချက်ထုတ်ပြန်ပေးခြင်းဖြစ်သည်။

ဤပဋိညာဉ်စာချုပ်သည် အဖွဲ့ဝင်နိုင်ငံများအား "မိမိတို့၏ ပြည်တွင်းလိုအပ်ချက်များကို ပြည့်စုံလုံလောက်မှုရှိစေရန်" တရားဝင်ဘိန်းစိုက်ပျိုးမှုနှင့် ပြည်တွင်းဆေးဝါး ရည်ရွယ်ချက်များအတွက် ဘိန်းအခြေခံဆေးဝါးများ ထုတ်လုပ်မှုကို ခွင့်ပြုပေးထားသည်။ INCB အနေဖြင့် အဆိုပါ နိုင်ငံများရှိ အစိုးရများကို မေးခွန်းများမေးမြန်းကောင်းမေးမြန်းလာနိုင်ပြီး ပြည်တွင်းထိန်းချုပ်ရေး အရေးယူဆောင်ရွက်ချက်များကို စုံစမ်းစစ်ဆေးမှုပြု ကောင်းပြုလာနိုင်သော်လည်းပြည်တွင်းဆေးဝါး လိုအပ်ချက်များအတွက် ထုတ်လုပ်သုံးစွဲမှုကို တားဆီးပိတ်ပင်နိုင်သည့် အခွင့်အာဏာမရှိပေ။ ထို့အပြင် ပဋိညာဉ်မှုအတွင်း တရားမဝင်ကုန်ကူးမှုများ မှဖမ်းဆီးရမိခဲ့သည့် ဘိန်းများကို ပြည်တွင်းအသုံးပြုမည့် သို့မဟုတ် ပြည်ပတင်ပို့မည့် ဆေးဝါးထုတ်ကုန်များအတွက် တရားဝင် ဘိန်းအခြေခံဆေးဝါးများ ထုတ်လုပ်ရာ၌ ပြန်လည်အသုံးချရန်လည်း ခွင့်ပြုပေးထားသည်။ ပြည်ပနိုင်ငံများရှိ ဆေးဝါထုတ်လုပ်ရေး လုပ်ငန်းများအတွက် ၅ တန်ထက်ပိုသည့် ဘိန်းများကို တင်ပို့ရောင်းချလိုသည့် နိုင်ငံများ အနေဖြင့် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီကို အသိပေးတင်ပြရန်လိုအပ်ပြီး ကောင်စီမှ "အသိပေးတင်ပြမှုကို အတည်ပြုခြင်း သို့မဟုတ် အဖွဲ့ဝင်နိုင်ငံအနေဖြင့် ပို့ကုန်ရည်ရွယ်ချက်အတွက် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု မပြုရန်အကြံပြုခြင်း" တို့ကိုဆောင်ရွက်နိုင်သည်။[၁၆၀]

လက်ရှိအချိန်၌ ဆေးဝါးထုတ်လုပ်ရေးအတွက် ဘိန်းကို ပြည်ပတင်ပို့ခွင့်ရရှိထားသည့် အဓိကနိုင်ငံများ၌ သြစတြေးလျ (တက်စမေးနီးယား)၊ ပြင်သစ်၊ ဟန်ဂေရီ၊ အိန္ဒိယ၊ တူရကီနှင့် ဗြိတိသျှတို့ ပါဝင်လျက်ရှိသော်လည်း အိန္ဒိယနိုင်ငံသည် တရားမဝင်ဘိန်းစိုက်ပျိုးရာ၌ အသုံးပြုလျက်ရှိသည့် နည်းလမ်းများအတိုင်းတောင်သူများကိုဘိန်းခြစ်ခွင့်ပြုထားသည့် တစ်ခုတည်းသော နိုင်ငံဖြစ်သည်။ တရားဝင် ဘိန်းထုတ်လုပ်လျက်ရှိသည့် ကျန်နိုင်ငံများအားလုံးသည် လူ့လုပ်အားအသုံးပြုခြင်းထက် စက်ယန္တရားများဖြင့်ဘိန်းတစ်ပင်လုံးကို ရိတ်သိမ်းယူကာ ဘိန်းပင်၌ပါဝင်နေသည့် အယ်ကာလွိုက်များကို "ဘိန်းရိုးတံကို အနှစ်ကျအောင်ကျိုသည့် နည်းလမ်း" ဖြင့် ထုတ်ယူခြင်းဖြစ်သည်။

အိန္ဒိယအစိုးရသည် လိုင်စင်ချပေးသွားမည့် နယ်မြေဒေသများအပါအဝင် လိုင်စင်လျှောက်ထားရာ၌ လိုက်နာဆောင်ရွက်သွားရမည့်အထွေထွေစည်းမျဉ်းစည်းကမ်းများကိုတစ်နှစ်တစ်ကြိမ် ထုတ်ပြန်လေ့ရှိသည်။[၁၆၂] အထွေထွေစည်းမျဉ်းစည်းကမ်းများ၌ တောင်သူတစ်ဦးအနေဖြင့် အများဆုံးစိုက်ပျိုးနိုင်သည့် စိုက်ကေပမာဏအပါအဝင် နောက်တစ်ရာသီစာလိုင်စင်ထပ်မံရရှိလိုပါကစိုက်ပျိုးသူအနေဖြင့် တစ်ကေလျှင် အနိမ့်ဆုံးသီးထွက် မည်မျှပေးသွင်းရမည်ဟူသည့်စည်းကမ်းချက်များ ပါဝင်လျက်ရှိသည်။[၁၆၃] ဗဟိုမူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရို (CBN) မှ တောင်သူများကို လိုင်စင်ထုတ်ပေးခြင်းဖြစ်သည်။ CBN အရာရှိများသည် လိုင်စင်ချပေးထားသည့် စိုက်ကေထက် ကျော်လွန်ခြင်းမရှိကြောင်းသေချာစေရန် စိုက်ခင်းတစ်ခုချင်းစီကို လိုက်လံတိုင်းတာလေ့ရှိသည်။ တောင်သူများသည် မိမိတို့၏ စိုက်ခင်းအသီးသီးမှ ခြစ်ယူရရှိခဲ့သည့် ဘိန်းစိမ်းမှန်သမျှကို အစိုးရသတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်း CNB ထံသို့ ရောင်းချပေးရခြင်းဖြစ်သည်။

ဘိန်းခြစ်ရာသီရောက်တိုင်း CNB သည် တောင်သူများခြစ်ယူရရှိခဲ့သည့် ဘိန်းသီးထွက်ကို လာရောက်ချိန်တွယ်ရောင်းချနိုင်စေမည့် အရောင်းဌာနများကို ဖွင့်လှစ်


လည့်ပတ်လေ့ရှိသည်။ နှစ်အလိုက် ဘိန်းစိမ်းဈေးနှုန်းများ အတက်အကျရှိတတ်သော်လည်း ပျမ်းမျှအားဖြင့် တစ်ကီလိုလျှင် ရူပီး ၁၈၀၀ (အမေရိကန်ဒေါ်လာ ၂၄) ဝန်းကျင်ရရှိကြသည်။ မှောင်ခိုဈေးကွက်၏ ဘိန်းစိမ်းပေါက်ဈေးသည် ရိတ်သိမ်းရာသီ၌တစ်ကီလိုလျှင်ရူပီး၄၀,၀၀၀(အမေရိကန်ဒေါ်လာ ၅၃၀) မှ တစ်ကီလိုလျှင် ရူပီး ၁၅၀,၀၀၀ (အမေရိကန်ဒေါ်လာ ၂၀၀၀)ဝန်းကျင်အထိ ဈေးရတတ်ကြသည်။[၁၆၄]

၁၉၈၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအက်ဥပဒေ (NDPS အက်ဥပဒေ) သည်အိန္ဒိယနိုင်ငံအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများအတွက် ဥပဒေမူဘောင် ချမှတ်ပေးသည်။ NCB သည် အဆိုပါဥပဒေမူဘောင်ကို အဓိကတာဝန်ယူ၍ ညှိနှိုင်းအကောင်အထည်ဖော်ရသည့် ဌာနတစ်ခုဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ အဓိကမူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဦးစားပေးနယ်ပယ်တစ်ခုမှာ "တရားမဝင် စိုက်ပျိုးမှုများနှင့် သဘာဝအလျောက်ပေါက်ရောက်တတ်သည့် ဘိန်းပင်များနှင့် ဆေးခြောက်ပင်များကို ထောက်လှမ်းဖော်ထုတ်၍ လိုက်လံဖျက်ဆီးရသည့်အလုပ် ဖြစ်သည်။" လိုင်စင်မရဘဲ ဘိန်း၊ ဆေးခြောက် သို့မဟုတ် ကိုကာပင်များကို တရားမဝင်စိုက်ပျိုးထုတ်လုပ်ပါက ထောင်ဒဏ်၁၀နှစ်အထိအမြင့်ဆုံးပြစ်ဒဏ်ချမှတ်နိုင်ပြီး ရူပီး ၁၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၃၅၀) အထိဒဏ်ငွေရိုက်နိုင်သည့် ပြစ်မှုမြောက်သည်။ လိုင်စင်ရဘိန်းစိုက်တောင်သူများဘိန်းအလွဲသုံးစားမှုပြုကြောင်းစစ်ဆေးပေါ်ပေါက်ခဲ့ပါက အမှုပို၍ကြီးလေးပြင်းထန်လေ့ရှိပြီး ထောင်ဒဏ် ၁၀နှစ်မှ ၂၀ နှစ်အထိ ချမှတ်ခံရနိုင်ပြီး ဒဏ်ငွေ ရူပီး ၁၀၀,၀၀၀ မှ ၂၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၃၅၀ မှ ၂၇၀၀) အထိ ဒဏ်ရိုက်ခံရနိုင်သည်။[၁၆၅]

အိန္ဒိယနိုင်ငံတွင်း တရားမဝင်ဘိန်းစိုက်ပျိုးမှု အတိုင်းအတာနှင့်ပတ်သက်၍ အစီရင်ခံတင်ပြမှု အလွန်နည်းပါးသော်လည်း လိုင်စင်ရစိုက်ခင်းများနှင့် လိုင်စင်မရဘဲစိုက်ပျိုးသည့် စိုက်ခင်းများမှ ယိုစိမ့်လာသည့် ဘိန်းပမာဏသည် အတော်အတန်များပြားလိမ့်မည်ဟု ခန့်မှန်းရသည် (အထက်တွင်ဖော်ပြခဲ့သည့် "အိန္ဒိယနိုင်ငံတွင်း တရားမဝင်ဘိန်းစိုက်ပျိုးမှု" အခန်းကို ကြည့်ရှုပါ)။[၁၆၆] ၂၀၁၈ ခုနှစ်၌ အိန္ဒိယအစိုးရသည်အီရန်၊အာဖဂန်နစ္စတန်နှင့်ပါကစ္စတန်ပြီးလျှင်စတုတ္ထမြောက် အများဆုံးဖမ်းဆီးရမိမှုအဖြစ် တရားမဝင်ဘိန်းတန်ချိန်ပေါင်း ၄ တန် ဖမ်းဆီးရမိခဲ့သည်။[၁၆၇] တရားမဝင်ဘိန်းစိုက်ပျိုးမှုများကို မဏိပူရ်နှင့် အရုဏာချာပရာဒေ့ရှ်ပြည်နယ်များ၌ အများဆုံးတွေ့ရှိရသည်။

## ၅။ What next?

### ကိုဗစ်-၁၉ နှင့် ဆက်စပ်ကန့်သတ်ချက်များ၏ ရိုက်ခတ်မှုများနှင့် အကျိုးသက်ရောက်မှု



လွိုင်လင်မြို့နယ် UNODC ကော်ဖီစီမံကိန်းမှ တောင်သူတစ်ဦး

ကိုဗစ်-၁၉ စတင်ဖြစ်ပွားခဲ့သည့် တရုတ်နိုင်ငံနှင့် အိမ်နီးချင်း ဖြစ်နေသည့်အလျောက် မြန်မာနိုင်ငံသည် ကမ္ဘာ့ကူးစက်ရောဂါ ကူးစက်ပြန့်ပွားခံရနိုင်ခြေ အမြင့်ဆုံး နိုင်ငံတစ်ခုဖြစ်လာခဲ့သည်။ ကိုဗစ်-၁၉ ကြောင့်ပေါ်ပေါက် လာသည့်အလွန်တရာကြီးမားပြင်းထန်သည့်စိန်ခေါ်မှုများ ကိုမီးစင်ကြည့်ကရန် အားနည်းလွန်းလှသည့် မြန်မာနိုင်ငံ ၏ကျန်းမာရေးစနစ်သည် နိုင်ငံအဝှမ်း ဆိုးရွားပြင်းထန်လှ သည့် ကျန်းမာရေးအကျပ်အတည်းကြီးဆီသို့ ဦးတည်ခေါ် ဆောင်သွားလိမ့်မည်ဟု အစိုးရိမ်ကြီးစိုးရိမ်ပူပန် ခဲ့ကြသည်။ ထိခိုက်နိုင်ခြေ မြင့်မားလွန်းလှသည့် လူထုလူတန်းစားအုပ် စုပေါင်းများစွာ မှီတင်းနေထိုင်လျက်ရှိရာ လက်နက်ကိုင် ပဋိပက္ခဒဏ်သင့် နယ်မြေဒေသအများဆုံးရှိနေသည့် နယ် စပ်တိုင်းရင်းသား ဒေသများ၏ အခြေအနေသည် အထူး တလည်စိုးရိမ်ဖွယ်ရာ ဖြစ်လာခဲ့သည်။ အဆိုပါနယ်မြေဒေသ အများအပြား၌ အစိုးရ၏ လူထုဝန်ဆောင်မှုလုပ်ငန်းများ မရှိသလောက်နည်းပါး ကင်းမဲ့နေခဲ့သဖြင့် အများစုသည် ဒေသန္တရကျန်းမာရေး ဝန်ဆောင်မှုပေးသူများ သို့မဟုတ် မိမိတို့ကိုယ်ကိုသာ အားကိုးရမည့် အနေအထားမျိုး ကြုံ တွေ့ခဲ့ကြရသည်။[၁၆၈]

အလွန်ဆိုးရွားပြင်းထန်သည့် ကျန်းမာရေးကပ် ဆိုက်လာမည့်အရေးနှင့် မနိုင်ဝန်ထမ်းနေရသည့် ကျန်းမာ ရေးစနစ်အပေါ် စိုးရိမ်ပူပန်နေခဲ့ကြသော်လည်း ကိုဗစ်-၁၉ ၏ မြန်မာနိုင်ငံအပေါ် အစောပိုင်းရိုက်ခတ်မှုများသည် ပြော ပလောက်အောင် ပြင်းထန်ခြင်းမရှိခဲ့ပေ။ ပထမဦးဆုံးသော ပိုးတွေ့လူနာကို ၂၀၂၀ ခုနှစ် မတ်လ ၂၃ ရက် နေ့တွင်[၁၆၉] စတင်တွေ့ရှိခဲ့ပြီးနောက်ပိုင်း ဝေဖန်ထောက်ပြခဲ့ကြသူများ ကရောဂါရှာဖွေစမ်းသပ်မှု အလွန်နည်းပါးခဲ့သောကြောင့် ဖြစ်သည်ဟု ပြောဆိုခဲ့ကြသော်လည်း ကူးစက်ပြန့်ပွားမှုနှုန်း များစွာနှေးကွေးနေခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ၂၀၂၀ ခုနှစ် မတ်လအတွင်း အစိုးရသည် ကုန်းတွင်းနယ်စပ်ဝင် ပေါက်များမှ နိုင်ငံခြားသားများကို ဝင်ရောက်ခွင့်မပြုတော့ သလို နိုင်ငံတကာလေကြောင်းလိုင်းများအားလုံးကို ဆင်း သက်ခွင့်ပိတ်ပင်ခဲ့သည်။ ကူးစက်မှုနှုန်း မြင့်တက်လာခဲ့ သည့်ဧပြီလအရောက်တွင်အစိုးရသည်နေဝင်မီးငြိမ်းအမိန့်

နှင့် လူငါးဦး ထက်ပိုမစုရဟူသည့်အမိန့်ကို ထုတ်ပြန်သွားခဲ့သည်။

အခြားကန့်သတ်ချက်များအတွင်း နိုင်ငံတကာလေကြောင်းလိုင်းများ ဆင်းသက်ခွင့်နှင့် ပြည်ဝင်ခွင့်ဆိုင်းငံ့မှုများနှင့် နယ်စပ်ဝင်ပေါက်များမှ သော်လည်းကောင်း နည်းပါးလှသည့် ကယ်ဆယ်ရေး လေယာဉ်များဖြင့်သော်လည်းကောင်း ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာကြသည့် နေရပ်ပြန် နိုင်ငံသားများကို မဖြစ်မနေရောဂါ ခြေချုပ်စခန်းများ၌ သုံးပတ်နေထိုင်စေခဲ့သည့် ညွှန်ကြားချက်များပါဝင်ခဲ့သည်။ ၂၀၂၀ ခုနှစ် ဩဂုတ်လလယ်ခန့် အရောက်တွင် ပြည်တွင်းကူးစက်မှုပုံစံဖြင့် ရောဂါကူးစက်မှုနှုန်းများ ရုတ်တရက်မြင့်တက်လာခဲ့သည်။[၁၇၀] အစိုးရဖက်ကအလုပ်အကိုင်၊ ဆက်သွယ်ရေးနှင့် ခရီးသွားလာမှုများအပေါ် ချက်ခြင်းအကျိုးသက်ရောက်မှုရှိစေမည့် နောက်ထပ်ကန့်သတ်ချက်များကို ထုတ်ပြန်ခြင်းဖြင့် ကူးစက်မှုနှုန်းနှေးကွေးသွားစေရန်ကြိုးပမ်းခဲ့သည်။

ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုကိုတားဆီးကာကွယ်ရန် ကြိုးပမ်းခဲ့သည့် ခရီးသွားလာမှုနှင့် အခြားအုပ်ချုပ်ရေးဆိုင်ရာကန့်သတ်ချက်မျိုးစုံကို ထုတ်ပြန်ခဲ့ခြင်းက အစောပိုင်းကနဦးအဆင့်၌ အဆိုပါနယ်မြေဒေသများရှိ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းစိမ်းပေါက်ဈေး သို့မဟုတ် ဈေးကွက်အလားအလာများအပေါ် သိသိသာသာ သို့မဟုတ် ချက်ခြင်းလက်ငင်းအကျိုးသက်ရောက်မှု မရှိသလိုဖြစ်နေခဲ့သည်။ နယ်မြေဒေသအလိုက်အရှိတရားများပေါ်အခြေခံ၍ယေဘုယျအားဖြင့်ကောက်ချက်ချရန် ခဲယဉ်းသော်လည်း နယ်စပ်ကုန်သွယ်ရေးအပါအဝင် ကိုဗစ်–၁၉ ကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်ရန် ကြိုးပမ်းခဲ့ကြသည့် အသွားအလာကန့်သတ်ချက်များသည် ဘိန်းစိုက်ပျိုးရေးနှင့် ဘိန်းစိမ်းပေါက်ဈေးအပေါ် ရိုက်ခတ်မှု မရှိခဲ့ဟုဆိုရမည်ဖြစ်သည်။ ဤအချက်က မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ကုန်ကူးမှုများ ပပျောက်သွားသည်အထိသို့မဟုတ်သိသိသာသာလျော့နည်းကျဆင်းလာသည်အထိ နှိပ်ကွပ်နိုင်ရန် ကြိုးပမ်းခဲ့သည့် တားမြစ်ပိတ်ပင်မှုများ အောင်မြင်ဖြစ်ထွန်းမှု မရှိကြောင်း ပြဆို လျက်ရှိသည်။ မိုင်းပျဉ်းမြို့နယ်မှ လားဟူဘိန်းစိုက်တောင်သူ အမျိုးသမီးတစ်ဦးက

"လက်ရှိအချိန်မှာ ကိုဗစ်–၁၉ ကမ္ဘာ့ကပ် ရောဂါဖြစ်လာတာက ကျမတို့ကို အများကြီး အခက်အခဲဖြစ်စေပါတယ်။ တစ်မြို့နယ်ကနေ နောက်တစ်မြို့နယ်ကို သွားလာရင်တောင် ထောက်ခံစာတွေ အများကြီးယူရတဲ့အတွက် လူတွေက သိပ်ပြီးအသွားအလာ မရှိကြတော့ဘူး။ ဆိုတော့ ဘိန်းစိမ်းဝယ်မယ့် ပွဲစားတွေလည်း တစ်ယောက်မှ ရောက်မလာကြတော့ဘူး" ဟု ပြောဆိုသွားခဲ့သည်။

နောက်တစ်ဦးကလည်း

"ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကြီး ရောက်လာတဲ့အခါ ကျမတို့နယ်မြေအတွင်းလွတ်လွတ်လပ်လပ်သွားလာလို့မရတော့တာက ကျမတို့ကို အတော်လည်းဒုက္ခရောက်စေပါတယ်။ ကျမတို့ခြစ်ယူထားတဲ့ ဘိန်းစိမ်းတွေကို အိမ်ပြန်သယ်လို့ မရတဲ့အတွက် တောင်ယာနားမှာဘဲ ဖွက်ထားလိုက်ရတယ်။ ကျမတို့ အိမ်ပြန်သယ်လာခဲ့ရင်လည်း စစ်ဆေးရေးဂိတ်တွေရောက်ရင် အဖမ်းခံရမှာပဲ။ ဘိန်းစိမ်းပေါက်ဈေးတွေလည်း တော်တော်လေး ကျသွားခဲ့တယ်။ အရင်တုန်းကဆိုရင် တစ်ပိဿာကို ၈ သိန်းကနေ ၁၀ သိန်းကြား (အမေရိကန်ဒေါ်လာ ၅၀၀ မှ ၆၀၀ ဝန်းကျင်) ဈေးရပေမယ့် အခုကျတော့ တစ်ပိဿာကို ၄–၅ သိန်း (အမေရိကန်ဒေါ်လာ ၂၅၀–၃၀၀ ဝန်းကျင်) နဲ့ ရောင်းမယ်ဆိုရင် တောင်ပွဲစားတွေ လာမဝယ်ကြတော့ဘူး" ဟု ဆက်လက် ပြောဆိုသွားခဲ့သည်။

ဘိန်းစိမ်းပေါက်ဈေး ကျဆင်းလာခြင်းနှင့် ကိုဗစ်–၁၉ အသွားအလာကန့်သတ်ချက်များ ပေါင်းစပ်လိုက်သည့်အခါ ဘိန်းစိုက်တောင်သူများအနေဖြင့် မိသားစု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် များစွာခဲယဉ်းလာခဲ့သဖြင့် တစ်ခါတစ်ရံ မိသားစုအတွင်း တင်းမာမှုများပေါ်ပေါက်လာခဲ့ပြီး အာဏာချိန်ခွင်လျှာ မညီမျှသည့် ဆက်ဆံရေးများကို မြင်တွေ့လာရတော့သည်။

## စစ်အာဏာသိမ်းခြင်းနှင့် ဘိန်းစိုက်ပျိုးရေးအပေါ် ရိုက်ခတ်မှုများ

တပ်မတော်မှ စစ်အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ဖွဲ့စည်းတည်ထောင်လိုက်ချိန်မှစ၍ နိုင်ငံတစ်ခုလုံးသည် မကြုံစဖူးအဆိုးရွားဆုံး ကသောင်းကနင်းဖြစ်မှုကို နဖူးတွေ့ဒူးတွေ့




ကချင်ပြည်နယ်နှင့် တရုတ်နိုင်ငံအကြားရှိ နယ်စပ်ဝင်ပေါက်တစ်ခု ဖြစ်သည့် ကန်ပိုင်တီ၌တွေ့မြင်ရသည့် ကိုဗစ်-၁၉ စစ် ဆေးရေးစခန်း

ကြုံတွေ့လိုက်ရတော့သည်။ SAC သည် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲ၌ သောင်ပြိုကမ်းပြို အနိုင်ရခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အစိုးရဖွဲ့ ခွင့်မရစေရန် တားဆီးပိတ်ပင်ခဲ့သည်။ ထိုအချိန်မှစ၍ SAC သည်နိုင်ငံတစ်ခုလုံးကို အပြည့်အဝထိန်း ချုပ်နိုင်စေရန် အစုလိုက်အပြုံလိုက် ဖမ်းဆီးထိန်းသိမ်းခြင်း၊ သပိတ်အဖွဲ့ ဝင်များကို သတ်ဖြတ်ခြင်း၊ (CDM – အစိုးရဝန်ထမ်းများက စစ်အစိုးရအတွက်အလုပ်လုပ်ပေးရန်ငြင်းဆန်သည့်) လူထု အာဏာဖီဆန်ရေးလုပ်ငန်း အားနည်းသွားစေရန် ပစ်မှတ် ထားအရေးယူခြင်းနှင့် သပိတ်လှုပ်ရှားမှုများကို အကာ အကွယ်ပေးရန် ရှေ့ထွက်လာကြသည့် EAOs များကို စစ် ရေးအရ ထိုးစစ်ဆင်တိုက်ခိုက်ခြင်းကဲ့သို့သော အကြမ်းဖက် မှုပြင်းထန်သည့် ခြိမ်းခြောက်အကျပ်ကိုင်မှု လမ်းကြောင်း ကိုစတင်လျှောက်လှမ်းလာခဲ့တော့သည်။ အစိုးရယန္တရား များလုံးဝနီးပါး ရပ်ဆိုင်းသွားခဲ့သဖြင့် ရပ်ရွာအသိုက်အဝန်း ပေါင်းများစွာသည် အကြီးအကျယ်ဆင်းရဲဒုက္ခရောက်ခဲ့ကြ ရသည်။ ကိုဗစ်-၁၉ ၏ ဆိုးကျိုးရိုက်ခတ်မှုကြောင့် စီးပွား ရေးကပ်ဆိုက်မှုကို ရင်ဆိုင်ကြုံတွေ့နေကြရသည့်အထဲ စစ် အာဏာသိမ်းမှု ထပ်မံပေါ်ပေါက်လာခြင်းက မိသားစုပေါင်း များစွာ၏ လူမှုစီးပွားရေး ဘဝအခြေအနေကိုဆိုးသည် ထက်ပို၍ ဆိုးရွားလာစေခဲ့သည်။

ကိုဗစ်-၁၉နှင့် နိုင်ငံရေးအကြမ်းဖက်မှု မျက်နှာစာ နှစ်ခုစလုံး၏ ခြိမ်းခြောက်မှုအန္တရာယ်များကြောင့် ဘဏ် လုပ်ငန်းကဏ္ဍတစ်ခုလုံး ပြိုလဲပျက်စီးလုနီး ဖြစ်လာခဲ့ခြင်း၊ ရန်ကုန်ဆိပ်ကမ်းလည်ပတ်မှု ရပ်ဆိုင်းနေခြင်း၊ ဝန်ထမ်း ရာခိုင်နှုန်းအများစု ဆက်လက်သပိတ်မှောက် တွန်းလှန်နေ ကြခြင်း၊ မြန်မာကျပ်ငွေသည် အမေရိကန်ဒေါ်လာ အပါအဝင် အခြားနိုင်ငံခြား ငွေကြေးများထက် အကြီးအကျယ်တန်ဖိုး ကျဆင်းလာနေခြင်း၊ နိုင်ငံ့အနာဂတ် ရေရာသေချာမှု မရှိ တော့သဖြင့် စားသုံးသူပြည်သူများ၏ ငွေကြေးသုံးစွဲနိုင်မှု နည်းပါးလာခြင်းတို့အပြင် ဈေးဆိုင်နှင့် စီးပွားရေးလုပ်ငန်း အများအပြား ပိတ်သိမ်းသွားခဲ့ခြင်းက ကမ္ဘာ့ကပ်ရောဂါ ကြောင့်အလုပ်အကိုင်ဆုံးရှုံးရမှု မြင့်မားနေပြီးသား အခြေ အနေကို အဆင်းဘီးတပ်ပေးသလိုဖြစ်သွားခဲ့ပြီး အလုပ်လက် မဲ့နှုန်း အကြီးအကျယ် မြင့်တက်လာစေလျက်ရှိသည်။[၁၇၁]

ဤအကြောင်းတရားများအားလုံးက ဘိန်းစိုက်ပျိုး မှုလှိုင်းလုံးသစ်တစ်ခု ထပ်မံပေါ်ပေါက်လာစေရန် မီးထိုး ပေးလျက်ရှိသည်။ အာဏာသိမ်းလုဆဲဆဲ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ဘိန်းစိမ်းပေါက်ဈေးများ ပြန်လည်မြင့် တက်သွားခဲ့ခြင်းဖြစ်သည်။ ယခုသုတေသနအတွင်း တွေ့ ဆုံမေးမြန်းခဲ့သည့် ဘိန်းစိုက်တောင်သူများက မိမိတို့ကျေး ရွာများသို့ ဘိန်းစိမ်းလာရောက်ဝယ်ယူသည့် ပွဲစားများ သိ သိသာသာများပြားလာသည်ဟု ပြောဆိုသွားခဲ့သည်။ မြန် မာနိုင်ငံထွက် ဘိန်းမည်းနှင့် ယင်းမှဆင်းသက်လာသည့် ဘိန်းဖြူဝယ်လိုအားများ စဉ်ဆက်မပြတ်ရှိနေခြင်းက ခြံဝ ကောက်ဘိန်းစိမ်းပေါက်ဈေးများ ပြန်လည်မြင့်တက်လာ စေရန် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ထင်ရှားနေပြီး ဘိန်းအခြေခံ မူးယစ်ဆေးဝါးဈေးကွက်၌

ပါဝင်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံသူများနှင့် ကုန်သည်ပွဲစားများကလည်း အလိုက်သင့်မီးစင်ကြည့်ကာ၍ လှေကြုံစီးလိုက်ပါလာကြသည်။ ယခုအစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ရှေ့နှစ်များအတွင်း ဘိန်းဝယ်လိုအားကျဆင်းလာပြီး ATS ပြောင်းလဲ သုံးစွဲမှုများ မြင့်တက်လာခဲ့ခြင်းကြောင့် မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အတိုင်းအတာတစ်ခုအထိ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။ မည်သို့ဆိုစေကာမူ မြန်မာနိုင်ငံထွက် သွင်းအားစုများက ဝယ်လိုအားအောက်ရောက်ရှိနေခဲ့ပုံရပြီးယင်းကွာဟချက်ကိုဈေးကွက်ကပြန်လည်ချိန်ခွင်လျှာညှိခြင်း ဖြစ်သည်ဟု သုံးသပ်ယူဆနိုင်ပါသည်။

ပအိုဝ်းတောင်သူတစ်ဦးက စစ်အာဏာသိမ်းပြီးနောက်ဆက်စပ်စီးပွားရေးနှင့် ဘဏ်လုပ်ငန်းအကျပ်အတည်းများပေါ်ပေါက်လာခဲ့ပြီးနောက်ပိုင်း နယ်ခံများအကြား ငွေကြေးစုဆောင်းသည့်အနေဖြင့် ဘိန်းဝယ်ယူသိုလှောင်ထားရန်ပို၍ စိတ်အားထက်သန်လာကြသည်ဟု ပြောဆိုသွားခဲ့သည်။ ထို့အပြင် လမ်းမတစ်လျှောက် စစ်ဆေးရေးဂိတ်များနည်းပါးလာခြင်းကြောင့်ဘိန်းကောက်မည့်ကုန်သည်ပွဲစားများပိုမိုလာရောက်ကြခြင်း ဖြစ်နိုင်သည်ဟုလည်း တောင်သူများယုံကြည်လျက်ရှိသည်။

အတိတ်ကာလများ၌ ရပ်ရွာလူထုများသည် ဆက်လက်အသက်မွေးဝမ်းကျောင်း ပြုနိုင်စေသည့် နည်းလမ်းတစ်ခုအဖြစ် ရွှေ့ပြောင်းအလုပ်လုပ်ရန် ရွေးချယ်နိုင်ခဲ့ကြသော်လည်း ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုက အဆိုပါလမ်းကြောင်းကို တံခါးပိတ်သွားစေခဲ့သည်။ သို့ဖြစ်၍ တောင်သူများအနေဖြင့် ၎င်းတို့စားဝတ်နေရေးအတွက် အဓိကမှီခိုအားထားရာ နည်းလမ်းဖြစ်နေသည့် ဘိန်းစိုက်ပျိုးရေးအပေါ် ပို၍မှီခိုရရန် အကြောင်းဖန်လာခဲ့တော့သည်။ ရန်ကုန်နေ အရပ်ဖက်လူ့အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးက ဤသို့ ပြောဆိုသွားခဲ့သည်။


“ဘိန်းစပြီး စိုက်ပျိုးကြရတော့မယ့် မိုးရာသီဝင်လာခဲ့ပေမယ့် နဂိုရှိရင်းစွဲနဲ့ အသစ်ပေါ်လာခဲ့တဲ့ လက်နက်ကိုင် ပဋိပက္ခတွေကြောင့် ကျေးလက်တောင်သူတွေဟာ သူတို့အခင်းဆီသွားနိုင်ဖို့ အခက်အခဲဖြစ်နေကြတယ်။ ဒီလိုနယ်မြေ မတည်ငြိမ်မှုတွေကလွယ်လွယ်နဲ့ပြီးသွားမယ့်ပုံ မပေါ်သေးဘူး။ ပုံမှန်အချိန်တွေမှာဆိုရင် ကျေးလက်နေ လူထုလူတန်းစားတွေအတွက် အိမ်နီးချင်းနိုင်ငံတွေဆီကိုသွားပြီး ရွှေ့ပြောင်းအလုပ်သမား လုပ်ကြတာက အရေးပါတဲ့ အသက်မွေးဝမ်းကျောင်းဗျူဟာတစ်ခု ဖြစ်ခဲ့တယ်ဆိုပေမယ့် မြန်မာနိုင်ငံအပါအဝင်အရှေ့တောင်အာရှဒေသတစ်ခုလုံးကို ကိုဗစ်–၁၉တတိယလှိုင်းကဝါးမြိုသွားခဲ့ပြီးတဲ့နောက်ပိုင်းလမ်းကြောင်းတွေ အကုန်ပိတ်သွားခဲ့တယ်။ မကြာခင်မှာ မြန်မာနိုင်ငံအနေနဲ့ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ကြုံတွေ့လာရတော့မယ့် လူသားချင်းစာနာထောက်ထားရေး ကပ်ဆိုးကြီးက မကြုံဖူးလောက်အောင်ကို ပြင်းထန်သွားနိုင်ပြီး ပြန်လည်နလံထူနိုင်ဖို့ ဆိုတာက အတော်လေး အချိန်ယူရပါလိမ့်မယ်။”

UNODC ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက

“ဘိန်းစီးပွားရေးဆိုတာက တကယ့်ကို ဆင်းရဲသားစီးပွားရေးတစ်ခုပါပဲ။ သူ့ရဲ့လည်ပတ်မှုပုံစံက တရားဝင်စီးပွားရေးလုပ်ငန်းတွေရဲ့ လည်ပတ်မှုပုံစံနဲ့ ဆန့်ကျင်ဖက်ဖြစ်နေတတ်တယ်။ လူတွေအနေနဲ့ ဒီစီးပွားရေးကနေ ထွက်သွားခဲ့ရင်တောင် ပိုက်ဆံရှာဖို့ လိုအပ်နေဆဲဖြစ်တဲ့အတွက် သူတို့တစ်နည်းနည်းနဲ့ ပိုက်ဆံရှာနိုင်တဲ့နေရာတွေကိုလိုက်ရှာကြပါလိမ့်မယ်။အများအားဖြင့် ဆင်းရဲတဲ့အရပ် ဒေသတွေနဲ့ ဆင်းရဲနွမ်းပါးမှု



၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၌တွေ့ရသည့် ရန်ကုန်မြို့ပေါ်သပိတ်အဖွဲ့ဝင်များ



ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်အတွင်းရှိ ဘိန်းခင်းတစ်ခု

ဒဏ်သင့်နေတဲ့ နယ်မြေဒေသက လူတွေအနေနဲ့ ဘိန်းစီးပွားရေးကနေပဲ ပိုက်ဆံရှာဖို့ ကြိုးစားကြလေ့ရှိတယ်။ အတိတ်သမိုင်းကသာ မှားယွင်းမှု မရှိခဲ့ဘူးဆိုရင်တော့ နောက်လာမယ့် ၁၂ လ သို့မဟုတ် ၁၈ လ အတွင်း ကျနော်တို့အနေနဲ့ တိုးချဲ့စိုက်ပျိုးမှုတွေကို မြင်လာရဖို့ ရှိနေပါတယ်။ ဒီနိုင်ငံရဲ့သမိုင်းကြောင်းတစ်လျှောက် အခုလိုမျိုးပဲ သံသရာလည်နေခဲ့တာပါ” ဟု ပြောဆိုသွားခဲ့သည်။[၁၇၂]

ကချင်မြေသုတေသနစင်တာ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ ဒန်ဆိုင်းလောန်က အောက်ပါအတိုင်း ၎င်း၏ လေ့လာတွေ့ရှိချက်ကို မျှဝေသွားခဲ့သည်။

“ဘိန်းစိုက်ပျိုးရေးဆိုတာ ဘယ်တုန်းကမှ ရပ်မသွားခဲ့ဖူးပါဘူး။ ဒါနဲ့ပတ်သက်ပြီးပြောရရင် အခုချိန်က ဘိန်းကိုတိုးချဲ့စိုက်ပျိုးဖို့ အကောင်းဆုံးအချိန်ပါပဲ။ ဆာလောင်နေကြတဲ့ပါးစပ်ပေါက်တွေအများကြီးရှိနေကြတဲ့အတွက် ကျနော့အထင် တကယ်လို့သာ ဘိန်းစိုက်တောင်သူတွေအနေနဲ့ ဒီကာယလုပ်သားတွေကိုအလုပ်ပေးနိုင်မယ် ဒါမှမဟုတ် အလားတူတစ်ခုခု လုပ်ပေးနိုင်မယ်ဆိုရင် ဒီလူတွေအနေနဲ့ သွားကြမှာပါပဲ။”[၁၇၃]

လတ်တလော မြေပြင်အောက်ခြေမှ တက်လာခဲ့သည့်အစီရင်ခံစာများကလည်း မြန်မာနိုင်ငံတွင်း နယ်မြေဒေသအများစု၌ပုံမှန်အားဖြင့်စက်တင်ဘာလမှအောက်တိုဘာလအတွင်း စတင်စိုက်ပျိုး၍ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလဝန်းကျင်၌ ဘိန်းခြစ်ယူလေ့ရှိသည့် ယခုနှစ်စိုက်ပျိုးရာသီအတွင်း ဘိန်းစိုက်ပျိုးမှုများ ပို၍တိုးပွားမြင့်တက်လာလိမ့်မည်ဟု ခန့်မှန်းဖော်ပြထားကြသည်။[၁၇၄] ရှမ်းပြည်နယ်တောင်ပိုင်းဒေသမှ CSO ကိုယ်စားလှယ်တစ်ဦးက ဤသို့ ပြောဆိုသွားခဲ့သည်။

“အာဏာသိမ်းပြီးတဲ့နောက်မှာ အသက်မွေးဝမ်းကျောင်းပြုရတာ တောင်သူတွေအတွက် အရမ်းခဲယဉ်းကျပ်တည်းလာကြတဲ့အတွက် ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားသူတွေ တဖြည်းဖြည်း များလာကြတယ်။ စစ်တပ်ဖက်က သူတို့သိမ်းယူထားတဲ့ မြေယာတွေကိုလည်းပိုင်ရှင်တွေကိုပြန်မပေးသေးသလို အခြားသီးနှံတွေအတွက် ဈေးကွက်ကလည်း မရှိဖြစ်နေရတဲ့အထဲ သယ်ယူပို့ဆောင်ရေးကိုလည်း နည်းမျိုးစုံနဲ့ ပိတ်ဆို့ထားကြတယ်။ ဒီနှစ်တော့ ဘိန်းလာဖျက်တာမျိုး မရှိသေးဘူးဆိုပေမယ့် ဘာတွေဖြစ်လာမလဲ ဘယ်သူမှ ကြိုမသိနိုင်ဘူးလေ။”[၁၇၅]

ဟိုပုံးမြို့ခံ ဘိန်းစိုက်တောင်သူတစ်ဦးကလည်း

"အရေးအခင်းဖြစ်နေတဲ့ အခုလိုကာလမျိုးဆိုရင်ဘိန်းဈေးအရမ်းကောင်းတယ်။ ရလဒ်အနေနဲ့ ဘိန်းစိုက်တာတွေ အရမ်းများလာတယ်။ ပြီးတော့ ဘိန်းလည်း လာမဖျက်ကြ ဘူးလေ [ဒီနှစ်စိုက်ပျိုးရာသီ]။ အခုလိုအချိန်က နှစ်တစ်နှစ်ရဲ့ စိုးရိမ်စရာအကောင်းဆုံးအချိန်ပါပဲ။ ကျနော်တို့ရဲ့ ဘိန်းခင်းတွေကို လာမဖျက်ကြပါစေနဲ့လို့ပဲ ဆုတောင်းနေရတယ်" ဟု ဖြည့်စွက်ပြောဆိုသွားခဲ့သည်။[၁၇၆]

MOFF ကိုယ်စားလှယ်တစ်ဦးကလည်း

"အဓိကကတော့ ကိုဗစ်–၁၉ နဲ့ စစ်အာဏာသိမ်းမှုတို့ရဲ့ နောက်ဆက်တွဲ အနေနဲ့ ဒီနှစ်အတွင်း ဘိန်းစိုက်ပျိုးတာ ပိုပြီးများလာတယ်။ အခြားသီးနှံတွေဆီက နေဝင်ငွေရနိုင်ဖို့ အခွင့်အရေးတော်တော်နည်းသွားပြီ။ ဥပမာ ရှမ်းပြည်နယ်တောင်ပိုင်းမှာ နိုင်ငံခြားပို့ကုန်အနေနဲ့ စိုက်ပျိုးကြတဲ့ ကော်ဖီဈေးကွက်က စစ်အာဏာသိမ်းမှုနဲ့ ကိုဗစ်–၁၉ ကန့်သတ်ချက်တွေကြောင့် တော်တော်ကျသွားပြီ။ ပြီးတော့ဒီနှစ်မှာတော့ အခုချိန်အထိ ဘိန်းလာဖျက်တာမျိုး မရှိသေးဘူး။ ကျနော့်စိတ်ထင် ဘိန်းစိုက်ကြတဲ့ ဒေသတိုင်းမှာ စိုက်ပျိုးမှုတွေ မြင့်တက်နေလောက်ပြီ။ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာတော့ ဘိန်းဈေးတက်သွားတဲ့အတွက် စိုက်ပျိုးမှုတွေ မြင့်တက်လာတာပါ"[၁၇၇] ဟု ဆွေးနွေးသုံးသပ်သွားခဲ့သည်။

စစ်အာဏာသိမ်းပြီးနောက် မြေပြုရာကင်းမှောက်ဖြစ်လာသည့် ပြဿနာတစ်ခုမှာ အနောက်တိုင်းအလှူရှင်များက မြန်မာနိုင်ငံကိုပေးအပ်မည့် ဖွံ့ဖြိုးရေးအကူအညီများကို ဆိုင်းငံ့လိုက်သည့်ကိစ္စဖြစ်သည် (အထက်တွင် ဖော်ပြထားသည့် "မြန်မာနိုင်ငံတွင်း အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေး" ကဏ္ဍကိုကြည့်ပါ)။ ဤဆိုင်းငံ့မှုကြောင့် ဘိန်းစိုက်ဒေသများ၌ မှီတင်းနေထိုင်လျက်ရှိသည့် လူထုလူတန်းစားများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုထောက်ပံ့ကူညီပေးမည့် ဘိန်းအစားထိုး ဖွံ့ဖြိုးရေး (AD) လုပ်ငန်းများနှင့် အခြားဖွံ့ဖြိုးရေးအစီအစဉ်များ၏ ရန်ပုံငွေအထောက်အပံ့များ ချက်ခြင်းဆိုသလို ထိခိုက်နစ်နာသွားတော့သည်။

အလားတူပင် မူးယစ်ဆေးဝါး သုံးစွဲသူများနှင့် အသေးအဖွဲ ရောင်းဝယ်ကြသူများအပါအဝင် ဒေသတွင်းရင်းမြစ်များကလည်း စစ်အာဏာသိမ်းပြီးကတည်းက လုံခြုံရေးအင်အားစုများကို စစ်ကောင်စီဆန့်ကျင်ရေး လှုပ်ရှားမှုများကို လိုက်လံဖြိုခွဲနှိမ်နင်းမှုများ ပြုလုပ်ရန် အသုံးပြုထားရသဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများ အခြေခံအားဖြင့် ရပ်တန့်သွားခဲ့သည်ဟု ပြောဆိုသွားခဲ့ကြသည်။ ပြည်တွင်းရင်းမြစ်တစ်ခုက ကိုဗစ် –၁၉ ဘေးဆီးရန်ကာနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အလေးပေးဖော်ဆောင်နေရသဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးယန္တရားများကို အတိုင်းအတာတစ်ခုအထိ မျက်နှာလွှဲထားရသည်ဟု ပြောဆိုသွားခဲ့သည်။

"လူချင်းထိတွေ့မှုကနေတစ်ဆင့် ကူးစက်ခံရလာနိုင်တဲ့အန္တရာယ်ကို အတတ်နိုင်ဆုံးလျှော့ချသွားဖို့ မူးယစ်ဆေးဝါးထွက်တဲ့ ဒေသတွေကနေထွက်လာတဲ့ ယာဉ်တွေနဲ့ ကုန်စည်တွေကို ပုံမှန်ရပ်တန့်စစ်ဆေးတာတွေနဲ့ ကင်းလှည့်တာတွေ အားလုံးနီးပါးကို ခဏနားထားရတယ်။ မူးယစ်ဆေးဝါးစီးပွားရေးကတော့ အထူးသဖြင့် ရှာဖွေဖမ်းဆီးခံရနိုင်တဲ့ အန္တရာယ် မဆိုစလောက်ကနေ လုံးဝမရှိတဲ့ အခြေအနေမျိုးနဲ့ မူးယစ်ဆေးဝါးသယ်ယူပို့ ဆောင်တာတွေ ဆက်သွယ်ချိတ်ဆက်တာတွေလုပ်ဖို့ ကိုဗစ်အခင်းအကျင်းကို အလျင်အမြန်ပဲလိုက်လျောညီထွေ အသုံးချသွားကြတယ်။"

မူးယစ်ဆေးဝါးစီးဆင်းမှု အထူးသဖြင့် မြို့ကြီးပြကြီးများသို့ ဘိန်းဖြူနှင့် ATS စီးဝင်မှုသည် ကိုဗစ်–၁၉ ပထမလှိုင်းကတည်းက တစ်ရှိန်ထိုး မြင့်တက်သွားခဲ့သည်။ အထက်ပါပြည်တွင်းရင်းမြစ်ကပင်လျှင် "စစ်အာဏာသိမ်းပြီးတဲ့နောက်ပိုင်း လုံခြုံရေးအင်အားစုမှန်သမျှ သပိတ်တွေနဲ့ စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေးဆန္ဒပြပွဲ တွေကိုချည်း လိုက်ဖြိုခွဲနှိမ်နင်း နေရတဲ့အတွက် မြို့ပြဒေသတွေဆီကို မူးယစ်ဆေးဝါးတွေ အတားအဆီးမရှိ ဝါးလုံးထိုးကို အလုံးအရင်းနဲ့ လိမ့်ဝင်လာတော့တာပေါ့။ စစ်ကောင်စီဆီမှာ လူအင်အားပြတ်နေပြီဖြစ်သလို အခြားတစ်ဖက်မှာလည်း မူးယစ်ဆေးဝါးက ဘယ်တုန်းကမှ သူတို့ရဲ့ဦးစားပေး မဟုတ်ခဲ့ဘူးလေ။ နိုင်ငံကိုတည်ငြိမ်အောင် အမြန်ဆုံးထိန်းသိမ်းဖို့နဲ့ သူတို့ကို အလုံးအရင်းနဲ့ ဆန့်ကျင်တော်လှန်နေတာတွေကို အဆုံးသတ်ရမယ့်ကိစ္စထက်စာရင် မူးယစ်ဆေးဝါးက သူတို့ကိုလုံခြုံရေးအရ ခြိမ်းခြောက်မှု ရှိမနေတာလည်းပါတာပေါ့" ဟု ဆက်လက်သုံးသပ်ပြောဆိုသွားခဲ့သည်။

ရန်ကုန်ရှိ မူးယစ်ဆေးဝါးသုံးစွဲသူများကွန်ရက်မှ ကိုယ်စားလှယ်တစ်ဦးက စစ်အာဏာသိမ်းပြီးနောက် ဘိန်းဖြူနှင့် ATS ဈေးနှုန်းများ သိသိသာသာကျဆင်းသွားခဲ့သလို ပို၍ကျယ်ကျယ်ပြန့်ပြန့် အလွယ်တကူ လက်လှမ်းမီလာသည်ဟု သုံးသပ်ပြောဆိုသွားခဲ့သည်။

"ရန်ကုန်မှာ ဘိန်းဖြူပင်နီဆလင် တစ်ပုလင်းကို အရင်တုန်းကဆိုရင် ၁၅၀၀၀ လောက်ပေးရပေမယ့် အခုဆိုရင် ၃၀၀၀ ကနေ ၄၀၀၀ ကျပ်ဝန်းကျင်ပဲရှိတော့တဲ့အပြင် ရောင်းတဲ့သူတွေက အေးဆေးဖိမ်ယူပြီး အကြောထဲထိုးလို့ရတဲ့နေရာတွေနဲ့ဆေးထိုးအပ်တွေကိုပါအဆစ်ပေးနေကြပြီ။ ဆိုတော့ မူးယစ်ဆေးဝါးတွေ မြို့ကြီးတွေဆီကိုလာတဲ့လမ်းမှာ ဘာမှကို အတားအဆီးမရှိတော့သလိုဖြစ်နေပြီ။"

သို့သော်လည်း မလွဲသာမရှောင်သာသည့် ကိစ္စရပ်တစ်ခုအဖြစ် ပြည်တွင်း၌ လူမှုရေးနှင့် နိုင်ငံရေးအကွဲအပြဲများထူပြောလာပြီး စဉ်ဆက်မပြတ် အကြမ်းဖက်မှုများ ပို၍ဆိုးရွားလာလျက်ရှိသည်။စစ်ကောင်စီဖက်မှတိုင်းရင်းသားနယ်စပ်ဒေသများရှိ ပဋိပက္ခဇုံများအတွင်းရှိ EAO များနှင့်စစ်အစိုးရကို ဆန့်ကျင်တော်လှန်လျက်ရှိသည့် အင်အားစုများကို တန်ပြန်တိုက်ခိုက်ရန် တပ်မတော် ကျောထောက်နောက်ခံပြုထားသည့် ပြည်သူ့စစ်တပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်များကို ပို၍အသုံးပြုလာလျက်ရှိသည်။ တပ်မတော်၏ တရားဝင်ထိန်းချုပ်မှုအောက်ရှိ အထူးသဖြင့်ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များရှိ ပြည်သူ့စစ်တပ်ဖွဲ့များနှင့် BGFs အများအပြားသည် မူးယစ်ဆေးဝါးကုန်ကူးမှု၊ ကက်စီနိုလောင်းကစားရုံများနှင့် သတ္တုတူးဖော်ရေးလုပ် ငန်းများအပါအဝင် တရားမဝင်လုပ်ငန်းမှန်သမျှ၌ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်လျက်ရှိသည်။ တရားဝင်စီးပွား ရေးပြိုလဲလာခြင်းနှင့်အတူ စစ်ကောင်စီနှင့်ပြည်သူ့စစ်တပ်ဖွဲ့များ အနေဖြင့် ၎င်းတို့၏ဝင်ငွေအတွက် တရားမဝင် စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေများအပေါ်တိုး၍မှီခိုလာလျက်ရှိသည်ဟု ပြည်တွင်းစောင့်ကြည့်လေ့လာသူများ၏ ယုံကြည်ယူဆချက်သည် နောင်လာမည့်နှစ်ပေါင်းများစွာအထိ မြန်မာနိုင်ငံအတွက် ဆိုးရွားပြင်းထန်လှသည့် လူမှုရေး၊ နိုင်ငံရေးနှင့် လူသားချင်းစာနာထောက်ထားရေး ရိုက်ခတ်မှုများကို ဆောင်ကျဉ်းလာတော့မည့် မှောင်အတိပြီးသည့် အနာဂတ်အလားအလာတစ်ခုဖြစ်နေသည်။[၁၇၈]

အချို့သောရင်းမြစ်များကမြန်မာနိုင်ငံတွင်းအရေးအခင်းသည် မူးယစ်ဆေးဝါးထုတ်လုပ်သူများနှင့် ကုန်ကူးသူများအတွက် ရွှေရောင်အခွင့်အလမ်းတစ်ခုဖြစ်နေသည်ဟုပြောဆိုသွားခဲ့သည်။ UNODC ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တစ်ဦးက

"မြန်မာနိုင်ငံရဲ့ ကသောင်းကနင်းဖြစ်မှုမှာ ဒုစရိုက်ဂိုဏ်းကြီးတွေနဲ့ သူတို့ရဲ့ မြန်မာပြည် အရှေ့ပိုင်းကမဟာမိတ်ပြည်သူ့စစ်တပ်ဖွဲ့တွေက ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှုကြောင့် ပေါ်ထွက်လာတဲ့ ပရမ်းပတာအခြေအနေတွေကို အသုံးချပြီး သူတို့ရဲ့ ထိန်းချုပ်နယ်မြေ ချဲ့ထွင်နိုင်အောင် ထောက်မပေးမယ့်အောင်မြင်မှု အခွင့်အလမ်းတွေအဖြစ် အသုံးချသွားဖို့ကြံနေကြတယ်။ အတိတ်တုန်းက လုပ်ဆောင်ချက်တွေက အနာဂတ်မှာ ဖြစ်ပေါ်လာမယ့်အရာတွေကိုကြိုတင်နမိတ်ဖတ်ပေးတာ ဆိုရင်တော့ ကျနော်တို့အနေနဲ့ နောက်ထပ်ဓာတုအခြေခံ မူးယစ်ဆေးဝါးတွေ ဖုံးဘောလအောဖြစ်လာတာကို မြင်ရဖို့ရှိနေပါတယ်။ ငွေလုံးငွေရင်းတွေကို အမြန်ဆုံးဖော်နိုင်တဲ့ အကောင်းဆုံးနည်းလမ်းက မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်တာမို့ ပဟေဠိအပိုင်းအစတွေ နေရာကျနေတာကိုကြည့်ရင် အလုံးအရင်းနဲ့ မြင်တက်လာဖို့ရှိနေပါတယ်" ဟုပြောဆိုသွားခဲ့သည်။[၁၇၉]

ဤအရွေ့မည်မျှကြာအောင် သက်ဆိုးရှည်နေမည်ဖြစ်ကြောင်း အခိုင်အမာကောက်ချက်ချနိုင်ရန် စောလွန်းနေသေးသည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော်လည်း မြန်မာပြည်တွင်း အာဏာသိမ်းမှုအပါအဝင် နိုင်ငံရေးနှင့် စီးပွားရေးမတည်ငြိမ်မှုများ နိုးထလာခြင်းက နယ်ခံလူထုလူတန်းစားများအနေဖြင့် ဘိန်းစိုက်ပျိုးရေးအပေါ် ပို၍မှီခိုအားထားလာရနိုင်ပြီး တပ်မတော်၏ထိန်းချုပ်မှုအောက်ရှိပြည်သူ့စစ်တပ်ဖွဲ့များနှင့် ဒုစရိုက်ဂိုဏ်းများ၏ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ကုန်ကူးမှုများ မြင့်တက်လာမည့်အရေးကို ရှင်းလင်းပြတ်သားစွာ သတိပေးနေခဲ့ပြီဖြစ်သည်။ တစ်ချိန်တည်းလိုလို၌ ဆင်းရဲတွင်းနက်လှသည့် ထိလွယ်ရှလွယ် လူထုလူတန်းစားများကို ထောက်ပံ့ကူညီလျက်ရှိသည့် အကူအညီများ ဆက်တိုက်ကျဆင်းလာလျက်ရှိသည်။



ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဘိန်းစိုက်ခင်းတစ်ခု၌ ဘိန်းခြစ်ယူနေသည့် တောင်သူတစ်ဦး

## ၆။ နိဂုံးချုပ်သုံးသပ်ချက်နှင့် ထောက်ခံအကြံပြုချက်များ

၁၉၉၀ ပြည့်လွန်နှစ် အလယ်ပိုင်းခန့်မှစ၍ မြန်မာနိုင်ငံသည် ကမ္ဘာ့ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံး နိုင်ငံအဖြစ် ဆက်လက်ရပ်တည်ခြင်း မရှိတော့ပေ။ ပြည်တွင်းနှင့် နိုင်ငံတကာမောင်းနှင်အား အများအပြား၏ စုပေါင်းရိုက်ခတ်မှုကြောင့် ဤကဲ့သို့ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။ ပထမအချက်အနေဖြင့် မြန်မာပြည်ထွက် ဘိန်းဖြူများသည် အမေရိကန်နှင့် ဥရောပမူးယစ်ဆေးဝါးဈေးကွက်များကိုလက်လွတ်ဆုံးရှုံးခဲ့ရပြီး ယင်းနေရာ၌ အဓိကအားဖြင့် ကိုလံဘီယာ၊ မက္ကဆီကန်နှင့် အာဖဂန်နစ္စတန်ဘိန်းဖြူများ အသီးသီး ဝင်ရောက်အစားထိုးသွားခဲ့ကြသည်။ "ပူပေါင်းသက်ရောက်မှု" ဟုသိကြသည့်ဖြစ်စဉ်အရ ဘိန်းစိုက်ပျိုးမှုတစ်ချို့တစ်ဝက်သည် ရှမ်းပြည်နယ်တွင်း အခြားနယ်မြေဒေသများသို့ ရွှေ့ပြောင်းရောက်ရှိသွားခဲ့သော်လည်း ယခင်အချိန်က မြန်မာနိုင်ငံအတွင်း ဘိန်းအဓိကအများဆုံး စိုက်ပျိုးခဲ့ကြသည့် မုန်းလား၊ ကိုးကန့်နှင့် 'ဝ' ဒေသများ၌ ဘိန်းတိုက်ဖျက်ရေး လုပ်ငန်းများကို တင်းကျပ်စွာ ဖိဖိစီးစီးအကောင်အထည်ဖော်ခဲ့ခြင်းကလည်း ဤကဲ့သို့ ကျဆင်းသွားစေရန်များစွာ အထောက်အကူပြုခဲ့သည်။ မည်သို့ဆိုစေဘိန်းစိုက်ပျိုးမှု တစ်ခုလုံးကို ခြုံငုံသုံးသပ်ကြည့်ပါက ထိုအချိန်မှစ၍မြန်မာနိုင်ငံ၏ဘိန်းစိုက်ပျိုးမှုသည် ပျမ်းမျှအားဖြင့်တစ်နှစ်လျှင် ဟက်တာ ၃၀၀၀၀ မှ ၆၀၀၀၀ ဝန်းကျင်၌ ဆယ်စုနှစ်တစ်ခုစာမျှ အတိုင်းအတာတစ်ခုအထိ တည်ငြိမ်နေခဲ့သည်။ယုံကြည်အားထားရလောက်သည့်ကိန်းဂဏန်းအချက်အလက်များ မရှိခဲ့လင့်ကစား ထိုအချိန်ဝန်းကျင်၌ အရှေ့မြောက်အိန္ဒိယဒေသတစ်လွှား ဘိန်းစိုက်ပျိုးမှု အတိုင်းအတာတစ်ခုအထိ မြင့်တက်သွားခဲ့ကြောင်း သုံးသပ်ပြောဆိုမှုများရှိခဲ့သည်။

ဘိန်းစိုက်ပျိုးမှုများကို မြန်မာနိုင်ငံ၏ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတစ်လွှားရှိ ပြင်ပကမ္ဘာနှင့် အဆက်အဆံနည်းပါးသည့် ဝေးလံခေါင်သီ၍ တောင်ကုန်းတောင်တန်းထူထပ်သည့် နယ်မြေဒေသများ၌ အများဆုံးစိုက်ပျိုးကြပြီး အရှေ့မြောက်အိန္ဒိယဒေသကိုကြည့်ပါက မဏိပူရ်း နှင့် အရုဏာချာပရာဒေ့ရှ်ပြည်နယ်များ၌ အများဆုံးစိုက်ပျိုးကြသည်။ ဘိန်းစိုက်ပျိုးမှုကိုပုံမှန်အားဖြင့် ကုန်းမြင့်ဒေသနေတိုင်းရင်းသားလူထုလူတန်းစားများအကြား အစားအသောက်နှင့် အခြား

အခြေခံအိမ်သုံးပစ္စည်းများ ဝယ်ယူရန်၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်စေရန် ဝင်ငွေရသီးနှံတစ်ခုအဖြစ် စိုက်ပျိုးကြခြင်းဖြစ်သည်။ ဒေသအလိုက်ကွာခြားမှု အနည်းအကျဉ်း ရှိတတ်သော်လည်း အဆိုပါဒေသများသည်ဥပမာအားဖြင့်လက်နက်ကိုင်ပဋိပက္ခဒဏ်၊ စီးပွားရေးနှင့် နိုင်ငံရေးအရ ဖယ်ကြဉ်ခံရမှုဒဏ်များကို နှစ်ရှည်လများ ခါးစည်းခံလာရသည့် အခြေအနေချင်း တူညီလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ဤကဲ့သို့သော ရပ်ရွာများအတွက် ဘိန်းစိုက်ပျိုးမှုသည် မရှိမဖြစ်လိုအပ်သည့် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းတစ်ခုဖြစ်နေပြီး ၎င်းတို့၏ နေ့စဉ်ရှင်သန်ရေးအတွက် လိုအပ်သည့်အရာများကိုထောက်ပံ့ပေးလျက်ရှိသည်။ ထို့အပြင် တစ်နေရာနှင့်တစ်နေရာ ကျင့်သုံးမှုပုံစံချင်းကွာခြားလေ့ရှိပြီး အချို့ဒေသများ၌ ဆက်လက်ကျင့်သုံးမှု မရှိတော့သော်လည်း အဆိုပါနယ်မြေဒေသများ၌ ဘိန်းကို ယဉ်ကျေးမှုနှင့် ရိုးရာအခမ်းအနားသုံး ရည်ရွယ်ချက်များအတွက် သော်လည်းကောင်း တိုင်းရင်းဆေးဝါးတစ်လက်အဖြစ် သော်လည်းကောင်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြဆဲဖြစ်သည်။

မြန်မာနိုင်ငံနှင့် အရှေ့မြောက်အိန္ဒိယဒေသများ၌ ဘိန်းစိုက်ပျိုးမှုများ ဆက်ရှိနေခြင်းက အထိရောက်ဆုံးအခြေအနေမျိုး၌ပင်လျှင် အခြားနယ်မြေသစ်များသို့ ဘိန်းခင်းများကို ရွှေ့ပြောင်းရောက်ရှိသွားစေသည့် ရလဒ်မျိုးကိုသာ ဆောင်ကျဉ်းပေးနိုင်သည့် ဘိန်းစိုက်ပျိုးမှုတားမြစ်၍ ဘိန်းခင်းများကို လိုက်လံဖျက်ဆီးသည့် လုပ်ငန်းများ ထိရောက်အကျိုးဖြစ်ထွန်းမှု မရှိကြောင်း သက်သေပြလျက်ရှိသည်။ လိုအပ်သည့် အကူအညီများကို ထောက်ပံ့ကူညီပေးခြင်းမရှိဘဲ ဘိန်းခင်းများကို အတင်းအကျပ် လိုက်လံဖျက်ဆီးခြင်းနှင့် ဖိနှိပ်မှုပြင်းထန်သည့် အရေးယူဆောင်ရွက်ချက်များသည် အခြားရွေးချယ်စရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အထောက်အပံ့များ ပေးအပ်ခြင်းမရှိဘဲ ၎င်းတို့၏ဆာလောင်ငတ်မွတ်မှုမှ ကင်းလွတ်သည့် ဘဝမျိုး၌ နေထိုင်ပိုင်ခွင့်နှင့် ၎င်းတို့သားသမီးများ၏ ပညာသင်ပိုင်ခွင့် အခွင့်အရေးများကို လုယူဖျက်ဆီးခံနေရသည့် တောင်သူများနှင့် အခြားထိခိုက်နိုင် ခြေမြင့်မားသည့် လူထုလူတန်းစားများ၏လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ လူ့အခွင့်အရေးများကို ချိုးဖောက်ရာ ရောက်လျက်ရှိသည်။ တားဆီးဟန့်တားရန်ကြိုးပမ်းအားထုတ်မှုများနှင့် ဖိနှိပ်မှုပြင်းထန်သည့် အရေးယူဆောင်ရွက်ချက်များသည် ဘိန်းစိုက်တောင်သူအသိုက်အဝန်းများ ရင်ဆိုင်ကြုံတွေ့နေကြရသည့် မည်သည့်ပြဿနာကိုမျှ ပြေလည်သွားစေနိုင်ခြင်းမရှိဘဲ အစာရေစာပြတ်လပ်မှုဒဏ်၊ ဆိုင်းငံ့ချေးငွေနှင့် ဈေးကွက်များကို လက်လှမ်းမီနိုင်မှုမရှိသည့်ဒဏ်၊ မြေယာလက်လှမ်းမီနိုင်မှု လျော့နည်းကျဆင်းလာစေသည့် ဖိအားဒဏ်နှင့် နိုင်ငံရေးတည်ငြိမ်မှုပျက်ပြားခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခ ဒဏ်များကိုသာ နေ့တဓူဝ ဆက်လက်ခါးစည်းခံရစေရန် တွန်းပို့ပေးလျက်ရှိသည်။

အဆိုးဆုံးအချက်အနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ဘိန်းခင်းများကို လိုက်လံဖျက်ဆီးသည့်လှုပ်ရှားမှုများသည် တောင်သူများ၏ ဘဝများအပေါ်ဆိုးရွားပြင်းထန်သည့် နောက်ဆက်တွဲရိုက်ခတ်မှုများ ကျရောက်လာစေပြီး အသိုက်အဝန်းတစ်ခုလုံး ပို၍ဆင်းရဲတွင်းနက်သွားစေရန် တွန်းပို့ပေးလျက်ရှိသည်။ ဘိန်းခင်းများကို လိုက်လံဖျက်ဆီးသည့် အရေးယူဆောင်ရွက်ချက်များကလည်း ငြိမ်းချောက်ငွေညှစ်မှု၊ အကျင့်ပျက်ခြစားမှုနှင့် အများပြည်သူအကြား ပို၍အန္တရာယ်ကြီးသည့် အပြင်းစားမူးယစ်ဆေးဝါးများနှင့် သုံးစွဲမှုအလေ့အထများ တွင်ကျယ်လာစေရန် သာမီးထိုးပေးလျက်ရှိသည်။ အလားတူ စိုးရိမ်ဖွယ်ရာကောင်းသည့်အချက်တစ်ခုမှာ ဘိန်းစိုက်ပျိုးရစေရန် တွန်းပို့လျက်ရှိသည့် နိုင်ငံရေးအရွေ့များကို အမှန်တကယ်အလေးပေးအာရုံစိုက်ခြင်းမရှိဘဲ တင်းကျပ်ပြင်းထန်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးကို တစ်ဖက်သတ် ထောက်ခံအားပေးခြင်းသည် တစ်ခါတစ်ရံ နိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် မလိုလားအပ်သည့် နောက်ဆက်တွဲ ဆိုးကျိုးရိုက်ခတ်မှုများပါရှိနေသည့်ပဋိပက္ခများကို ဆောင်ကျဉ်းလာတတ်သည်။ အခြားတစ်ဖက်တွင်လည်း အဓိကအားဖြင့် တရုတ်အပါအဝင် အခြားဒေသတွင်းနိုင်ငံများ၌ အမြဲလိုလိုရှိနေခဲ့သည့် ဘိန်းဖြူဝယ်လိုအားနှင့် ရိုးရာအစဉ်အလာနှင့် ဆေးဝါးရည်ရွယ်ချက်များအတွက် ဘိန်းအသုံးပြုလေ့ရှိသည့် ပြည်တွင်းဈေးကွက်များရှိနေခြင်းတို့က မက်မောဖွယ်ရာ အကျိုးအမြတ်များဖြင့် အထူးတလည်ဆွဲဆောင်မှုရှိသည့် သီးနှံတစ်ခုအဖြစ် ဆက်လက်ပန်းပန်နိုင်စေရန် ကျားကန်ပေးလျက်ရှိသည်။

တစ်ချိန်တည်းလိုလို၌ ဘိန်းစိုက်ပျိုးဖြစ်စေသည့် ဇစ်မြစ်အကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းနိုင်စေရန်ရည်ရွယ်သည့် ဖွံ့ဖြိုးရေးအစီအစဉ်များ အလွန်နည်းပါးလျက်ရှိသဖြင့် အထူးအလေးပေး၍ အမြန်ဆုံးတိုးချဲ့ ဖော်ဆောင်သွားရန် အပူတပြင်းလိုအပ်လျက်ရှိသည်။ အချို့သောဘိန်းစိုက်တောင်သူများ၏ ဘဝအရည်အသွေး တိုးတက်ကောင်းမွန်လာစေသည့် တိုးတက်မှုများအပေါ် လက်ခံကြိုဆိုကြသော်လည်း ယနေ့အချိန်၌ အကောင်အထည်




ဖယ်ခုံမြို့နယ်၌ ဘိန်းစေးခြစ်ယူနေပုံ

ဖော်လျက်ရှိသည့် စီမံကိန်းအနည်းအကျဉ်းမျှသာရှိနေခဲ့သည်။ သို့ဖြစ်ပါ၍ "အခြားရွေးချယ်စရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း" အဖြစ် ရည်ညွှန်းပြောဆိုထားသည့် အလေ့အထများကို ပြန်လည်သုံးသပ်၍ ပိုမိုနားလည်သိမြင်လာအောင် ကြိုးပမ်းဆောင်ရွက်သွားရန် အလွန်အရေးကြီးသည်။

ပထမအချက် အနေဖြင့် မြင်သာထင်ရှားသည့် အပြောင်းအလဲများ ရရှိလာစေရန် အဆိုပါအရေးယူဆောင်ရွက်ချက်များ၏ ကျယ်ပြန့်လွှမ်းခြုံနိုင်မှု အတိုင်းအတာသည်အများအားဖြင့် အကန့်အသတ်ရှိနေပြီး ရပ်ရွာတစ်ခုလုံး သို့မဟုတ် အကူအညီလိုအပ်နေသူများ အားလုံးကို ထောက်ပံ့ပေးနိုင်ခဲ့ခြင်း မရှိဘဲ တောင်သူမိသားစုအနည်းအကျဉ်းမျှကိုသာ အလေးပေးအာရုံစိုက်လေ့ရှိသည်။ ဒုတိယအချက်အနေဖြင့် အထူးသဖြင့် တရုတ်ရင်းနှီးမြှုပ်နှံသူများ အကောင်အထည်ဖော်ခဲ့သည့် အချို့သော စီမံကိန်းများသည် လူထုလူတန်းစားများအတွက် အလွန်ဆိုးရွားပြင်းထန်လှသည့် သာဓကအားဖြင့် မြေယာလုယူသိမ်းဆည်းမှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်း ပျက်စီးမှုကဲ့သို့သော ဆိုးကျိုးသက်ရောက်မှုများကိုသာ ဆောင်ကျဉ်းလာခဲ့သည်။ တတိယအချက်အနေဖြင့် AD စီမံကိန်းများသည် လက်နက်ကိုင်ပဋိပက္ခကဲ့သို့သော အခြားဇစ်မြစ်အကြောင်းတရားများကို အလေးအနက်ထား၍ ထည့်သွင်းစဉ်းစားမှုပြုရန် ပျက်ကွက်လေ့ရှိပြီး အများအားဖြင့် ဘိန်းစိုက်ပျိုးရေး၏ စီးပွားရေးမျက်နှာစာတစ်ခုတည်းကိုသာ အာရုံစိုက်၍ ချဉ်းကပ်ဖော်ဆောင်လျက်ရှိသည်။ စတုတ္ထအချက် အနေဖြင့် ဖွံ့ဖြိုးရေး ဇာတ်ကောင်အများအပြားသည် နယ်ခံလူထုလူတန်းစားများအကြား၌ ရိုးရာအစဉ်အလာနှင့် ဆေးဝါးရည်ရွယ်ချက်များအတွက် ဘိန်းကိုတိုင်းရင်းဆေးဝါးတစ်လက်အနေဖြင့် အသုံးပြုလာခဲ့သည့် ပကတိအရှိတရားကို လုံးဝမျက်ကွယ်ပြုထားလေ့ သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းဆန်လေ့ရှိသည်။ နောက်ဆုံးအချက်အနေဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းများကိုရေးဆွဲပြင်ဆင်၍အကောင်အထည်ဖော်ရာ၌ဖွံ့ဖြိုးရေး ဇာတ်ကောင်များနှင့် အစိုးရဌာနများသည် တောင်သူများကို ဆွေးနွေးတိုင်ပင်မှု မရှိသလောက် နည်းပါးလျက်ရှိပြီး အတတ်နိုင်ဆုံး လိုက်လျောရာတွင်လည်း ဖွံ့ဖြိုးရေးအစီအစဉ်ကို ကိုယ်တိုင်ပါဝင် မောင်းနှင်ကြသူများ အဖြစ်မဟုတ်ဘဲ မိတ်ဖက်များအနေဖြင့်သာ သတ်မှတ်သဘောထားလေ့ရှိသည်။

သာဓကအားဖြင့် လတ်တလောနှစ်များအတွင်း အရှေ့မြောက်အိန္ဒိယဒေသ အရူနာချာပရာဒေ့ရှ် ပြည်နယ်အစိုးရ၏ သို့မဟုတ် ၁၉၉၁ခုနှစ်၌ မြန်မာ့တပ်မတော်နှင့်

PNO အပစ်အခတ်ရပ်စဲခဲ့ပြီးနောက်ပိုင်း ဆီဆိုင်မြို့နယ်အတွင်း အကောင်အထည်ဖော်လာခဲ့သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ တိုးပွားများပြားလာခြင်းက ၎င်းတို့၏ နယ်မြေဒေသများအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် လူထုလူတန်းစားများအတွက် ပိုမိုကောင်းမွန်သည့် အခြေခံအဆောက်အအုံနှင့် လူထုဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီလာစေရန် အထောက်အကူပြုခဲ့သည်။ ဤကိစ္စရပ်များသည် သံသယရှိစရာမလိုသည့် တိုးတက်ပြောင်းလဲမှုများဖြစ်နေကြသည်မှန်သော်လည်း မိမိတို့၏ နယ်မြေဒေသအတွင်း ဘိန်းစိုက်ပျိုးမှုအတွက် သိသာထင်ရှားသည့်အပြောင်းအလဲများကို ဆောင်ကျဉ်းပေးနိုင်ခြင်း မရှိခဲ့ပေ။ ဤအချက်ကမည်မျှပင် စိတ်အလိုမကျဖြစ်နေပါစေ မျက်ကွယ်ပြု၍ မရသည့် အရှိတရားတစ်ခုဖြစ်ကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။ တိတိပပဆိုရသော် ဘိန်းစိုက်ပျိုးမှုကို ထိထိရောက်ရောက် လျှော့ချနိုင်စေရန် သို့မဟုတ် ဖိနှိပ်ထားနိုင်စေရန် ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုတည်း အကောင်အထည်ဖော်ခြင်းသည် ဘိန်းခင်းများကို လိုက်လံဖျက်ဆီးသည့် ချဉ်းကပ်မှုနှင့် ထူးမခြားနားဖြစ်သည့် အရွေ့တစ်ခုမျှသာဖြစ်တော့သည်။ အသေးစားတစ်ပိုင်တစ်နိုင် တောင်သူများကိုအလုပ်အကျွေးပြု၍ ၎င်းတို့၏ ယဉ်ကျေးမှုနှင့် ထုံးတမ်းဓလေ့များကို အသိအမှတ်ပြုပေးမည့် ပိုမိုကောင်းမွန်သည့် ဥပဒေနှင့် မူဝါဒများအပါအဝင် ပိုမိုထိရောက်အားကောင်းသည့် စုပေါင်းအားထုတ်မှုများ လိုအပ်လျက်ရှိကြောင်း အထင်အရှားတွေ့မြင်နေရပါသည်။

ဗဟိုနှင့် ဒေသန္တရမူဝါဒ ချမှတ်သူများနှင့် အာဏာပိုင်များအနေဖြင့် နိုင်ငံတကာမူးယစ်ဆေးဝါးဈေးကွက်များ၏ကမ္ဘာအနှံ့ ဖြန့်ကျက်လည်ပတ်မှု အရွေ့များအပေါ် ထိန်းချုပ်နိုင်စွမ်း အလွန်နည်းပါးလေ့ရှိသည်။ ယခုအချိန်ထိ မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုအပေါ် အကျိုးသက်ရောက်လျက်ရှိသည့် အဆိုပါအရွေ့များ၏ လွှမ်းမိုးမှုသည် အလွန်ကြီးမားကျယ်ပြန့်လျက်ရှိသည်။ မည်သို့ဆိုစေ မြန်မာဗဟိုအာဏာပိုင်များသည် အတိုင်းအတာတစ်ခုအထိ ဒေသအလိုက် အခင်းအကျင်းများအပေါ်သက်ရောက်လွှမ်းမိုးနိုင်စွမ်းရှိပြီး ဆင်းရဲနွမ်းပါးမှု၊ လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် မရှိမဖြစ်လိုအပ်သည့် အခြေခံဆေးဝါးများကို လက်လှမ်းမီ အသုံးပြုနိုင်စွမ်း ကင်းမဲ့နေခြင်းကဲ့သို့သော ဘိန်းစိုက်ပျိုးဖြစ်စေရန် တွန်းပို့ပေးလျက်ရှိသည့် အဓိကမောင်းနှင်အားများကိုပါ ကူညီဖြေရှင်းပေးနိုင်စွမ်း ရှိနေသည်။

ကိန်းဂဏန်းများ၏ အခြားတစ်ဖက်၌ လူထုလူတန်းစားများ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည့် ရပ်ဝတ္ထုပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းထောက်ပံ့ပေးရန်နှင့် မူးယစ်ဆေးဝါးရေးရာ မူဝါဒရည်မှန်းချက်များနှင့် ယင်းတို့၏ အောင်မြင်မှုကို တိုင်းတာသည့်စံများကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်စေရန်ဘိန်းစိုက်ပျိုးရေးနှင့်ပတ်သက်၍ အကျယ်တဝင့် အနုလုံပဋိလုံ ဆွေးနွေးအဖြေရှာသွားရန် အရေးတကြီး လိုအပ်နေပြီဖြစ်သည်။ ဘိန်းစိုက်ပျိုးမှုများ ရေတိုကျဆင်းသွားစေရန် အာရုံစိုက်ဆောင်ရွက်ခြင်းထက် မူးယစ်ဆေးဝါးရေးရာ မူဝါဒများသည် ရှင်းလင်းပြတ်သားသည့် အကျိုးရလဒ်များကို အလေးပေးအာရုံစိုက်၍ လူထုလူတန်းစားများ၏ ဘဝအရည်အသွေး မြင့်မားတိုးတက်လာစေမည့် နှစ်ရှည်ရည်မှန်းချက်များနှင့်အတူ ပို၍ကျယ်ပြန့်ပြည့်စုံသည့် ပန်းတိုင်များ ချမှတ်ဖော်ဆောင်သွားရန် လိုအပ်လျက်ရှိသည်။ ဤသို့ပြုလုပ်နိုင်စေရန် လက်နက်ကိုင်ပဋိပက္ခ၊ စီးပွားရေးနှင့် နိုင်ငံရေးအရ ဖယ်ကြဉ်ခံရမှုများအပါအဝင် တောင်သူအသိုက်အဝန်း အများအပြားကို ဘိန်းစိုက်ပျိုးဖြစ်စေရန် မောင်းဖြုတ်ပေးခဲ့သည့် ဖွဲ့စည်းတည်ဆောက်မှုပိုင်းဆိုင်ရာ မောင်းနှင်အားများကို ထိပ်တိုက်ရင်ဆိုင် အံတုသွားရမည်ဖြစ်သည်။ ဤအချက်ကို တိတိပပအဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုပါက စစ်တပ်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို အဆုံးသတ်သွားစေမည့် လုပ်ငန်းစဉ်များချမှတ်ဖော်ဆောင်၍ နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းသွားမည့် မူဘောင်တစ်ရပ်နှင့် အားလုံးလွှမ်းခြုံပါဝင်မှုရှိသည့် အမျိုးသားအဆင့် ဆွေးနွေးပွဲတစ်ခု စီစဉ်ကျင်းပနိုင်စေရန် အားပေးကူညီသွားရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးဥပဒေများ၊ မူဝါဒများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ၏ တိုက်ရိုက်အကျိုးသက်ရောက်မှု ဒဏ်ခံကြရမည့်သူများကို အမြဲတမ်းလုပ်နေကြပုံစံအတိုင်း နောက်တန်းအရန်ခုံသို့ တန်းချလိုက်ခြင်း သို့မဟုတ် "ဆွေးနွေးတိုင်ပင်မှု" ပြုရုံသက်သက်ထက်စာလျှင် ဆွေးနွေးပွဲစကားဝိုင်းများ၌ အဓိပ္ပာယ်ပြည့်ဝစွာ အနှစ်သာရရှိရှိ ပါဝင်ခွင့်ပြုသွားရန် လိုအပ်လျက်ရှိသည်။ ဘိန်းစိုက်တောင်သူများအနေဖြင့် ဘိန်းစိုက်ပျိုးရေးနှင့် AD မဟာဗျူဟာများနှင့် ပတ်သက်သည့် မူဝါဒရေးရာစကားဝိုင်းများ၌ ပါဝင်ဆွေးနွေးခွင့်ရရှိရန် လိုအပ်သကဲ့သို့ အကယ်၍ တည်ဆဲမူးယစ်ဆေးဝါးဥပဒေများက ၎င်းတို့ပါဝင်နိုင်ခြင်းမရှိစေရန် ဟန့်တားပိတ်ပင်ထားပါက ထိုဥပဒေပြဋ္ဌာန်းချက်များကို သုံးသပ်ပြင်ဆင်သင့်သည် သို့မဟုတ် လျစ်လျူရှုလိုက်သင့်သည်။

မြန်မာနိုင်ငံအစိုးရသည် တရားမဝင်ဘိန်းစိုက်ပျိုးမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာသွားမည့် ဦးစားပေး အရေးယူဆောင်ရွက်ချက်အနေဖြင့် AD ကို အသိအမှတ်ပြုထားသည့် ပထမဦးဆုံးသောအမျိုးသားအဆင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒကိုမကြာသေးမီကပြဋ္ဌာန်းအတည်ပြုသွားခဲ့သည်။ ထို့ကြောင့် ဘိန်းခင်းလိုက်လံဖျက်ဆီးသည့် လုပ်ငန်းများကို ချက်ခြင်းရပ်တန့်ပစ်ရန် လိုအပ်နေသလို ထောင်ဒဏ်ချမှတ်နိုင်သည့် စားဝတ်နေရေးအတွက် တစ်ပိုင်တစ်နိုင် အသေးစားဘိန်းစိုက်ပျိုးမှုကို ပြစ်မှုကြောင်းအရ ဆက်လက်အရေးယူပြစ်ဒဏ်ပေးရန် မသင့်တော့ပေ။

တရားမဝင် ဈေးကွက်များ၏ ဘိန်းနှင့် ဘိန်းဖြူဝယ်လိုအားသည် တရားဝင်ဈေးကွက်ပေါက်ဈေးထက် ပို၍မြင့်မားသည့်ဈေးကို အချိန်မရွေးအလွယ်တကူပိုပေးနိုင်သဖြင့် မြန်မာနိုင်ငံ၌ တရားဝင်ဘိန်းစိုက်ပျိုးမှု စမ်းသပ်စီမံချက်များကို စတင်မိတ်ဆက်ကျင့်သုံးခဲ့လျှင်ပင် တရားမဝင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများ သိသိသာသာကျဆင်းသွားမည့် အလားအလာမရှိပေ။ မည်သို့ဆိုစေကာမူ တရားဝင်ဘိန်းစိုက်ပျိုးခွင့်ပြုလိုက်ခြင်းအားဖြင့် အချို့သောရပ်ရွာအသိုက်အဝန်းများအတွက် တရားဝင် ဝင်ငွေရင်းမြစ်တစ်ခုကို ဖန်တီးပေးနိုင်သလို သမားရိုးကျ ဘိန်းအစားထိုး ဖွံ့ဖြိုးရေး (AD) စီမံကိန်းများ၏ လွှမ်းခြုံနိုင်စွမ်းထက် ပို၍များပြားသည့် အိမ်ထောင်မိသားစုများကို ထောက်ပံ့ကူညီပေးနိုင်သည့်အပြင် မြန်မာနိုင်ငံ၏ ဘိန်းအခြေခံဆေးဝါးများ ဆိုးဆိုးရွားရွား ပြတ်လပ်နေသည့် ပြဿနာကိုပါ ကူညီဖြေရှင်းပေးပါလိမ့်မည်။

ရပ်ရွာအခြေပြုတရားဝင်စိုက်ပျိုးရေးစီမံချက်များ၌ဘိုလီးဗီးယား၊ ကိုလံဘီယာနှင့် ပီရူးနိုင်ငံများ၌ ကိုကာရွက်သုံးစွဲမှုကို ခွင့်ပြုထားသကဲ့သို့ပင် တရားဝင်စိုက်ပျိုးထုတ်လုပ်မှုကို စနစ်တကျ စည်းကြပ်ထိန်းကျောင်းပေးရန်နှင့်တရားမဝင်မူးယစ်ဆေးဝါးဈေးကွက်များသို့ယိုစိမ့်သွားခြင်းမရှိအောင် တားဆီးကာကွယ်ရန် လျော်ကန်သင့်မြတ်သည့်ရပ်ရွာတွင်း ထိန်းချုပ်ရေးယန္တရားများကို ရေးဆွဲပြင်ဆင်၍ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့သုံး ရည်ရွယ်ချက်များအတွက် တိုင်းရင်းသားရပ်ရွာအသိုက်အဝန်းများအား ဘိန်းကိုဆက်လက်အသုံးပြုခွင့်ပေးရန် ထည့်သွင်းစဉ်းစားပေးသင့်သည်။

ဘိန်းစိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ ဝေးလံခေါင်ဖျားသည့် အရပ်ဒေသများ၌ အဓိကအကျဆုံး အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအဖြစ် ဆက်ရှိနေဦးမည်ဖြစ်သည်။ သို့ဖြစ်၍ ဘိန်းစိုက်ပျိုးရေးနှင့် ဘိန်းခြစ်ယူသည့် လုပ်ငန်းစဉ်အတွင်း အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို အမျိုးသမီး–အမျိုးသားရေးရာ တန်းတူမညီမျှမှု ပပျောက်ရေးနှင့် အာဏာချိန်ခွင်လျှာ ပြန်လည်ထိန်းညှိရေးကို အထောက်အကူပြုရန် တွဲဖက်အသုံးပြုနိုင်ပါ လိမ့်မည်။ ညီလာခံများနှင့် မူဝါဒရေးရာ ဆွေးနွေးပွဲများ၌ ဘိန်းစိုက်တောင်သူအမျိုးသမီးများကို ပိုမိုပါဝင်ဆောင်ရွက်ခွင့် ပြုခြင်းသည် အပယ်ခံရပ်ရွာအသိုက်အဝန်းများကို ပိုမိုလွှမ်းခြုံပါဝင်မှုရှိစေသည့် ဖြေရှင်းရေးနည်းလမ်းများကို အားပေးမြှင့်တင်ရာ၌ အလားတူအရေးပါသည့် ကိစ္စရပ်တစ်ခုသည်။

မြန်မာနိုင်ငံသည် လက်ရှိအချိန်၌ နက်ရှိုင်းပြင်းထန်လှသည့် နိုင်ငံရေးနှင့် လူမှုစီးပွားရေးကပ်ဆိုက်လျက်ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၌ စစ်အာဏာသိမ်း၍ စစ်ကောင်စီကို ဖွဲ့စည်းလိုက်သည့်နောက်ပိုင်း တစ်နိုင်ငံလုံးအကြမ်းဖက်မှုနှင့် လူမှုစီးပွားရေးပြိုလဲပျက်စီးမှုဝဲကတော့အတွင်းသို့ ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားခဲ့သည်။ စစ်ကောင်စီကို ထောက်ပံ့ကူညီသည် သို့မဟုတ် တရားဝင်မှုပေးနေသည်ဟု ထင်မြင်ယူဆခံရမည်ကို မလိုလားကြသဖြင့် စစ်အာဏာသိမ်းပြီးနောက်ပိုင်း အစိုးရကို တိုက်ရိုက်ပေးအပ်လျက်ရှိသည့် နိုင်ငံတကာအ ကူအညီများအားလုံးကို ဆိုင်းငံ့လိုက်ကြတော့သည်။

